
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


ချစ်ကြည်စုတွန်းစာပေ ၏ စီစဉ်ထုတ်ဝေထားသော

ဆရာတော်ဘုရားကြီးများ၏ ထေရုပ္ပတ္တိစာအုပ်များ



တန်ဖိုး - ၂၀၀၀

အမှတ် - ၅၈၈/၅၁၂(၂-ခ) ပထမထပ်၊
ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃


သို့ - - - - - - - - - - - - - - -

မှ - - - - - - - - - - - - - - -

Quality စာအုပ်တိုက်မှ စီစဉ်သည်


Quality Publishing House

အမှတ်-၅၈၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃


www.burmeseclassic.com


www.burmeseclassic.com
ဗိုလ်ချုပ်အောင်ဆန်း
နှစ်တစ်ရာပြည့်
အထိမ်းအမှတ်
စီစဉ်ထုတ်ဝေပြီး
စာမူများအား
အရှေ့နှင့်ဗြိုင်
ရောင်းချပေးပါမည်
ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်းအစု
ဗိုလ်ချုပ်အောင်ဆန်း
ဗိုလ်ချုပ်ဦးအောင်ဆန်း
ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ
တန်ဖိုး - ၅၀၀၀ ကျပ်
ဗိုလ်ချုပ်ဦးအောင်ဆ
တန်ဖိုး - ၂၀၀၀ ကျပ်
ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
တန်ဖိုး - ၅၀၀၀ ကျပ်
ခေါင်းဆောင်ကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့
တန်ဖိုး - ၈၀၀၀ ကျပ်
ဗိုလ်တေဇ ဘဝကမ္ဘာ
Quality စာတည်းအဖွဲ့
တန်ဖိုး - ၆၀၀၀ ကျပ်
Quality Publishing House
အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှုမှ
စီအိုင်ဒီ အခန်းကဏ္ဍ
တန်ဖိုး - ၁၀၀၀ ကျပ်
အောင်ဆန်း၏ အောင်ဆန်း
တန်ဖိုး - ၁၀၀၀ ကျပ်
ဗိုလ်ချုပ်အောင်ဆန်းရာပြည့်
တန်ဖိုး - ၈၀၀၀ ကျပ်
Quality Publishing House
အမှတ် ၅၀၈/၅၁၂ (၂-ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။
http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်

www.burmeseclassic.com

NO. 141, OCTOBER, 2016

၆ ဥသြနာရီ
ဒဂုန်ရွှေမျှား

၂၆ မွေးစားဖခင်နှင့် သူ့သား
မျိုးသစ်

၄၁ စုံထောက်လေး မောင်ရဲဇော် နှင့်
အမြင်းပွားဖွယ် ချွန်စက်ပျောက်မှုကြီး
မောင်ဝင်းထိန် (အင်းစိန်)

၄၉ ကျွန်တော်နှင့် ဆုံတွေ့ခဲ့ရသည့်
ထောင်တွင်းမှ နာမည်ကြီးပုဂ္ဂိုလ်များ
ထောင်မှူးကြီး သိန်းဝင်း

၇၀ လူဆိုးထိန်းမောင်ကြီးနှင့် ဘိုးတော်အတု
မင်းကွေး ညိုစိမ့်

၈၃ တတိယနေ့
လွှမ်းရိပ် (စလင်း)

၁၀၃ မောင်းအား နှင့် စွမ်းအင်
ရဲမြတ်တင်

စစ်သားအိုကြီးများ
နေမထူး ၁၁၇

အတ္တလွန်နေ့ရက်များ
အောင်မြတ်ဦး ၁၂၇

မျက်ရည်ကြွေးမို့ သွေးနှင့် ဆပ်ပါမည်
နန္ဒသူ ၁၃၆

စပွန်ဆာရင်ကွဲ
လူရှိန်အောင် ၁၄၃

ဆင်ပစ်မြွေ
ဗိုးကျော် ၁၇၅

ရေစီးရေဆန်
ကောရာဇ် ၁၈၆

ရေပြာပေါက်ချိန်
မောင်သိန္တာ ၂၁၀

www.burmeseclassic.com

www.burmeseclassic.com


**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**
သော်ဇင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

**အုပ်ချုပ်အယ်ဒီတာ**
မေဇင်မာရွှေ

**အယ်ဒီတာအဖွဲ့**
ဉာဏ်လင်းထက်

**ရုံးအဖွဲ့**
ကိုမိုးသိန်း၊ ထွန်းထွန်းလွင်၊ နေရင်လတ်၊ ဝေလင်း၊ သန်းထက်ဇင်၊ ကောင်းကောင်း
ညီမွှယ်၊ မြမြသင်း၊ မြတ်နှင်းနွယ်၊ စုဝေလွင်၊ အိဖြူ၊ မီမီ။

**ပုံနှိပ်သူ**
မြိုးသော်ပုံနှိပ်တိုက် ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

**စာအုပ်ချုပ်**
တင်မောထွန်း

**အုပ်ရေ**–၅၀၀
**တန်ဖိုး**– ၂၀၀၀ ကျပ်

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ်–၅၀၈/၅၁၂ (၂၁)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၅၃၃။

**ထုတ်ဝေသူ**
ဦးမြင့်ထွန်း (မြ–၀၀၅၆၂) Quality Publishing House
အမှတ်–၅၀၈/၅၁၂ (၂၁)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
(သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးဒီဇိုင်း**
ဉာဏ်လင်းထက်

**အတွင်းသရုပ်ဖော်**
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ပိုင်းမော်။

**ကွန်ပျူတာနှင့် ဖလင်**
Quality


စိတ္တဇဆရာဝန်
ခင့်ဂုဏ်ရွှေများ



## NEXT

သစ္စာမဲ့သော မိန်းမချော
ဆွေလှိုင်ဦး



## MONTH

တွဲ ကျည်လွဲ ရဲဘော်မိုက်ခဲ
ဓကာရာင်



## PREVIEW

www.burmeseclassic.com

www.burmeseclassic.com

# ညဩနာရီ

## ဒဂ္ဂညိရှင်များ

ရှုတစ်ယောက်လျှင် ဝါသနာတစ်မျိုးစီ ရှိတတ်ကြရာ အချို့သည် နစ်စဥ်ပြက္ခဒိန်များကို စုဆောင်းတတ်ခြင်း၊ အချို့ ဖောင်တိန်အမျိုးမျိုး ဝယ်ယူခြင်း၊ အချို့ ဓာတ်မီးခြစ် အသစ်အဆန်းတို့ကို ဝယ်ယူစုဆောင်းလေ့ရှိခြင်း၊ အချို့မှာ ဓာတ်ပုံ၊ အချို့မှာ ပန်းချီကား၊ အချို့လည်း တံဆိပ်ခေါင်း စသည်ဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ စုဆောင်းလေ့ ရှိကြ၏။

ကြောက်မက်ဖွယ်ကောင်းလှသ



www.burmeseclassic.com

www.burmeseclassic.com

ထိုအလုပ်များမှာ လူသာမန်တို့ မျက်စိအားဖြင့်ကြည့်သော်"ရှုးသွပ်ခြင်း" တစ်မျိုးဟု ဆိုရန်ရှိသော်လည်း အမှန်အားဖြင့် အနုပညာစိတ်ဓာတ်တစ်မျိုး၏ လှုံ့ဆော်တိုက်တွန်းမှုပင်ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီခေတ်ကလောက ဖရေဇာလမ်း(အနော်ရထာလမ်း)တွင်ပစ္စည်းအဟောင်းအမြင်းများနှင့် ပစ္စည်းအထူးအဆန်းများ ရောင်းသောဦးဟာမက်ဆိုသူဖေဒဗာရီကုလားကြီး၏ ဆိုင်တစ်ဆိုင်ရှိရာ ဆိုင်ရှေ့တွင်လည်း "ဦးဟာမက် ကျူရီယို" ဆိုင်းဘုတ်သေးကလေးတစ်ခုတပ်ထား၏။ ဆိုင်တွင်းရှိ ပစ္စည်းများမှာ စားပွဲကုလားထိုင်၊ ကြွေပန်းအိုး၊ ကြေးပန်းအိုး၊ ငွေထည် ဆင်စွယ် ပစ္စည်း ရုပ်လုံးရုပ်ထုအမျိုးမျိုး၊ နာရီအမျိုးမျိုး၊ ပန်းချီကားဟောင်းများ၊ လက်ကိုင်တုတ်၊ ဖန်ဘူးဖန်ခွက်၊ တိရစ္ဆာန်အရိုးများ၊ ငါးရိုးများ၊ တွင်းထွက်ကျောက်မျက်ရွဲအချို့မှစ၍ ရှေးဟောင်းပစ္စည်းများကို ရောင်းချရုံသာမက ထူးထူးဆန်းဆန်း ပစ္စည်းများ လာရောက်ရောင်းချကလည်း ဝယ်ယူ၏။

၎င်းဆိုင်မျိုးမှာ နိုင်ငံခြားများတွင် လွန်စွာပေါများသော်လည်း ကျွန်ုပ်တို့နိုင်ငံမှာမူ ရန်ကုန်မြို့ကြီး၌ပင် သုံးလေးဆိုင်ထက် မများပေ၊ ဦးဟာမက်ဆိုင်ဘက်သို့လာရောက်တတ်ကြသူများမှာ နိုင်ငံခြားသားများ၍ မြန်မာလူမျိုးဟူ၍ တစ်နေ့လျှင်ကံကောင်းထောက်မမှသာ တစ်ယောက်တလေမျှပေါ်လာတတ်၏။

တစ်နေ့သော နံနက်ခင်းဆိုင်ဖွင့်စ (၈)နာရီခွဲ၊ (၉)နာရီခန့်အချိန်၌ ဦးဟာမက်သည် ဆိုင်အတွင်းရှိ စားပွဲဝိုင်းကလေးတစ်ခုအနီး၌ထိုင်ကာ မိမိနှင့်မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ထိုင်လျက်ရှိသော မြန်မာလူမျိုး ဝယ်သူတစ်ဦးနှင့်စကားပြောဆိုလျက်ရှိလေသည်။ စားပွဲပေါ်၌ကား ထူးဆန်းသော ပုံသဏ္ဌာန်ရှိသည့်"စားပွဲတင်နာရီ"တစ်လုံးရှိ၏။

ဝယ်သူ မြန်မာလူမျိုးမှာ ဦးတက်ထွန်းဆိုသူဖြစ်၍ဦးတက်ထွန်းသည်ထိုစားပွဲတင်နာရီကလေးကို ဝယ်ယူရန်ဦးဟာမက်ထံ ဈေးဆစ်နေခြင်းဖြစ်လေသည်။

ထွန်း။ ။"ဘယ့်နယ်လဲဦးဟာမက်ရယ်-စားပွဲတင်နာရီတစ်လုံး(၁၀၀)ဆိုတော့မဆန်အခင်တန်မများလွန်းဘူးလားဗျာ"

မက်။ ။"မများပါဘူး ခင်ဗျား၊ ဒီလိုထူးဆန်းတဲ့နာရီမျိုး မရှိပါဘူး၊ ပြီးတော့ ဒီပုံတာလဲ အခင်မတန် သပ်သပ်ရပ်ရပ်ရှိပါတယ်"

"ဒါပေမဲ့ - ခင်ဗျားနာရီက ရှေးဟောင်းပစ္စည်းတစ်ခုတော့ မဟုတ်ဘူး"

"ခင်ဗျားပြောတာ မှန်ပါတယ်၊ ဒါပေမဲ့-ပုံသဏ္ဌာန်က ဆန်းပြီး နာရီမှန်းသိအောင်တောင် တီထွင်ပြီးလုပ်ထားတော့ ကျွန်တော်ပြောတဲ့အဖိုးမများဘူး-ဘာရားဆပ်"

"ဘရားဆပ်တွေ၊ ဘာတွေ မလုပ်ပါနဲ့ဗျာ၊ တစ်ရာဆိုတဲ့ငွေဟာ နည်းတာမှတ်ဘူး၊ ကျုပ်ရတဲ့ပင်စင်လခတစ်ပုံရှိနေတာဗျ၊ ပြီးတော့ ခင်ဗျားဆိုင်ရဲ့ရာဇဝင်လည်း နည်းနည်းပါးပါးကျုပ်သိချင်တယ်"

"ပြောပါမယ် - ဆပ်၊ ဝယ်သာ ဝယ်၊ နိုင်ငံခြားသားကို ရောင်းရင် (၂၀၀)လောက် ရနိုင်ပါတယ်"

နာရီ၏ပုံသဏ္ဌာန်ကား ထူးဆန်းလှပေသည်၊ အမြင့်(၁၈)လက်မရှိ၍ သစ်ပင်တစ်ပင်ကဲ့သို့ ပြုလုပ်ထား၏၊ ရွက်အောက်တွင်ဝိုင်းစက်သောသဏ္ဌာန်ရှိ တစ်ခုရှိ၍သစ်ရွက်အုပ်ကို အလွန်သေသပ်သောလက်ရာဖြင့် လှပနန်ယ်ပြုလုပ်ထား၏။ လက်တံများမှာ



အလွန်သေးငယ်သော ငွေချောင်းများဖြစ်လေသည်၊

ကိုတက်ထွန်းက နာရီကို "မ"၍ကြည့်ရာ အတော်ပင် လေးလံကြောင်းတွေ့ရ၏၊ ၎င်းမျှလောက် လေးလံခြင်းမှာလည်း တစ်နည်းအားဖြင့် ထူးဆန်း၏။ သော့ပေးပေါက်နှင့်နာရီစက်မှာ နောက်ဘက်၌ရှိ၏။ နာရီရှိန်တုတ်သည် သစ်ပင်၏ ပင်စည်တစ်လျှောက်အောက်သို့ ကျဆင်းလျက်ရှိ၏။

ကိုတက်ထွန်းသည် နာရီကို ပြန်၍ချလိုက်ပြီးနောက် ဦးဟာမက်၏မျက်နှာကိုကြည့်လိုက်လေသည်။

ထွန်း။ ။"ကိုင်းလေ - ကျွန်တော်ယူပါ့မယ်၊ ပြောစရာရှိတာသာ ပြောပါတော့ - ဦးဟာမက်"

ဦးဟာမက်သည် မျက်မှန်တိုလတ်ကိုင်ပဝါဖြင့် သုတ်ကာ သတ်ဖြင်းတစ်ချက်ချလိုက်၏။

မက်။ ။"ပထမအချက်က ဒီနာရီကို ကျုပ်ဆီက ဝယ်လာတဲ့ဆိုတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောရဘူး၊ ဒီအချက်ကို အာမခံနိုင်ရမယ်၊ မခံနိုင်ရင် မပေးဘူး"

"ဒီအချက်ဟာ ကျုပ်နဲ့ကွာဝေးနိုင်တဲ့အချက်ပဲ"

ဦးသက်ထွန်းက ရယ်လိုက်၏။

www.burmeseclassic.com

ခတ်။ ။"ဒါ-ရယ်စရာမဟုတ်ပါဘူး မိတ်ဆွေ။ ကျုပ်ပြောမယ်၊ လွန်ခဲ့တဲ့(၂) နှစ်လောက်က လှစ္စလမ်း(ဆိပ်ကမ်းသာ လမ်း)မှာ ဦးဘအောင် ဆိုတဲ့လူတစ်ယောက် အသတ်ခံရတယ်၊ ပုလိပ်က တရားခံကို မမိတော့ဘူး၊ အခုထက်ထိ လည်း တရားခံ ရှာမတွေ့တော့ဘူး။ ဘာဖြစ်လို့လည်း သိလား..."

ဤနေရာတွင် စကားကို ရပ်လိုက်ပြီးနောက် ဆိုင်ရှင် ဦးဟာမက်သည် သူ့ရှပ်အင်္ကျီအိတ်ထဲမှအနီရောင်လက်ကိုင်ပဝါကြီးဖြင့် မျက်နှာကို သုတ်လျက်ရှိ၏။ မျက်နှာမှာလည်း ခပ်ပြုံးပြုံးရှိနေလေရာ ထိုအပြုံးမှာ အဓိပ္ပာယ်ပါ၍ကြောက်မက်ဖွယ်ကောင်းသောအပြုံးမျိုး ဖြစ်လေသည်။ ထို့နောက် ဦးဟာမက်က ဆက်၍-

"ဒီနာရီတာ တရားခံကို ကြိုးစင်ပို့နိုင်တဲ့နာရီဗျ"

"ဟုတ်လား"

"ဟုတ်တယ် မိတ်ဆွေ၊ ကျုပ်တတယ်ပြောနေတာ"

"တိုင်ရင် ဒုက္ခများရှုံရှိတာပေါ့ မိတ်ဆွေ၊ ပြီးတော့ ကျုပ်တို့က ဈေးသည်မဟုတ်လား၊ တစ်နေ့အလုပ်ပျက်ရင် တစ်နေ့နစ်နာတယ်။ အလုပ်ပျက်အကိုင်ပျက်၊ ပြီးတော့ ရုံးသွား ဘာသွားနဲ့၊ နောက်တစ်ခုက ကျုပ်အသက်ကိုဖတ်နဲ့ ထုပ်ထားဆိုတဲ့အတိုင်း ကျုပ်လည်ပင်းလည်း ပြတ်ချင်ပြတ်ဦးမယ်"

"အင်း-ပြောပါဦး ခင်ဗျာ"

ဦးဟာမက်သည် မျက်လုံးများကို ပိတ်ကာ မျက်နှာကိုအပေါ်သို့မော့လိုက်ပြီးနောက် သက်ပြင်းပင် တစ်ချက်ချလိုက်လေသည်၊ ထို့နောက် ဦးဟာမက်က ဆက်လက်ပြောပြန်ရာ သူ၏အသံမှာ တုန်တုန်ယင်ယင် ရှိလှ၏။

"ဦးဘအောင် သေပြီးတဲ့နောက် (၂)ရက်အကြာမှာ ဒီနာရီကို လာပြီးဝယ်တဲ့လူဟာ လူသတ်သမားပဲလို့ ကျုပ်ထင်တယ်။ ဒီလူဟာဗျာ ဒီနာရီကိုမရရင် မနေနိုင်တော့တဲ့အတိုင်းပဲ၊ ကျုပ်လဲစိတ်လေးလေးရှိတာနဲ့ မရောင်းလိုက်ဘူး၊ တခြားကို ရောင်းလိုက်ပြီလို့ လိမ်ပြောလိုက်တယ်"

"ဦးဘအောင် ဆိုတာ ဘယ်သူလည်း ခင်ဗျ"

"အသတ်ခံရတဲ့လူလေ-လွန်ခဲ့တဲ့ (၂)နှစ်လောက်ကပေါ့၊ သူ့အိမ်ညေ့ခန်းမှာပဲ လည်ပင်းမှာ သေနတ်ဒဏ်ရာနဲ့ သေသွားရှာတာပါ၊ ပစ်တဲ့လူကိုလည်း မမိဘူး၊ ဒီနာရီဟာ သူ့နာရီပေါ့မိတ်ဆွေ၊ သူ သေပြီးတဲ့နောက် သူ့မိန်းမဆီက ကျုပ် ဝယ်ယူတာပေါ့။ ကိုင်း-ကျုပ်ပြောတာ နားလည်ပြီလား"

"နားလည်ပါပြီ-ဦးဟာမက်"

"ဒီဟာပါပဲ"

"ကျွန်တော် တစ်ခုမေးပါရစေဦး ခင်ဗျာ၊ အဲဒီတုန်းက မရောင်းလိုက်ဘဲနဲ့ အခုမှ ကျွန်တော့်ကို ဘာဖြစ်လို့ ရောင်းတာလဲ-ဦးဟာမက်ရဲ့"

"အင်း-ဒီဟာကတော့ အလုပ်ကို ခင်ဗျ၊ ပြီးတော့ စားဖို့သောက်ဖို့က လိုသေးတယ်မဟုတ်လား"

"ဒါဖြင့် ဒီနာရီနဲ့ ဦးဘအောင် သေတာနဲ့ ဆက်သွယ်ပြီး နေတယ်ဆိုပါတော့"

"ဟုတ်ပါတယ် - ဘယ်လိုဆက်သွယ်တယ်ဆိုတာတော့ မိတ်ဆွေဝယ်သွားတဲ့အခါ တွေ့ပါလိမ့်မယ်"

"ကောင်းပါပြီ-ကောင်းပါပြီ-ကျွန်တော်ယူပါမယ်။ လူများမမြင်အောင်သာ သေသေချာချာ ထုပ်ပိုးပြီး ကျွန်တော့်တားနောက်ပိုင်းအဖုံးထဲ ထည့်ပေးပါတော့"

ဦးတက်ထွန်းကအိတ်ထဲမှငွေစက္ကူ (၁၀၀)တန်တစ်ချပ်ထုတ်၍ နာရီဖိုးပေးချေလေရာ ဦးဟာမက်လည်း ပြုံးရွှင်သောမျက်နှာဖြင့်-

"ကျေးဇူးတင်ပါတယ် ခင်ဗျာ မိတ်ဆွေကြီး။ ကျန်းမာချမ်းသာပါစေ၊ ဒီနာရီ စက်အစဉ်မပြတ်သွားနေသလိုမိတ်ဆွေကြီးအသက်လည်း ရာကျော် ရှည်ပါစေလို့ဆိုတာ ဆုတောင်းပါတယ်"

— ○ —

အိမ်သို့ ပြန်ရောက်သောအခါ ဦးတက်ထွန်းသည် ထူးဆန်းသော နာရီကလေးအကြောင်းကို ဇနီးဖြစ်သူ ဒေါ်သိမ်းရီအား အလုံးစုံ ပြန်ပြောလျှက်ရှိလေ၏။

ဦးတက်ထွန်းမှာ ရာဇဝတ်ဝန်ကလေးအလုပ်မှ အသက်(၅၀)ပြည့်ပင် လူဆိုးများနှင့် တိုက်ရသောတိုက်ပွဲတစ်ခုတွင် ဒဏ်ရာအနာတရရ၍အလုပ်မှ ထွက်ရပြီးလျှင် ပင်စင်လစာ ခဲ့ရ၏။ ဒေါ်သိမ်းရီနှင့် ပေါင်းသင်းခဲ့သည်မှာ နှစ်ပေါင်း(၂၀)ကျော်မျှ ရှိပြီဖြစ်၍ သားသမီး အချစ်အကြိုက်လျှင်မြန်သော "အချို့" အရွယ်အချစ်မျိုးမှ တစ်ဖော်လောင်ဖက် ဘုရားသွားကျောင်းတက် ချစ်သော "အရိုးရင့်" အချစ်မျိုးသို့ကူးပြောင်းခဲ့လေပြီ၊ သို့သော် ယခင်ငယ်စဉ်ကခေါ်ခဲ့ကြသည့်အတိုင်း ဦးတက်ထွန်းက ဇနီးသည် "ရီရီ" ဟူ၍လည်းကောင်း၊ ဒေါ်သိမ်းရီက

www.burmeseclassic.com



လည်း "မောင်မောင်"ဟူ၍လည်း ကောင်းခေါ်ဝေါ်ကြခြင်းကို ဖျောက်ဖျက်၍မရချေ။

ငွေကြေး အလွန်အဖိုးထိုက်တန်သည့်ခေတ်၌ နာရီလေးတစ်လုံးကို အိမ်သုံးစရိတ် တစ်လစာနီးပါးမျှရှိသည့်ငွေ (၁၀ဝိ)ပေး၍ဝယ်ခဲ့ခြင်းကိုအလွန်တရာ နမြောသော်လည်း လင်ယောကျ်ား၏ ဝါသနာကို မတန့်ကွက်လိုသဖြင့် တစ်စုံတစ်ရာမျှ ပြန်၍မပြောဘဲ အံ့ဩသည့် အမူအရာသာ ပြလျက်ရှိလေသည်။

ရီ ။ "ဒီလိုဆိုရင် သိပ်ထူးဆန်းတာ ဝဲနော်-မောင်မောင်၊ နို့ပေမဲ့ - ကြောက်စရာကြီး"

ထွန်း ။ "ဘာဖြစ်လို့ ကြောက်ရမှာလဲ - ရီရယ်၊ ရှေးဟောင်းပစ္စည်းအထူးအဆန်းပစ္စည်းဆိုတာ တန်ဖိုးပေးရသလောက် အဖိုးတန်တယ် - ရီရဲ့၊ ပြီးတော့ - အဲဒီဦးဘအောင်ကို သတ်တဲ့

အသတ်ခံရတဲ့လူလေ၊ လွန်ခဲ့တဲ့ (၂)နှစ်လောက်ကပေါ့။ သူ့အိမ်ဧည့်ခန်းမှာပဲ လည်ပင်းမှာ သေနတ်ဒဏ်ရာနဲ့ သေသွားရှာတာပါ။ ပစ်တဲ့လူကိုလည်း မမိဘူး။ ဒီနာရီဟာ သူ့နာရီပေါ့ မိတ်ဆွေ။ သူ သေပြီးတဲ့နောက် သူ့မိန်းမဆီက ကျုပ် ဝယ်ယူတာပေါ့။ ကိုင်း–ကျုပ်ပြောတာ နားလည်ပြီလား။



တရားခံက ဒီပစ္စည်းကို ဘယ်လောက်ပေးရပေးရ လိုချင်နေတယ်ဆို မဟုတ်လား။ ကိုင်း - နေ့လယ်ကျမှ ဒီနာရီအကြောင်းသိရအောင်ဖွင့်ကြည့်ဦးမယ်။ ထမင်းစားကြစို့လား - ရီရယ်"

နံနက်စာ စားသောက်၍ တရေးတမောအိပ်ပြီးနောက် ဦးတက်ထွန်းသည် မိမိဝါသနာအတိုင်း ဝက်အူလှည့်အရှယ်အမျိုးမျိုးဖြင့် နာရီကလေးကိုဖွင့်လေ၏။ ပထမဦးစွာ နာရီမျက်နှာကို အုပ်၍ထားသော "သစ်ရွက်အုပ်"ကိုဖွင့်၏။ သစ်ရွက်အုပ်ကြားမှ နာရီနံပါတ်စဉ်ကလေးများမှာ ဂွန်စွာညီညာ၍လှပ၏။ အလယ်မှ ကန့်လန့်ဖြတ်သွားနေသော တန်းနှစ်ချောင်းမှာ ကြေးပြွန်လုံးကလေးများဖြစ်၍ သစ်ပင်ပင်စည်၏ ထိပ်တွင်တပ်၍မြှုပ်ထား၏။ ထိုပြွန်လုံးနှင့်ယှဉ်လျက် နောက်ဆုံး လေးပုံတစ်ပုံခန့်အရှည်လောက်တွင် အခြားသတ္တုပြွန်ကလေးတစ်ခုရှိ၍ ၎င်း၏တစ်ဖက်တွင် ရှေ့သို့အစွန်းထွက်နေသော အရာတစ်ခုရှိ၏၊ ၎င်းအစွန်းအောက်၌ကား ကြေးဝါဖြင့်ပြုလုပ်ထားသည့်ငှက်သိုက်ကလေးတစ်ခုရှိ၏၊ ထိုငှက်သိုက်ကလေးထဲတွင် ဥကလေးတစ်လုံးရှိရာ ထိုဥကလေးသည် ဆိုအပ်ခဲ့ပြီးသော အစွန်းနှင့် မျက်နှာပြင်ညီလျက်ရှိ၏၊ စက်တိုင်သာများနှင့်တကွတပ်ဆင်ထားသောပစ္စည်းများမှာ အလွန်နုနယ်သေသပ်လှပသည်။

အခြားဘက်၌လည်း အလား အစွန်းအောက်ကျကျ နေရာတွင် ငှ သိုက်ကလေးတစ်ခုရှိ၍ ငှက်ဥတလေ တစ်လုံးလည်း ရှိလေသည်။

ဦးတက်ထွန်းသည် ငှက်ဥတလေများကို အံ့ဩစွာ ကြည့်ရှုလျက်ရှိ မသိမ်းရီကလည်း ခပ်ဝေဝေမှ ထိုနည် အတူ ကြည့်၍နေလေသည်။

ထွန်း။ ။ဦးဟာမက် ပြောလိုက်တ မှန်တယ် - ရီရီရေ၊ စပရင်နဲ့ ပစ်နိုင်တဲ့ သေနတ်ပဲ၊ ဒါကြောင့် ဦးဘအောင်ကို သတ်တဲ့လူဟာ နာရီကလေးကို အ မတန် လိုချင်နေတယ်ဆိုတာ ဟုတ် လိမ့်မယ်၊ ကြည့်စမ်းပါဦးကွယ်၊ ထူး ဆန်းဆန်း လုပ်ထားလိုက်တာ ယုံနိုင် စရာတောင် မရှိဘူး၊ ပထမတြွေးတည်တဲ့ လူဟာ အင်မတန်စိတ်ကူးသည်းပြီး ကိုကြံကြံဖန်ဖန် တီထွင်ခဲ့တာပဲ တွေးလုပ် ထားတဲ့လက်ရာလဲ နိုင်ငံခြားက လုပ် လာတဲ့အတိုင်းပဲ၊ သေတသေသင်သ သနဲ့"

"ကြောက်စရာကြီး ဒါ - မောင်ရယ် အိမ်မှာမထားပါနဲ့၊ အိမ်မှာလဲ နာရီတွေ မနည်းတော့ပါဘူး"

www.burmeseclassic.com



"အို - ဘာကြောက်စရာရှိလဲ"

နာရီကလေးကို နေသားတကျ ပြန်၍တပ်ဆင်ပြီးနောက်ဦးတက်ထွန်းသည် နာရီကလေးကို ကားထဲ၌ ထည့်ယူခဲ့ပြီး လှောင်ချောက်တဲ့တားရဲဌာနသို့ ထွက်သွားလေ၏။ ဌာနပိုင်မှာမိမိ၏မိတ်ဆွေ ဟောင်းတစ်ယောက်ဖြစ်၍ ၎င်းထံမှ လွန်ခဲ့သော (၂)နှစ်ခန့်က သေဆုံးခဲ့သည့်ဦးဘအောင်၏လိပ်စာကိုရရှိသော အခါ ဦးတက်ထွန်းသည် လှစ္စလမ်းသို့ ကားလေးကို မောင်းခဲ့လေသည်။

ဦးဘအောင်၏အိမ်ခန်းမှာအလယ် ဘလောက်ရှိ သုံးထပ်တိုက်တစ်လုံး ထထပ်ဖြစ်၍ တံခါးကို ခေါက်သော အခါ အသက်(၄၀)ခန့်ရှိ သားနားသပ် ရပ်သော မိန်းမကြီးတစ်ယောက်က တံခါးဖွင့်ပေးလေသည်။ ၎င်းမှာ သေသူ ဦးဘအောင်၏ဇနီးပင် ဖြစ်တော့၏၊ ရုပ် အဆင်းသနားကမားရှိ၍ကြည်လင်အေး မြသောမျက်နှာထားနှင့် ဖော်ရွေသော အမူအရာလည်း ရှိလေသည်။

ထွန်း။ ။"ဒီအိမ်ခန်းဟာဦးဘအောင် ရဲ့အိမ်ခန်း မှတ်ပါတယ်"

မ။ ။"ဟုတ်ပါတယ်၊ ဝင်ပါ - ဝင်ပါ၊ ဘာကိစ္စပါလဲရှင်"

ဦးတက်ထွန်းသည် ဧည့်ခန်းသို့ဝင် ခဲ့ပြီးနောက် အိမ်ရှင်ညွှန်သော ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လေသည်။ နာရီ ထည့်သော ထင်းရှူးသေတ္တာကလေးမှ ကား ကြမ်းပေါ်၌ ချထားလိုက်၏၊ ဧည့် ခန်းတွင် တိုင်ကပ်နာရီကြီး(၂)လုံး၊ သံစုံ နာရီ ခေါင်းရင်းဘက်တွင် စားပွဲတင်နာရီ (၂)လုံး၊ စားပွဲဝိုင်းပေါ်တွင် နာရီ(၁)လုံး ရှိလေသည်။

ထွန်း။ ။"ကျွန်တော့်နာမည်က မောင်တက်ထွန်းလို့ ခေါ်ပါတယ်၊ ကိစ္စ ကတော့ အရေးမကြီးလှပါဘူး ခင်ဗျာ၊ လိုရင်းအချက်ပဲကျွန်တော်တို့ပြောကြပါ စို့ရဲ့၊ ဦးဘအောင်က ..."

မ။ ။"ဟုတ်ကဲ့ - ကျွန်မဟာ ဦးဘအောင်ရဲ့ဇနီးပါပဲ၊ နာမည်က မဖွားသက်လို့ခေါ်ပါတယ်"

ထွန်း။ ။"ဟုတ်ကဲ့ - ကျေးဇူးတင်ပါ တယ်"

"ဦးဘအောင်က အထူးအဆန်း ပစ္စည်းကလေးတွေ ဘာတွေ စုဆောင်း တတ်တယ် ထင်ပါရဲ့"

"ဟုတ်ပါတယ် - အမိန့်ရှိပါဦး"

"ဒီလိုပါ ခင်ဗျာ"

ဦးတက်ထွန်းသည် သေတ္တာ ကလေးကို ဖွင့်၍ သစ်ပင်ပုံသဏ္ဌာန်ရှိ သော စားပွဲတင်နာရီကလေးကိုထုတ်ယူ လိုက်၏၊ ထိုနောက် စားပွဲပေါ်၌တင်ထား လိုက်လေသည်။

ဆက်လက်၍ -

"ဒီနာရီကလေးကို အရှမနက်ပဲ၊ ဧရဖာလမ်း ဦးဟာမက်ဆိုင်က ဝယ် လာခဲ့ပါတယ်၊ ဒီနာရီကလေးဟာ ဦးဘအောင်ရဲ့ပစ္စည်းလို့ ထင်ပါတယ်"

"ဟုတ်ပါတယ် - ဦးတက်ထွန်း ဟုတ်ပါတယ်၊ သူ သေဆုံးပြီးနောက် ဧရဖာလမ်းက အဟောင်းဆိုင်ဖွင့်ထား တဲ့ ကုလားကြီးတစ်ယောက်ကို ကျွန်မ ရောင်းလိုက်ပါတယ်၊ ဦးမာမက်ဆိုလား၊ ဦးဟာမက်ဆိုလား နာမည်တော့ ကျွန်မ ကောင်းကောင်းမမှတ်မိတော့ဘူး"

"ဟုတ်ပါတယ် - အဲဒီ ဦးဟာမက် ဆိုင်ကဒီကနေ့နံနက်ပဲကျွန်တော်ဝယ် လာပါတယ်"

"ကျွန်မ သူ့ကိုပြန်ရောင်းလိုက်တာ ဟဲ့" အံ့ဩလျက် -

"ပြန်ရောင်း - ကျွန်မ ပြန်ရောင်း လိုက်တာပါ၊ ဒီလိုပါရှင် - ကျွန်မ ယောကျ်ားက ဒီကုလားကြီးကို ကောင်း ကောင်းသိတယ်ရှင့်၊ အဲ - သူမသေခင် တစ်လခွဲ နှစ်လလောက်ကမှ ဒီနာရီ ကလေးကို ကုလားကြီးဆီက ဝယ်လာ တာပါ၊ သူ သေပြီးတဲ့နောက် ဒီကုလား ကြီးကိုပဲ ကျွန်မ ရောင်းလိုက်လို့ ပြန် ရောင်းတယ်ဆိုတဲ့စကား ပြောတာပါ"

"အို - ဟုတ်လား၊ ဒီလိုအကြောင်း ကျွန်တော် မသိဘူး ခင်ဗျာ၊ ဟုတ်တဲ့ ဒီပစ္စည်းအဟောင်းအမြင်းရောင်းတဲ့လူ တွေဟာ ဘယ်တော့မှ ပွင့်ပွင့်လင်းလင်း မပြောချင်ဘူး"

(ဦးတက်ထွန်းစကားကို လိုက် လျောလျက်) "ဟုတ်ပါတယ်ရှင်၊ ဒီလို ပါပဲ၊ ဖောက်သည်ကို ပြောစရာရှိရင် ပြောမှပေါ့၊ ဪ - ဒါထက် - ဦးတက် ထွန်း လာတဲ့ကိစ္စကို အမိန့်ရှိပါဦး"

ဒေါ်ဖွားသက်သည် စကားပြောရာ တွင် ပြတ်သားရှင်းလင်းလျက် ပွင့်ပွင့် လင်းလင်းရှိ၏၊ ဦးဘအောင် သေဆုံး သွားသည့်ကိစ္စနှင့်ပတ်သက်၍ တစ်စုံ တစ်ရာ သိဟန်မတူချေ။

ဦးတက်ထွန်းသည်စကားပြောရင်း နာရီကလေးကို ဒေါ်ဖွားသက်ရင်ဘက် တည့်တည့်ဆီသို့မသိမသာလှည့်၍ထား လိုက်၏၊ နာရီကို သံပတ်ပေး၍ မိနစ် လက်တံကို "ထိုးကွက်" အနီးသို့ ရောက်၍ ထားလိုက်ပြီးလျှင် ပို၍ထင်ထင်ရှားရှား သိစေရန် ဒေါ်ဖွားသက်၏မျက်နှာကို အကဲခတ်လျက်ရှိ၏၊ ထို့နောက် စကား



www.burmeseclassic.com

www.burmeseclassic.com

ဆက်ပြန်လေသည်။

"ဒီနာရီကလေးက ထိုးတဲ့အခါ အတော်ထူးဆန်းတာတွေ့ရတယ်ခင်ဗျ။ ဒီတော့ - ဦးဘအောင်လက်ထဲရောက်လာတဲ့အခါပြင်များပြင်သေးသလားဆိုတာ…"

စကားမဆုံးမီ နာရီကလေးအတွင်းမှ 'ဩ' ဟု မြည်လိုက်သံနှင့်အတူ ကြေးခွန်ထဲမှ သံပတ်ကလေးသည် "ဂျွမ်း" ခနဲ ခြည်၍ အပြင်ထွက်သောအသံကိုကြားလိုက်ရ၏။

ဖွား၊ ။ "အလို - ဘုရား - ဘုရား ဘာဖြစ်တာလဲ - ဦးတက်ထွန်း၊ သံပတ် ပြတ်သွားပြီထင်တယ်"

ယင်းတဲ့သို့ ဒေါ်ဖွားသက် လန့်ဖျပ်အော်လိုက်ခြင်းမှာ တစ်စုံတစ်ရာ ဟန်ဆောင်သောအမူအရာမရှိဘဲ ရိုးသားစွာ တစ်အော်လိုက်ခြင်းဖြစ်ကြောင်း ဦးတက်ထွန်း ရိပ်မိလေပြီ။

ထွန်း၊ ။ "ပျက်ရင်လည်း ကိစ္စမရှိပါဘူး ခင်ဗျာ၊ အသစ်လဲရုံပါပဲ၊ ဒီလိုဥဩ တလေးအော်သံထွက်တာပြောမပြဘူးနော်"

ဖွား၊ ။ "မပြဖူးပါဘူးရှင်၊ သိပ်ထူးဆန်းတာပဲ၊ သူက ဒီလိုအဆန်းအပြားပစ္စည်းကလေးတွေဆိုရင် အင်မတန်ဝယ်တတ်တယ်ရှင့် - သူ့ဝါသနာပဲ"

"ဦးဘအောင်မသေခင်တော့ နာရီက သွားလျက်ပဲ မဟုတ်လား ခင်ဗျာ"

"ဟုတ်ပါတယ် - သွားနေတာပါပဲ"

"ဒါလောက် သိရရင် တော်ပါပြီ ခင်ဗျာ၊ ကျွန်တော့်ဝါသနာကလည်း ဦးဘအောင်လိုပါပဲ၊ ပစ္စည်းကလေး ထူးထူးဆန်းဆန်းတွေဝယ်၊ သူ့ရာဇဝင်ကလေးမှတ်သားပြီး သိမ်းထားတာပါပဲ"

ဒေါ်ဖွားသက် သည် နေရာမှ ထလိုက်၍ ဦးတက်ထွန်းလည်း အလိုက်သိစွာ နေရာမှ ထလိုက်၏။ သို့နှင့် ဒေါ်ဖွားသက်က တံခါးဆီသို့လျှောက်သွားသောအခါ ဦးတက်ထွန်းသည်လည်း မနီးမဝေးမှ လိုက်ပါသွားလေသည်။

လမ်းလျှောက်ရင်း ဦးတက်ထွန်းက "အင်း - လက်သည်တော့ မပေါ်တော့ဘူးနော်၊ ပုလိပ်ကလည်း အတော်တော့ လိုက်တယ်မဟုတ်လား"

"လိုက်ပါတယ်၊ နို့ပေမဲ့ - သူတို့ဘာ တတ်နိုင်မှာလဲရှင်၊ လူကိုလည်း အရိပ်အယောင်တောင် မတွေ့ရ၊ လက်နက်လည်းမမိ၊ ကိုဘအောင်ဟာလည်ပင်းမှာ သေနတ်ဒဏ်ရာနဲ့ ဟိုဗီရိုကလေးရှေ့မှာပဲ ကြမ်းပေါ် ကျသွားတာပါပဲ၊ ဒီတော့ စုံထောက်ဘက်မှာလည်း ဘာသဲလွန်စမှ မတွေ့ရတော့ ခက်တာပေါ့ - ဦးတက်ထွန်းရယ်"

"ဒါလဲ ဟုတ်တာပဲ၊ ဘယ်သူပစ်တယ်ဆိုတာနည်းနည်းကလေးမှအရိပ်အငွေ့လောက်ပဲ သိတဲ့လူ မရှိဘူးထင်ပါရဲ့"

"မရှိပါဘူးရှင်၊ သူတို့တစ်တွေ အပြင်ထွက်သွားလို့ ကိုဘအောင် တစ်ယောက်တည်း ဒီဧည့်ခန်းမှာ ကျန်ရစ်သတဲ့၊ အခန်းပြင်ဘက်လဲ သူတို့ရောက်ရော ဒိုင်းခနဲ သေနတ်သံကြားရလို့ ပြန်ဝင်လာကြတဲ့အခါ ကြမ်းပြင်ပေါ်မှာ ကိုဘအောင်လဲနေတာ တွေ့ကြရသတဲ့ ဦးတက်ထွန်းရဲ့"

"သူတို့ဆိုတာက ဘယ်သူတွေလဲ"

"ဒီလိုရှင့် - အဲဒီနေ့က သူနဲ့ အလုပ်စပ်ဖက်ပါတနာ ကိုညီလေး ဆိုတဲ့လူရှိယ်၊ ကိုညီလေးနဲ့အသိ တခြားလူတစ်ယောက်ရယ်၊ ဒီအခန်းထဲမှာ ကိုဘအောင်က "ပါတီ" ပေးတယ်ဆို ထင်ပါရဲ့ ရှင်၊ အဲဒီလိုသောက်စားပြီးလို့ဧည့်သည်နှစ်ယောက် ထွက်အသွား သူတစ်ယောက်တည်း ဧည့်ခန်းကျန်ရစ်ခဲ့တဲ့အခါ ဖြစ်တာပါပဲ၊ အဲဒီတုန်းက ကိုဘအောင်ကလည်း သူဝယ်လာတဲ့ နာရီတလေးတောင်ပြသေးသတဲ့"

"သားသမီးကော ရှိပါသလား"

"ဟုတ်ကဲ့ - သားတစ်ယောက် ရှိပါ … တယ်၊ သူငယ်က သူ့အဖေရဲ့ပါတနာ … ကိုညီလေးဆီမှာ ကူညီလုပ်နေပါတယ် … သူ့အဖေခြေရာ နင်းနိုင်အောင်တဲ့"

"ကောင်းပါတယ် ခင်ဗျာ၊ ဝမ်းသာ … ပါတယ်၊ အလုပ်က ဘာအလုပ်ပါလဲ"

"အလုပ်က နာရီလုပ်တဲ့အလုပ်ပါ…"

— ○ —

နောက်တစ်နေ့ နံနက် (၈) နာရီ… လောက်၌ ဦးတက်ထွန်းသည် … လမ်း (အနော်ရထာလမ်း) ရှိ ဦး… ဆိုင်သို့ လာခဲ့လေ၏၊ အချိန်မှာ ဆိုင်… ဖွင့်စအချိန်ဖြစ်၍ လူသူအသွားအလာ… နည်းပါးလှသေး၏။

သေသူဦးဘအောင်၏ …

သက်မှာ နာရီတလေး၏အကြောင်း… လုံးဝသိရှာသူ မဟုတ်ကြောင်း ထင်… ၏၊ အခြားတစ်စုံတစ်ယောက်က … စည်ခြင်းဖြစ်လျှင်လည်း ဒေါ်ဖွားသက်… သည် ထိုအကြံအစည်ထဲ၌ ပါဝင်… မဟုတ်ချေ၊ နာရီ၏အကြောင်း… လူသတ်သမားကလွဲလျှင် … သည် အသိဆုံး ဖြစ်… ပေမည်၊ … တစ်ယောက်… သူသည် ထိုနာရီ…

www.burmeseclassic.com



ဦးဟာမက်အား ရောင်းလိုက်လျှင် ဦးဟာမက်ထံမှ ဦးဘအောင် မုချဝယ်ရ ပြည်တု ထွက်ပြီးလျှင် ဦးဟာမက်သို့ ရောင်းချခြင်းဖြစ်ရမည်၊ အကယ်၍ ဒုခင်းဖြစ်ပွားပြီးနောက် နာရီ၏ အကြောင်းကို ပုလိပ်က တွေ့စေကာမူ ဓိဓိအပေါ်တွင် ခြေရာဖျောက်၍ ဦးဟာ မတ်အပေါ်၌သာ တာဝန်ကျစေရန် ထရားခံ၌ ရည်ရွယ်ချက် ရှိပေလိမ့်မည်၊

ဦးတက်ထွန်းသည်တားကိုဆိုင်နှင့် မနီးမဝေး၌ ရပ်၍ ထားခဲ့ပြီးလျှင် ဦးဟာ မတ်ဆိုင်ထဲသို့ဝင်သွားလေ၏၊ အချိန်မှာ (၉)နာရီဝင် မထိုးသေးချေ၊ ဆိုင်ရှေ့၌ လည်းကောင်း၊ ဆိုင်အတွင်း၌လည်း ကောင်းလူတစ်ယောက်မျှမတွေ့ရသဖြင့် ဦးတက်ထွန်းသည်ဦးဟာမက်၏နာမည် ကို ထပ်ခွန်းနှစ်ခွန်းမျှ ခေါ်ပြီးလျှင် ဆိုင် နောက်ဖေးဘက်သို့ ဝင်သွားလေ၏၊ အတွင်းဘက်မှာ အပြင်ခန်းနှင့် တရုတ် ထဲ "လိုက်ကာ" တစ်ခုသာခြားလျက်ရှိနေ လေသည်၊ နံဘေးသံပြတင်း ပေါက်ရှိ "အဝတ်လိုက်ကာ" များကို အောက်သို့ ဆွဲချထားသဖြင့် အတန်ငယ် မှောင် လျက်ရှိ၏၊

ထွန်း။ ။ "ဦးဟာမက် - ဦးဟာမက်"

..........

"ဒီအဘိုးကြီး ဘယ်များသွားပါ လိမ့်"

ခေါ်၍မရချေ၊ အခန်းတစ်ခုလုံးကား ထူးထူးခြားခြား တိတ်ဆိတ်လျက်ရှိလေ ၏၊ ထိုထက်ထူးခြားပုံမှာ "အော်ဒီကလုံး" ရေမွှေးနံ့သည် နောက်ဖေးခန်းတွင်ကြိုင် လျက်ရှိ၏၊

ဦးတက်ထွန်းသည် ပစ္စည်းပေါင်း ထည့်ထားသော ဗီရိုနောက်သို့ ကြည့် လိုက်မိသည်နှင့်တစ်ပြိုင်နက် ခြေလှမ်း များ နောက်သို့ ဆုတ်၍သွားမိ၏၊ ဗီရို၏ နောက် သမံတလင်းပေါ်၌ကား ဦးဟာ မက်သည် ပက်လက်လန်ကာ လဲကျ လျက်ရှိလေသည်၊

ဦးတက်ထွန်းသည် ငုံ့၍ ရင်ဘတ် ကို စမ်းသပ်ကြည့်၏၊ လည်ပင်းတွင် ညို မည်းနေသော ဒဏ်ရာများကို မြင်ရ၏၊ ဦးဟာမက်ကား အသက်မရှိတော့ချေ၊ လည်ပင်းကို ညှစ်သတ်ခြင်းခံရဟန်တူ လေသည်၊ ရေမွှေးနံ့သည် အလောင်း အနီး၌ပင် ကြိုင်လှိုင်လျက်ရှိရာမှ တဖြည်းဖြည်း ပျောက်ကွယ်သွားလေ သည်၊ ဦးတက်ထွန်းလည်း ဦးဟာမက် နှင့် နာရီကိစ္စနှင့်ပတ်သက်၍ အဆက် အသွယ်ရှိနေသဖြင့် ဖြေရှင်းနေရမည်စိုး သောကြောင့် နောက်ဖေးလမ်းကြားမှ

လှည့်၍ထွက်ခဲ့ပြီးလျှင် တိုက်ခန်း(၃) ခန်းမျှ ကျော်မိသောအခါ တိုက်ရှေ့သို့ ထွက်ရန် လမ်းကြားတစ်ခုကိုတွေ့သဖြင့် လမ်းဘက်သို့ထွက်ခဲ့လေ၏၊ ထိုနောက် မိမိကားပေါ်သို့ အမှတ်မဲ့တက်ခဲ့ပြီးလျှင် လျှင်မြန်စွာ ထွက်သွားလေ၏၊

— ○ —

အိမ်သို့ရောက်သောအခါ ဇနီးဖြစ် သူအား မတွေ့ရဘဲ စားပွဲပေါ်၌ ဇန်လုံး တစ်လုံးဖြင့် ဖိ၍ထားခဲ့သော ဒေါ်သိမ်းရီ လက်ဖြင့် စာရွက်ကလေးတစ်ရွက်သာ တွေ့ရလေသည်၊ စာရွက်ပေါ်တွင် -

ရီရီအပြင်မှာကိစ္စရှိ၍ ခဏကလေး ထွက်သွားပါသည်၊ နာရီဝက်လောက် ကြာရင် ပြန်လာခဲ့ပါမယ် မောင်မောင်၊

ရီရီ

ဇနီးဖြစ်သူမှာ ယခင်ကလည်း ကိစ္စ ရှိလျှင် ဤကဲ့သို့ စာရေး၍ ထားခဲ့တတ် သဖြင့် ကောင်းစွာစိတ်ချ၏၊ သို့နှင့် ဦးတက်ထွန်းလည်း သေတ္တာအတွင်းမှ ဆေးပေါ့လိပ်တစ်လုံးကိုယူ၍ အေးဆေးစွာ သောက်လျက်ရှိလေသည်၊

ထိုခဏ၌ အိမ်ရှေ့လမ်းပေါ်တွင် လူ တစ်ယောက်သည် လမ်းအခြားဘက်ရှိ တိုက်ခန်းနံပါတ်များကိုလျှောက်၍ကြည့် ရှုနေရာမှ လမ်းကို ကူး၍လာခဲ့ပြီးလျှင် အိမ်ပေါ်သို့ တစ်ချက်မျှ မော်၍ကြည့် လိုက်၏၊ ထိုအခါ ဦးတက်ထွန်းက အိမ် ပေါ်ထပ်မှနေ၍ ထိုသူအား -

"ဘယ်သူ့ကို တွေ့ချင်ပါသလဲ မိတ် ဆွေ"

"ဒီနေရာနားဆီမှာ ပင်စင်စား ဦးတက်ထွန်းဆိုတာများ နေသလားလို့ ပါခင်ဗျား"

"ကိုင်း - ဒါဖြင့် ခင်ဗျားတွေ့ပြီ ဦးတက်ထွန်းဆိုတာ ကျွန်တော်ပဲ၊ အပေါ်ထပ် တက်ခဲ့ပေတော့"

ဦးတက်ထွန်းသည် ဥဩနှာခံ ကလေးကို နောက်ဘက်မှ လျှော်ပြီး ဖွင့်ပြီးလျှင် တစ်စုံတစ်ရာကို အထဲသို့ ထည့်လိုက်၏၊ ထိုနောက် တံခါးဖွင့်ပေး ရာ ထိုသူလည်းအခန်းတွင်းသို့ဝင်လာပြီး လျှင် အိမ်ရှင် ဦးတက်ထွန်း ညွှန်ပြသော ကုလားထိုင်ပေါ်တွင် ထိုင်လေသည်၊

ထိုသူမှာ အသက် (၄၀) ကျော် (၅၀) တွင်းခန့်ရှိမည်ဟု ခန့်မှန်းရ၏၊ ဘန်ကောက်လုံချည်၊ တစ်ပတ်ရစ်ဇီဇာ ရောင်သတ္တုလက်အကျီ ရှူးဖိနပ်တို့ ဖြင့် သပ်ရပ်စွာ ဝတ်ဆင်ထားလျှင် အလယ်အလတ်တန်းစား ကုန်သည်လ ပွဲပိုင်းမှဖြစ်ဟန် အသွင်အပြင်ရှိ၏၊



www.burmeseclassic.com

လုံးများမှာ အတန်ငယ်သေးသည် ဟု ထင်ရသော်လည်း မည်းမှောင်နက်ရှိုင်း လှ၏။ အခန်းတွင်းသို့ထိုသူဝင်လာသော ခဏ၌ရေမွှေးနံ့များ ထောင်းခနဲ ဖြစ်သွား ပုံကို ဦးတက်ထွန်း သတိပြုလိုက်မိ၏။

ထိုသူ ကုလားထိုင်ပေါ်၌ ထိုင်မိ သောအခါ ဦးတက်ထွန်းသည် စားပွဲ နောက်ရှိ ကုလားထိုင်ပေါ်တွင် ထိုင် လိုက်၏။

ထွန်း။ ။"ဦးတက်ထွန်းဆိုတာ ကျွန် တော်ပါပဲ၊ ကိစ္စကို အမိန့်ရှိပါဦး"

သူစိမ်း။ ။"ဟုတ်ကဲ့ - အခုလို အနှောင့်အယှက်ပေးမိတာ စိတ်မရှိပါနဲ့ နော်"

"ကိစ္စမရှိပါဘူး ခင်ဗျား၊ ကျွန်တော် ကလူအားပါ၊ ဘာမှအလုပ်ရယ်လို့ မည် မည်ရရ မရှိပါဘူး"

"ကျွန်တော့်နာမည်က ကိုညီလေး လို့ ခေါ်ပါတယ်"

ဦးတက်ထွန်းလည်း "နေပါဦး၊ ဒီ နာမည်ကို မနေ့တစ်နေ့ကလိုပဲ ကြား ဖူးပါတယ်၊ ဘယ်မှာကြားဖူးပါလိမ့်မလဲ" ဟု စိတ်ထဲက စဉ်းစား၍နေမိ၏။

ထိုအတွင်း အော်ဒီကလုံးရေမွှေးနံ့ များကို ရှူရှိုက်မိပြန်၏။ "ဟုတ်ကဲ့၊ ကိစ္စ ကို အမိန့်ရှိပါဦး"

ညီ။ ။"မနေ့ညနေက လွှစ္စလမ်းက ဦးဘအောင်မိန်းမ မဖွားသက်တို့အိမ်ကို ရောက်ပြီး ဟိုနာရီကို ပြခဲ့တယ်ထင်ပါရဲ့"

ကိုညီလေးသည် စကားပြောရင်း ဦးတက်ထွန်းနံဘေးရှိ စားပွဲပေါ်တွင် တင်ထားသော "ဥဩနာရီ" ကလေးကို လက်ညှိုးထိုးပြလေသည်။

ထွန်း။ ။"မှန်ပါတယ်"

ညီ။ ။"ကျွန်တော်က ကိုဘအောင် ရဲ့ ပါတနာပါပဲ၊ သူရှိတုန်းက အလုပ်စပ် ဖက်လုပ်ခဲ့ကြပါတယ်"

ထွန်း။ ။"ဩော် - ဟုတ်ကဲ့၊ သိပါပြီ၊ ဒီတော့ - ဆိုပါဦး၊ ဒီနာရီကလေးကို ဒေါ်ဖွားသက်ကဖြစ်ဖြစ်၊ ခင်ဗျားကဖြစ် ဖြစ် ဝယ်လိမ့်မယ်လို့ ကျွန်တော်တွေးရင် လွဲများ လွဲမလား"

ညီ။ ။"ဟာ - ဘယ်လွဲလိမ့်မလဲ၊ ကဲ အဖိုးကို ဆိုစမ်းပါဦး"

ဦးညီလေး၏မျက်နှာမှာသွေးရောင် များ လျှမ်းသွား၏။ ထိုနောက် မိမိကိုယ် ကိုမိမိသက်သာစေရန် တင်ပျဉ်ခွေ၍ထိုင် ကာ နေရာကို ပြင်၍ထိုင်လိုက်၏။

ထွန်း။ ။"ဝဝဝဝ ခင်ဗျ"

ဦးတက်ထွန်းသည် စီးကရက်တစ် လိပ်ကို မီးညှိ၍ သောက်လိုက်၏။ ညီ့ သည်ဦးညီလေး၏မျက်နှာမှာအေးစက် [illegible]ရှိနေသော်လည်းအတွင်းစိတ်ဓာတ် [illegible]ဘုန်လှုပ်နေသည့်လက္ခဏာများ မျက် [illegible]တွင် ပေါ်လွင်လျက်ရှိ၏။

(ဦးညီလေးက မျက်နှာကို တစ်မျိုး [illegible]ပြင်လျက်)

"ဦးတက်ထွန်းက ရယ်စရာပြောနေ [illegible]ယ်ထင်တယ်၊ ဘယ့်နှယ်၊ ခင်ဗျား [illegible]စားပွဲတင်နာရီကလေးတစ်လုံးကို တစ် [illegible]သောင်းဆိုတော့၊ ကဲပါ ခင်ဗျာ၊ ရောင်း [illegible]ည့်အဖိုးသာ အမိန့်ရှိပါ"

ဦးတက်ထွန်းသည် မျက်နှာကို [illegible]ဝေါ်သို့ အတန်ငယ်မော့ပြီးလျှင် [illegible]ကရက်ကို အေးဆေးစွာ ဖွာရှိုက်လိုက် [illegible]၏။

ထွန်း။ ။"ကျွန်တော် ရယ်စရာ [illegible]ပြောတတ်ပါဘူး၊ တကယ်ပြောနေတာ [illegible]ဦးညီလေးအတွက်ဆိုရင် ကျွန်တော် [illegible]ဘောင်းတဲ့အဖိုးဟာ မများပါဘူး၊ တန် [illegible]ပါတယ်"

ဦးညီလေး၏မျက်နှာမှာ မည်းခနဲ [illegible]သွား၏။

ညီ။ ။"ခင်ဗျားဘာဖြစ်လို့ဒီလိုထင် [illegible]သလဲဆိုတာ ကျုပ် အံ့ဩတယ်ဗျာ"

ဦးညီလေး၏မျက်နှာမှာ အေးစက် [illegible]တော် ရှိနေရာမှ အလွန်သွေးဆူ၍ ရက် [illegible]တော်သောအမူအရာသို့ပင် ပြောင်းလဲ လာလေ၏။ ဦးတက်ထွန်းသည် စီးကရက်တိုကိုပြာခွက်ထဲသို့ထည့်ကာ ပွတ်ခြေလိုက်ပြီးနောက် ကိုယ်ကိုရှေ့သို့ ခပ်ကိုင်းကိုင်းထားလျက် -

"ဒီမှာ ဦးညီလေး - ခင်ဗျားတို့ ကျွန် တော်တို့ဟာ ကလေးတွေ မဟုတ်ကြ ဘူး၊ အလုပ်ကိစ္စဆိုရင် အလုပ်ကိစ္စနဲ့တူ အောင် နှစ်ယောက်စလုံး အသိဉာဏ် တင်းပြည့်ကျပ်ပြည့်ရှိတဲ့ လူကြီးလူ ကောင်း ကုန်သည်ပွဲစားအနေနှင့် ပြော ကြစို့ရဲ့၊ ခင်ဗျားဟာ ပစ္စည်းတစ်ခုကို အရေးတကြီး အလိုရှိနေတယ်၊ အဲဒီ ခင်ဗျားလိုချင်တဲ့ပစ္စည်းဟာ ကျုပ်လက် ထဲမှာ ရှိတယ်၊ ဒီပစ္စည်းကို ကျုပ်က တန်ဖိုးထားပြီး ရောင်းတယ်၊ ကျုပ်လို ချင်တဲ့တန်ဖိုးကိုလည်း ပြောပြီး ဒီတော့ ခင်ဗျားတကယ်သာ လိုချင်ရင်မှန်ရင်ပေး ဖို့ပဲ၊ ခင်ဗျားမပေးရင်ဒီပစ္စည်းကျုပ်သိမ်း ထားမှာပဲ၊ ဒါဟာ ဘယ်လိုအဓိပ္ပာယ်ရှိ တယ်ဆိုတာ ခင်ဗျားသိပြီးသားပဲ"

ဦးညီလေးသည် နှုတ်ခမ်းချင်းဖွတ် ၍လိမ်လိုက်၏။ သူ၏လက်ဝဲဘက်လက် ထဲတွင် အသံမပြည်သော [illegible]တစ် ထားသည့် ခြောက်[illegible]ပြူးသေနတ် ကလေး ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အထင်လွဲတာ၊ ခင်ဗျား သိမ်မိုက်တဲ့လူကြီး၊ ခင်ဗျားသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဒီနာရီကလေးကို (၅၀ဝိ)ပေးမယ်လို့ ကျုပ်လာခဲ့တယ်၊ အခုတော့ ခင်ဗျားက အဆမတန် တစ်ထောင်လိုချင်တယ်၊ ဒါဟာ ကျုပ်လိုချင်တဲ့အချက်ကိုသိအောင် ခင်ဗျားကျုပ်ကို ပြောလိုက်တာနဲ့ အတူတူပဲ"

ဦးတက်ထွန်းသည် အတန်ငယ် ဒေါသများ တုန်လှုပ်ရှိ၏၊ သို့နှင့် စားပွဲစွန်းနစ်တော်ကို လက်များဖြင့် အားပြုကိုင်ထားလိုက်လေသည်၊ ထိုနောက်မျက်နှာချင်းဆိုင်ဘက် အုတ်နံရံမှ မှန်ကိုကြည့်လိုက်ရာ မှန်ထဲတွင် မိမိနောက် ကျောဘက်တွင်ထပ်ထားသော သံစုံနာရီ၏အရိပ်ကို မြင်ရ၏၊ အချိန်မှာ (၁၀)နာရီထိုးရန် တစ်မိနစ်မျှသာ လိုတော့၏၊ သူ၏စားပွဲပေါ်၌ထား "ဥဩနာရီ" ကလေးသည်ဦးညီလေးဘက်သို့ မျက်နှာလှည့်ကာ ထိုအချိန်အတိုင်းပင် တစ်ချက်ချက် သွားလျက်ရှိပေသည်၊

(ဦးတက်ထွန်းက လေးနက်သော်လည်း ရိုးသားသောအသံဖြင့်)

"ခင်ဗျားမှားတာ - ဦးညီလေး၊ ဒီတနေ့ နံနက်ပဲ ခင်ဗျားဟာ ဦးဟာမက်တိုသတ်လိုက်ပြီး လူသတ်မှုဆိုတာ တစ်မှုပေါ်မှာ နှစ်မှုဆင့်ရင် ခင်ဗျား လွတ်နိုင်ပါဦးမလား"

(၁၀)နာရီထိုးရန် စက္ကန့်(၅၀)ခန့်လိုသေး၏၊ ဦးတက်ထွန်းသည်ထိုစက္ကန့်(၅၀)အတွင်း တစ်စုံတစ်ရာ မဖြစ်စေရန် ဦးညီလေးအား စကားကိုဆွဲ၍ပြောရပေမည်၊

သူပစ်တဲ့ကျည်ဆန်က ခပ်စောင်းစောင်းဆိုတော့ ဒီနာရီကို ထိသွားတာပဲ ရီရီ။ မောင် ကုလားထိုင်ကို လှဲသာ မချလိုက်ရင်လဲ မောင့်မေးရိုးတစ်ခြမ်း ဖောက်ထွက်သွားမယ့်ကျည်ဆန်ပဲ။ အခုတော့ မောင့်ကို မထိဘဲ သူတီထွင်တဲ့ နာရီကပဲ သူ့ကိုပြန်ပစ်လိုက်တာပေါ့။



ဦးညီလေး၏ လက်ဝဲဘက်လက်မှ သေနတ်ကလေးသည် လက်ယာဘက်သို့ဖျတ်ခနဲ ကူးပြောင်းသွား၏၊ ထို့နောက် လက်အပေါ်သို့မြောက်ကာ ဦးတက်ထွန်း၏ ရင်ဝဆီသို့ ချိန်လိုက်၏၊

(၁၀)နာရီထိုးရန် (၅)စက္ကန့်သာ လိုတော့၏၊ ဦးတက်ထွန်းမှာ ဦးညီလေး ချိန်ထားသော သေနတ်ပြောင်းဝကလေးကို မလှုပ်မယှက် ကြည့်နေမိ၏၊ ကြောက်ရွံ့သဖြင့် နဖူးမှ ချွေးများ ထွက်လာပြီးလျှင် တစ်ကိုယ်လုံးမှာလည်း တောင့်တင်းလာတာ သွေးများ အသွားရပ်သွားသကဲ့သို့ ထင်ရ၏၊

(၁၀)နာရီထိုးလေပြီ၊

ဦးညီလေးသည်သေနတ်မောင်းကို ဖြုတ်လိုက်၏၊ ဦးတက်ထွန်းက လူရောကုလားထိုင်ပါနံဘေးသို့ ပစ်လှဲလိုက်၏၊ ထိုအချိန်နှင့် တစ်ချိန်တည်းပင် "ဥဩနာရီ" ကလေးထဲမှ ဒိုင်းခနဲ ပေါက်ကွဲသံကြမ်းပေါ်သို့ ဒုန်းခနဲ လဲကျသွားသံ၊ မှန်များ ကွဲရှသံများကိုကြားလိုက်ရပြီးလျှင် အခန်းတစ်ခန်းလုံး မီးခိုးများဖြင့်အုလျက်ရှိလေ၏၊

"မောင်မောင်ရေ - မောင်မောင် - မောင်မောင် - ဘယ်ကလဲ - ဟင် - မောင်မောင်" ဟူသော ချစ်ဇနီး၏ အလန့်တကြား ဟစ်အော်သံများကိုပါ ဦးတက်ထွန်း ဆက်လက် ကြားလိုက်ရသေး၏၊

ဒေါ်သိမ်းရီသည် အခန်းတွင်းသို့ ပြေးဝင်လာ၍ ဦးတက်ထွန်းအား တတ်တတ်ရပ်နိုင်ရန် ဖေးမတူညီပေး၏၊

"အမယ်လေး မောင်ရယ် - ဘာဖြစ်တာလဲ ဟင် - လူကြီးတစ်ယောက် လဲသေနေပါလား၊ ဘာဖြစ်ကြတာလဲ မောင်၊ ရီ့ကို ပြောစမ်းပါဦး၊ အုတ္တွေ၊ အသည်းတွေ တုန်လိုက်တာ မောင်ရယ်"

"မကြောက်စမ်းပါနဲ့ - ရီရီရယ်၊ ပြီးတော့မှ ရှင်းပြမယ်၊ မောင့်ဗီရို ချေ သေတ္တာထဲက ဘရန်ဒီဗုလင်းလေး မြန်မြန်ယူခဲ့စမ်း"

ဘရန်ဒီသောက်ပြီးသောအခါ ဦးတက်ထွန်းလည်း အဖြစ်အပျက်များကို ဇနီးဖြစ်သူအား ရှင်းလင်းပြောပြီးလျှင် ထိုသူတက်လာစကပင် သေတ္တာသဖြင့် ပို့ပ် ၂၂ ကျည်ဆန်တစ်ဆန်ထိုး နာရီသေနတ်ကျည်ဆန်ထည့်သောရာသို့သွင်း၍ ဆယ်နာရီတိတိ၌တစ်ချက် ရှုတ်ခြည်း စီစဉ်လိုက်ရကြောင်း၊ မိမိ အတွက် တစ်စုံတစ်ရာ စိုးရိမ်ရန် မ ကြောင်း၊ ဤကိစ္စမှာ ဦးသာအောင်အမှုလည်းကောင်း၊ ဦးဟာမက်သေဆုံးသည့်

www.burmeseclassic.com



အမှု၌လည်းကောင်း တစ်ဦးတည်းဖြစ်သည့်တရားခံကိုဥသြနာရီကလေးအကူအညီဖြင့် ပစ်သတ်ဖမ်းပေးခြင်းမျှသာ ဖြစ်ကြောင်း။ ထို့ပြင် ဒုတိယ ပုလိပ်မင်းကြီးဦးဘောင်ကလေးဆိုသူမှာလည်းမိမိ၏ မိတ်ဆွေရင်းဖြစ်သဖြင့် သာ၍ပင် ဝိုးနိုင်ရန် မရှိကြောင်း ပြောသောအခါမှ ဒေါ်သိမ်းရှိမှာ သက်သာရာ ရတော့၏။

ဒေါ်သိမ်းရှိက စားပွဲနောက်နံရံတွင် တစ်ထားသော သံစုံ နာရီကလေးကို လက်ညှိုးညွှန်လျက် -

"သံစုံ နာရီလည်း ကြေမွသွားပါတလား"

"သူပစ်တဲ့ကျည်ဆန်က ခပ်စောင်းစောင်းဆိုတော့ ဒီနာရီကို ထိသွားတာပဲ ရှိရှိ၊ မောင် ကုလားထိုင်ကို လှဲသာ မချလိုက်ရင်လဲ မောင့် မေးရိုးတစ်ခြမ်း ဖောက်ထွက်သွားမယ့် ကျည်ဆန်ပဲ၊ အခုတော့ မောင့်ကို မထိဘဲ သူတီထွင်တဲ့နာရီကပဲ သူ့ကိုပြန်ပစ်လိုက်တာပေါ့"

"အလိုလေး - ကံကြီးပေလို့သာ ဘုရား - ဘုရား"

"ကိုင်း - ရှိရှိ - ဦးမောင်ကလေးဆီသာ တိုက်ရိုက်ဖုန်းဆက်ပေတော့၊ မြန်မြန်လုပ်ကွယ် - မြန်မြန်"

အမှုမှာ ဦးတက်ထွန်း မျှော်လင့်သည့် အတိုင်း အဆင်ပြေရုံ မျှမက ဦးတက်ထွန်း၏ သူရသတ္တိ တစ်နပွတ္တိ ဉာဏ်တို့ကိုပင် စုံထောက်ဖွဲ့မှ ချီးကျူးလေသည်။

○→ ဒဂုန်ရွှေမျှား

**အေးမြီးတို့များ**

**ရင်ပြည့်ရင်ကယ်**

ခရာပင်ပေါက်နုကလေးများကို ပြုတ်တို့စားပါ။


**လေဆေး**

နံကြားတွင်ထိုးသောလေမျိုးအတွက် ကင်းမွန်းသီး မီးဖုတ်၊ စမုန်နက်၊ ဆင်သမန္တယ်၊ ဆား ဆတူရောစပ်၍ တိုက်ပါ။




www.burmeseclassic.com

www.burmeseclassic.com



# မွေးစားဖခင် နှင့် သူ့သား

## မျိုးသစ်

“ လက်ဦးဆရာသည် မိဘဖြစ်သည်နှင့်အညီ မွေးစားဖခင်သည် မိဘပင် ဖြစ်ပေရာ အတတ်ပညာ ကောင်းကို သင်ယူစေပါလျက် လမ်းလွဲလိုက်ကာ ..

**အမေ**

အမေဟူ၍ သိတတ်စကပင်ဗုဒ္ဓ[illegible]သာဝင်များအနေနှင့်မိဘကိုအလေး[illegible]ကြသည်၊ ကိုင်းညွှတ်မှုရှိကြသည်။ [illegible]အနန္တငါးပါးတွင်တစ်ပါးအပါဝင်[illegible] (မာတာပိတု ဂုဏော အနန္တော) [illegible]အဝတို့၏ဂုဏ်ကျေးဇူးကားအတိုင်း[illegible]ရှိကြီးမားပါပေသည်ဟုတင်စား[illegible]ဆိုခဲ့ကြ၏။ ထိုနည်းအတူလက်သစ်[illegible]င်တာရှိဆုံးမစာတွင်လည်း (လက်[illegible]တောင်တာ၊ ယူဇနာပေါင်း၊ တာပြန်[illegible]င်းသော်၊ ရှစ်သောင်းလေးထောင်၊ [illegible]ဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ [illegible]ကြီးဘိသည်၊ မွေးသမိခင် ကျေးဇူး[illegible]) ဟုဆိုထားပြန်သည်။ သို့နယ် ဆုံးမစာကို စပ်ဆိုရေးသားခဲ့သော စာဆိုအကျော် ရှင်မဟာရဋ္ဌသာရတာဝင်လျှင် (လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ဗုဒ္ဓါစရိယ၊ မိနှင့်ဖအား၊ မွေးသည့်သားတို့၊ လိုက်လားသိမှတ်၊ ကျင့်မြဲဝတ်တား၊ ရှိညွှတ်လေးပင်၊ ကျေးဇူးရှင်ဟု၊ ဦးတင်ထိပ်ထက်၊ ရွှေပန်းခက်သို့၊ အသက်မြင့်ရှည်၊ တည်သရွှေလျှင်၊ ရှောင်သွေစတား နားမထောင်လျဉ်း၊ လုပ်ကျွေးခြင်းနှင့်) ဟုဖွဲ့နွဲ့ထားပြန်၏။ လောကသာရပျို့တွင် (မိခင်ဖခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့၊ ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး) ဟူ၍ပြဆိုထားသည်။

www.burmeseclassic.com

www.burmeseclassic.com

အားလုံးတို့ပေါင်းရုံးခဲ့သော်မိဘ၏ အတိုင်းအဆကြီးမားသည့်ကျေးဇူးတို့ တို့သိတတ်စွာလုပ်ကျွေးသမှုပြုရန်တိုက် တွန်းထားခြင်းများပင်ဖြစ်ပေသည်။ မိဘ တို့သည် မွေးကျေးဇူးသာမက ကျွေး ကျေးဇူးလည်း ရှိပြန်၏၊ သို့သော် တံ အကြောင်းမလုံ၍ သားသမီးတို့ ငယ်စဉ် ထောင်ကျေးတလေးဘဝကပင်မိဘနှစ် ပါးစလုံး ကွယ်လွန်သော (ကျွေးသည့် ခင်၊ မွေးသည့်မိခင်) များ ရှိလာနိုင် သည်။ ယင်းပုဂ္ဂိုလ်များမှာ သားချင်းတစ် ဦးထံမှသော်လည်းကောင်း၊ သူစိမ်းတစ် ရံဆီများတသော်လည်းကောင်းဖြစ်လာ နိုင်သည်မှာ မလွဲပေကန်၊ ထိုမှ (မွေးစား ခင်၊ မွေးစားမိခင်) များ ပေါ်ထွက်လာခဲ့ ၏ ဒီဒီရင်မှဖြစ်သော သားသမီးမဟုတ် သောကမှ သားသမီးအရင်းနှင့် မခြား ချစ် ခင်မြတ်နိုးလုသသူများလည်းအနမတာ ရှိနေကြသည်၊ တိုတိုးလှိုင်ကို မွေးစား သည့် (မွေးစားဖခင်) ဦးစံမတူ ကဲ့သို့ သော မိဘချိုးတို့ အဘယ်ခေါင်းစဉ် အောက်ဝို့မှ သင့်လျော်မည်ဟု တွေးခေါ် ဆုံးဖြတ်မှုများမှာ စာဖတ်သူတို့ သဘော ကျသတ်မှတ်ခွင့်ရှိပါသည်။

တိုတိုးလှိုင်ဆိုသူကို (၂၀၀၄)ခုနှစ် ပိုင်းက အမှတ်မထင် ဆုံမိခဲ့ရာမှ သူပြော ပြခဲ့သော သူ့ဘဝဇာတ်လမ်းအား ၂၀၀၆ ခုနှစ်တွင် သိရှိခဲ့ရခြင်းပါ။ သူ့စကား အတိုင်းတစ်လုံးတစ်ပါဒမရှုန်ရေးသားခဲ့ ကြောင်း ဝန်ခံရပေမည်သာ။

—○—

နယ်က သမီး၏ တယ်လီဖုန်းသံမှာ စာရေးသူကို တုန်လှုပ်သွားစေ၏၊ ဇာတ် မြို့ယခုအိမ်နေရာတွင်နေလာခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ကျော် ရှိပေပြီ၊ တစ်ခါ ဖူးမျှ သူခိုး ခိုးမခံရ(အိမ်ခြင်ပနတ်စင်တွင် နတ်ဆက်ထားသော အဖိုးတန်နိုင်ငံခြား ဖြစ်အရက်သုံးပုလင်း ခိုးခံရကြောင်းကို သိန္နိမိုးမင်္ဂဇင်းတွင် ဝတ္ထုရေးသားခဲ့ခြင်းမှ တစ်ပါး အိမ်တွင်းတွင် အခိုးမခံခဲ့ရပါ။) စာရေးသူ၊ ဇနီးနှင့်သားငယ်တို့ကရန်ကုန် တွင် စားအောက်ဆိုင်ဖွင့်လုပ် နေနိုက် ဇာတိမြို့နေအိမ်တွင် (နည်းပညာတက္က သိုလ်ဆရာမ) သမီးဖြစ်သူ၊ အဖော်ဆရာ မလေးတစ်ယောက်နှင့် အသက်ရှင် ဆယ်ကျော်(ယောက္ခမ)ယောက်ျားကြီး တစ်ယောက်တို့သာ နေထိုင်လျက်ရှိကြ ၏၊ ယောက္ခမဆေးကုသမှုပြုရန် သမီးနှင့် ရန်ကုန်ရောက်လာသည်တွင် အိမ်၌ ဆရာမကလေးတစ်ဦးတည်းသာ ကျန် ရစ်ခဲ့သည်၊ မမျော်လင့်ဘဲ ဆရာမ ကလေးက လုပ်ငန်းကိစ္စအတွက် ရန်ကုန်လာရမည့်အကြောင်း သတင်းပို့ သဖြင့် သမီးဖြစ်သူက ယောက္ခမကြီး ထားခဲ့ပြီး ပြန်ရသည်၊ အချိန်မီပြန်လင့် တစား လူအကူးအဆက် နစ်ရက်ခန့် အကွာတွင် အိမ်ကို သူခိုးဝင်ခဲ့ကြောင်း၊ အဝတ်အစားအချို့နှင့် စတီးပစ္စည်းများ၊ အန်အိုး၊ ရေနွေးအိုးများ ပါသွားသည်ဟု တယ်လီဖုန်းဆက်ခဲ့ခြင်းပါ၊ အခြားပစ္စည်း အဆုံးအရှုံးမရှိခဲ့ပါလေ၊ လွယ်လင့်တကူ ယူနိုင်သည့်အပြင် ရောင်းချရာ၌ ငွေရ လွယ်သောတီဗွီ အောက်စက်(၂)လုံး၊ ဓန်တာကြီး(မတ်ရပ်ပန်ကာ)၊ စားပွဲတင် ပန်ကာ၊ မီးပူများကို ယူမသွား၊ သမီးနှင့် ဆရာမလေး၏အဝတ်အထည်များ၊ ခြင် ထောင်များသာပါသွားသည်၊ သော့ပိတ် ထားသော ဗီရိုသုံးလုံးကို လုံးဝ မထိ၊ ထို တိစ္ဆကို ရဲတိုင် ရန်အတွက် သူခိုး ခိုးယူ သွားသော ပစ္စည်းများ၏အသေးစိတ်စာ ရင်း ရေးခိုင်းပြီး ရဲဌာနတွင် အမှုဖွင့်စေ သည်၊ (ထိုစဉ်က ခရိုင်ဒုရဲမှူးကြီး၏ တောင်းဆိုမှုအရ မြန်မာနိုင်ငံသိုင်း အဖွဲ့ ချုပ်၊ ဝင်မဦးစီးဆရာကြီးဖြစ်သော စာ ရေးသူက ဇာတိမြို့တွင် ရဲအကြပ်၊ တပ် သားများကို သိုင်းပညာ သင်ပေးလျက်ရှိ သည်၊ သင်တန်းတစ်ပတ်လျှင်လူ(၃၀)၊ ခရိုင်အတွင်းရှိ ရဲဌာနအသီးသီးမှ တတ် ရောက်ခဲ့ပြီး သင်တန်း (၂၀)ဝတ်တိတိ၊ ဌာနခွဲဆရာ၊ လက်ထောက်ဆရာများနှင့် သင်ကြားပေးနေချိန်လည်းဖြစ်ပါသည်။) စာရေးသူ ရန်ကုန်ရောက်နေသည့်တိုင် သင်ရိုးညွှန်း တမ်းရေးဆွဲရာတွင်လည်း ကောင်း၊ သိုင်းသဘောတရားများ စာ တွေ့ သင်ကြားမည့်အချိန်တွင်လည်း ကောင်း ဇာတိမြို့သို့ အကြိမ်ကြိမ် ပြန်ခဲ့ရ ၏၊ သို့ဖြင့် ရဲကိုတိုင်ကြားထားသည်ဘာ မက ခရိုင်ရဲမှူး ဦးဝင်းနိုင်ထံသို့ ပုဂ္ဂိုလ် ရေးအကူအညီ တောင်းခံခဲ့ပါသည်။ ဦးဝင်းနိုင်က ရဲစခန်းမှူးနှင့် လူဆိုးထိန်း အဖွဲ့ကိုသီးသန့်လမ်းညွှန်ခဲ့သောကြောင့် အပူတပြင်းကြိုးစားတာဝန်းဝန်းမှုဆောင်း ဆောင်ရွက်ခဲ့သဖြင့် လပိုင်းအတွင်း (ချိုင့်)အရောင်း အဝယ်မှစ၍ လိုက်တာ ဖျင်ကို ကလေး၊ လူကြီးများ အတို့ချုပ် ဝတ်ထားကြကြောင်း သဲလွန်စရလာပြီ အမှု စပေါ်ခဲ့သည်၊ ခိုးယူပစ္စည်းများကို ရောင်းထားရာနေရာတို့မှ လိုက်လံသိမ်း ဆည်းရာ ဒန်အိုးပေါင်းများ ရောင်းထား ရာနေရာနှင့် ခြင်ထောင်နှစ်ပုံး ရောင်း ထားရာနေရာတို့မှ ပစ္စည်းသစ်များ ရခဲ့ သည်မှအပ ကျန်ပစ္စည်းများကို မှုလ

အထိုင်းပြန် ရခဲ့၏၊ အကျီချုပ်ထားသော လိုက်တာဖျင်ကိုပင် အစားရခဲ့သည်။ ဆုံးရှုံးမှုမရှိသော်လည်း အမှုမှာ ကျေအေး၍ ရေသည့်အမှုအခင်းမျိုး၊ နိုးမိသူကိုလည်း ကောင်း၊ ပစ္စည်းများ ခွဲဝေပေးသည့် ဖန်း မြို့သူအားလည်းကောင်း၊ ဖမ်းဆီး၍စစ် ဆေးနေသည်ဟု သတင်းစကားကြားခဲ့ ရပါသည်။ ယင်းခိုးမှု ကိစ္စအဝဝကို သမီး တာဆောင်ရွက်နေသောကြောင့်ခိုးသူကို တစ်ကြိမ်တစ်ခါမျှ တွေ့ခဲ့ခြင်းမရှိ၊ ဆုံချင် တော့လည်း၊ သင်တန်းအပတ်စဉ်တစ်ခု တွင် ပထမဆုရခဲ့သူတစ်ဦးမှာ ခွင့်သတ် မှတ်ရက်ထက် ကျော်လွန်၍ ဌာနနှင့် ဆင်းကွာနေသောကြောင့် (ရဲပြေး)ဖြစ် သွားခဲ့ရပြီး အချုပ်ခံနေရသဖြင့် ဝင် ရောက်သတင်းမေးရာမှ စခဲ့သည် ဆိုရ ည်။

အဖမ်းခံရသည့်တပည့်မှာ ယခင် တာလည်းရဲ၊ လူဆိုးထိန်းမို့အချုပ်ထဲတွင် အနေအစားကောင်းပါသည်။ ပါလာ သည့်မုန့်များကိုပေးကာ သူနှင့် မေးမြန်း တားပြောဆိုပြီးနောက် သူက အချုပ် ထဲမှ လူတစ်ယောက်ကို လှမ်းခေါ်လိုက် သည်။

“ဆရာကြီး သူ့ကို သိလားဟင်”

သူခေါ်လိုက်သည့်လူက သူ့အနား တွင် သေသေဝပ်ဝပ် ထိုင်နေရှာသည်၊ အချုပ်ခန်းထဲတွင် ထိုင်နေသူ၊ ပုပုဖျော့ ဖျော့နှင့်လူကိုတစ်ခါဖူးမျှ သိကျွမ်းခဲ့သည် မဟုတ်၊

“ငါ တွေ့ဖူး မြင်ဖူး ခင်မင်ခဲ့ဖူးတာ မဟုတ်မှန်းတော့ သိတယ်၊ သူက ဘယ် သူလဲကွ – ဟေ၊ ပြောစမ်းပါဦး”

မင်းကို မပင်ပန်းစေဘဲ သူတစ်ဖက်သား မျက်ခုံးမွေးပေါ် စကြာလျှောက်တတ်ဖို့ သင်ပေးနေတာ။ ပညာတွေဆက်သင်ပြီး သူများခိုင်းတဲ့အလုပ် လုပ်နေရင် အဲဒီ ကျွန်ခံတာပဲ။ ခိုးတယ်ဆိုတာဟာ နာမည် သာဆိုးပေမယ့် သူ့ဝင်ငွေက မန်နေဂျာ လာ မကြောက်ဘူးကွ။ မှတ်ထားနော်။



“သူက ဆရာကြီးအိမ်ကို နစ်ညတိ တိ ခိုးတဲ့သူခိုးပဲ၊ နာမည်က တိုးလှိုင်”

“ဟေ – ဟုတ်လား၊ ခုတစ်ခေါက် လောခင် အမှုပေါ်တယ်သာကြားတယ်၊ ခိုးသမီးက အကုန်လုပ်နေတော့ မသိဘူး လေကွာ”

ထိုစဉ်က တိုးလှိုင်ကို တွေ့သော် လည်း စကားမပြောဖြစ်ခဲ့ပါလေ၊

— ○ —

သူထောင်ကလွတ်ပြီးနောက် ၂၀၀၆ – ခုနှစ်အကုန်ပိုင်း မခေါ်ပင့်ချီသူ အိမ်ကို တကူးတက ဝင်လာသည်၊ သူ့ကို တွေ့တွေ့ချင်း တစ်ခါပြပေးထား၍ မှတ်မိနေသည်၊

“ဆရာကြီးတို့ ရန်ကုန်မှာမနေဘဲ မြန်ရောက်နေတယ်ဆိုတာ ကြားပါ တယ်၊ ဒီနေ့ဆေးရုံက သတင်းမေးအပြန် ဝင်ဝင်တာပါ”

“မင်းက လူမှုရေးတော့ အရှိသားပဲ၊ ဒါထက် ငါ့အိမ် ဝင်လာတယ်ဆိုတော့ နောက်တစ်ခါ လာချင်သေးလို့လား၊ မင်းတို့ဝင်တဲ့ အပေါက် နံရံဟာ သစ်သား တော့တော့ဘူး၊ အုတ်တက်ထားလိုက် ပြီကွ”

“ဟာ – မဟုတ်ပါဘူးဗျာ၊ ဆရာကြီး ဟာ စာလည်းရေးတယ်ဆိုတာ အချုပ် ထဲမှာကတည်းက သိပါတယ်၊ ဆရာကြီး ရဲ့မှုခင်းဝတ္ထုဇာတ်ကောင်တွေအထဲမှာ ခိုးတော်တော်များများ ရှိတာပဲဟာ၊ ကျွန် တော်က ကျွန်တော် ဇာတ်လမ်းဆရာ ကြီးကို ပြောပြချင်လို့ပါ”

“မင်းဇာတ်လမ်းက ဖတ်တဲ့လူတွေ စိတ်ဝင်စားလိမ့်မယ်လို့၊ မင်းထင်လို့ လား၊ သာမန်သူခိုးတစ်ယောက် အကြောင်းဟာ ဆန်းပြားတာမဟုတ် ဘူးလေ၊ အဲဒါမျိုး ဖါမရေးတာတို့ ကြိုး တင်ပြောချင်တယ်”

“ဆရာကြီး နားထောင်ကြည့်ရင် သဘောကျလိမ့်မယ်လို့ ပြောရဲပါတယ်”

(ကျွန်မှတ်က တောရွာတစ်ရွာမှာ မွေးတာပါ)ဟု တိုးလှိုင်က အစချီသည်၊

သူ့နာမည်ရင်းက မောင်တိုး (ခေါ်) မောင် တိုးမောင်၊ အသက်လေးနှစ် အရွယ်မောင်တိုးမောင်ကိုကိုစံတော့ခရီး သွားဟန်လွှဲတွေ့သဖြင့် မွေးစားခဲ့သည် မိဘနှစ်ပါးစလုံး သဘော်နစ်ရာ ပါသွား သောကြောင့် (မိဘမဲ့)ဘဝ၊ ဦးစိန်သော ချင်းက ကြည့်ရှုစောင့်ရှောက်ခဲ့ခြင်းပါ သားသမီးရင်းသုံးယောက်နှင့်ဦးကြီးမြို့ သူတို့ ဇနီးမောင်နှံမှာ ချောင်လည်ရ

www.burmeseclassic.com

www.burmeseclassic.com

သည်မဟုတ်၊ ကိုစံမတူက မေးစားမည်ဆို၍ ဝမ်းသာအားရ မဆိုင်းမတွ ပေးလိုက်သည်၊ မောင်တိုးက သွက်သွက်လက်လက်၊ ချက်ချက်ချာချာမို့ မောင်တိုးလှိုင်အမည်ပြောင်း၍ပါးနစ်သားတွင်ကျောင်းထားခဲ့၏။

မောင်တိုးလှိုင် ကျောင်းသားဘဝတထည်းက ကိုစံမတူက ပုံစံသွင်းပေးခဲ့ရာ သူ့ပုံစံအတိုင်း တစ်စတစ်စ ဝင်သွားသည်ဟု ဆိုရပါမည်၊ ကိုစံမတူပုံစံကအတတ်ကောင်းတော့ မဟုတ်၊ သူတစ်ပါးပစ္စည်းကိုလစ်လျှင်လစ်သလို(သုတ်)ရသည့်အလစ်သုတ် (အလုပ်သစ်)ဖြစ်သည်၊ အတင့်ရဲပြီး လုပ်ရဲလာသောအခါပြောင်ပြောင်တင်းတင်း ခိုးယူခြင်းအဆင့်ရောက်လာပါသည်၊ မပေါင်းတစ်ထောင်သားသမီးထဲတွင် သိုသိပ်လှုပ်ရှားနေသော သူခိုးတစ်ယောက်ကို မီဖို့ ခဲယဉ်းပါသီ၊ ကိုစံမတူက ခိုးပုံခိုးနည်းနှင့်တကွရှောင်နိုင်တိမ်းနိုင်စေရန် ယုတ္တိရှိရှိ လိမ်ညာလှည့်ဖျားနည်းကအစ သင်ပေးထားသောကြောင့် မောင်တိုးမောင် (တစ်ဖြစ်လဲ) မောင်တိုးလှိုင်မှာ ကျောင်းပညာခုနစ်တန်းအောင်သည့်အချိန် သူခိုးပညာတွင်အထက်တန်းဆင့်ရောက်ခဲ့ရသည်၊

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားကျောင်းသူများအဖို့ ဝါသနာပါရာ ဘာသာရေးသင်တန်း၊ အားကစားသင်တန်း၊ ပန်းချီသင်တန်းများ တက်ကြလေ့ရှိသော်လည်း မောင်တိုးလှိုင်မှာ ကိုစံမတူ မိတ်ဆွေတစ်ဦးထံတွင် အနီးကပ်ရက်တိုခိုးနည်း၊ ဖောက်နည်းများကို လက်တွေ့ဘာသာရပ်၊ သဘောတရားပို့ချမှုများနှင့် တွဲဖက်ပညာသင်စေခဲ့သည်၊ တစ်ခါတစ်ရံ ပလတ်စတစ်ကောက်အဖွဲ့နှင့်အတူ (ကောက်တို)အဖြစ်အခြေခံကျကျသင်တန်းများကိုလည်း လက်မလွှတ်စေရ၊ ကိုစံမတူက ပွင့်ပွင့်လင်းလင်း ပြောဖူး၏၊

"မင်းကိုမပင်ပန်းစေဘဲ သူတစ်ဖက်သား မျက်စုံးမွေးပေါ်စကြီလျှောက်တတ်ဖို့သင်ပေးနေတာ၊ ပညာတွေဆက်သင်ပြီး သူများခိုင်းတဲ့အလုပ် လုပ်နေရင်အဲဒီကျွန်ခံတာပဲ၊ ခိုးတယ်ဆိုတာဟာ နာမည်သာဆိုးပေမယ့် သူ့ဝင်ငွေက မန်နေဂျာလခ မကြောက်ဘူးကွ၊ မှတ်ထားနော်"

တကယ်တမ်း မောင်တိုးလှိုင်ကဲ့သို့ တလေးတစ်ယောက်မှာ ဖယောင်းလို ရှံ့လိုမျိုး ပုံသွင်းရန် လွယ်ကူသည်၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်း

ည်ဆိုပါက မည်သည့်အလုပ်ကို လုပ်ရန် ဝန်မလေး၊ ကျောင်းထွက်သည်၊ ရှစ်တန်းကပင် ကွမ်းတစ်ပါးပြီး စီးကရက်လက်ကြား ညှပ်နေပါပြီ၊ ပတ်ဝန်းကျင်ထိတွေ့မှုင့် တာလပေါ်ဝန်းစကားမျိုးစုံသာ အဆဲအဆို အယုတ္တအနတ္တ မိုးမွှန်ည်၊ လူ့စိတ်၏ပင်ကိုကပင် (ပါပသို့ ငနော)ဟု မြတ်ဗုဒ္ဓက မိန့်ကြားခဲ့ အနက်အဓိပ္ပာယ်အရ "စိတ်သည် င်းမှု၌ မွေ့လျော်တတ်၏" ဟူ၍ သည်မဟုတ်ပါလား၊

သတိထားကြည့်ခဲ့သော်...

ဒိုးဇလံတို့သည် မီးရောင်ကို ရှေ့င်ဝဓာ ထင်ကြလေသလား မသိ၊ ကြပျော်ကြခဲ့ပါသည်၊ ဒုစရိုက်င်းသတ်ဆင်းမိသူ တိုးလှိုင်ခမျာနှုံ မိုးနေစဉ် လက်ပူးလက်ကြပ်မိခဲ့ ထောင်ခြောက်လကျခဲ့ရပြီး ထောင်ခုတွကို နဖူးတွေ့ဒူးတွေ့ခံစားရပြီည်၊ ခိုးရစဉ်က ရသမျှယူထားပြီးထိပေး မုန့်ဖိုးပဲဖိုးသာသာ ပေးသော်လည်း ထောင်ကျသည့်အခါ ရရ နစ်ကြိမ်တိတိ ထောင်ဝင်တွေ့သည်မှတစ်ပါးကိုစံမတူတစ် စုစ်စမြုပ်စ ပျောက်နေ၍ မပေါ်လာတော့ပါ၊ နောက်ဆုံးအကြိမ်တ ပြောဖူး၏၊

"ထောင်ဆိုတာ တို့နဲ့ယဉ်ပါးရမှာ သဘာဝပဲ၊ အထဲရောက်ရင် အဆင်ပြေပြေနေတတ်အောင် ကြိုးစားရမယ်၊ အားကိုးမရှာနဲ့၊ ပျော့ညံ့တဲ့စိတ် မမွေးနဲ့၊ မိမိကိုယ်ကို အသုံးချတတ်ဖို့ နည်းလမ်းရှာရမယ်၊ ရှာတတ်ရမယ်"

ကိုစံမတူ၏ဒဿနကတစ်ဘာသား တိုးလှိုင်မှာ စိတ်ကူးအရ အနိပ်အနင်းတတ်သူများထံ နည်းနာခံကာ လက်နှိပ်ဆရာ (အနှိပ်သည်)ဖြစ်လာခဲ့ သည်၊ ထောင်တွင်းသို့ အကြောင်းကြောင်းကြောင့် ရောက်လာသော ငွေကြေးခန့်ပြည့်စုံသူများ အညောင်းပြေအညာပြေ (ဖိမ်ခံနေကြသည့်)အချို့ တိုးလှိုင်တို့လိုလူများ အသုံးဝင်လာ၏၊ ထိုသို့သောလုပ်အားအတွက် ဆေးလိပ်၊ ကော်ဖီမစ် စသောလှော်ပစ္စည်းများ ရလာသဖြင့် တိုးလှိုင်တို့မှာ စားပေါက်ချောင်သွားသည်၊ ထောင်ဝင်စာမလာသော်မှ ဗုဝန်ရန်လုံးဝမလိုတော့ပါ၊ တိုးလှိုင် ရောက်ရာအရပ်တွင် ပတ်ဝန်းကျင်နှင့် သင့်မြတ်အောင် နေတတ်သွားခဲ့သည်ဟု ဆိုရပါမည်၊ သူ့မွေးစားဖခင်၏ဩဝါဒကား မှန်လှန်းပေစွ၊

www.burmeseclassic.com

(ထောင်)ထဲသည် လူတောင်းသူတောင်းများ နာအနေဖွေမဲ့လျှော်ရာဌာန ပေတွတ်ဆါအချိန်ရှိသောအဖြစ်အင်များဖြင့် သတ်မှတ်ချက်အတိုင်းအတာအရ အတည်းတချခံစေသောနေရာတစ်နေရာဖြစ်၍ ဖျော်ရွှင်ချမ်းမြေ့စရာနယ်မြေမတွေ့ပြီ၊ ထောင်ကျလျှင် ဆင်းရဲဒုက္ခများခံစားရသောကြောင့်နောင်တတရားများရတာဘဝရှိနိုလမ်းဖြောင့်တန်းသွားသည်က လူနည်းစု၊ သာမန်အလစ်သမားက ခိုးသူ၊ ခိုးသူက ဖောက်ထွင်း၊ ဖောက်ထွင်းက အနုကြမ်း၊ အနုကြမ်းက ဓားပြ၊ ဓားပြက သူပုန်အထတ် စုံသွားသည်၊ အနီးတပ်ပညာပေးမှုများက (အခကြေးငွေမလို)အဆက်အသွယ် လုပ်ခဲ့သူတာအများအပြား၊ ထောင်ထဲမှာလည်း ကြီးနိုင်ငယ်ညှဉ်းဆိုသောသဘာဝတရားကြီးကမပျောက်ပျက်သေး၊ ဆက်လက်မင်းမူနေဆဲမို့ မမိုက်ချင်သော်လည်းမိုက်လိုက်ရသည်၊ ကြာလာသည့်အခါ မိုက်ရဲသွားပါသည်၊ သူ့ကိုမကိုင်လျှင် ကိုယ့်ကို နိုင်သွားပေမည်၊ ထို့ကြောင့်အစစလက်ဦးမှုမယူပါကအနင်းခံရပြီး ခေါက်ရိုးကျိုးသွားနိုင်သည်၊

ထောင်ထဲတွင်သည်းခံစိတ်အပြည့်ဖြင့် မေတ္တာပွားနေလျှင် ဖြဲခြောက်မည့်သူ ပေါ်နေမည်ဖြစ်၍ အမောက်ထော... ပြနိုင်မှ တန်ရုံရှိသည်၊ ရေမြေဆိုပါ... အမြီးကိုင်ရမ်းမည့်သူတွေ ဒုနှင့်ဒေး... တိုးလို့င်အတွက် ထောင်တစ်ခါကျ... သည့်နောက်ဘဝသင်ခန်းစာများအပြ... ဆရာစုံက သင်ပေးသောပညာတွေထ... ပုံတစ်ပင်ကြီးရလိုက်၏၊ (သူခိုးတ... ယောက်ဖြစ်ဖို့ လွယ်လွယ်ကူကူတော... မထင်နဲ့)ဟု မွေးစားဖခင် ဦးစံမတူ... စကားစပ်မိတိုင်းပြောဖူးသည်၊ ထိုစဉ်... ခမ်းနားကြီးကျယ်ရန်ကောဟုတွေးထော... မိခဲ့၏၊ တိုးလို့င်ထောင်က ထွက်ပြီးရ... ပိုင်းအကြာတွင်မွေးစားဖခင်ကစကာ... မည်၊

"မင်းအလုပ်ထဲ ပြန်မဝင်နဲ့ဦး၊ မ... အတွက်လိုအပ်မယ့်ပညာတွေယူဖို့တ... နေရာကိုသွားရမယ်၊ ဆက်သွယ်ရမ... လူကို စာရေးပေးထားတာ ငါ့ဆီမှာ... တယ်၊ သူ့ဆီက မင်းတကယ့်ပညာတွေ... ရမှာပါ၊ မင်းလေးလေးစားစားယူဖို့တော... လိုမယ်၊ အဆင်ပြေအောင်လည်း ဆ... ဆံပါကွာ၊ အဲဒီပုဂ္ဂိုလ်ကြီးကလူ့နှစ်ကြိ... တဲ့၊ ငါနဲ့ မသိကျွမ်းဖူးပါဘူး၊ ဒါပေမဲ့-လေးစားလောက်တဲ့လူ"

စာအရ သွားရောက်တွေ့ဆုံရမည်... သူ၏စိတ်နေသဘောထားကအစပြ... စုံစွာ သိလာရသည်၊ ထောင်ထဲတွင် သူခိုးပညာရပ်များကိုအခကြေးငွေမပေးရဘဲ သင်ပေးသူများကြောင့် အတော်အသင့်တတ်လာကြောင်းဦးစံမတူအားပြောပြခဲ့၏၊

"အဲဒါတွေကို မင်းသိလို့ အကျိုးယုတ်သလို၊ အခုငါလွှတ်တဲ့ဆီကိုမင်းမဖြစ်မနေသွားရမယ်၊ မင်းအတွက်တကယ်အကျိုးရှိမှာပါ၊ ထူးခြားတယ်လို့ငါပြောတယ်ဆိုကတည်းကမင်းသဘောပေါက်၊ ငါ မနည်းစုံစမ်းပြီးမှ အဆက်အသွယ်ရတာ"

မည်သို့ပင်ဖြစ်စေ ... မွေးစားဖခင်ပြောသောသူနှင့် တွေ့ရန် ခရီးထွက်ခဲ့သည်၊

— ○ —

ဝင်လယ်ပိုင်းမြို့နယ်၊ တစ်မြို့နယ်၏ အိုတ်နယ်ကဲ့သို့သော ရွာကြီးတစ်ရွာ၊

မြို့နယ်မြို့မှ ထွက်သောမော်တော်သည်ရွာကြီးသို့ဆယ့်နှစ်နာရီနီးနီးတွင် ဆိုက်သည်၊ နံနက်ပိုင်းက အဆာခံစားလာသည့်တိုင် ထမင်းစားချိန်ကျော်ပြီဖြစ်သောကြောင့် ဆာလောင်နေပြီ၊ မော်တော်ဆိပ်အတက်တွင် ခေါက်ဆွဲဆိုင်တစ်ဆိုင်ကထီးထီးမားမားရှိနေ၏၊ ဟာနေသည့်ဝမ်းကို ဖြည့်ရန် ဆိုင်အတွင်းသို့ဝင်သွားမိသည်၊ စားသုံးသူများနှင့် စားပွဲတို့က အပြည့်အတန်... ကံအားလျော်စွာ ဆိုင်ဝစားပွဲတွင် တစ်ခုံစာနေရာ ရခဲ့သည်၊ စားပွဲထိုးကလေးတို့ ထမင်းကျော်တစ်ပွဲ နှင့် အအေးတစ်ပုလင်းမှာလိုက်သည်၊ စားသောက်ရှိ... ခါနီးဟောင်းဟောင်းနွမ်းနွမ်းရှပ်အင်္ကျီ ဘီနှင့် တိုက်ပုံအကျီ အနက်ရောင်များ ဝတ်ထားသောအဘိုးအိုတစ်ဦးက ဆိုင်အတွင်းဝင်လာသည်၊ သူ့ကိုတွေ့သူများက နာခေါင်းတရှုပ်ရှုပ်နှင့် မျက်နှာလွှဲသွားကြသကဲ့သို့ခေါ်ချင်ပြောချင်သူမရှိ... ဆန်းတော့ ဆန်းနေသည်ဟု ဆိုရမည်၊

"ဒီမှာ အဘိုးကြီး ဘာကိစ္စလဲ"

ဆိုင်ရှင်နှင့်တူသူ လူကြီးကြီးတစ်ယောက်က ခပ်ထန်ထန် မေးလိုက်၏၊

"ဟာ - ခေါက်ဆွဲဆိုင်လာတာခေါက်ဆွဲစားဖို့ပေါ့ကွ၊ မေးစရာလား"

"ခင်ဗျားကိုမရောင်းဘူး၊ ထွက်သွားဗျာ၊ အခု ထွက်သွား"

အဘိုးကြီးက ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး မာန်မဲပြောနေသူကို မျိုးမခန့်စိုက်ကြည့်လိုက်သည်၊ သူ့အကြည့်က စူးစူးရဲရဲ၊

www.burmeseclassic.com

www.burmeseclassic.com

“ဟေ့ကောင်ရ – အလကားစားတော ထွက်သွား ဗိုက်ဆံပေးစရာမှာပေါ့။ ငါ့ ဗိုက်ဆံက သုံးလို့ရတာမှ တော်တော့ဘဲ တော။ နိုင်ငံတော်က ထုတ်ထားတာပါ”

“စကားမရှည်နဲ့ ထွက်သွား၊ မသွားရင် တျှပ်တို့ အဆိုးမဆိုနဲ့နော်”

“မင်းတို့က ဘယ်လိုကောင်တွေလဲ၊ ဗိုက်ဆံလာပေးတဲ့လူကိုမွေးမောင်းသလို မောင်းထုတ်နေတယ်၊ ဈေးရောင်းနေတာ မတော်ဘူးလား။ ပြောပါဦး”

“ဟာ – ပြောမရတဲ့လူကြီး၊ ကဲကွာ”

ဆိုင်ရှင်က ပြောပြောဆိုဆိုပြေးသွားသော်လည်း တကယ်တမ်း မြေပေါ် လဲသွားသူက ဆိုင်ရှင်။ အဘိုးကြီး၏ ရိုပ်ခနဲ ခြေလှမ်းရွှေ့လှမ်းကာ တားခြေကြောင့် အလဲလဲ အပြိုပြို။ အဘိုးကြီးဟု မြင်ရသော်လည်းသန်မာသေးသည့်ကန်ချက်ကြောင့် ဖြုန်းစား ပြန်မထနိုင်၊ အလုပ်သမားများက တုတ်မားများ ဆွဲကိုင်ကာ ဝိုင်းလာကြပါသည်၊ ရှေ့မှ မြင်ကွင်းကြောင့် တိုးလှိုင် မနေသာတော့ပေ၊ စားပွဲမှလှမ်းထွက်၍ နီးရာပုလင်းတစ်လုံးကို ခေါင်းဖြင့် ရိုက်ခွဲပြီးပုလင်းချွန်ဖြင့် ဆိုင်ရှင်ကို ထောက်ထားလိုက်၏။

“မင်းတို့ ရှေ့တိုးလာရင် ဒီလူ့လည်ပင်း ပုလင်းချွန်စိုက်လိုက်မှာ၊ လာရဲလာကြည့်၊ တစ်ယောက်တည်းသမားကို အနိုင်ကျင့်တာမျိုး လက်မခံနိုင်ဘူး”

အားလုံးက အံ့အားသင့်နေစိုက် တိုးလှိုင် လျှင်လျှင်မြန်မြန်လှုပ်ရှားလိုက်သည်။ အလုပ်သမားများက လုံးဝတိုးမလာဝံ့၊ သူတို့ဆရာသမား အထိနိုက်မခံနိုင်ပါ။ လဲနေသူကလည်း ရှေ့မတိုးကြရန် အော်ဟစ် သတိပေးနေ၏။ သူ့ကို လုပ်လိုက်မည်စိုးသည်။

“ခေါက်ဆွဲကြော်တစ်ပွဲ ထုတ်ပေးပါ၊ ကျုပ် စားသောက်ထားတာနဲ့ အတူ ရှင်းပေးမယ်။ ရော့ – ဒီပိုက်ဆံထဲက ယူလိုက်”

စောစောပိုင်း ခြေစွမ်းပြထားသူ အဘိုးအိုက တိုးလှိုင်ကို ကြောင်တက်တက် ငေးကြည့်နေမိသည်။ ဘာမပြော ညာမပြော သူ့ဘက်က ရပ်ပေးခဲ့သူက လူရွယ်မျက်နှာစိမ်းတစ်ဦးမို့ အံ့သြနေသလားမသိ။ ခရီးဆောင်အိတ်ကိုလွယ်၍ တိုးလှိုင်က ဆိုင်မှ ပြန်အမ်းငွေနှင့် ခေါက်ဆွဲထုတ်ကို ယူလိုက်ပြီး အဘိုးအိုကို ဆွဲခေါ်လိုက်၏။

“လာ – အဘ – သွားကြမယ်၊ ဒီမှာ နေရင် အဘအတွက် သိပ်မဟန်ဘူး”

အဘိုးကြီးက သူနှင့်လျှောက်လှမ်းလာကြသည်၊ ကမ်းနားနှင့် ရွာက ကတ်သွတ်မရှိ၊ သွားရပေဦးမည်၊ လမ်းဘေး သစ်ဖက်တစ်ချက် သစ်ပင်တန်းများက အစီအရီ။

“ဒါထက် မောင်ရင်ဟာ ဒီရွာက လူတော်တာ သေချာတယ်၊ ဧည့်သည် လား”

“အခုမှ ရောက်ဖူးတာပါ၊ ခရီးသွား ဧည့်သည်ဆိုပါတော့၊ အဘကိုစောစောက လူတွေက ဘာဖြစ်လို့ဆိုင်ထဲမဝင်စေချင်တာနဲ့ အတင်းနှင်ကြတာလဲ”

(တက်)ခနဲ သူက ရယ်လိုက်၏။ ရယ်သံက ခြောက်ခြောက်သွေ့သွေ့။

“ငါက သုဘရာဇာလေကွာ၊ ငါ့ကို မြင်ရင်ဖြစ်မှာပေါ့၊ ခက်တာက လူတွေဟာ သေရင် ငါ့ခြေထောက်အောက် ရောက်လာမယ်၊ အသက်ရှင်တုန်းမှာတော့ ငါ့ကိုစက်ဆုပ်ကြတယ်လေ၊ စောစောက ခေါက်ဆွဲ ဆိုင်ကကောင် ဆိုရင် မလွဲ သူ ငါ့ဆီရောက်မှာကွ၊ မင်းမယုံရင် စောင့်ကြည့်လိုက်”

သူက မိုးပေါ်မော့ကာ ရယ်နေပြန်သည်၊ စိတ်မကျန်းမာသူဟန်ပန်မျိုး။

“နို့ – မင်း ဘယ်သူ့ဆီသွားမှာလဲ၊ ငါ သိရဦးမလား”

“ရွာအဝင်ဘုန်းတော်ကြီးကျောင်းက ကပ္ပိယကြီးဦးတေနဲ့ တွေ့ရမယ်၊ သူက ဆက်ညွှန်မှာတဲ့”

“ဟေ”

သူ့ပါးစပ်က အာမေဋိတ်သံတစ်ချက် မတားမဆီးနိုင်၊ ထွက်ပေါ်လာ၏။

“မင်းမသိသေးဘူးထင်တယ်၊ ဦးတေ ဆုံးသွားတာ နက်ဖြန် ရက်လည်ကွ”

“ဟင် – အဘပြောသလိုဖြင့် ကျွန်တော့်အတွက် လမ်းဆုံးပြီပေါ့၊ ဦးတေ ညွှန်မှ အဲဒီလူကို စာသွားပေးရမှာ၊ ကျွန်တော်က ဦးတေလည်း မမြင်ဖူးဘူး၊ စာထဲကလူကိုလည်း မတွေ့ဖူးဘူး၊ ကျွန်တော် လာမှောက်ကြီး ဖြစ်ပါပြီဗျာ”

“ငါက ဦးတေနဲ့ ခင်ပါတယ်၊ ဦးတေ သိတဲ့လူ အတော်များများလည်း သိထားတာပါ၊ မင်းစာထဲကလူက ဘယ်သူတဲ့လဲ”

“ဆရာ ဦးဂုမ္ဘာနိတဲ့”

အဘိုးအို မျက်နှာ တွေခနဲဖြစ်သွား၍ ခေါင်းဆတ်လိုက်သည်။

“မင်းက သူ့ကို ဘာကြောင့် လိုက်ရှာတာလဲ”

www.burmeseclassic.com

www.burmeseclassic.com

"ညောင်တစ်ရပ် သင်ဖို့ ဆိုပါတော့ အသာရယ်"

"တဲ - ဓင်အရှုနဲ့ ငါနေ့လိုက်ခဲ့၊ သူ့ကို ငါသိတယ်၊ သူနဲ့တွေ့တော့ စာပေးပေါ့၊ ဒါပေမဲ့ - မင်းကို မေးရဦးမယ်၊ ငါက သုဘရာဇာဆိုတော့ မင်း သတိရဲ့လား"

"မဆိုင်တာ အသာရယ်၊ လူလုံချင်း သာသေသတီစရာ ရှိရမှာလဲ"

"အေး - ကြိုက်သွားပြီ၊ အဲဒါမျိုးမှ ပေါ့တွေ့လာ - လိုက်ခဲ့ပေတော့"

— ○ —

အသိုးအိုသည် ခနိမိုး ထရံကာဝါး အိမ်လေးမှာ သချိုင်းအဝင်အဝနှင့် အလှမ်းမဝေးလှပါ၊ တဲထဲတွင် ပစ္စည်း ပစ္စည်းများမှာ သေသေသပ်သပ်၊ မီးဖို အဆောင်တွဲကလေးနှင့် ချက်ပြုတ်စား သောက်ရန် နေရာက ရှိနေ၏၊ ဘုရား ကျောင်းဆောင်ကလေးမှာလည်း ပန်း၊ ရေချမ်း တပ်လှူထားသော ရုပ်တုတော် က သသွာယ်လှသည်၊ အတွင်းခန်းလေး မှာထရံတွက်ကိုကာရံထားသော ပစ္စည်း ဝရိသောဂဟု၍ ပက်လက်ကုလားထိုင် တစ်လုံးမှလွဲပြီး ဘာမျှမရှိ၊ အိမ်ရှေ့ ကုလားထိုင်အနီးတွင် ထင်းရှူးသေတ္တာ တစ်လုံး သော့ခတ်ထား၍ စာအုပ်ထပ် တစ်ထပ် သေတ္တာပေါ်တင်ထားသည်၊ အိမ်ဘေးတွင် အမိုးတစ်ခုမိုးထားသော လေးတိုင်စင်တစ်ခုရှိရာ ဝါးတဲလေး အောက်တွင် သစ်သားချပ်များ ထည့် ထားသကဲ့သို့ လုပ်လက်စခေါင်းနှင့် အပြီးသတ်ထားသော ခေါင်းအဖြူထည် နှစ်လုံးက ရှိနေ၏၊ အားလုံးက အိမ်ရှင် အသာ လုပ်ထားဟန် ရှိပါသည်၊

"အသာနာမည်ကို ကျွန်တော် မသိ သေးဘူး၊ ကျွန်တော်က တိုးလှိုင်ပါ"

"မှတ်ထားပေါ့ကွာ၊ ငါ့နာမည်က ဦးကျိုးညိုတဲ့၊ မင်းကိုပေးလိုက်တဲ့စာ လေးပြပါဦး"

လေယာဉ်ပျံ စာအိတ်ပေါ်တွင် ဦးဂုဏ္ဍာန် ဟု ရေးထားသော စာအိတ်ကို ပေးလိုက်၏၊ အသိုးအို ဦးကျိုးညိုက စာ အိတ်ကို ဗြိခနဲ ဆွဲဖောက်လိုက်သဖြင့် တိုးလှိုင် လန့်သွားသည်၊

"အသာ - ဦးဂုဏ္ဍာန် တွေ့မှ ပေးရမှာ လေ၊ သူ့စာကို သူပဲ ဖောက်ရမှာပေါ့"

"အေးလေ - မမှားပါဘူးကွာ၊ ငါ့ နာမည် ဦးကျိုးညို ခေါ် ဦးဂုဏ္ဍာန်ပဲကွ"

"ဗျာ"

တိုးလှိုင်အကြီးအကျယ်အံ့ဩသွား သည်၊ သူတွေ့ရမည့်လူက သူ့အနီးလေး တွင်ရှိ၍ သူမသိပါလေ၊ ပြီးတော့ သုဘ ရာဇာတစ်ယောက် ဖြစ်နေ၏၊

"ငါ့နာမည်ဦးကျိုးညိုလို့ပဲ လူသိများ တာ၊ ဦးဂုဏ္ဍာန်လို့သိတာက မင်းကို စာ ရေးပေးတဲ့ ဦးအုန်းဖေရယ်၊ ကပ္ပိယကြီး ဦးတေရယ်၊ တခြားသုံးယောက်ပဲရှိမယ် ထင်တယ်၊ ငါဒီမှာဇာတ်မြှုပ်နေတာကြာ ပြီ၊ အရင်က ဆေးဆရာလည်း ဆေး ဆရာ၊ သိုင်းဆရာလည်း သိုင်းဆရာကွ၊ အကြောင်းကိစ္စတစ်ခုကြောင့် လူမှားပြီး ခြလွန်လက်လွန်အဖြစ်မှာ ထောင်ကျ ခဲ့ရတာ မိသားစုပြိုကွဲရတယ်၊ ဒါနဲ့ ဒီနယ် ဘက် ပြောင်းလာတာပါ၊ ငါ့ဇနီးက ရွာက်အိမ်ထောင်နဲ့ သားသမီးရနေပြီ လေ"

ဆရာကြီးက သူ့နောက်ကြောင်း ဘဝလမ်းကို တဆွေးတမြည့် ပြောပြ သည်၊

"ဒီနယ်ရောက်တော့ အရင်အလုပ် တွေ စွန့်လွှတ်ပြီး သုဘရာဇာ လုပ်နေခဲ့ တယ်၊ လူတွေနဲ့ ဆက်ဆံပတ်သက်ဖို့ ရွာရောယှက်တင် မနေချင်တာလည်း ပါတယ်၊ မင်းကိုယ်တိုင် ငါ့ဆီမှာ ဒီပညာ တွေ ဘာကြောင့် သင်ချင်တာလဲလို့ ငါ မမေးချင်ဘူး၊ မင်းရဲ့စိတ်ဓာတ်ကိုကြိုက် လို့ငါသင်ပေးမယ်၊ ဒါပေမဲ့ - ထားရမယ့် ကတိသစ္စာတွေ မကျိုးမပေါက်ဖို့တော့ အရေးကြီးတယ်နော်၊ စောင့်ထိန်းနိုင် ပါ့မလား"

"စောင့်ထိန်းနိုင်ပါတယ်"

ဆရာကြီးက ဘုရားကျောင်းဆောင် ရှေ့တွင် ပွဲတစ်ပွဲပြင်စေပြီး အတူအန သင်ပေးခဲ့သည်၊ နွားမသားဂုဏ်ဂါထာ၊ အနွှရာယ်ကင်းဂါထာများနှင့် တစ်ဖွဲ့ပြန် ထုံးမန်း၊ ရေတ်ကောင်းစေမန်းဂါထာများ ကြိုးချည်ကြိုးဖြုတ်၊ အတျဉ်းအတျှော် ထွက်ဂါထာများစုံစေ့နေအောင်သင်ပေး ခဲ့သည်၊ ဆေးစုတ်တို့ဖြင့်တသ်ဝေးအနိ ကိုဆေးများရောထည့်၍တာခွတ်နှိတ်နှင့် သဲပြန်ရေပြန်တို့အတွက် ဆေးထိုးပေး သည်၊ အိမ်မွေ့ချနည်းများ ခွေးမတောင် ဂါထာ၊ အဟာန်ဂါထာ စုံပါသည်၊ ဂါထာ မန္တရားများပင် စာအုပ်တစ်အုပ်နီးပါး

"မင်းက အခြေခံသိုင်းတတ်ထား တော့ ကောင်းတာပေါ့၊ သမထထိုင်ပုံ ထိုင်နည်းသင်ပေးလိုက်မယ်၊ ဆတ်တျှင်ပါ၊ ပေါ့ပါးလျှင်မြန်လာလိမ့်မယ်"

ဆရာကြီးက ဘုရား တချီး သံလာ မိဘနှင့် ဆရာသမား အနန္တော အနန္တ ငါးပါး မပြစ်မှားမိစေရန် အထူးသတိပေး

www.burmeseclassic.com

ပြီး ရှောင်ကြဉ်ရမည့် လုပ်ငန်းများကိုလည်း အလေးထားရန် အခါခါ ပြောခဲ့သည်။ တံငါးပါးမှ ကာမေသုမိစ္ဆာစာရနှင့်သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဟူသော တံနှစ်ပါးနှင့် အမဲသား(နွားသား) စားသောက်ခြင်းကို လုံးဝရှောင်ကြဉ်ရမည့် အကြောင်းများအပြင် စားသောက်ရာတွင် နတ်မီး၊ အသုဘမီး၊ မီးနေသည်မီး သုံးမျိုးသောမီးတို့ကိုရှောင်ရန်ပြောကြားသည်။ အဓိကအားဖြင့် ကတိဝတ် ချိုးလွင်းခဲ့လျှင် ဗျသနတရားဖြစ်သော ဉာတိဗျသန - ဆွေမျိုးများ ပျက်စီးခြင်း၊ ဘောဂဗျသန - စည်းစိမ်ဥစ္စာပျက်စီးခြင်း ရောဂဗျသန - အနာရောဂါဖြစ်ခြင်းတို့နှင့် ကြုံတတ်ကြောင်း ပြောခဲ့၏။ ဆရာကြီးအနေနှင့် ပညာကို လိုလားသူတစ်ဦးမို့ ပေးလိုက်ခဲ့သော်လည်း စေတနာစိတ်ရင်းအရ ပေးချင်ပုံမပေါ်၊ မတတ်သာ၍ ပေးလိုက်မိခြင်းကို ထုတ်ဖော်ပြောခဲ့ပါသည်။

"အမှန်က မင်းကို ငါမပေးချင်ဘူး၊ ဖြစ်လာမယ့်အကျိုးတရားထက် အဆိုးတွေများမှာမို့ ကြီးစွာသတိထားပါကွာ။ မုန်းလို့မပေးချင်တာမဟုတ်ဘူး၊ ချစ်လို့ မပေးချင်တာပါ။ တစ်နေ့ မင်းသဘောပေါက်လိမ့်မယ်"

ဆရာကြီးစကားကြောင့် စိတ်မကောင်းဖြစ်ရသည်။ မွေးစားဖခင်ကိုယ်၌က လိုလိုချင်ချင် မက်မောနေခြင်းကြောင့် ယူခဲ့ရလင့်ကစား စိတ်ဝယ် တထင့်ထင့်။ မပြန်ခင်တစ်ည နှစ်ယောက်သား စကားကောင်းနေခိုက် သတိဝင်လာမိသည်။

"ဆရာကြီးနဲ့ကျွန်တော် ကမ်းနားမှာဆုံတော့...ဆရာကြီးဘယ်ကပြန်တာလဲ"

"ဟို...အောက်ပိုင်းရွာကလေးတစ်ရွာမှာ မိတ်ဆွေတစ်ယောက် နေမကောင်းလို့ သွားမေးပြီး မော်တော်နဲ့ ပြန်လာတာလေ၊ သူကလည်း ငါ့ကို ဦးဂုမ္ဘာန်အဖြစ် သိထားသူတစ်ယောက် ဆိုပါတော့"

"မေးရဦးမယ်၊ ဆရာကြီးက ခေါင်းဆွဲဆိုင်ကလူကို မလွဲမသွေ သေမှာလို့ ပြောခဲ့တယ်လေ။ အဲဒါစိတ်ဆိုးလို့ ပြောတာမဟုတ်လား၊ သူက ဆရာကြီးကို ဆိုင်ထဲ အဝင်မခံဘဲ မောင်းထုတ်နေတာပဲဟာ"

"မဟုတ်ဘူးကွ၊ တကယ့်အမြင်ကို ပြောတာပါ။ ဥပစ္ဆေဒကံနဲ့သေမယ့်သူကိုသာ မပြောနိုင်ရှိရမယ်၊ တို့လို သမထသမားတွေက သေမယ့်လူရဲ့လက္ခဏာတွေ သူ့ရဲ့ဓာတ်တွေ ပျက်စီးချို့ယွင်းနေတာ၊ အရောင်မှေးမှိန်လာတာ တွေ့သိသင့်သလောက် သိတယ်။ မင်းရေးသွားနေတုန်းကပဲ ငါ့ဆီလာပြီး ခေါင်းတစ်လုံး ဝယ်သွားပြီး မနေ့ကညနေ အောင့်တယ်ဆိုပြီး ဆရာပင့်တာ။ ဆရာရောက်တော့ ဆုံးနေပြီဆိုပဲ။ လူမိုက်တစ်ယောက် လျော့သွားတာပေါ့ကွာ"

တိုးလှိုင် ဆရာဦးဂုမ္ဘာန်နှင့်တစ်ပတ်နီးပါးအတူနေခဲ့စဉ်ကပင် ဆရာကြီး၏ ထူးခြားမှုများ အကြိမ်ကြိမ် တွေ့ခဲ့ဖူးပါသည်။ ဆရာကြီးသည် နေ့ပိုင်း ခဏတစ်ဖြုတ် အိပ်စက်တတ်သော်လည်း ညပိုင်း အအိပ်အနေ နည်းပါး၏။ တရားထိုင် သလိုမျိုး ကြာရှည်ကြာများ ထိုင်တတ်သော်လည်း အညောင်းအညာ၊ အကိုက်အခဲမရှိခဲ့ပါ။ ကျန်းမာရေးလည်း အထူးကောင်းသည်။

"ဆရာကြီးအသက်ဘယ်လောက်ရှိပလဲ"

"မင်းက ဘယ်လောက်ထင်လို့တုံး"

"ရှိလှ ခုနစ်ဆယ်သာသာပေါ့"

"ကောင်လေးက ငါ့အသက် လျှော့ပြောရင် ကြိုက်မယ်ထင်လို့လား"

"မဟုတ်ပါဘူး၊ တကယ်မှန်းဆတာပါ ဆရာကြီး"

"မှားတယ်၊ ငါ့အသက်က ကိုးဆယ်သုံးနှစ်စွန်းပြီ၊ လာမယ့်ဝါဆိုမှာ ကိုးဆယ့်လေးပြည့်မယ်ကွ"

တိုးလှိုင် ပါးစပ်အဟောင်းသားနှင့် တအံ့တသြ။ အသက်ကိုးဆယ်ကျော်တု လုံးဝမထင်ရ။ သွားရောလာရော ပြောရာဆိုရာ သန့်သန့်မာမာကြီး၊ တုန်တုန်ခိုက်ခိုက်ရှိဖို့ နေနေသာသာ စားနိုင်သောက်နိုင်ဆဲ၊ ခါးက မကိုင်းသေး။

ဆရာကြီးထံမှ ပြန်လာသည့်တိုင် ဆရာကြီးကို သတိရလျက်ပါ။

— ○ —

ထူးခြားမှုက သိသိသာသာ။

ဆရာကြီးဦးဂုမ္ဘာန်ဆီက ပြန်လာပြီး တိုးလှိုင်တို့ လုပ်ငန်းအဆင်ပြေနေသည်။ လုပ်ကိုင်တိုင်း အောင်မြင်ခဲ့၏။ ထို့ကြောင့်ဦးစံမတူလည်း စီးပွားဖြစ်ခဲ့သည်။ တိုးလှိုင်ရည်းစားသန့်ရှိနေသ[illegible] စုဆောင်းတတ်လာသောကြောင့် ဦးစံမတူ ပေးသမျှနှင့် ရှေ့ရေးရုံတင်ဆိ[illegible] မနေနိုင်၊ သူ့အလုပ်ကိုလာတိုင်းရသမျှ ထဲမှ ငွေနှင့်ရွှေထည်ပစ္စည်းများတို့အောင်

www.burmeseclassic.com

သော့ဝါး အိမ်ထောင်ဖရှာဖွင်လည်း ခွဲနေရခြင်းစည်တို့ သဘောပေါက်သည်။ တိုးလှိုင် တစ်တွက်တစ်တွင်း မြတ်မြက် တလေးရလိုသော်လည်းအတွက်မတွေ့သေး။ ချစ်သူက စောင့်ဆိုင်းမနေနိုင်၊ လောနေသည်။

— ○ —

သို့ဖြင့် တိုးလှိုင်(မွေးစားဖခင်)ကို နားရှုနာထောလုပ်၍ဝင်လာခွင်းကျွေးနှင့်ပြီးခဲ့ရ၏။ တိုင်းလှိုင်ဆန္ဒအရ အိမ်ခွဲပေးလိုက်သော်လည်း အရုပ်ထဲတွင် သူနှင့် ခနီးခလေးဖြစ်၍ သူ့ပိုက်ကွန်တွင်းမှ ရုန်းထွက်ရန် မလွယ်လှသေးပါ။

"ဆရာတို့ အိမ်နိုးတုန်းက ကျွန်တော့်မိန်းမလည်း ပစ္စည်းထုခွဲပေးလို့ ထွဲပြီးထောင်ကျတယ်၊ သူ့ရောဂါကြောင့် ထောင်ထဲမှာ ကွယ်လွန်သွားရှာတယ်၊ အခု ကလေးတစ်ယောက်နဲ့ ကျွန်တော့်ကို ထားသွားခဲ့ပြီပေါ့"

"မင်းမှာ တစ်ယောက်တည်းနေတာထက် ဒုက္ခများရတာပါလား"

"ဆရာ့အိမ် မခိုးခင်အိမ်တစ်အိမ်တုန်းကလည်းသက်သေခံပစ္စည်းမတွေ့ပေမယ့် တစ်လလောက် မသင်္ကာမှုနဲ့ ဖမ်းဆီးစစ်ဆေးခံရသေးတယ်၊ မခိုင်လုံလို့ လွှတ်လိုက်တာပါ။ အဲဒီအမှုတွေကို ပြန်သုံးသပ်ကြည့်တော့ ကိုယ့်ဆရာအိမ်တွေ ခိုးမိလို့ ခံရတာမျိုး၊ အနန္တော အနန္တ ငါးပါး ပြစ်မှားခဲ့တာတွေလို့ ပြောရမယ်"

"ဘယ်လိုကြောင့် မင်းဆရာအိမ်ဖြစ်ရတာလဲ၊ ပြောပါဦး"

"ပထမတစ်ယောက်ဟာကျွန်တော်မူလတန်းတက်တုန်းက အတန်းပိုင်ဆရာမ ကလေးမွေးလို့ ခွင့်ယူတယ်၊ ဆရာမကိုယ်စား သူ့အတန်းနဲ့ တွဲသင်ပေးခဲ့တဲ့ ဆရာလေးပါ။ သူက မမှတ်ဘူး၊ ကျွန်တော်က သိနေတယ်လေ"

"ကဲ - ထားလိုက်ပါတော့ ငါ့အိမ်ကျတော့ကော ဘယ်လိုပြောမလဲ"

"ဆရာကြီးလည်း ကျွန်တော့်ဆရာပဲ။ သိုင်းဆရာကြီးဦးသန်းမောင် ကျွန်တော်တို့ရပ်ကွက် လာသင်တော့ ဆရာကြီးက ဦးသန်းမောင်ဆီက ဒုတိယအကြိမ် ဆရာဖြစ်ယူပြီးပြီလေ။ ဦးသန်းမောင်ပိုင်းမှာ အလေ့အကျင့်ရအောင် လာသင်တော့ ကျွန်တော်က သင်တန်းသားတစ်ယောက်ပေါ့။ ဆရာကြီး ကျွန်တော်မမှတ်မိပေမယ့် ဆရာကြီးအိမ်မှာ ချိတ်ထားတဲ့ဦးသန်းမောင်နဲ့တွဲရိုက်ထားတဲ့ ဓာတ်ပုံတွေ့ကတည်းက သိတာပါ"

"ကောင်းကွာ - ဒါတောင်ခိုးရတယ်လို့ - အံ့ရော"

"ဒုတိယနေ့ ရောက်မှ သိတာလေး ဒီတော့ ခိုးပြီးနေပြီ၊ ဒါကြောင့် ဗီရိုတွေ ဖွင့်ခဲ့တော့တာပေါ့။ ဗီရိုတွေထဲလည်း ရှိမှာပါပဲ"

"မင်းက တစ်ခုတော့ ဆန်းတယ်၊ သုပ်စစ်ပစ္စည်းတွေ ဘာမှယူမသွားဘူး"

"အဲဒါတွေက ထုခွဲရခက်ပြီး ဖမ်းမိနိုင်လည်း လွယ်တယ်"

"ဒီလိုကြောင့်ကိုး၊ မင်း ငါ့ဘီဒိုတွေ ဖွင့်တာ အာမခံသော့တွေကြောင့် ဆုတ်လား၊ ငါသိပါတယ်ကွာ"

"ဆရာကြီး ထင်ထားသလို အာမခံသော့ဆိုတာမပွင့်ခင်အထိပဲအာမခံတာ၊ ပွင့်ရင်တော့ အာမခံမခံနိုင်တော့ဘူး။ ကျွန်တော်ပြမယ် ကြည့်"

အိမ်တံခါးခတ်သည့် နိုင်ငံခြားဖြစ်အာမခံသော့နှစ်လုံးနှင့် တံခါးကို ခတ်လိုက်သည်၊ အကျီအိတ်တွင်းမှ လက်ညှိုင်ဝဝါလေး ထုတ်လိုက်ပြီး သော့ကို ချိတ်ထားကာ ပါးစပ်မှ ပွစိပွစိ ရေရွတ်၍ သော့ချောင်းကို ဆွဲရာ ပွင့်သွားသည်၊ ကျန်သော့တစ်လုံးကိုလည်း ထိုနည်းအတိုင်း ဖွင့်ပြခဲ့၏၊ စာရေးသူမှာ သူ့ပြကွက်ကိုမြင်ရသောကြောင့်အံ့ဩမိသည့်နည်းတူ (အာမခံသော့)ဟူသည် ဓမ္မဓါလားဆိုသောအသိ ရခဲ့သည်။

"လူတွေဆောက်လုပ်ထားတဲ့အိမ်တွေ တိုက်တွေ ဖောက်နိုင်တယ်လို့ ဆရာကြီးယုံကြည်ထားလိုက်ပါ။ ဖောက်မှာကလည်း လူတွေပါပဲ"

သူ့စကားက ထိတ်လန့်စိုးရွံ့စရာ လုံခြုံရေးကို ထိပါးလာသည်ပင်၊

"ကျွန်တော် ဆရာကြီး ဦးဂုဏ္ဍာန်သင်ပေးလိုက်တဲ့ ပညာတွေကို ရော၊ အရင်ကတတ်ခဲ့တဲ့ ခိုးနည်းခိုးဂုဏ်နည်းတွေကော စွန့်လွှတ်လိုက်ပါပြီ။ တောင်းရောင်းကောင်းဝယ် လုပ်စားတော့မယ်။ ဇနီးသေကတည်းက ဆရာကြီးဦးဂုဏ္ဍာန်ပြောတဲ့ (တစ်နေ့ မင်းသဘောပေါက်လိမ့်မယ်)ဆိုတာ မမေ့ဘူး၊ ကျွန်တော်နောက်မကျတန်သေးပါဘူးနော်"

တိုးလှိုင်တစ်ယောက် (အဒိန္နာဒါနာ မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်စေလိုပါသည်၊ အသိတရား မြဲစွဲသွားစေချင်သည်က စေတနာပါ၏။

(အဒိန္နဒါ၊ ခိုးမိပါမူ၊ ဥစ္စာနှောင်ဖွဲ့၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ သောကပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုး

www.burmeseclassic.com



ငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာ သည့်ရှောင်ခါအပြန့်အကျိုးတည်း။ (ဇနတာဘိဝံသဘကစ်ဆိုခဲ့၏။ နိုးခြင်းကြောင့် သံသရာတစ်လျှောက်ခံမည့်အပြစ်များ သည်တား မလွဲမသွေ တွေ့ကြုံစေမည်မှာအသေအချာ၊

သမ္မေသတ္တာ တစ္စသဏာ

○→ **မျိုးသစ်**

(ဝန်ခံချက်)

ကာယကံရှင်များ အမည်နာမ လွှဲထားသည့်အပြင် တိုးလိုင်မှာ အသက်လေးဆယ်မပြည့်မီ ကွယ်လွန်ခဲ့ရှာသည်။

**ဆောင်းပြီးတိုးများ**

**ငှက်ဖျား**

(၁) မြင်းခွာရွက်ရည်ကို ဧရာတ်ကောင်းနှင့် အမျှစီကြိတ်၍သောက်ပါ။

(၂) မြင်းခွာရွက်၊ ပင်စိမ်းရွက်၊ ဇရာတ်ကောင်းမှုန့်၊ ဤ(၃)ပါး ဆတူရောကြိတ်၍ သုံးရွှေးသားခန့် လုံးထားပါ။ ညနက် တစ်လုံးစီ စားပါ။

(၃) ဇရာတ်ကောင်း၊ ပိတ်ချင်း၊ လေးညှင်း၊ ကြက်သွန်နီ ဆတူကြိတ် အတောင့်ပြုပြီး ငှက်ဖျား၊ တုန်ဖျားဖြစ်သော် အနည်းငယ် ရေနွေးနှင့်သွေး၍ မျက်စိမှာ ခတ်ပေးပါ။

# စုံထောက်လေး မောင်စံရှားနှင့်အငြင်းပွားဖွယ်ချွန်စက်ပျောက်းမှုကြီး

**မောင်ဝဏ္ဏထိုက်**



www.burmeseclassic.com

www.burmeseclassic.com



" မနာလိုဝန်တိုစိတ်ဖြင့် သူငယ်ချင်း အချင်းချင်း သူခိုးဟူ၍ ထင်ယောင်ထင်မှား ဖြစ်ရန် ချောက်တွန်းခဲ့ရာမှ ...

## "ဝေယံရေ-ဝေယံ"

"တော-နိုင်နွယ်-ဘာလဲဟ"

"အေး-အတန်းထဲမှာ ယုယုနိုင်အောင်နဲ့ ကျော်စွာနိုင်တို့ စကားများနေကြလို့"

"ဟုတ်လား-အေးအေး-ငါ အခု လာခဲ့မယ်"

ကျွန်တော်သည် (ရ)တန်း A တွင် အတန်းခေါင်းဆောင်တစ်ယောက်ဖြစ်ပေသည်။ ထို့ကြောင့် မုန့်ရေးတန်းတွင် မုန့်စားနေရာမှ ချက်ချင်းပင်ထ၍အတန်းထဲသို့ လိုက်သွားရလေသည်။ အတန်းထဲရောက်သော်ယုယုအောင်နှင့်ကျော်စွာနိုင်တို့သည်တစ်ယောက်တစ်ခွန်းစကားများနေကြသည်ကို တွေ့လိုက်ရလေသည်။

"ဟဲ့-ငါ့ချွန်စက်ကို နင့်လွယ်အိတ်ထဲကပြန်တွေ့တာ။ နင်မယူလို့ဘယ်သူယူမလဲဟဲ့"

"နင် စွပ်စွပ်စွဲစွဲ မပြောနဲ့နော်-ယုယုအောင်၊ ငါ-ယောကျ်ား။ လုပ်ရဲရင်ခံရဲတယ်၊ အဲ့ဒါ-ငါ မယူဘူး၊ အေး-ငါ့လွယ်အိတ်ထဲ ဘယ်လိုရောက်နေသလဲတော့ ငါလဲမသိဘူး"

ထိုစဉ် ကျွန်တော့်ရှေ့က ပြေးသွားသော နိုင်နွယ်သည်-

"ဟဲ့-ဟဲ့-တော်ကြတော့-မော်နီတာ လာပြီ"

ဟု အသံပေးလိုက်သည်၊ ကျွန်တော်သည်ပိုင်းအုံကြည့်နေသောကျောင်းသားများကြားထဲ သူတို့နှစ်ယောက်နား သွားလိုက်သည်၊

"ကဲ-ကဲ-သူငယ်ချင်းတို့-တော်ကြပါတော့၊ ဘာဖြစ်တာလဲ-ငါ့ကိုပြောပြဦး"

"ဒီလို ဝေယံရာ-ငါ့ဒယ်ဒီက မနေ့အမှ ဒီသဘောပုံချွန်စက်အသစ်လေးဝယ်ပေးလိုက်တာ၊ ဒုတိယအချိန်ပြီးတဲ့အထိရှိသေးတယ်၊ တတိယအချိန်တစ်ဝက်လည်း ရောက်ရော ငါ သတိရလို့ကြည့်လိုက်တော့မရှိတော့ဘူး၊ ငါလည်းအသင်ပျက်မှာစိုးလို့ ဆရာမကို မပြောလိုက်ဘူး၊ အဲ-အခုမုန့်စားလည်းဆင်းရော နင့်ကိုလည်း မတွေ့တာနဲ့ မပြောဖြစ်တော့ဘဲ နိုင်နွယ်တို့တွေ ဝိုင်းရှာကြတော့ ကျော်စွာနိုင်လွယ်အိတ်ထဲက တွေ့တာပဲ"

ကျွန်တော်လည်း ယုယုအောင် ပြောဆုံးတာနဲ့ ကျော်စွာနိုင်ကို ကြည့်လိုက်တော့ ကျော်စွာနိုင်က-

"ငါ မယူဘူး-ဝေယံ၊ မင်းလည်း ငါ့အကြောင်း သိပါတယ်၊ ငါ့လွယ်အိတ်ထဲ ဘယ်လိုရောက်နေလဲ ငါလည်း စဉ်းစားလို့မရဘူး၊ အံ့သြတယ်"

ကျွန်တော်လည်း စဉ်းစားရခက်သွားသည်၊ ထို့ကြောင့်-

"ကဲ-ကဲ-ငါသိပြီးလောလောဆယ် အဖြေရှာမရနိုင်ဘူး၊ ခဏစောင့်၊ ချွန်စက်ကိုတော့ ဆရာမအံဆွဲထဲမှာ ငါသိမ်းထားပေးမယ်၊ ဘယ်သူမှမယူနဲ့"

"ဟာ-လက်ပူးလက်ကြပ်မိနေပြီလေ-ဝေယံရဲ့၊ နင်ကလည်း-သူ့ကို ဆရာမနဲ့ တိုင်လိုက်တော့လေ"

"မဟုတ်သေးဘူးလေယုယုအောင်ရဲ့၊ သူက ဝန်ခံဖို့ လိုသေးတယ်၊ အခု သူက ငြင်းနေတော့ ဒီအဖြစ်အပျက်တို့စော်ထုတ်မှဖြစ်မှာ"

"ဒါဆိုလဲ ငါ့ချွန်စက် ပြန်ပေးလေ"

"အဲဒါက သက်သေခံပစ္စည်းလို့ခေါ်တယ်၊ စိတ်ချပါ၊ ငါ အာမခံတယ်၊ မပျောက်စေရပါဘူး၊ အံဆွဲကိုသော့ခတ်ထားမှာပါ"

"အေး-ပြီးရောနော်-မော်နီတာ ဝေယံ၊ နင့်ကို ယုံလိုက်မယ်"

ကျော်စွာနိုင်ကြီးတတော့ ဘာမှ မပြော၊ မျက်နှာငယ်ဖြင့် ခေါင်းကြီးငိုက်စိုက်ချနေလေသည်၊ ထိုစဉ် မုန့်စားကျောင်းပြန်တက်သဖြင့် ကျောင်းသားများအားလုံးကိုယ့်နေရာကိုယ်ပြန်နေရာယူကြလေသည်၊

ကျွန်တော်လည်း ကြီးကြီးကျယ်ကျယ်သာပြောလိုက်တာ အမှန်တကယ်စဉ်း

www.burmeseclassic.com

စားသတ်လေ၊ နံပါတ်လေးအချိန် သင်္ချာမိုင်း ဆရာတော စာသင်နေသော်လည်း ကျွန်တော့်ခေါင်းထဲမရောက်၊ ဤအမှုကိုသာ စဉ်းစားနေမိသည်၊

ကျော်စွာမိုင်ကြီးက ကျွန်တော်တို့ထက် တစ်နှစ်ကြီးသည်၊ ကျောင်းထား နောက်ကျသဖြင့် ကျွန်တော်တို့ထက် လူကောင်ထွားသည်၊ သောလုံးအကန် ကောင်းသည်၊ ရိုးသားသည်၊ အခုချိန် ထိနာစည်ချက်မရှိ၊ သူမရိုးဟု ကျွန်တော် ထင်သည်၊ ထိုသို့ဆိုလျှင် ယုယုအောင်တာ တိုယ့်ဝစ္စည်းနှင့်ကိုယ် သူများကို ချောက်ချပြီး နာမည်ကြီးချင်တာလား၊ ခြွင်နိုင်ဝေ၊ ရန်ငြိုးကြောင့်လား၊ သူတို့ချင်း ပတ်သက်မှု မရှိသလောက် ရှားသည်၊ ကျွန်တော်က ခေါင်းရှုပ်လာသည်၊ ဤအချိန်မျိုးတွင် ရဲဇော်ကို သတိရမိသည်၊ ရဲဇော်ဆိုလျှင် စဉ်းစားတတ်မည်၊

— ○ —

ရဲဇော်သည် ကျွန်တော့်အတန်းဖော်ဖြစ်ပြီး စုးစမ်းလေ့လာတတ်သော အကျင့်ရှိကာ မှတ်ဉာဏ်ရော ဖြတ်ထိုးဉာဏ်ပါ အလွန်ကောင်းသည့် ကလေးတစ်ယောက်အဖြစ် တစ်တန်းလုံးက အသိအမှတ်ပြုထားရသူဖြစ်သည်၊ ခက်ခဲသောပုစ္ဆာများသည် သူ့အတွက် လွယ်ကူနေတတ်ပြီး အတန်းဖော်များ မသိသောပြင်ပဗဟုသုတများကို သူက အမြဲသိနေသည်ချည်းသာဖြစ်သည်၊ သို့သော် ထူးဆန်းသည်မှာ ကျောင်းစာတွင်မူ အမြဲအောင်မှတ်သာသာရလေ့ရှိသော ကျောင်းသားတစ်ယောက်ဖြစ်သဖြင့် ဆရာမများက အမြဲစာကြိုးစားရန် တိုက်တွန်းနေရသောကလေးတစ်ဦး ဖြစ်နေပြန်သည်၊

ကျွန်တော်သည် ရဲဇော်ကို အခင်ဆုံးဖြစ်သည်၊ သူငယ်တန်း စတက်ကတည်းက ဘေးချင်းကပ်ထိုင်ခဲ့ရာ ယခုခြောက်တန်းရောက်သည့်တိုင် (၉) နှစ်လုံးလုံး ပေါင်းသင်းလာခဲ့သဖြင့် တစ်ယောက်အကြောင်း တစ်ယောက်အသိဆုံး တွဲဘက်များဖြစ်နေလေသည်၊ ယခု ရဲဇော်သည် အတန်းထဲတွင် မရှိပေ၊ မုန့်စားဆင်းကတည်းက မတွေ့မိပေ၊ ဘယ်ရောက်နေမှန်းမသိ၊ အရေးအကြောင်းဆိုကာမှ အနားတွင်မရှိသော ရဲဇော်ကို ကျွန်တော် ကျိန်ဆဲမိသည်၊

"ကလင် - ကလင် - ကလင် - ကလင်"

အတန်းချိန်ပြီးသွားလေပြီ၊ နောက်တစ်ချိန်သည် "ဖွံ့ဖြိုးရေး" အချိန်ဖြစ်သည်၊ ဖွံ့ဖြိုးရေးဆိုသည်မှာ ဘာမှန်း ကျွန်တော်တို့မသိကြပေ၊ ကျွန်တော်တို့ သိသည်မှာ ဖွံ့ဖြိုးရေး ဘာသာရပ်သင်သော ဆရာမရှိသဖြင့် ကျွန်တော်တို့ အောက်ဆင်းဆော့ခွင့် ရထားခြင်းပင် ဖြစ်သည်၊ အတန်းပိုင်ဆရာမသည် ကျွန်တော့်ထံ ထိုတာဝန်ကို လွှဲထားသည်မှာ ကြာလေပြီ၊

"တဲ - သူငယ်ချင်း - ဖွံ့ဖြိုးရေးအချိန် ဒီတို့ အောက်ဆင်းကစားကြမယ်၊ အဝေးကြီး မသွားရဘူး၊ ရန်မဖြစ်ရဘူး၊ တခြားအတန်းတွေ စာသင်နေတာ အနှောင့်အယှက်မဖြစ်ရဘူး"

"ဝေး - ဟေး - ဟေး"

ကျောင်းသားများသည် ပျော်ရွှင်စွာ ဆင်းသွားကြသည်၊ ကျွန်တော့်မှာမူ မဆင်းအားပေ၊ အငြင်းပွားဖွယ် ချွန်စက်ပျောက်ဆုံးမှုကို တွေးနေမိပြန်သည်၊ အတန်းထဲရှိ လူကုန်ထွက်သွားမှ ကျွန်တော် တံခါးပိတ်ပြီး ထွက်လာခဲ့လေသည်၊ တွေးရင်းပင် လမ်းလျှောက်လာ ရာ ဘောလုံးကွင်းနား ရောက်ခဲ့လေသည်၊

"ဝေသံ"

"ဟာ - ရဲဇော် - မင်းအတန်းမတက် ဘယ်ရောက်နေတာလား"

"အေး - ဟုတ်တယ်"

"မင်းကွာ - ငဆိုးပဲ၊ ဘာလုပ်နေတာလဲ"

"G ခန်းက ကောင်တွေနဲ့ ဘောလုံး ကန်နေတာ"

"အံမာ - ကြားသားမိုးကြိုး - မင်းက ဘောလုံးကန်တယ်"

ဟုတ်ပါသည်၊ ရဲဇော်သည် အချိန်ရှိလျှင် စာဖတ်ခြင်း၊ တွေးတောခြင်းဖြင့်သာ အချိန်ကုန်စေတတ်ပြီး ကိုယ်လက်လှုပ်ရှားရန် ပျင်းသော ကလေးတစ်ယောက်ဖြစ်ကြောင်း ကျွန်တော်ကောင်းစွာ သိသဖြင့် အံ့ဩသွားခြင်းဖြစ်သည်၊

"ဘာဖြစ်လဲကွာ - ငါလည်း ဘောလုံးကန်ချင် ကန်မှာပေါ့၊ ဒါနဲ့ - မင်းရော တ်နာ မကောင်းပါလား၊ ကြည့်ရတာ - အတန်းထဲမှာ ပြဿနာဖြစ်လာပြီနဲ့တူတယ်"

"အေး - ဟုတ်တယ်ကွ"

"ကေနွ - ပစ္စည်းပျောက်မှုဖြစ်ရမယ်"

"ဟာ - ဟုတ်တယ်ဟေ့ - မင်းဘယ်လိုသိတာလဲ"

ရဲဇော်သည် ကျွန်တော့်ရှေ့တွင် ဇော်ပြခဲ့သလိုပင် ကျွန်တော့်ကိုမြင်ရုံဖြင့်ပင် အမှုကို အတပ်ပြောနိုင်လေသည်၊

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ – ပစ္စည်းက ပြန်တွေ့နေပြီပဲ"

ရဲဖော်သည် ကျွန်တော့်အမေးကို မဖြေ၊ သူ ပြောချင်ရာကို ပြောနေလေသည်။ ဒါသည်ပင် သူ့အကျင့်ဖြစ်သည်။

"ဟား – မှန်လိုက်တာ၊ အတန်းထဲ ရှိတဲ ဘယ်လိုသိတာလဲ"

"တဲ – တဲ – ရဲဖော်လေကွာ၊ ဒီလိုကွ၊ မော်နီတာဖြစ်ပြီး စာတော်တဲ့ မင်းက ချတ်နာမကောင်းဘူးဆိုတော့ ပြဿနာတအတန်းသားတွေရဲ့ပြဿနာပဲပေါ့"

"ဝါ့အိမ်တွင်းပြဿနာရော မဖြစ်နိုင်ဘူးလား"

"နီး – မဖြစ်နိုင်ဘူး – ကိုသိန်းမောင်၊ ခင်ဗျား မနက်တ ကျောင်းလာတော့ အတောင်းချည်းပဲလေ"

ရဲဖော်သည် သူ့ကိုယ်သူ စုံထောက်ကြီး ဦးစံရွှားလို လို ကျွန်တော့်ကို ကိုသိန်းမောင်အဖြစ် သဘောထားကာ ပြောလိုက်လေသည်။

"အင်း – ထားပါတော့၊ ဒါနဲ့ – ပစ္စည်းပျောက်မှန်း ဘယ်လိုသိတာလဲ၊ တခြားပြဿနာရော မဖြစ်နိုင်ဘူးလား"

"အတန်းထဲမှာ ဖြစ်လေ့ရှိတာက ရန်ဖြစ်တာနဲ့ ပစ္စည်းပျောက်တာ အများဆုံးပဲ၊ ရန်ဖြစ်ခဲ့ရင် ဆရာမ သိသွားမယ်၊ မင်းတို့ဖွံ့ဖြိုးရေးအချိန် အောက်ဆင်းခွင့်ပါမစ် ပိတ်သွားမယ်၊ ဆင်းခွင့်ရဦးတော့ မော်နီတာဖြစ်တဲ့ မင်းမျက်လုံးက ရန်ဖြစ်ခဲ့တဲ့ကောင်တွေဆီ ရောက်နေရမယ်၊ ထပ်ဖြစ်မှာစိုးရတာကိုး။ ဒီမနက်အတန်းထဲမှာ ရန်ဖြစ်တယ်လို့ ငါသတင်းမကြားမိဘူး။ ဒီတော့ ပစ္စည်းပျောက်မှုပဲ"

"မင်းဟာနဲ့မင်းတော့ ဟုတ်နေတာပဲ၊ ဒါဖြင့် ပြန်တွေ့တာကျတော့ ..."

"ဟာ – ပြန်မတွေ့ရင် – အခုနေ မင်းတို့အားလုံး လွယ်အိတ်တွေ လှန်လှောစစ်နေရပြီပေါ့ကွ – ဟား – ဟား – ဟား"

"တော်ပါပေတယ် – ရဲဖော်ရာ၊ အေး – ငါလည်း အဲဒီကိစ္စကြောင့် မင်းကိုတွေ့ပြီး မေးချင်နေတာ"

"နေဦး – ဆရာမအံဆွဲထဲ မင်းထည့်ခဲ့တဲ့ ခိုးရာပါပစ္စည်းကို ငါ့ကိုပြပြီးမှ မင်းမေးချင်တာ ငါဖြေနိုင်မယ် – ဟုတ်လား"

"ဟာ – လန့်ထွက်နေတာပဲ၊ ငါ ဆရာမအံဆွဲထဲ ထည့်ခဲ့တာ မင်း ဘယ်လိုသိတာလဲ"

"ခါတိုင်း – မင်းလွယ်အိတ်ထဲမှာပဲ ထားခဲ့နေကျဖြစ်တဲ့ သော့တွဲကြီးက အခု မင်းလက်ထဲကနေ ငါ့ကို ပြောနေတယ်လေကွာ"

"ဟုတ်ပါပြီ – စုံထောက်ကြီး ရဲဖော်ရယ်၊ ကျွန်တော် ဒီအမှုကို စုံထောက်ကြီးကို အပ်ပါတယ်၊ ဟုတ်ပြီလား၊ အခုတော့ သက်သေခံပစ္စည်းလေးကို လိုက်ကြည့်ပေးပါဦးနော်"

"နေဦး – ကိုယ့်လူ၊ ဒါတွေကို ငါသိတာ အချက်နှစ်ချက်က သော့ချက်ပဲ၊ ခင်းကိုစင်လို့ငါပြောပြလိုက်မယ်၊ ဘယ်သူ့မှပြန်မပြောနဲ့"

"အေး – လုပ်စမ်း – ငါလည်း ပညာယူရအောင်"

"တစ်အချက်က မင်းမုန့်စားဆင်းသွားပြီး ယုယုအောင်နဲ့ ကျော်စွာနိုင် ရန်စဖြစ်တဲ့အချိန်အထိ ငါရှိနေခဲ့တယ်ဆိုတာရယ်၊ နှစ်အချက်က အခု မင်း မလာခင်လေးတင်ပဲ အတန်းထဲက ထွန်းထွန်းလင်းတဖြစ်ကြောင်းကုန်စင် ငါ့ကိုပြောပြသွားတယ်ဆိုတာပါပဲ – ဟား – ဟား – ဟား – ဟား"

"ဟာ – ခွေးကောင် – ငါက အကောင်းမှတ်လို့ နားထောင်နေတာ သေပေတော့"

"ဟား – ဟား – ဟား"

ရဲဖော်သည် ရယ်ပြီး ထွက်ပြေးလေသည်။ ကျွန်တော်လည်း နောက်ကလိုက်ခဲ့ရလေသည်။ ရဲဖော်သည် ပန်းခြံထဲ ဝင်ပြေးရာ ခုံတန်းပေါ်တွင် ထိုင်ပြီး စကားပြောနေသော ယုယုအောင်နှင့် ခိုင်နွယ်တို့ကို မြင်သောအခါ ရပ်လိုက်လေသည်။ ကျွန်တော်လည်း သူတို့အနားတို့ တစ်သွားလိုက်သည်။

"ဟဲ့ – ယုယုအောင် – ငါ နင်နဲ့ ကျော်စွာနိုင် အငြင်းပွားနေတာ ကြားလိုက်တယ်၊ ချွန်စက်ပျောက်မှန်းသိတာ ဘယ်အချိန်လဲ"

ရဲဖော်က ယုယုအောင်ကို ပုလိပ်စစ်သလို မေးလေသည်။

"နင်က ဘာလုပ်မလို့လဲ တဲ့"

"အော် – ငါက တရားခံကို ဖော်ထုတ်ပေးမလို့ပါ"

"ဟဲ့ – အရှင်းကြီး – တရားခံက ကျော်စွာနိုင်ပဲ"

ရဲဖော်က သူ့ကိုယ်သူ ရှားလော့ခ်ဟုမ်းအမှတ်ဖြင့် ကောက်ချက်ချလေသည်။

"သာမန်လူတွေ အမြင်မှာတော့ ကျော်စွာနိုင်က တရားခံပေါ့၊ အဲ – ငါ့ရဲ့ စုံထောက်အမြင်နဲ့ ကြည့်ရင်တော့ မဟုတ်ဘူး၊ ကျော်စွာနိုင်က ချောက်ချ ရတာသာဖြစ်ပြီး တရားခံက တတိယလူ ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ယုယုအောင်သည် ကြီးကြီးကျယ်ကျယ်ပြောနေသော ရဲဖော်ကို အမြင်တတ်ဟန်ရှိသော်လည်း သူ့စကားကိုမူ စိတ်ဝင်စားသွားဟန် ရှိလေသည်။

"နင်တလည်း - ကြီးကျယ်လိုက်တာ။ တဲ - ဒါဖြင့် ပြောစမ်းပါဦး၊ တတိယလူတ ဘယ်သူလဲ"

"အဲ - ဒါတတော့ နင်မူးပေါင်းဆောင်ရွက်မှ ငါတပြောလို့ရမှာလေ။ ကဲ - ငါမေးတာတာ အရင်ဖြေပါဦး။ ချွန်စက်ပျောက်မှန်းသိတော့ ဘယ်အချိန်လဲ"

"သုံးအချိန်တစ်ဝက်လောက်မှာ သိတာဟ"

"ဘယ်အချိန်အထိ ရှိနေတာ မှတ်မိလဲ"

"နှစ်အချိန် အပြီးမှာ ငါ ခဲတံချွန်လိုက်သေးတယ်"

"ရပြီ၊ ဒါဆို - နှစ်အချိန် အပြီးနဲ့ သုံးအချိန်တစ်ဝက်ရဲ့ကြားမှာ နင်ဘယ်သွားသေးလဲ"

"အဲ - နင်ပြောမှ သတိရတယ်၊ နှစ်အချိန်အပြီး သုံးအချိန် ပြန်မစခင် ငါတို့အိမ်သာ သွားလိုက်တယ်နော် နိုင်နွယ်"

"အေးဟ - ဟုတ်တယ်"

"အိုကေ - ငါသိပြီ၊ ဒါဆိုကွက်တိပဲ၊ တဲ - အိုင်ပီရေ - ကျုပ်တို့ သက်သေခံပစ္စည်းကို သွားကြည့်ရအောင်ဗျာ၊ သော့ယူပြီး လိုက်ခဲ့ပေတော့"

ရဲဖော်သည် ဒီတစ်ကြိမ်တွင်မူ သူ့ကိုယ်သူ ဆားပုလင်းနှင်းမောင် စတိုင်ဖမ်းကာ ဘောက်ဖက် ဘောက်ဖက်ဖြင့် ထွက်သွားလေရာ ကျွန်တော်၊ ယုယုအောင်နှင့် နိုင်နွယ်တို့လည်း နောက်မှ အမီလိုက်ရပြန်လေသည်။

အတန်းသို့ရောက်သော် အခန်းတံခါးကို သော့ဖွင့်ဝင်ခဲ့ကြပြီး ဆရာမအံဆွဲကို ပြေးဖွင့်ကာ ချွန်စက်ကို ထုတ်ပြီး ရဲဖော်ထံ ပေးလိုက်သည်၊ ရဲဖော်က ချွန်စက်ကို ဇင်တစ်ပြန် ခေါင်းတစ်ပြန် ကြည့်သည်။ ချွန်စက်တစ်ခုလုံးကိုလက်ဖြင့် ပွတ်သက်ကြည့်သည်၊ ပြီးတော့ လက်ညှိုးနှင့် လက်မကို ပြန်ပွတ်ကြည့်သည်၊ မူးချည်ရွာချည် လုပ်ကြည့်သည်။ ခေါင်းတညိတ်ညိတ် လုပ်သည်၊ ထို့နောက် မျက်စိကို ချွန်စက်မှမခွာပဲ -

"ဝေယံရေ"

"အေး - ဘာလဲ"

"ဆရာမကို သတင်းပို့လိုက်တော့ သန်းဦးက ယုယုအောင်ချွန်စက်ကိုခိုးပြီး ကျော်စွာနိုင်ကို ချောက်ချတယ်လို့ -"

"ဟေ"

"ဘာ - ဘယ်လို"

"ဟမ်"

ကျွန်တော်တို့အံ့အားသင့်သွားကြတယ်၊

"မင့်ဟာက သေချာလို့လားကွာ၊ သေချာမှလုပ်နော်"

"တ - သေချာပါတယ်ကွ၊ မြန်မြန်လုပ် - အချိန်မရှိဘူး၊ ဖွံ့ဖြိုးရေးအချိန်ကျန်ခင် အပြီးသတ်ရမယ်"

သန်းဦးဆိုသည်မှာ ကျွန်တော်တို့အတန်းထဲမှ ကျောင်းသားတစ်ဦးဖြစ်ပြီး အဌတန်းလက်ရွေးစင် ဘောလုံးအသင်းတွင် ပါဝင်သူတစ်ယောက် ဖြစ်သည်။

"ဝေယံ - မင်းဆရာမကို သွားခေါ်၊ ငါ သန်းဦးကိုသွားရှာမယ်၊ နိုင်နွယ်က ကျော်စွာနိုင်ကိုသွားရှာ၊ ယုယုအောင်က ဒီမှာစောင့်နေ၊ ချွန်စက်ကို ကြည့်ထား၊ သဲလွန်စတွေ လက်ရာ မပျက်စေနဲ့နော်"

ရဲဖော်သည် တကယ့်လူသတ်မှုကြီးတစ်ခုကိုကိုင်တွယ်နေသည့်သဖွယ် လေးနက်သောအမူအရာဖြင့် ညွှန်ကြားသွားလေသည်၊ ကျွန်တော်လည်း ဆရာမ၏ စားပွဲပေါ်ရှိ ကိုယ်ပိုင်အချိန်ဇယားကိုကြည့်ပြီး ဆရာမရှိနေသောအခန်းကိုမှတ်သားကာသွားရောက်ပြီး အကျိုးအကြောင်းပြော ခေါ်ဆောင်လာခဲ့ရလေသည်၊

— ○ —

ကျွန်တော်တို့ငါးယောက်သည် အတန်းပိုင်ဆရာမရှေ့တွင် မတ်တတ်ရပ်နေကြလေသည်၊ သန်းဦး၏မျက်နှာမှာ သိသိသာသာကြီးကို ပျက်နေလေသည်။ ကျော်စွာနိုင်မှာကား တစ်စုံတစ်ရာ အားကိုးတွေ့ရှိသည့်နှယ် အားတက်သရောမျက်နှာဖြင့် ဝေယံမှာမူ ယခုဝင်ခဲ့သောအမှုကြီးကိုဖြေရှင်းနိုင်လိုက်သူ စုံထောက်ကြီးသဖွယ် မော်ကြွားကြွားဖြင့်၊ မိန်းကလေးနှစ်ယောက်မှာမူဘာတို့မှ နားမလည်တော့သလိုဖြင့် -

ဆရာမက -

"မောင်သန်းဦး - မင်း ယုယုအောင်ချွန်စက်ကိုယူပြီး ကျော်စွာနိုင် လွယ်အိတ်ထဲ ထည့်တယ်ဆို"

"ဟုတ် - ဟုတ်ပါတယ် - ဆရာမ"

"ဟယ်"

"ဟာ"

ရဲဖော်ပြောတာ ဟုတ်နေသဖြင့် အံ့သြကြရပြန်သည်၊

"ဘာလို့လုပ်တာလဲကွယ်"

"သား စတာပါ - ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com

"အာ - ဆရာမ - စတာ မဖြစ်နိုင်ဘူး၊ ဒါ - တပင်"

"မောင်ရဲဇော် - ဆရာမမေးမှ ဖြေရမယ်လေ"

ရဲဇော် ဝင်ပြောသည်ကို ဆရာမက ဟန့်လိုက်သည်။

"တဲ - နောက်ဆို မစရဘူးနော်၊ အခု မင်းစလိုက်လို့ သူငယ်ချင်းတွေ အချင်းချင်း ရန်ဖြစ်ရပြီ၊ ဒါကောင်းလား"

"မကောင်းပါဘူး - ဆရာမ၊ သား နောက်မလုပ်တော့ပါဘူး"

"အေး - အေး - နောက်မလုပ်တော့ဘူးဆိုတာ ခံဝန်ကတိထိုးရမယ်နော်၊ တဲ - ဒီမှာ နောက်မလုပ်ဘူးဆိုတဲ့ အကြောင်း လက်မှတ်ထိုး"

သန်းဦးသည် ခံဝန်ကတိစာအုပ်တွင် လက်မှတ်ထိုးရန် တွန့်ဆုတ်နေသည်။

"ဆရာမ - သားမလုပ်တော့ပါဘူး၊ ကတိပေးပါတယ်၊ တကယ်ပါ၊ ဒီစာအုပ်ထဲမှာတော့ လက်မှတ်မထိုးပါရစေနဲ့"

"မောင်သန်းဦး - ဆရာမ ပြောပြမယ်၊ ဆရာမတို့က ကျောင်းသားတွေကို ကျောင်းစာပဲ သင်ပေးရတာ မဟုတ်ဘူး၊ တာဝန်ယူတတ်အောင်၊ ကတိတည်အောင်ပါ သင်ပေးရတာ၊ ကတိဆိုတာ နှုတ်နဲ့ လွယ်လွယ်ပေးရင် လွယ်လွယ် ဖျက်တတ်တယ်၊ နှုတ်တစ်ရာ၊ စာတစ်လုံးတဲ့၊ ကဲကဲ - ထိုးလိုက်ပါ"

"အီး - ဟီး - ဟီး - မထိုးပါရစေနဲ့ - ဆရာမရယ်၊ သားကို ရိုက်ပါနော် - သား အရိုက်ခံပါ့မယ်၊ လက်မှတ်တော့ မထိုးပါရစေနဲ့"

သန်းဦးသည် ထူးဆန်းစွာ ငိုလေသည်၊ အဘယ်ကြောင့်နည်း၊ ကျွန်တော် နားမလည်ပေ၊ လက်မှတ်ထိုးလိုက်တာ ဘာဖြစ်မှာမို့လဲဟု ကျွန်တော် တွေးမိသည်၊ ရဲဇော်ကို တစ်ချက်လှမ်းကြည့်လိုက်ရာ ရဲဇော်က သူထင်သားပဲဆိုသော မျက်နှာပေးဖြင့် ပြုံးစိစိ လုပ်နေလေသည်၊ ထိုစဉ် ဆရာမက -

"ကဲ - ကဲ - မောင်သန်းဦး - မင်း ခံဝန်ကတိ မထိုးချင်ရင်တော့ ကျောင်းအုပ်ကြီးရုံးခန်းကို ပို့ရလိမ့်မယ်"

ထိုသို့ပြောခါမှ တရှုပ်ရှုပ်ဖြင့် လက်မှတ်ထိုးလေတော့သည်၊ ဆရာမက -

"ဒီလိုမှပေါ့၊ သမီးယုယုအောင်ရော ပစ္စည်းပြန်ရတော့ ကျေနပ်တော့နော်"

"ဟုတ် - ဟုတ်"

"မောင်သန်းဦးက သူငယ်ချင်းတွေကို တောင်းပန်လိုက်"

"ဟုတ်ကဲ့ - ဆရာမ၊ သူငယ်ချင်းတို့ - ငါ့ကြောင့် ရန်ဖြစ်ရတာ တောင်းပန်ပါတယ်"

"ရပါတယ်ဟာ"

"ရပါတယ်ကွာ"

"တဲ - ဒါဖြင့် - ကိုယ့်နေရာကိုယ်ပြန်ကြတော့၊ ဆရာမ အတန်းဝင်ရဦးမယ်၊ မင်းတို့ နောက်တစ်ချိန် ဘာအချိန်လဲ"

"ပထဝီပါ - ဆရာမ"

"အေး - စာကောင်းကောင်း လုပ်ကြ"

"ဟုတ်ကဲ့ပါ - ဆရာမ"

ဆရာမသည် အားလုံးမှာကြားပြီး ထွက်သွားလေသည်၊ သန်းဦးသည် ရဲဇော်ကို မကျေနပ်သည့်အကြည့်ဖြင့် တစ်ချက်ကြည့်ကာ ထွက်သွားသည်၊ ရဲဇော်က ဂရုစိုက်ဟန် မပြပေ။

"ကျော်စွာနိုင် - နင့်ကို ငါ အားနာလိုက်တာ၊ ဘာပြောရမှန်းတောင် မသိဘူး"

"ရပါတယ်ဟာ - ဖြစ်တတ်ပါတယ်၊ ရဲဇော် - မင်းကို ငါ ကျေးဇူးတင်တယ်ကွာ"

"အေး - ရဲဇော် - ငါလဲ နင့်ကို ကျေးဇူးတင်တယ်"

"ရပါတယ်ဟာ - နင်တို့ကလဲ၊ ငါက ဝါသနာအရ လုပ်တာပါ"

ထိုစဉ် နိုင်နွယ်က ဝင်မေးသည်။

"ဟဲ့ - ရဲဇော် - ငါတော့ အံ့ဩမဆုံးဘူး၊ နင် ဘယ်လိုများ သိတာလဲဟယ်"

"အေး - ပြောပြပါကွာ၊ ငါတို့ ဗဟုသုတရတာပေါ့"

အားလုံးက ဝိုင်းမေးကြသောအခါ ရဲဇော်က ပြောပြလေတော့သည်။

"ငါ - သန်းဦးကို မနက်ကတည်းက မသင်္ကာတာ သူ့မျက်လုံးကိုကြည့်ရတာ တစ်ခုခုမဟုတ်တာလုပ်ဖို့ အဆင်သင့်ဖြစ်နေတဲ့ပုံပဲ၊ ကြည့်နေရင်းက ယုယုအောင်နား ရစ်သီရစ်သီ လုပ်တဲ့ အထိ ငါသတိထားမိတယ်၊ ယူလိုက်တာတော့ ငါ မသိလိုက်ဘူး၊ သိလိုက်ရင်တော့ကွာ - အခုလို မဖြစ်ဘူး"

"ဒါပေမဲ့ - သူယူလိုက်တာ နင်ဘယ်လို ဘာကြောင့် တပ်အပ်ပြောနိုင်တာလဲ"

"ဒါက ဒီလိုရှိတယ်၊ စုံထောက်ပညာမှာ သံကွင်းဆက် လေ့လာနည်းဆိုတာ ရှိတယ်၊ ငါက သူ့ကို မသင်္ကာရုံ မသင်္ကာတာ၊ သက်သေမရှိဘူးလေ၊ ဒီတော့ - နင်တို့နှစ်ယောက် ရန်စဖြစ်ကတည်းနဲ့ ငါက သေချာပေါက်လိုက်ပြီ၊ သူ့လက်ချောင်းဆိုတာ၊ သူ့ကို လှမ်းကြည့်လိုက်တော့ အခု

www.burmeseclassic.com

အရော ပျောက်နေတယ်၊ ဒါ–နင်တို့ သာမန် ရှာတ်စိန့်တော့ မမြင်ဘူးပေါ့၊ ငါကတော့ သိတယ်၊ ဒါပေမဲ့–ဘာဖြစ်လဲ၊ သက်သေ တခုရှိဘူးလေ၊ ဒီတော့–ဒီကွင်းဆက်ကို ဆက်ဖို့တစ်တွင်းလိုနေတာပေါ့၊ သန်းဦး အစကျော်စွာနိုင်ကို ချောတ်ချတယ်ထား၊ ဘာကြောင့်လဲ၊ ဒီကွင်းဆက်ကို ငါဖော် နိုင်ဖို့လိုတယ်၊ ဒီတော့သူတို့နှစ်ယောက် ရဲ့တူညီတဲ့အချက်ဆက်နွယ်မှု ရှိနိုင်တဲ့ အရာကို ငါစဉ်းစားတယ်၊ အဲဒါကတော့ ဘောလုံးပဲ၊ ဒီတော့–ဒီအဖြေဟာ ကျောင်းခန်းထဲမှာ မရှိဘူး၊ ဘောလုံး ကွင်းထဲမှာ ရှိရမယ်၊ ဒါကြောင့် ငါ ဘော လုံးသွားကန်တယ်"

"အော–ဒါကြောင့်–မင်းက တစ်ခါ မှ မကန်တဲ့ဘောလုံးကို သွားကန်တာ ကိုး၊ ဒါကြောင့် ထူးဆန်းတယ်လို့ ငါထင် နေတာ"

"အေး–ဟုတ်တယ်၊ ဖြစ်ချင်တော့ နံပါတ်လေးအချိန်က G ကခန်းက PT ချိန်ကွ၊ ဒါကြောင့်–ငါမုန့်စားပြန်မတယ် ဘဲ G ခန်းက (၆)တန်းလက်ရွေးစင်မှာ ကျော်စွာနိုင်နဲ့တွဲကစားတဲ့အောင်မျိုး ငါစောင့်ပြီးမေးတယ်၊ ကျော်စွာနိုင်

ဒါတော့ နည်းနည်းရယ်ရတယ်။ ဒီကောင် သန်းဦးက ကောက်ညှင်းပေါင်း သိပ်ကြိုက်တဲ့ကောင်။ အဲ–သူ့အကျင့် ကောက်ညှင်းပေါင်းစားပြီး ဘယ်တော့ လက်မဆေးဘူး။ ငါ ကြည့်ကြည့်နေတာ ကြာပြီ။ ဒီနေ့မနက်လည်း ကျောင်းကို အလာ လမ်းမှာ ဒီကောင် ကောက်ညှင်း ပေါင်းဝယ်တာ ငါ တွေ့တယ်။



ကစားတာ ဘယ်လိုနေလဲ ဘာညာပေါ့၊ အဲဒီမှာ ငါသိချင်တဲ့ကွင်းဆက်ကို သိ လိုက်ရတယ်"

"ဘာတဲ့လဲ"

"ရှေ့တစ်ပတ်မှာ မြို့နယ်ဘောလုံး အဖွဲ့ချုပ်က လူရွေးပွဲရှိတယ်တဲ့၊ အလယ် တန်းလက်ရွေးစင်အသင်းအတွက် လူ ရွေးတော့မှာတဲ့၊ ကစားတာ ကောင်းရ မှာဖြစ်သလို၊ စာရိတ္တကောင်းမှ ရမယ် တဲ့၊ အခု–ငါတို့ကျောင်းက (၈)တန်း လက်ရွေးစင်တိုက်စစ်မှူးနေရာကို ကျော်စွာနိုင်နဲ့ သန်းဦးက တစ်ပြေးနေ တယ်တဲ့၊ ဘယ်သူရမလဲ မသိဘူးတဲ့"

"အော် – သဘောပေါက်ပြီ၊ ဒါကြောင့် ငါ့ကို စာရိတ္တမကောင်းသူဖြစ် အောင် ချောက်ချတာပေါ့"

"အမှန်ပဲ–ကျော်စွာနိုင်"

"ဒါနဲ့နေပါဦး–ရဲဖော်ရေ၊ မင်းက ငါနဲ့ တွေ့တဲ့အချိန်မှာ အဲဒါတွေကို သိပြီး နေပြီနော်"

"အေးလေ–ဝေယံရ"

"ငါနဲ့တွေ့ပြီး မင်း ယုယုအောင်တို့ ဘယ်အချိန် အပြင်သွားတာလဲ၊ ဘာလဲ ...တာက ..."

"ဒါကမေးရမယ်လေ၊ ယူလိုက်တာ ...မမြင်တဲ့အတွက်ယူတဲ့အချိန်ကိုအတိ ...ကျ သိရအောင် မေးတာပဲ"

"အော် – ပြီးတော့ နင် ငါ့ချွန်စက်တို ဖင်တစ်ပြန် ခေါင်းတစ်ပြန် ကြည့်တော့ ဘာတွေ့လဲ"

"ဒါက နောက်ဆုံးအဆင့်ပဲ၊ ဘယ် သူယူသလဲ၊ ဘာကိုယူသလဲ၊ ဘယ်နေ ရာ၊ ဘယ်အချိန်မှာ ဘယ်လိုယူသလဲ ဘာကြောင့်ယူသလဲဆိုတဲ့ အခြေခံ "ဘ (၆)လုံး"ကို ငါသိနေပြီ၊ ဒါပေမဲ့–သက် သေပြဖို့ သဲလွန်စ ရှာရတယ်လေ"

"နင်–ဘာသဲလွန်စတွေလဲ"

"ဒါတော့ နည်းနည်းရယ်ရတယ်၊ ဒီကောင်သန်းဦးက ကောက်ညှင်းပေါင်း သိပ်ကြိုက်တဲ့ကောင်၊ အဲ–သူ့အကျင့် ကောက်ညှင်းပေါင်းစားပြီး ဘယ်တော့မှ လက်မဆေးဘူး၊ ငါ ကြည့်ကြည့်နေတာ ကြာပြီ၊ ဒီနေ့မနက်လည်း ကျောင်းကို အလာ လမ်းမှာ ဒီကောင် ကောက်ညှင်း ပေါင်းဝယ်တာ ငါတွေ့တယ်"

"အဲတာ–ဘာဆိုင်လို့လဲ"

"ဒီမှာ ကြည့်ကြ၊ ချွန်စက်မှာ–ဒီနေ ကိုကြည့်ကြစမ်း၊ ဘယ်လိုနေလဲ"

"အော်–အေး–ကပ်စေးတပ်နေ"

"အေး–အဲ့တာ သဲလွန်စပဲ၊ ဒီမြင်း ရင် ဒါက သက်သေပဲလေ"

"အေးဟယ်–နင်က သိပ်တော် တာပဲ"

www.burmeseclassic.com

"အာ - ဒါက လွယ်သေးတယ်၊ တရားခံက မပြေးဘူးလေ၊ ဒါကြောင့် (၂)နာရီအတွင်း ဖော်ထုတ်နိုင်တာပေါ့"

"အခုတော့ - ငါ့ကို ရှောက်ချချင်တဲ့ ထောင်ခံဝန်တာတိန့်ညားသွားပြီ"

"နေအးလေ - ငါတို့ မြန်မာဇာတ်စာ ထဲကထောင်ကြဲသေးအကြံထိ ဆိုတာ သူ့ကိုပြောတာနေမှာ"

"တုတ်ဝ၊ အခုတော့ ကျော်စွာနိုင်နင်တိုက်စစ်မှူး လွတ်လွတ်ကျွတ်ကျွတ်ဖြစ်ပြီပေါ့"

"အို - အဲ့လိုမဟုတ်လဲ ငါ သူ့ကို ကောင်းကောင်းယုံနိုင်ပါတယ်"

"အခုတော့ယုံစရာမလိုတော့ဘူးလေကွာ"

"ဟား - ဟား - ဟား"

ထိုစဉ်အချိန်ပြောင်းခေါင်းလောင်းသံကိုကြားလိုက်ရလေတော့သည်။

"ကလင် - ကလင် - ကလင် - ကလင်"

○→ **မောင်ဝင်းထိန် (အင်းစိန်)**

**ဆေးမြီးတိုများ**

**ရင်ဘတ်နာ**

(၁) သခေါ်ဘိုပွင့်ကို လက်သုပ်လုပ်ပြီး သံပုရာရည်ဆမ်းစားပါ။

(၂) မိုးမျှော်ငရုတ်နှင့် ထန်းလျက် အမှုန့်ကြိတ်စား။

**လေငန်း(ရွဲစောင်း)**

ခွေးလေးယားအစေ့ကို အခွံချွတ်၊ နွားနို့နှင့် ကျိုချက်သောက်၊ ပျောက်၏။

# ထောင်မှူးကြီးသိန်းဝင်း

ကျွန်တော်နှင့်ဆုံတွေ့ခဲ့ရသည့်



www.burmeseclassic.com

**"အပြင်လောကတွင် နာမည်ကြီးခဲ့သည့် ပုဂ္ဂိုလ်များ ထောင်ကျအဖြစ် ရောက်လာပေရာ ထောင်ဝန်ထမ်းနှင့် တွေ့ဆုံခဲ့ရပုံကို ဖတ်ရှုရမည့် ..."**

## ကျွန်တော်တို့

ထောင်မှူးဘဝ ၁၉၇၆၊ ၁၉၇၇ - ခုနှစ်ခန့်တာအင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း၌ကြုံဆုံခဲ့ရသော နာမည်ကြီးပုဂ္ဂိုလ်များအကြောင်းကိုစာရေးရန်ကြံရွယ်မိသည်။ ကျွန်တော်နှင့် ကိုယ်တိုင်ကြုံဆုံခဲ့ရသူများအကြောင်းဖြစ်သည်။ ဘိန်းဖြူမှုဖြင့်ထောင်ထဲသို့ရောက်ရှိလာကြသော ရုပ်ရှင်မင်းသား ဇော်ဝမ်းနှင့် အဆိုတော် စိုင်းထီးဆိုင်၊ လေယာဉ်ပိုင်းလော့ကိုဇွေစိုးတို့အကြောင်းနှင့် ဘိုးတော်စစ်ဆင်ရေးနှင့် ဖမ်းဆီးခံရသည့် ဘိုးတော်တင်ဦး၊ ဘိုးတော်ကင်းတို့အကြောင်းကိုတော့ ရေးသားပြီးဖြစ်သည်။

ယခုဖော်ပြမည်က ဘိုးတော်များထက်နာမည်ကြီးသောလူသားစားဘုန်းကြီးဦးလာဘအကြောင်းဖြစ်သည်။ ဘုန်းကြီးဦးလာဘမှာ ဇလကောင်းကောင်းတုပ်တုပ်ခိုင်ခိုင်၊ အရပ်က (၆)ပေနီးနီးသွားကြီးများက ကျွန်တော်တို့ လာတ်သည်းခွံခန့်ကြီးမားသည်။ အပြောအဆိုအသံသြဇာကောင်းပြီးကြမ်းတမ်းသောအမူအရာ ရှိသည်။

ထိုအချိန်က ကျွန်တော် အမှတ်(၅)အိပ်ဆောင်မှူး၊ ကျွန်တော့်အထက်တွင်ထောင်မှူးကြီး ဦးစံသိန်း ရှိသည်။ မျက်နှာရှည်ရှည် အသားညိုညို၊ ပိန်ပိန်ပါးပါးဖြစ်၍ ကျွန်တော်တို့က သူ့နောက်ကွယ်တွင်ရသေ့ကြီးဦးစံသိန်းဟုနာမည်ပြောင်ပေးထားကြသည်။ ထိုအချိန်က ထောင်ပိုင်ကြီးက အင်္ဂလိုအင်ဒီးယန်းကပြားထောင်ပိုင်ကြီး ဘီမဝ္ဂနန်းဖြစ်သည်။ သူတာဂျပန်ခေတ်တွင်ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့်တာမွေစာတိုက်တွင်စာတိုက်စာရေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး အင်္ဂလိပ်ပြန်ဝင်လာသောနောင်းခေတ်တွင်အကျဉ်းဌာနသို့ရောက်ရှိ၍ထောင်မှူးဖြစ်လာသူ ဖြစ်သည်။ ဦးနု အစိုးရခေတ်ကိုလည်းမီသည်၊ အိမ်စောင့်အစိုးရ၊ တော်လှန်ရေးအစိုးရ၊ မဆလအစိုးရ၊ ခေတ်ပေါင်းစုံကို မီပြီး သဘာရင့်သောထောင်ဆရာကြီးဖြစ်သည်။

ကျွန်တော်တို့ တာဝန်ထမ်းဆောင်သည့်ကာလကမဆလခေတ်ဘိုးတော်စစ်ဆင်ရေးကျောင်းသားများအရေးအခင်း၊ ဦးသန့်စီးပွားရေးသမားကြီးများကိုလည်းဖမ်းဆီးထားသည့်အပြင် ၁၉၇၅ - ခုနှစ်အရေးပေါ်ပြဌာန်းခဲ့သော နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများအားဖမ်းဆီးထိန်းသိမ်းသည့် ဥပဒေပုဒ်မ ၁၀ (က)တလည်း လွှမ်းစွာ ခေတ်စားနေပြီး ထောင်တွင်း၌ လူတန်းစားပေါင်းစုံ ရှိသည်။ အင်္ဂလိပ်ခေတ်က အရှေ့တောင်အာရှတွင် အကြီးမားဆုံး အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး မှာ အကျဉ်းသား၊ အချုပ်သား (၅၀၀၀)ယောက်ခန့်သာဆံ့သော်လည်းယခုတော့အကျဉ်းသား၊ အချုပ်သားဦးရေ (၁၀၀၀၀)ခန့် ဖြစ်နေချေပြီ။

ကျွန်တော်တို့အဆောင်တွင် ဆိုကုန်သည် ဦးတင်အေး၊ ဦးနေလ၊ ဦးပါ၊ ဦးကျော်ဝင်း စသဖြင့် ရှိနေရာတွင် ဦးလာဘ ထပ်မံရောက်ရှိလာခြင်းဖြစ်သည်။ ကျွန်နာမည်ကြီးဘုန်းကြီးများကိုတော့ တိုက်ထဲတွင် ခွဲထားပါသည်။ တိုက်ထဲ၌ စာရေးဆရာ မင်းသိမ်နှင့် နာမည်ကြီး စာရေးဆရာများလည်း ရှိသေးသည်။

ဦးလာဘကတော့ လူသတ်မှုဖြင့်ရောက်လာခြင်းဖြစ်သည်။ ဓေါ်ရိုသာအမော်အောင်ရန်အတွက် လူ(၃)ယောက်၏အသား စားရမည်ဟုလည်း အလွန်နာမည်ကြီးပြီးကြောက်ရွံ့ကြသည်။ သူ့ကျောင်းက တောင်ဥက္ကလာပ၊ ဓမ္မိုးဆိပ်ချောင်းအနီးတွင် ရှိသည်။ ကျောင်းဝင်းကြီးက အလွန်ကျယ်ပြီး သရက်ပင်ကြီးများ အုံ့ဆိုင်းနေသည်။ ထိုကျောင်းဝင်းအတွင်းသို့ နွား၊ ဆိတ်၊ ခွေး၊ လူဝင်လျှင်လည်း ပျောက်သွားတတ်ကြောင်း နာမည်အလွန်ကြီးသည်။

ကျွန်တော်တို့အဆောင်သို့ သူရောက်တော့ အောက်(၁)ခန်း ဘုရားကျောင်းဆောင်နားတွင် ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးသင်္ကန်းကို ချွတ်၍ လူဝတ်လဲလိုက်ရသော်လည်း သူကထောင်မှထုတ်ပေးသောအကျီကို မဝတ်ပါ။ ပုဆိုးကိုသင်းပိုင်လိုဝတ်ပြီးအပေါ်ကလည်းပုဆိုးတွင်းကိုခြုံ၍သင်္ကန်းလိုရုံသည်။ သင်္ကန်းပတ်ခွေ့်တုန်းကလိုပင် အလေ့အကျင့်ရနေ၍လားမသိ၊ နေ့တတ်စာနှင့် နေ့လယ်စာသာ စားသည်။ ညနေစာ မစားပါ။ ကျွန်တော်တို့ အဆောင်က စီးပွားရေးသမားကြီးများ ထောင်ကျနေကြသောကြောင့်သူတို့မုန့်ပဲသရေစာမျိုးစုံလှူဒါန်းထားသည်။

နေ့တတ်ပိုင်းနှင့် ညပိုင်း ထောင်ဖွင့်၊ ထောင်ပိတ်ချိန် ဘုရားဝတ်ပြုစဉ်၌ သူပါရော၍ ဘုရားရှိခိုးသော်လည်း နေ့ခင်း၊ နေ့လယ်၌တရားထိုင်ခြင်းလည်းမရှိပါ။ အခြားလူများနှင့် အာပေါင်အာရင်းသန်သန် စကားပြောနေတတ်သည်။ သူထတ်တျွမ်းသော ကြိုးပုတီးထိုးနည်းကလွန်စွာ သေသပ်ပြီး လက်ရာမြောက်သည်။ ထို့ကြောင့် ထောင်ကျစီးပွားရေးသမားကြီးများနှင့် ဝန်ထမ်းများက ဆေးလိပ်၊ စီးကရက်၊ မုန့်ပဲသရေစာများအားလတ်ခအဖြစ်ပေးပြီး ပုတီးထိုးခိုင်းရာ ဦးလာဘပုတီးမှာ နာမည်အလွန်ကြီးသည်။ ကုန်ကြမ်းကကျွန်းသားအစာလုံးကို ထောင်တွင်းရက်ကန်းဌာနမှ ရရှိသော ချည်မျှင်အတိုအစများအား ကြိုးကျစ်၍အပ်ကလေးတစ်ချောင်းဖြင့် စိတ်ရှည်လက်ရှည်ထိုးရသည်။ ကြိုးပုတီးလုံးကလေးများအား ထောင်တွင်းလက်သမားဌာနက အကြံအဖန်လုပ်၍ ထုတ်လာသော မြောင်းပါသည့် သစ်သားပြားပေါ်တွင်ပေါ်လစ်ရည်စိမ့်၍လိမ့်ရသည်။ ပြီးနောက် နေလှန်းပြီး အခြောက်ခံ၊ ခြောက်လျှင် ကြိုးဖြင့် သီကုံး၍ အရောင်တင်လိမ့်ရပြန်သည်၊ ဒုတိယအကြိမ် နေလှန်းပြီးလျှင် ရောင်းတမ်းဝင်ပစ္စည်းဖြစ်ပေပြီ။ ထိုစဉ်အခါက ထောင်တွင်း၌ ကျွန်းသားအလွန်ပေါသည်။ စွန့်ပစ်သစ်စကလေးများအားဆူး(၃)ရပါသောလတ်ပွတ်ခုံကလေးအား "လေး"ပုံစံကြိုးတပ်ကိရိယာကလေးဖြင့်သစ်ပြား၏ဟိုဘက်ခြမ်း၊ သည့်ဘက်ခြမ်း ထိုးလိုက်လျှင် အစာလုံးကလေးအလယ်၌ အပေါက်ကလေးဖြင့် ထွက်ကျလာသည်။ လက်သမားဌာနက အကြံအဖန်သမားများက အစာလုံးလုပ်ပြီး ရက်ကန်းဌာနက လူများက အလေအလွင့် ချည်စများကို စုပေါင်းကြိုးကျစ်၍အကြံအဖန် အရောင်းအဝယ် လုပ်ကြသည်။ အားလပ်ချိန်များနေသော အကျဉ်းသားများအတွက်



အကြံအဖန်လုပ်၍ဝင်ငွေရှာကြခြင်းဖြစ်သည်။ ထောင်တွင်းပုဒ်မ(၃၇၇)အရ ငွေကြေးမသုံးစွဲရသောကြောင့် ပစ္စည်းချင်းဖလှယ်၍အရောင်းအဝယ်လုပ်ကြသည်။ ဦးလာဘကတော့ ပုတီးကိုနာမည်ကြီးသောကြောင့် (၅)သုံးလုံးတစ်ရက်ကို လက်ကားက ချသည်မရှိ၊ မုန့်ပဲသရေစာနှင့်အကြော်အလှော်ဟင်းတလည်း ပြတ်သည်မရှိပါ။ နောက်ပိုင်းသည့်မွေး၍ ပုတီးဘုတ်ကိုင်ဖြစ်သွားသည်။ ဦးလာဘက ထောင်မကျသေး၊ ဖြစ်မှုပုဒ်မ အမျိုးမျိုးဖြင့် တစ်ပတ်တစ်ကြိမ် ရုံးထွက်နေရသည်။

သူ့အမှုတွဲများက ကျောင်းတွင်းအခင်းချက် ဒေါ်တင်လှ၊ သားဖြစ်သူဦးလာဘ၏ တပည့်ရင်း ကုလားတို့ ဖြစ်ကြသည်။ ကုလားက ဘုန်းကြီးလှူယုံ၊ သေဆို သေ၊ ရှင်ဆို ရှင်၊ ဘုန်းကြီးခိုင်းသမျှအသက်စွန့်၍လုပ်ပေးသူဖြစ်သည်။ အမှုတွင် ညီမတစ်ဦးလည်း ရှိသေးသည်။ မမြမြ တဲ့၊ လွန်စွာချောမောပြေပြစ်သောမိန်းကလေးဖြစ်သည်။ဦးလာဘနှင့်အမှုဖြစ်စဉ်ကမမြကစသည်ဆိုလျှင် မှားပါ။

တစ်နေ့ ကျွန်တော် ဦးလာဘနှင့် တွေ့ဆုံပြီး စကားပြောဖြစ်သည်။

"ဘုန်းကြီးအမှုတွေကအမှန်ပဲလား"

"မှန်ချင်လည်း မှန်မယ်။ မှားချင်လည်း မှားမယ်။ ဒကာထောင်မှုးက ဘယ်လိုထင်သလဲ"

"ကျွန်တော်ကတော့ သတင်းစာမှာပါတာနဲ့ လူပြောသူပြောကြားတာပဲသိပါတယ်၊ ဒါကြောင့်ဘုန်းကြီးကိုကိုယ်တိုင်ကိုယ်ကျ မေးရတာပါ"

"အင်း–ဒီကိစ္စတွေက ပြောရမှာစောပါသေးတယ်၊ သက်သေနိုင်လုံရင်တော့ မှန်တယ်၊ မနိုင်လုံရင်တော့ မှားတယ်ဆိုရမှာပေ့ါ၊ ဘုန်းကြီးရဲ့ လျှို့ဝှက်ကိစ္စလေးတွေတရှိသေးတော့ဘုန်းကြီးမပြောချင်သေးဘူး"

"ကျွန်တော်ကရှေ့နေလည်းမဟုတ်၊ တရားသူကြီးလည်း မဟုတ်၊ ရဲလည်းမဟုတ်၊ သိချင်ရုံသက်သက်ပါပဲ၊ ကျွန်တော့်ကို ဖွင့်ပြောလို့ ဘုန်းကြီးအမှုကို မထိခိုက်နိုင်ပါဘူး"

"အေးကွ–ရဲတွေကိုတော့ငါအရှုံးဆုံးပဲ၊ သတ္တိရှိရင် ငါ့ကျောင်းဝင်းထဲကို တစ်ယောက်တည်း ဝင်လာခဲ့၊ ငါက ဆီပုလင်းခါးကြားထိုးထားမယ်လို့ကြောင်းကြေညာထားတာ၊ အလကားရဲတွေ၊ လက်နက်နဲ့ အုပ်စုဖွဲ့ပြီးမှသာ ကျောင်းဝင်းထဲ ဝင်ရဲတာပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ - ဘုန်းကြီးကျောင်းသားဆရာ့ဆောင်ရှိအတွက် လူ(၉)ဦးရဲ့အသားကို စားရမယ်ဆိုတာက တကယ်မှန်ပါ သလား"

"ထောင်မှူး ယုံသလား၊ ကျုပ် ကျောင်းမှာ စာသင်သံဃာတော်အပါး (၂၀)လောက်ရှိတယ်၊ ကျုပ်က လူ့ရှက် လုပ်လို့ရပါ့မလား။ အခုလည်း ကာလ သားခေါင်း အရက်သမားက မတင်လှ သမီးကို လာပိုးရင်း အနိုင်ကျင့်လို့ သူ့ သားတုလားတဆုံးတောလက်လွန်သွား လို့ အမှုဖြစ်လာတာ ကျုပ်နဲ့ ဘာဆိုင်လို့ လဲ။ အလကား တောင်ပြောမြောက်ပြော ပြောနေကြတာ၊ ဒကာထောင်မှူး ယုံ မနေနဲ့၊ ကျုပ်ကတော့ ဝဋ်ရှိလို့ ခံရတယ် ပဲ မှတ်ပါတယ်၊ အချိန်တန်တော့ လွတ် မှာပေါ့"

"အမြန်ဆုံး လွတ်မြောက်ဖို့ ဆုတောင်းပေးပါတယ်"

သူ့ အရက်မူးလာပြီး ကျွန်တော်တို့ နေတဲ့ ထမင်းချက်ရုံမှာ ထမင်းလာ တောင်းစားတယ်။ ကျွန်တော်တို့က သူ့ကို ကျွေးနေကျပါ။ ဒီတစ်ခါတော့ ထမင်းဘူးခပ်ကျွေးတဲ့ ညီမ မဖြူကို ဆွဲလားရမ်းလားလုပ်ပြီး စော်ကားတာနဲ့ ကျွန်တော်လည်း ထမင်းချက်ရုံထဲက နှစ်တောင်လောက်ရှိတဲ့ ပိတောက်သားနဲ့ သူ့ခေါင်းကို ရိုက်ပစ်လိုက်တာ၊ နှစ်ချက် သုံးချက်ကမယ်တောင် မထင်ဘူး။ အော် တောင်မအော်နိုင်ဘဲ ပွဲချင်းပြီးသေတာ။



"အေးအေး - ဒကာ - ကျေးဇူးပဲ၊ တော့ဒီမှာ ကျုပ်ကိုယ်တိုင်ထိုးထားတဲ့ ကြိုးပုတီး၊ ပုတီးစိပ်ရင်း ဆုတောင်းပေး ပါ"

ဦးလာဘကကျွန်တော်မေးသမျှကို ပြန်လှန်မေးခွန်းများဖြင့် ဆင်ဝေ့ရန် ရှောင်ဖြေဆိုခြင်း ဖြစ်သည်၊ ထို့ကြောင့် ဆက်မမေးတော့ဘဲ ကျွန်တော် အဆောင်မှူးရုံးခန်းသို့ ပြန်ခဲ့ပါသည်။

— ○ —

တစ်နေ့တွင် တာဝန်မှူးကျ၍ ဆောင်အတွင်းအပြင်စစ်ဆေးပြီးနောက် ရေအနီးရှိ ကြိုးတိုက်ခန်းများအထဲ ဝင်ခဲ့သည်၊ ဦးလာဘအမှုတွဲ၊ ကုလား လူသတ်မှုဖြင့် ကြိုးတိုက်အတွင်း ရောက်ခြင်းဖြစ်သည်၊ မိခင် ဒေါ်တင်လှက ပြီး ကုလားကတော့ အဖေတူ သေဆီ၊ အတော်အသားမည်းသည်၊ ခပ်ပျပ်ပျပ် သန်စွမ်းကျန်းမာသည်၊ ကျွန်တော့်ကိုမြင်တော့ သူက စတင်နှုတ် ဆက်သည်၊

"ဆရာက နေ့တာဝန်မှူးကျတာ ဆေးလိပ် တလေးများပါရင် ချင်ပါရဲ့ - ဆရာရယ်"



ကျွန်တော်က ဆေးလိပ်မသောက် တတ်၊ ကွမ်းမစားတတ်ပါ၊ သို့သော် တာဝန်မှူးကျလျှင်တော့ (၅)သုံးလုံး စီးကရက်တစ်ဘူးနှင့် မီးခြစ်ကို ဆောင် ထားတတ်သည်၊ ဆေးလိပ်ကြိုက်တတ် သူများကို ဒါနပြုရန်ဖြစ်သည်၊

"အေး - အေးပါသကွ၊ တော့ဒီမှာ (၅)သုံးလုံးစီးကရက် မင်း ငါ့ရှေ့မှာ သောက်ပရော့၊ သောက်ရင်း စကား ပြောကြတာပေါ့"

"ဟုတ်ကဲ့ပါ - ဆရာ၊ ကျေးဇူးတင် ပါတယ်၊ ကျွန်တော်ဆေးလိပ်မသောက် ရတာ ကြာပါပြီ"

ကျွန်တော်စီးကရက်ဘူးကိုဖောက် ပေးတော့ ကုလားက ဆေးလိပ်နှစ်လိပ် ယူသည်၊ တစ်လိပ်ကို မီးညှိပြီး အားပါး တရ ဖွာရှိုက်သည်၊

ကျွန်တော်က သူ အငမ်းမရ ဆေး လိပ်သောက်နေပုံကိုကြည့်ပြီး -

"ကုလား - မင်းအစားအသောက် ရော အဆင်ပြေရဲ့လား"

"ဘုန်းကြီးကျောင်းသားပဲ - ဆရာ ရယ်၊ ဗိုက်ဝရင် ပြီးတာပါပဲ"

"ဒါနဲ့ - မင်းတို့အမှုအကြောင်းကို ပြောပြနိုင်မလား"

"ရပါတယ် - ဆရာရယ်၊ ကျွန်တော့် အမှုက ရိုးရိုးရှင်းရှင်းကလေးပါ၊ ကာလ

www.burmeseclassic.com

www.burmeseclassic.com

သားခေါင်းလှမ့်ိတ် မိုးသီးက ကျွန်တော်တို့အပေါ်ပိုလ်ကျလာတာကြာပြီဆရာရဲ့ အဲဒီ့နေ့တတော့ သူ အရက်မူးလာပြီး ကျွန်တော်တို့နေတဲ့ ထမင်းချက်ရုံမှာ ထမင်းလာတောင်းစားတယ်။ ကျွန်တော်တို့ကသူ့ကိုတွေ့နေကျပါ။ ဒီတစ်ခါတော့ ထမင်းရုံးခပ်တွေးတဲ့ ညီမ မဖြူကို ဆွဲလားရမ်းလားလုပ်ပြီး စော်ကားတာနဲ့ ကျွန်တော်လည်း ထမင်းချက်ရုံထဲက နှစ်တောင်လောက်ရှိတဲ့ ပိတောက်သားနဲ့ သူ့ခေါင်းကို ရိုက်ပစ်လိုက်တာ၊ နှစ်ချက်သုံးချက်တမယ်တောင်မထင်ဘူး။ တော်တော်မအော်နိုင်ဘဲ ပွဲချင်းပြီးသေတာပဲ"

"အဲဒီတော့ မင်းတို့က ဘာဆက်လုပ်ကြသလဲ"

"ဘုန်းကြီးကိုလျှောက်ပြီး သရက်ပင်ရင်းမှာ မြေမြှုပ်လိုက်တာပါ - ဆရာ"

"ဒါနဲ့ သတင်းစာထဲမှာပါတာတော့ *ကျောင်းဝင်းအထဲက သရက်ပင်တွေ* အရင်းမှာ မြွေရေခွံအိတ်နဲ့ထည့်ပြီး မြှုပ်ထားတဲ့ ဆိတ်အရိုး၊ နွားအရိုး၊ လူအရိုးတွေပါ တွေ့ရတယ်ဆို၊ အသားတွေက ဘယ်ရောက်သွားသလဲ"

"ဒါတွေက ကောလာဟလတွေပါ ဆရာရယ်၊ ဆိတ်ရိုး၊ နွားရိုးတွေကိုတော့ ကျွန်တော်တို့ ပေါ်စားတာပါ၊ အခုလည်း မိုးသီးကိုသတ်မှုကိုကျွန်တော်ကိုယ်တိုင် ဝန်ခံထားပါတယ်၊ ဘုန်းကြီးနဲ့ မဆိုင်ပါဘူး"

"နေပါဦးကွ - ကာလသားခေါင်း မိုးသီးပျောက်သွားတာ တစ်ရက်၊ နှစ်ရက်ပဲ ကြာတယ်၊ ကျောင်းဝင်းထဲကို မိုးသီး အရက်မူးပြီး ဝင်သွားတာကို နွားကျောင်းသား၊ ဆိတ်ကျောင်းသားတွေ ကမြင်လို့သက်သေခံထွက်ဆိုကြတယ်၊ အခုအမှုပေါ်လို့သရက်ပင်အရင်းမှာတူး ကြည့်တော့အသားတစ်စက်မှမရှိတော့ ဘဲလူ့အရိုးတွေကိုမြွေရေခွံအိတ်နဲ့ထည့် ပြီး မြှုပ်ထားတာပဲ တွေ့ရတယ်ဆို၊ အသားတွေကဘယ်ရောက်သွားသလဲ"

"အကောင်ပလောင်တွေ စားသွားမှာပေါ့ - ဆရာရယ်၊ မြေအောင်းများ တူကောင်တွေအကြောင်း ဆရာလည်း ကြားဖူးမှာပေါ့"

"ကုလားရယ် - လိမ်မနေပါနဲ့ကွာ၊ ငါလည်းတောတောင်တွေအထဲရောက်ဖူးလို့ မြေအောင်းပျားတူကောင်တွေ အကြောင်းကြားဖူးပါတယ်၊ အခုဟာက လူ့အရိုးတွေချည်းပဲ၊ မြွေရေခွံအိတ်ထဲ ထည့်ပြီး မြှုပ်ထားတာ၊ ပျားတူကောင်တွေ စားရင် လူ့အရိုးစုအတိုင်း မြင်ရမှာပေါ့၊ နောက်ပြီးစာသင်သားတွေကိုရှာတွေးတဲ့ဟင်းအိုးကြီးမှာလည်း လူ့အဆီတွေကိုတွေ့ရတယ်လို့သတင်းစာထဲမှာပါတယ်"

"အဲ့ဒါတော့ ကျွန်တော် မသိဘူးဆရာ"

"အေးပါ - မင်းဝန်မခံချင်ရင်လည်း ဆေးတုဗေဒဌာနက စစ်ဆေးပြီး အမှုမှန်ပေါ်လာမှာပါ"

ကုလား နှုတ်ဆိတ်သွားသည်၊ သို့သော်ဝန်မခံပါ၊ သူနှင့်ဘုန်းကြီးကြားတွင် ချိတ်ဆက်ချက် ရှိပါလိမ့်မည်၊ တရားရုံး၌လည်း ကာလသားခေါင်း မိုးသီးအား သတ်ဖြတ်လွန်း၍မခံချင်စိတ်ဖြင့်သတ်မိပါကြောင်း ဝန်ခံထွက်ဆိုခဲ့သော်လည်း အသားများ ပျောက်ဆုံးခြင်းကိစ္စကိုတော့ ဝန်မခံကြပါ၊ သို့သော် ဆင်တစ်ကောင်လုံးမြင်ရသော်လည်းဆင်ခြေရာတွေ့ရသဖြင့် လူသတ်မှု ကျူးလွန်သူကုလားကို ထောင်ဒဏ် တစ်သက်တစ်ကျွန်ချပြီးကြံရာပါအားပေးသူဦးလာဘအား ထောင်ဒဏ်(၁၅)နှစ်၊ ချက်ပြုတ်ပေးသူဒေါ်တင်လှအား ထောင်ဒဏ်(၅)နှစ်အပြစ်ပေးချမှတ်လိုက်ပါသည်၊

မြင်ပလောက၌တစ်ဦးတည်းကျန်ရှိနေခဲ့သော မဖြူကိုလည်း ဘဝလုံခြုံစေရန် လူကြီးများအစီအစဉ်အဖြစ် ပုဒ်မတပ်၍ ချုပ်နှောင်ထိန်းသိမ်းထားလိုက်ပါသည်၊ ဤသည်တို့မှာ ကျွန်တော် ထောင်တွင်း၌ ကိုယ်တွေ့ကြုံခဲ့သော ဦးလာဘအကြောင်း ဖြစ်သည်၊

ဦးလာဘအား မန္တလေးထောင်သို့ ပြောင်းသည်၊ ထိုမှ ကျောက်စခန်းတစ်ခုသို့ထုတ်သည်၊ ထိုစခန်းမှဝင်နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့်အရလွတ်မြောက်သွားပြီး နောက်ပိုင်း ရှမ်းပြည်နယ်တစ်ခု၌ ဘုန်းကြီးပြန်ဝတ်၍ မထင်မရှား နေထိုင်ကြောင်းကြားသိရပါတော့သတည်း။

ကုလားလည်း လျှော့ရက်များခံစားရသလို ဒေါ်တင်လှသာ (၂)နှစ်ခန့် ထောင်ကျပြီး လွတ်ရာ ချုပ်နှောင်ထိန်းသိမ်းထားသောမဖြူကိုလည်းဒေါ်တင်လှ (မိခင်ဖြစ်သူ)နှင့်အတူလွှတ်ပေးကြောင်း သိရှိရပါသည်၊ ဦးလာဘ အမှုမှာ နိုင်ငံကျော်အမှုဖြစ်ပေသည်၊

— ○ —

နောက်တစ်ဦးက သိမ်ဖြူဆရာတော် ...၊ ဒါယိကာမများ ယုံကြည်တို့ ကွယ်မှုလွန်ကျူး၍စစ်ဆင်ရေးဖြင့်သိမ်းခံရ ခြင်းဖြစ်သည်၊ ဆရာတော်ကြီးမှာ ဆေးဘုန်းကြီးဖြစ်၍ ဆေးစွမ်းအလွန်ထက်သည်၊ ယနေ့တိုင် သိမ်ဖြူဆရာ

www.burmeseclassic.com

www.burmeseclassic.com

တော် ဆေးနည်းများမှာ ထင်ရှားကျော်ကြားဆဲ ဖြစ်သည်။

တောင်တွင်း၌ကြာခဏဖြစ်လေ့ဖြစ်ထရှိသော ဗိုလ်အောင့်ဗိုက်နာ၊ ဝမ်းလျှော ခေါင်းမူး အကြောတက်၊ ဖျားနာခြင်းများအတွက် ဆရာတော်ကြီးထံ လျှောက်ထားလျှင်တောင်တွင်းရှိထမင်းချက်ရုံကြီးတွင်ရှိသော ဆားနှန်း၊ ငရုတ်သီး၊ ချင်း၊ ဆီတို့ကို မန်းမှုတ်ပေးပြီး တိုက်လိုက်ရုံဖြင့်သက်သာပျောက်ကင်းသည်။ အချို့ကိုတောင်တွင်း၌ ရနိုင်သည့်အသီးအနှံဝင်များဖြင့် ကုသပေးသည်၊ လိမ်းဆေးလည်းပေးသည်။ ကျွန်တော်မှတ်မိနေသည်ကတော့တောင်တွင်းအဆောင်များအရှေ့တွင်စိုက်ပျိုးထားသောမြက်ကြွပ်ဝင်ခေါ် အပင်ကလေးများ၏ အရွက်ကို အစိမ်းလိုက် ဝါးစားပေးခြင်းဖြင့် ဝမ်းတိုက်၊ ဝမ်းနာပျောက်ကင်းခြင်းဖြစ်သည်။ နောက်ပိုင်းမှ သိရသည်မှာ ထိုမြက်ကြွပ်ဝင်အရွက် အပေါ်ပိုင်း အစိမ်းရောင်၊ အောက်ပိုင်း(နီညိုရောင်) ကျောက်ကပ်ရောဂါပင် ပျောက်ကင်းကြောင်း သိရှိရပါသည်။

တစ်နေ့ညတွင် ကျွန်တော် တာဝန်မှူးကျ၍ တောင်တွင်းတောင်ပြင် လှည့်လည်စစ်ဆေးရင်း နောက်ဆုံးတိုက်ခန်းများအတွင်းသို့ ရောက်သွားသည်၊ သိမ်ဖြူဆရာတော်ကြီးအား (၄)တိုက်တွင် ချုပ်နှောင်ထားခြင်းဖြစ်သည်။ ဆရာတော်ကြီးမှာအသားဖြူဖြူဝဝ၊ ခန္ဓာကိုယ်ကြီးကပေါင်(၂၀၀)ခန့်ရှိမည်ထင်သည်။ သူ့ကိုယ်သူပင် နိုင်နင်းဟန်မတူပါ။ ဤပုံစံကြီးဖြင့် ဒါယကာမများဖြင့် ရှုပ်သည်ဆိုသည်မှာ ဖြစ်နိုင်ပါ့မလားဟု ကျွန်တော် တွေးမိသည်။ ဖိုးသူတော်လိုအဖြူရောင်ပိတ်စကို အထက်အောက် ရုံထားသည်။

ကျွန်တော် ရောက်ရှိနေစဉ်တွင် တိုက်ခန်းတံခါးအား ဖွင့်ထားပြီး ဆရာတော်ကြီး မိလ္လာတက်ရန် အတွက် ဝန်ထမ်း(၂)ဦးက ဆရာတော်ကြီး၏ ချိုင်းနှစ်ဖက်အား မ၍ မိလ္လာခုံပေါ်သို့ အထိုင်ချနေခြင်းဖြစ်ရာ ကျွန်တော်လည်း မနေသာတော့ဘဲ ဝိုင်းပြီး ကူမပေးရသည်။ ဆရာတော်ကြီး၏ အသားအရေမှာ ဖြူဝင်းပြီး အေးစက်နေသည်၊ ခွေးနံ့ပင် မရပါ။

ဆရာတော်ကြီး မိလ္လာတက်နေစဉ်၌လည်း ဝန်ထမ်းများက ထိန်းထားပေးရသည်။ အသက်အရွယ်က (၇၀)ကျော်ခန့်ရှိပေလိမ့်မည်။ ကိစ္စပြီးလျှင် ဝန်ထမ်းများကပင် သုတ်သင်ပေးမှ ရမည်ဖြစ်သည်။ ဤသို့သော အခြေအနေဖြင့် ဆရာတော်ကြီးအား တောင်တွင်းပို့၍ ချုပ်နှောင်ထားခြင်းမှာ အမြင်မတော်လှပါ။ တောင်ဆေးရုံ၌ တင်ထားသည်ဆိုလျှင် သင့်လျော်ပါဦးမည်။

ထိုစစ်ဆင်ရေးများကာလက တောင်ပိုင်လုပ်သူမှာ မိမိသဘောဖြင့် လုပ်၍မရပါ၊ ထောက်လှမ်းရေးမှ ခိုင်းစေသည့်အတိုင်း နေရာချ၍ ချုပ်နှောင်ထားခြင်းဖြစ်သည်။ ကျွန်တော်တို့(၁၀)ရက်တစ်ခါ တာဝန်မှူးကျလျှင် နာမည်ကြီး အကျဉ်းသားများအား လှည့်လည် စစ်ဆေးပြီး အစီရင်ခံစာရေးရသည်မှာအလွန်အလုပ်ရှုပ်ပါသည်။

တာဝန်မှူးကျလျှင် ထူးခြားဖြစ်စဉ်ပေါ်ပေါက်စေရန် ဆုတောင်းရသည်။ ကံကောင်း အကြောင်းမလှ၍ တာဝန်ကျစဉ် ထူးခြားဖြစ်စဉ် ပေါ်ပေါက်ပါက ကျွန်တော်တို့ တာဝန်မှူး၊ တာဝန်ကြမ်းများသာမက တောင်ပိုင်ကြီးနှင့်ဆရာဝန်ဆေးမှူးများပင် တစ်ညလုံး အိပ်စက်ခွင့်ရတော့ဘဲ မိုးလင်းကြရတော့သည်။ ထူးခြားဖြစ်စဉ်ဆိုသည်မှာ အကျဉ်းသား၊ အချုပ်သားများ ထွက်ပြေးရန် ကြံရွယ်ခြင်း၊ ရုတ်တရက် သေဆုံးခြင်း၊ အုပ်စုဖွဲ့၍ ရိုက်နှက်ခြင်းတို့ဖြစ်သည်။

အကျဉ်းထောင်ဆိုသည်က မ‌ကောင်းသော်၊ ထောင်သား၊အပြစ်သား၊အချုပ်သားများအား တစ်နေရာတည်းစုဝေး၍ချုပ်နှောင်ထားရှိသောနေရာဖြစ်သည်။ ထို့ကြောင့် ယမ်းဘီလူးလိုပင် အချိန်မရွေးပေါက်ကွဲနိုင်သည်၊ စနက်တံကိုမီးရှို့သည့်သူသာ လိုသည်၊ ထိုအခြေအနေများ မဖြစ်ပွားစေရန်အတွက်တော့ ထောင်ပိုင်၊ ထောင်မှူးကြီး၊ ထောင်မှူး၊ ထောင်ကြပ်၊ဝန်ထမ်းများနှင့်အကျဉ်းသားတန်းစီး၊ အခန်းလူကြီး၊ ဗာရာများ အဆင့်ဆင့်ဖြင့် အုပ်ချုပ်ရပြီး ကြိုတင်သတင်းရယူရသည်၊ တက်ညီလက်ညီ ဆောင်ရွက်နိုင်ပါမှ တော်ကာကျသည်။

အဆင့်ဆင့်အုပ်ချုပ်သူများတာဝန်ပျက်ကွက်ပေါ့ဆသည်နှင့် ထိန်းမနိုင်သိမ်းမရ ပေါက်ကွဲတတ်ပါသည်။ သမ္မတခေတ် ထောင်အရာရှိလုပ်သူများမှာ စာရေးဆရာ မြောင်းမြမောင်တို (ဦးရွှေမောင်)တို့ခေတ်ကလို ဇိမ်ကျကျနေနိုင်ကြခြင်းမရှိပါ၊ ကျီးလန့်စာစား ညောင်သီးစားရင်းလေးသံကိုလည်းနားထောင်နေရသောခေတ် ဖြစ်ပါတော့သတည်း။

○→ ထောင်မှူးကြီး သိန်းဝင်း

www.burmeseclassic.com



ရိုးသားသည့် တိုင်းရင်းသားများကို
နည်းမျိုးစုံဖြင့် တန်ခိုးကြီးလေဟန်
ဖန်တီးပြခဲ့သည့် ဘိုးတော်လိမ်တစ်ယောက်နှင့်
အဖွဲ့ကို ပြည်သူ့ရဲတပ်ဖွဲ့က စွမ်းစွမ်းတမန်
ရှာဖွေဖော်ထုတ်ဖမ်းဆီးပုံ ..

# ယုဝိုးဝါးဝေ့ကြီး ဘိုးတော်ဒီဂေ

မကြေးညိုနိမ့်

**၁၉၈၂**-ခုနှစ်က ဖြစ်၏။

မကွေးတိုင်း၊ မင်းဘူးစကုမြို့နယ်တွင် လွန်စွာနာမည်ကျော်ကြားခဲ့သော သာသနာပြုနယ်မြေတစ်ခု ပေါ်ပေါက်ခဲ့၏။ မြန်မာတစ်နိုင်ငံလုံးက လှေဖြင့် တစ်မျိုး၊ မော်တော်ဖြင့်တစ်ဖုံ၊ ကား၊ မီးရထား၊ လေယာဉ်များဖြင့် လာရောက်ကြ၏။ (ထိုစဉ်က မကွေးလေယာဉ်ကွင်းမှာ လေယာဉ်အဆင်း အတက် လုပ်၏။) ထိုခေတ်က အာဏာပိုင်အချို့ပင် ယုံကြည်ကိုးကွယ်ကြ၏။ မြေလျှိုးခြင်း၊ မိုးပျံခြင်း၊ ကိုယ်ဖျောက်ပြခြင်း၊ မိမိ၏ထံသို့ လူဆယ့်နှစ်ယောက် လာနေသည်၊ မည်သည့်အရောင်အသွေးများ ဝတ်ဆင်၍ လာနေကြသည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ထူးထူးဆန်းဆန်းများ လုပ်ပြလာသောအခါ ယုံကြည်ကိုးကွယ်သူများမှာ ထောင်ဝကာန်းမှ သောင်းဂဏန်းထိ ရှိလာ၏။

ထိုအခါတွင် ထိုဘိုးတော်အတွက် ဘော်လည်ကျောင်း၊ နယ်မြေအတွက် ဘော်လည်ကျောင်း ယုံကြည်မှုလိုအပ်လာ၏။

ထို့ကြောင့် မတွေးမြို့နယ်မှူး၏ တာဝန်လုံးလုံးဖြစ်လာရာမှ လူဆိုးထိန်းမောင်ကြီး၏ အဖွဲ့အား ထိုဘိုးတော်နှင့် နယ်မြေလုံခြုံရေးအတွက် သီးသန့်လျှို့ဝှက်စုံစမ်းရေး တာဝန်ပေးလိုက်လေရာ လူဆိုးထိန်းမောင်ကြီးသည် ထိုကိစ္စကို ဦးတာဝေ ဆောင်ရွက်ရန် ဗိုင်တစ်ခု ဖွဲ့လိုက်၏။

ထိုဗိုင်၏အမည်မှာ –

(လူဆိုးထိန်းမောင်ကြီးနှင့် ဇရာမရဏ)ဗိုင်ဖြစ်၏။

ထိုဖြစ်စဉ်များကို ရေးသားဖော်ပြရသည်ဆိုပါလျှင် ...

— ○ —

ရသေ့ကြီး (ဇရာမရဏ)ဟူ၍ မင်းဘူးမြို့ ရေနံမြေနယ်မြေတွင် ယခုတစ်လော ထင်ပေါ်ကျော်ကြားနေ၏။

နေကသိုဏ်း၊

မီးကသိုဏ်း၊

ရေကသိုဏ်းများအောင်မြင်ပြီးမြေ လျှိုးမိုးပျံနိုင်သည်။ သူခိုး၊ ဓားပြများကို ဖမ်းပေးနိုင်ပြီး ပစ္စည်းအပျောက်အရှကို ချက်ချင်းဖော်ထုတ်နိုင်သည့်အပြင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးများပါ မှန်ကန်တိကျစွာ ဆောင်ရွက်ပေးနိုင်ကြောင်း သတင်းကြီးသဖြင့် ကိုးကွယ်သူများ တစ်နေ့တခြား များနေ၏။

၎င်း(ဇရာမရဏ)တစ်ယောက်ပို၍နာမည်ကြီးစေသည်က မြွေသုံးကောင်နှင့် လူစကားပြောသော (ငှက်တော်) တစ်ကောင်တို့ကြောင့် ဖြစ်၏။

မြွေကြီးသုံးကောင်က ရသေ့ကြီး (ဇရာမရဏ)၏ရုပ်ထုအနီးမှ တစ်ဖဝါးမှ မခွာခြင်းနှင့် ငှက်တော်က တရားစာများ ရွတ်ပြီး လာရောက်သူများကို တရားဒေသနာများ ဟောကြားနေခြင်းဖြစ်၏။

အထူးသဖြင့် (ဇရာမရဏ)တွင် ဝိတ်ဖြူစင်ကျယ်ပတ်ဝတ်ထားသော သူတော်စင်တပည့် (ကျား၊ မ)သုံးဆယ်ကျော်ရှိသည်။

၎င်းတို့သည် (ဘုံသုံးဆင့်)ကျောင်းကြီးဖြင့် နေ၏။ ညအခါတွင် တရားဟောသည်။ မြေလျှိုးမိုးပျံပြသည်၊ ကိုယ်လည်းပျောက်ပြသည်၊ တရားနာနေသော ပရိသတ်ဗိုလ်ပုံအလယ်မှာပင် ရသေ့(ဇရာမရဏ) ရုတ်ခြည်း ပေါ်လာသကဲ့သို့ ရုတ်ခြည်းလည်း ပျောက်သွားတတ်၏။

တရားနာပရိသတ်ကို ပိုမို၍ ထူးဆန်းအံ့သြစေသည်ကတော့ (မြွေငန်းရှင်) ရသေ့ရုပ်ထု ဖြစ်၏။ ရသေ့ရုပ်ထုကြီး၏မျက်နှာပုံသဏ္ဌာန်မှာ ယခုတရားဟောနေသော (ဇရာမရဏ)နှင့် တစ်ထပ်တည်း တူနေခြင်းဖြစ်၏။

ရုပ်ထုမှာ တင်ပျဉ်ခွေထိုင်နေပုံဖြစ်ပြီး ထိုရသေ့ရုပ်ထုပေါ်တွင် (ငန်းမြွေ) အရှင်၊ သုံးကောင်က အမြဲတမ်း ခွေနေတတ်၏။ ငန်းမြွေရှင်နှင့် ရသေ့ရုပ်ထုမှာ ထပ်တစ်ပ်နေသဖြင့် (မြွေငန်းရှင်ရသေ့ရုပ်ထု)ဟူ၍ အမည်ကျော်ကြားနေခြင်း ဖြစ်သည်။

ရသေ့ရုပ်ထု၏ လက်ျာဘက် ပခုံးပေါ်တွင် အမြီးနစ်ခွနှင့် ငှက်တော်က သူ့အချိန်ကိုက်လာ၍ နားနေတတ်၏။ ထိုငှက်က လူစကားပြောတတ်သည်။

အဆိုပါ မြွေသုံးကောင်နှင့် ငှက်တော်ငှက်တို့ အချိန်မရွေး ရသေ့ရုပ်နားတွင် ရှိနေသည်တော့မဟုတ်၊ သူတို့ကို သတ်မှတ်ထားသောအချိန်နှင့်လာ၍ ရသေ့ရုပ်တုကို ဖူးမြော်ကြခြင်းဖြစ်၏။

မြွေသုံးကောင်သည် လာရောက်ကြည်ညိုသော ပရိသတ်ကို ဒုက္ခမပေး။ လာရောက်ကြည်ညိုသူများ၏စိတ်တိုင်းကျ၊ အတိုင်ပင်ခံတတ်ကြသေးသည်။ ယင်းတို့သည်နံနက်(၇)နာရီမှ နေ့လယ်(၁၂)နာရီတစ်ကြိမ်၊ ညနေ(၄)နာရီမှ ည၌(၇)နာရီတစ်ကြိမ်တွင် အဆိုပါမြွေနှင့် ငှက်တော်ငှက်တို့မှာ ရှိနေတတ်သည်။

ပိုမို၍ပရိသတ်စိတ်ဝင်စားစေသည်မှာ ငှက်တော်ငှက်က (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)ဟူသော သံဝေဂတရားတို့ရွတ်ဆိုတတ်ခြင်းပင်ဖြစ်ပေသည်။ ငှက်တော်ငှက်က ယင်းသံဝေဂရွတ်ဆိုပြီးမှ ရသေ့(ဇရာမရဏ)က (အဝိဇ္ဇာ)တကျာတရားကို ဟောကြားသည်။

ထွေထွေထူးထူးတော့ မဟုတ်၊ "ဒုက္ခသစ္စာ"၊ "သမုဒယသစ္စာ"၊ "နိရောဓသစ္စာ"၊ "မဂ္ဂသစ္စာ" တည်းဟူသော (သစ္စာ)လေးပါးကို ဟောကြားခဲ့သည်။ ဤသစ္စာလေးပါးကိုသိမှုဝိဇ္ဇာဖြစ်၏တူ၍ ဖြစ်ပေသည်။

ထိုသို့ ဇရာမရဏတရားဟောနေစဉ်ကာလတွင် ငှက်တော်ငှက်သည် ရသေ့ရုပ်တု၏ လက်ျာဘက်ပခုံးထက်

www.burmeseclassic.com

တွင် နားနေလျက် မြွေတစ်ကောင်သည် ရသေ့ရုပ်တု၏ ဦးခေါင်းပေါ်၌လည်းကောင်း၊ မြွေတစ်ကောင်သည် ရသေ့ရုပ်တု၏ ဘယ်ဘက်လက်မောင်းပေါ်၌လည်းကောင်း၊ ကျန်သောမြွေတစ်ကောင်သည် ဖြန့်ထားသော ရသေ့ရုပ်တု၏ လက်ဖဝါးပေါ်တွင်လည်းကောင်း ခွေလျက်နေထိုင်ကြသည်။

အီစေတာက်တောက်ဖြစ်နေသော အမွှေးနံ့သာသည် ဇရာမရဏ တရားဟောနေသောအခန်းထဲသို့ လွှမ်းမိုးလျက်ရှိ၏။ နာခေါင်းရှိင်းများမှာ ထိုအနံ့ကိုခံနိုင်သော်လည်းတစ်ရက်မှငါးရက်အထိ ထိုအနံ့ကို ခံပြီးပါက (အီစေတာက်စေတာက်)အနံ့ဟုပင် မထင်ပဲ ယင်းအနံ့ရော မနေထိုင်တတ်သလိုပင် ဖြစ်လာတော့၏။

ငှက်တော်ကိုလည်းကောင်း၊ မြွေသုံးကောင်၏ကိစ္စကိုလည်းကောင်း ယုံကြည်သူများရှိသကဲ့သို့ မယုံကြည်သူများလည်း ရှိသည်။ ထိုကိစ္စကို စုံစမ်းစူးစမ်းလိုသော လူငယ်ငါးဦးက ပိတ်မြူစင်ကြယ်များဝတ်၊ ခေါင်းတုံးပြောင်အောင်တုံးပြီး ဖိုးသူတော်သဏ္ဌာန်ဖြင့် ထိုဇရာမရဏရှိရာ တရားရိပ်သာသို့ လာခဲ့ကြတော့သည်။

ငှင်း (ဇရာမရဏ)တစ်ယောက် ပို၍ နာမည်ကြီးစေသည်က မြွေသုံးကောင်နှင့် လူစကားပြောသော (ငှက်တော်) တစ်ကောင်တို့ကြောင့် ဖြစ်၏။ မြွေကြီးသုံးကောင်က ရသေ့ကြီး (ဇရာမရဏ)၏ ရုပ်တုအနီးမှ တစ်ဖဝါးမှ မခွာခြင်း နှင့် ငှက်တော်က တရားစာများ ရွတ်ပြီး လာရောက်သူများကို တရားဒေသနာများ ဟောကြားနေခြင်းဖြစ်၏။



...င်းတို့ငါးဦး၏ ရိုးရင်းစွဲစိတ်ထား ...

...ဤရသေ့ ဇရာမရဏသည် ကျော်...နေသည့်အတိုင်း (စွမ်းစွမ်းတမံ) ...သဒိထက်ပိုပြီး လူကြည်ညိုသဒ္ဓါပွား...လှူ့ဆော်မည်၊ မိမိတို့ကိုယ်တိုင်...ချင်းဆောက်ပြီး လှူဒါန်းမည်၊ ...ဝယ်၍ လူလိမ်လူညာဖြစ်ပါက (လူ...လူညာ)ဖြစ်ကြောင်း တိုင်းပြည်ကို ...ညာမည်ဟူသော ရည်ရွယ်ချက်ဖြင့် ...ရာမရဏ၏ ကျောင်းတိုက်သို့ ချဉ်း...သာကြခြင်းဖြစ်၏။

ထထမသော် ဇရာမရဏ၏ ကိုယ်ရံ...တော်များနှင့် ဇရာမရဏကိုယ်တိုင်က ...လူငယ်များကို မယုံကြည်ပေ။ ထို့...ကြောင့် အနီးကပ် ကိုးကွယ်ပူဇော်ခွင့်...ကြပေ။

...၏အစွမ်းသတ္တိသည်အလုပ်တစ်...ကို အောင်မြင်စေရသည်။ တစ်ရက်၊ ...ရက်၊ သုံးရက်၊ တစ်ပတ်၊ နှစ်ပတ်၊ ...ပတ်၊ တစ်လ၊ နှစ်လ၊ သုံးလ ဟူ၍ ...ခါင်းများစွာ ခြေဆုပ်လက်နယ် ပြု...သောအခါတွင် ထိုလူငယ်ငါးဦးကို ...ရဏက ယုံကြည်စိတ်ချလာလေ...သည်။

"ဇရာမရဏ" ကမှ ယုံကြည်လာသောအခါကျန်ရှိသောကိုယ်ရံတော်များကလည်း ယုံကြည်စိတ်ချလာသဖြင့် ယင်းငါးဦးအား အတွင်းအပြင်၊ အဝင်အထွက် ခွင့်ပြုလိုက်သည်။

ငှက်ပျောတောကြီး ဝိုင်းရံဝတ်နေသော ဇရာမရဏ၏ ဘုံပြာသာဒ်မှာ ညအခါ မည်းမှောင်နေသည်၊ အေးချမ်းလှသည်၊ တရားမွှေကိုတကယ်ယုံကြည်သူတို့ စိတ်ချမ်းသာစွာ သီတင်းသုံး၍နေရန် အလွန်သင့်မြတ်လှသည့်နေရာ ဖြစ်သည်။

လိုက်ဂူမြနန်းကြီးသဖွယ် ဆောက်လုပ်ထားသော ထိုအဆောက်အအုံကြီးထဲတွင် ပရိသတ်ငါးဆယ်ခန့်ဆန့်သော မွှာရုံကြီးကိုပါ ထပ်ဆင့်ဆောက်ထားပြန်သည်။ ထိုမွှာရုံကြီးကို လူတစ်ဖက်စာဖက်၍မရသော ဇရာမတိုင်လုံးကြီးများဖြင့် ဆောက်ထားသည်။ (သုည) ဇီးရိုးဝပ်ဖန်သီး ခရမ်းရောင်ငါးလုံးတို့ ဤမွှာရုံကြီးထဲတွင် မှိန်မှိန်တာလေး ထွန်းညှိထားသည်။

ထိုတိုင်လုံးကြီးများသည် ဇရာမွေ့နေ၏။ ဇရာမရဏ ကြွမြိတ်မှတော့မည်ဆိုလျှင်တရားနာသူပရိသတ်တို့တ

www.burmeseclassic.com

www.burmeseclassic.com

(ထီးမြှင်းကြီးငါးပါး)နှင့်ထိအောင် ကြမ်းခြင်တွင် ဖြားဖြားဝပ်၍နေကြရသည်၊ ဇရာမရဏ မော်ဖူးစေဆိုမှ မော့၍ကြည့်ကြရသည်၊

ဇရာမရဏတ ရောက်လာဖြီး အတော်ကြာလေမှ လေးပေဖန်ချောင်းများကိုထွန်းလိုက်သည်၊ ထိုအခါမှ ထင်ထင်ရှားရှား ဖူးမြော်ခွင့်ရကြရသည်၊

တရားဟောဖြီးသောအခါတွင်လည်း လေးပေဖန်ချောင်းကြီးများကို ငြိမ်းလိုက်ပြီး ဓီးရိုးဝပ်ဖန်သီးငါးလုံးကိုသာ ပြန်ထွန်းလိုက်သည်၊ ခမ္ဘာရုံတစ်ခုလုံး မှောင်မည်းသွားပြန်သည်၊ ထိုအခါတွင်မှ ဇရာမရဏ ရုတ်ခြည်းကိုယ်ရောင်ပျောက်၍ တရားဟောခန်းမှ ပျောက်ကွယ်သွားပြန်သည်၊ ဤသည်ကိုပင် ဇရာမရဏ ကိုယ်ပျောက်ပညာ တတ်သည်ဟု ထင်ရှားကျော်ကြားနေခြင်းဖြစ်သည်၊

မှန်၏၊ အချို့လူများက ဇရာမရဏအား သေချာစွာကြည့်ရှုကြည်ညိုနေခိုက်မှာပင် ဇရာမရဏ ရုတ်ခြည်း ပျောက်၍ပျောက်၍သွားခြင်းဖြစ်သည်၊

ထို့ကြောင့် ...

ဇရာမရဏသည် ကိုယ်ပျောက်ပညာတတ်၍ သိဒ္ဓိတန်ခိုးရရှိနေသော (မြွေ)များ၏အရှင်သခင်၊ မြွေနိုင်ဘုရင်ဟု နာမည်ကြီးနေခြင်းဖြစ်သည်၊

မယုံကြည်သူ လူငယ်ငါးယောက်သည် ထိုကိစ္စများကို ဖော်ကောင်လုပ်မည်ဟုသန္နိဋ္ဌာန်ချထားသည်၊ ထိုလူငယ်ငါးယောက်မပေါ်မီ အဆိုပါ ဇရာမရဏအားမယုံကြည်သူ လူငယ်တစ်ယောက် ပေါ်ပေါက်ဖူးသည်၊ ထိုသူက မယုံကြည်သဖြင့် မြွေသုံးကောင် ရှိသည့်အနတ်လက်ဝါးပြင်ပေါ်ခွေလျှက်ရှိသော မြွေတစ်ကောင်ကို ရှုံးသုံးအပ်(ပင်အပ်)ဆူးဖြင့် ထိုး၍ကြည့်ခဲ့ဖူး၏၊

ထိုသို့ ပင်အပ်နှင့် အထိုးခံရသည့် အချိန်မှစ၍မြွေတစ်ကောင်မှာ ကြောက်ရွံ့ပြီး ထွက်ပြေးသွားတော့သည်၊ ထိုသို့ ထိုးလိုက်သူမှာလည်း ဗိုက်နာရောဂါနှင့် ညတွင်းချင်း သေဆုံးသွားသည်ဟု သတင်းရရှိသည်၊

ကနဦးအစက မြွေသုံးကောင် ခွေနေသော ဤ(မြွေနန်းရှင်)ရသေ့ရုပ်တုသည် ယခုအခါတွင် မြွေနန်းအရှင် နှစ်ကောင်သာ ကျန်တော့သည်၊ တစ်ကောင်မှာ ကြောက်လန့်ပြီး ယခုအချိန်ထိ ပြန်မလာတော့ပေ၊

ထိုရသေ့ဇရာမရဏ မပေါ်ပေါက်မီက ဤတရားထိုင်သောနေရာတွင် အဆောက်အအုံမှမရှိ၊ တောကြီးမျက်မည်းဖြစ်သည်၊

ဇရာမရဏကတောခေါင်ခေါင်တွင် (မြွေနန်းရှင်)ရသေ့ရုပ်တုပေါ်နေကြောင်း နှင့်ယင်းပေါ်တော်မူ (မြွေနန်းရှင်)ရသေ့ရုပ်တုကို သွား၍ဖူးမြော်ကြရာ ရသေ့က ဦးဆောင်ပြီးရွာသူရွာသားတို့ကိုစတင်၍ ခေါ်ဆောင်ပြီး သိမ်းသွင်းခဲ့၏၊

မယုံကြည်သူနှင့် ယုံကြည်သူတို့ နှစ်ခွဲကြပြီးလိုက်သူနှင့်မလိုက်သူတွင် လိုက်သူ၊ မယုံကြည်သူက များ၏၊ ဇရာမရဏ၏နောက် သို့ အသက် ဆယ်ကျော်နှင့် အသက်လေးဆယ် ကျော် အဘိုးကြီးနှစ်ယောက်တို့နှင့် အသက်သုံးဆယ်ကျော်ပတ်ဝန်းကျင် ယောက်တို့သာ လိုက်ကြသည်၊

ထိုသူများမှာနေ့စဉ်ပုတီးစိပ်သူများ ဖြစ်သည်၊ ဇရာမရဏနှင့်အတူ ရွာနှင့် ဝေးသော ချုံတောကြီးထဲသို့ ရောက်သောအခါတွင်ရသေ့ရုပ်တုလုံးဝ မတွေ့ရပေ၊

ထိုသော်ဇရာမရဏကားယုံကြည် ကြည်ညိုသည်နှင့်အညီ ဇရာမရဏ ညွှန် ပြသောနေရာသို့ ပါလာသောတူးရှင်း ဖြင့် မြေကိုပေါက်ကြ၊ တူးကြ၊ ဆွကြ သည်၊

တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ ဒီလိုနှင့်တူးကြသည်၊ပေါက်ကြသည်မှာကြာခဲ့သော်လည်း မည်သည့်ရသေ့ရုပ်တုမှ မတွေ့ကြပေ၊

ထို့ကြောင့် ဇရာမရဏအနေနှင့် ဘာများလုပ်ရပ်တွေမှားသလဲဟု မေခင်ပြန်၍တွက်ကြည့်ကြသည်၊ ထိုသို့တွက်ချက်ကြည့်သောအခါတွင် အနောက်ဘက်စူးစူးအရပ်မှ အမယ်အိုကြီး လာမည်၊

အမယ်အိုကြီးလာပြီးသည့်နောက် လှည်းတပ်ကြီးလာမည်၊ လှည်းတပ်ကြီး လာပြီးသောအခါ ပေါ်တော်မူ ရသေ့ရုပ်တုကို တွေ့မည်ဟု ဇရာမရဏတ ဟောကြားသည်၊

ငှက်ပျောငါးပွဲ၊ အုန်းငါးလုံး၊ ထွက်လက်ဖက်၊ ဖယောင်းတိုင်နှင့်အမွှေးတိုင်များအစုံအလင်နှင့်ကန်တော့ပွဲငါးပွဲတင်သည်၊

ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘဟူ၍ ရည်ရွယ်ပြီး တင်မြှောက်ခြင်း ဖြစ်၏၊ လိုက်ပါလာသူ ငါးဦးက သူနာမည်နှင့်သူ၊ သူ့အချိန်နှင့်သူ ကန့်သတ်၍ မဆိုမကတ်ပဲ တူးကြသည်၊ အဝါနေ့တွင် အနောက်စူးစူးမှ အမယ်အိုကြီးတစ်ယောက်ပေါက်ချလာသည်၊ လိုက်ပါလာသူ ငါးဦးက မှန်ကန်း၍ ထစုန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ဓေခင်အတိုင်း တောင်၍တော့ ဖြစ်လာပြီ တုအားလုံးဝမ်းသာနေကြသည်။

ဗုဒ္ဓဟူးနေ့တွင်အစည်းသုံးဆယ်ပါ သော နွားလှည်းတပ်ကြီးက ပေါ်လာပြန် သည်၊ ထိုသို့သော ထူးခြားသည့် အကြောင်းအရာများ၊ ဇရာမရကာ ကြို တင်တောသည့် ဓေခင်အတိုင်း ဖြစ်လာ ခြင်းမှာ တန်တော့ပွဲပေးပြီး သုံးရက် မြောက်သောနေ့တွင်ဖြစ်သည်။

ထိုသတင်းမှာ ဝေဘူတစ်ရွာလုံး ပျံ့ နှံ့သွားသည်။ မယုံကြည်သူများပါ ယုံချင် သလိုလို ဖြစ်လာကြသည်၊ ထို့ကြောင့် တစ်ယောက်စ တစ်ရာ ဆိုသကဲ့သို့ ရွာ သားများ လိုက်လာကြသည်၊ တစ် ယောက်ပြီးတစ်ယောက် တိုးပွားလာ သည်။

လှည်းတပ်ကြီး ချိလာပြီး နစ်ရက် မြောက်သောနေ့တွင် မြောက်လက်မ အရွယ်ရှိ (မြွေငန်းရှင်) ရသေ့ရုပ်တု ပေါ် လာသည်။

ရသေ့ရုပ်တု၏ ဦးခေါင်းပေါ်တွင် ငန်းမြွေတစ်ကောင်၊

ရသေ့၏ လက်မောင်းပေါ်တွင် ငန်းမြွေတစ်ကောင်၊

ရှင်ရသေ့ဖြန့်ထားသောလက်ဖဝါး ပေါ်တွင် ငန်းမြွေတစ်ကောင်။

ငှက်တော်ငှက်ဆိုတာ အမြီးနှစ်ခွ ရှိတယ်။ ဒီငှက်စကားပြော သင်လို့ ရတယ်။ မင်းတို့ ကြားဖူးလိုက်လား မသိဖူး။ ရန်ကုန်တိရစ္ဆာန်ရုံမှာ စကားပြောတဲ့ကျီးကန်းတစ်ကောင် ပေါ်ဖူးတယ်။ ငှက်တော်၊ သာလိကာ၊ ကြက်တူရွေး၊ ကျီးနဲ့ ဆက်ရက် အမျိုးအစားတွေက စကားပြော သင်လို့ရတယ်။ မြန်မြန်တတ်တာနဲ့ နေးနေးတတ်တာပဲ ကွာတယ်။





ရသေ့ညာဘက်ပခုံးပေါ်တွင် ငှက် အနက်(ငှက်တော်)တစ်ကောင်။

အားလုံးတိရစ္ဆာန်သုံးကောင်၏ပုံပါ သောရုပ်ပါလာသည်။

အားလုံးရသေ့ရုပ်တုမှအစ မြွေနှင့် ငှက်များပါ ကျောက်ရုပ်များ ဖြစ်၏၊ ရွာ သားများအံ့သြနေကြသည်၊ ရွာသားများ ကိုယ်တိုင် ယခင့်ယခင်က မြင်ဖူးသည်၊ ရသေ့ရုပ်တုတစ်ခုတည်းကိုသာ တွေ့ မြင်ဖူးသည်၊ ယခုမူ ဤသို့မဟုတ်၊ ရသေ့ ရုပ်တုနှင့်အတူ တိရစ္ဆာန်များပါ ပါနေ သောကြောင့် ဖြစ်သည်၊

— ○ —

ဒီတိစ္စသည် တစ်ရွာမှတစ်ရွာသို့ ပျံ့ အတိုးလေးတကျော်ဖြစ်လာသည်။ ကြည်သူ ရွာသားတွေ၊ ရွာသူတွေလာ ကြသည်၊ အထူးသဖြင့် မားပြုဗိုလ်ကြီး တောင် ငမောင် ရောက်လာသည်၊ ကြီးဇရာမကာကိုဆည်းကပ်သည်၊ သည်၊ ပသသည်၊ ကိုးကွယ်သည်၊ ဇရာမရကာအခါပေးချက်အရမားပြု သည်၊ လူသတ်သည်၊ ဆော်ဩ သည်၊ အောင်လည်း အောင် သည်၊ ရောရောရှုရှုလည်း ဖြစ် သည်၊ ထို့ကြောင့်ဇရာမရကာပိုပြီးနာမည် ကြီးလာသည်၊ ရှင်မတောင် ငမောင်၏ ဆရာဆိုတော့ အလိုလို ဘုန်းကြီးလာ သည်၊ သူ့ကို ကြောက်လာကြသည်။

ရှင်မတောင် ငမောင်တစ်ယောက် အောင်မြင်သည်နှင့်အမျှ ဇရာမရကာကို ပိုမိုကြည်ညိုလာသဖြင့် ဘုံသုံးဆင့် ပြာသာဒ်ကျောင်းကြီးကို ဆောက်လုပ် လှူဒါန်းလိုက်သည်၊ ရှင်မတောင် ငမောင်ကို အကြောင်းပြု၍ ရွာသားများ ကပါလိုက်ပြီး သူ့ထက်ငါဦး လှူကြသည်၊

ထိုကျောင်းကြီး ဆောက်လုပ်ပြီး နောက် ပထမဆုံး တွေ့ရှိသော မြောက် လက်မသာရှိသည့် ရသေ့ရုပ်တုတလေး ကို ငုံပြီး အပေါ်မှ တင်ဖျည်ခွဲတော့ာတ် သားရသေ့ရုပ်တုကြီးကို တခမ်းတနား ဆောက်လုပ်လိုက်ကြသည်၊

မူရင်းရသေ့ရုပ်တုငယ်ကို ဌာပနာ လိုက်သည်၊ ရသေ့ရုပ်တုကြီးကို ထည် ထားပြီးနောက်ဇရာမရကာတဘောတိန်း အသစ်ကို ထုတ်ပြန်လိုက်သည်၊ ထို ဟောကိန်းမှာ -

"လာမည့်ည လကွယ်နေ့ည သန်း ခေါင်ကျော်တွင် ငန်းမြွေသုံးကောင်နှင့် အမြီးနှစ်ခွပါသောငှက်တော်တစ်ကောင် သည်မူရင်းစတင်တွေ့သောရုပ်တုကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

တစ်ထေရာတည်းတူအောင်လာရောက် ရှုမြော်ကြလိမ့်မည်၊ ကျောက်သား တျောက်ဆစ်ရုပ်များနှင့် တစ်ထေရာတည်းတူအောင် မြွေသုံးကောင်ကဖွဲ့ခွေ ထိုင်နေသည်၊ ငှက်တော်ငှက်ကတရားဟော ထိုင်နေသည် ဟု ကြိုတင်ဟောကိန်း ထုတ်ထိုက်သည်။

အားလုံးသော ပရိသတ်က ဇရာမရဏ ဟောကြားချက် မှန်၊ မမှန် စောင့်မျှော်ကြည့်နေကြသည်။ ထိုသတင်းသည် တစ်ရွာနှင့်တစ်ရွာ ကူးစက်ပျံ့နှံ့သွားသဖြင့် မယုံကြည်သူများနှင့် ယုံကြည်သူများ အငြင်းအခုံဖြစ်ကြလျက်၊ ဖြစ်နိုင်သည်၊ မဖြစ်နိုင်ဘူးနှင့် အငြင်းပွားနေကြတာ စောင့်မျှော်နေကြပေတော့သည်။

အံ့လည်း အံ့ဩလောက်သည်။ ဇရာမရဏဟောကြားထားသည့်အတိုင်းပင်ဖြစ်သည်၊ လတွယ်နေ့ညသန်းခေါင်အချိန်တွင် ဇရာမရဏ ပြောထားသည့်အတိုင်း ငန်းမြွေအရှင် သုံးကောင်နှင့် ငှက်တော်ငှက်တစ်ကောင်ကိုလာရောက် နားထိုင်နေသည်ကို တွေ့မြင်ဖူးမြော်ကြရသည်။

ဇရာမရဏ ပိုမိုထင်ရှားကျော်ကြားသွားပြီး ကြည်ညိုသူ များပြားလာတော့သည်။ ထိုနေ့မှစ၍ ဇရာမရဏကျောင်းသည် တစ်နေ့ထက်တစ်နေ့ စည်ကားသိုက်မြိုက်လာသည်၊ အလှူငွေများ များပြားစွာ ရလာသည်၊ ထိုနေ့မှစ၍ (ပဋိစ္စသမုပ္ပါဒ်၊ ဒေသနာ၊ ဉာတပရိညာ) ဆယ့်နှစ်ခု ဟောကြားတော်မူ၏။

လူဆိုးထိန်းမောင်ကြီး ကြားရသ… ကို နားထောင်ပြီးသောအခါ ပြုံးလိုက်သည်၊ ထိုအပြုံးသည် သရော်ပြုံး၊ လှောင်ပြုံး၊ မထေမဲ့မြင်အပြုံးတို့ ဖြစ်၏။ ဒါက… ချစ်ပွဲက သိသည်၊ ချစ်ပွဲ ရိပ်မိသည်။ … ကြောမိသည်၊

ရှင်မတောင်ငကျော်နှင့်ချစ်ပွဲတို့… လူဆိုးထိန်းမောင်ကြီးလှောင်ပြုံးပြုံး… သိသော်လည်း ဘာကြောင့် လှောင်ပြုံးပြုံးသည်ကိုမသိ၊ သဘောပေါက်၊ … ကြောင့် လူဆိုးထိန်းမောင်ကြီးကို မေးကြရတော့သည်၊ မသိလျှင်မေး၊ မ… လျှင် ဆေးဟု စကားပုံရှိသည်မဟုတ်လော။

"ဘာပြုံးတာလဲ - ဦးကြီးရ"

"ခင်ဗျားတို့ မိုးကုတ်ဝိပဿနာ တရား နာခဲ့ဖူးခဲ့လား၊ တရားထိုင်ဖူး… ရဲ့လား"

လူဆိုးထိန်းမောင်ကြီးကမေးလိုက်သည်။

"ဟင့်အင်း - မထိုင်ဘူး၊ မနာဖူးဘူး"

ချစ်ပွဲနှင့် ငကျော်တို့က ပြိုင်တူဖြေလိုက်သည်။

"ဒါကြောင့် ခင်ဗျားတို့ မသိတာပဲ၊ နားထောင် - ပြောပြမယ်၊ ဇရာမရဏ ဟောခဲ့တဲ့တရားတွေကမိုးကုတ်ဝိပဿနာတာဝန်ခံမွေ့ကထိကစရိယ ရတနာပုံဆရာချစ်ကိုယ်တိုင် ဟောကြားနေတဲ့ တရားတော်တွေလေ၊

မြင့်ရတနာပုံနှိပ်တိုက်၊ အမှတ်(၇) ဈေး စည်ဈေးလမ်း၊ ရန်ကုန်မြို့က ဒီတရားစာတွေကို ပုံနှိပ်ရိုက်ထုတ်ပြီး ရောင်းနေတယ်ကွ၊ ပုလိပ်လုပ်မယ်ဆိုရင် ဘာမဆို လေ့လာမှတ်သားပေ့၊

ဇရာမရဏဆိုတာက ရင့်ရော်ပျက်တဲ့မှတ်ထား။ အဲဒီရသေ့ရဲ့နာမည်ဘွဲ့ကလည်း (ဇရာမရဏ) ဆိုတော့ - ဟဲ - ဟဲ - ကျွန်တော်တို့နဲ့တွေ့ရင် ရင့်ရော်ပျက်ဆိုတဲ့အတိုင်း ဒီလူကြီးပျက်စီးသွားရမှာပေါ့ကွား - ဟား"

လူဆိုးထိန်းမောင်ကြီးက အားပါးတသရော ရှင်းပြလိုက်သည်။

သို့သော် ရှင်မတောင်ငကျော်နှင့် ချစ်ပွဲတို့က မရှင်းသေးတာကို ထပ်ဆင့်၍မေးလိုက်ပြန်သည်။

"မြွေတွေ လာတာကကော ဗျာ"

"အဲဒါ - ကျွန်တော်ကိုယ်တိုင်သွားပြီး စုံစမ်းလိုက်ရင် ပြီးနိုင်ပါတယ်"

"ငှက်တော်ကလေးက စကားပြောတာကကော"

"ငှက်တော်ငှက်ဆိုတာ အမျိုးနှစ်ခုရှိတယ်၊ ဒီငှက်စကားပြော သင်လို့ရတယ်၊ မင်းတို့ကြားဖူးလိုက်လားမသိဘူး၊ ရန်ကုန်တိရစ္ဆာန်ရုံမှာ စကားပြောတဲ့ငှက်ကန်းတစ်ကောင် ပေါ်ဖူးတယ်၊ ငှက်တော်၊ သာလိကာ၊ ကြက်တူရွေး စတဲ့ ဆက်ရက်အမျိုးအစားတွေဟာ စကားပြောသင်လို့ရတယ်၊ မြန်မြန်တတ်တာနဲ့ နှေးနှေးတတ်တာပဲ ကွာတယ်"

လူဆိုးထိန်းမောင်ကြီးက စိတ်ရှည်စွာ ရှင်းပြလိုက်သည်။ ချစ်ပွဲနှင့် ငကျော်သည် အနည်းငယ် သဘောပေါက်လာသည်။ သို့သော် မယုံကြည်သေး၊ ကိုယ်တိုင် စုံစမ်းတွေ့ရှိပြီးမှ ယုံတော့မည်ဟု လက်တွေ့သမားများပီပီ လက်တွေ့လုပ်လိုကြသဖြင့် ရသေ့ဇရာမရဏထံသို့ အရောက်သွားလိုနေကြပေပြီ။

"ဟေ့ - မင်းတို့ကကြီး မေးမယ်နော်ဦး၊ ငါသိချင်တာကလေး မေးပါရစေဦး"

လူဆိုးထိန်းမောင်ကြီးက မေးချင်ကြောင်း စကားပန်ခွင့်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ချစ်ပွဲနှင့် ငကျော်ကလည်း ဘာများမေးမလဲဟု သိချင်ကြပြီ။

"ဘာများလဲဗျ၊ ဘာသိချင်တာလဲ"

"အဲဒီလိုမယုံလို့သွားစမ်းတဲ့လူတွေ ဘာဖြစ်သွားသေးသလဲ"

"အခု - ရသေ့အတုပြဿနာက အဲဒီကတောတဲ၊ တစ်ညမှာ အဲဒီလို စုံစမ်းနိုင်သွားတဲ့ လူငါးယောက်က ဘိုးတော်ပေါ်ပေါက်တဲ့နေရာမှာ သွားပြီး စောင့်ကြည့်နေကြတယ်တဲ့"

"လူတစ်ယောက်ပေါ်လာတဲ့နေရာမှာ လူတစ်ယောက် တောင်းကောင်းဆင်းနိုင် တက်နိုင်တဲ့တိုင်တစ်လုံး ထားရတယ်။ ဒီတိုင်က အခြားတိုင်တွေထက် ချောနေတာကို တွေ့ရတော့ သူတို့ စဉ်းစားမိလာတယ်"

"ဇရာမရဏတာ ဘယ်နည်းနဲ့မှ မြေလျှိုးဖို့တာ မဖြစ်နိုင်ဘူး၊ ကိုယ်ပျောက်နိုင်တာ ဒီတိုင်ရဲ့အကူအညီကြောင့်ပဲဖြစ်ရမယ်၊ ဒီတိုင်နားမှာ စောင့်နေရင်တော့ ဒီဌတွေ့နိုင် သိနိုင်မှာပဲလို့ အချင်းချင်း တိုင်ပင်မိကြတယ်တဲ့"

ရှင်မတောင် မောင်ကျော်က သူကြားရူးနားဝ ရှိသမျှအားလုံး ပြန်ပြောပြသည်၊ ရှည်ရှည်ဝေးဝေး ပြောလိုက်ရသဖြင့် မောသွားသောကြောင့် ရေသွားသောက်လိုက်သေးသည်။

ရေသောက်ပြီး ပြန်လာပြီးသော အခါတွင် ငကျော်က ဆက်လက်၍ပြောပြသည်။

"သူတို့ထင်တဲ့အတိုင်းပဲ ဇရာမရဏဟာ ဇီးရိုးဝပ် (သုည) ဖန်သီးအား အမှောင်ကလေးထဲမှာ ပရိသတ်ကိုချက်လှည့်ပြပေတော့တာကိုး၊ ဇရာမရဏဟာ တရားမဟောခင် အပေါ်ထပ်မှာနေသတဲ့၊ ဒါကို ဘယ်သူမှ မသိကြဘူး။ အပေါ်ထပ်ကလဲ ထပ်နိုးလျှို့ဝှက်ခန်း (လျှာ) ထိုးဆိုတော့ မသိဘူးပေါ့။ နောက်ပြီး ဇရာမရဏ မပေါ်မီ အားလုံးက ကြမ်းပြင်ကို ထိအောင် ပြားပြားဝပ်နေရတာ မဟုတ်လား။ ဒါတွေက လှည့်ကွက်တွေပေါ့"

"လက်စသတ်တော့ ဇရာမရဏဟာ အမှောင်ထဲမှာ ဒီတိုင်က လျှောစီးပြီး ဆင်းလာတာတဲ့၊ ဇရာမရဏ ဆင်းလာတော့ တိုင်နားမှာ စောင့်နေကြတဲ့ ဒီလူငါးယောက်က ဆီးဖမ်းပြီး ဖက်ထားတော့တာပေါ့။

"ဇရာမရဏကလဲ အပါးပဲ၊ ရှုတ်ခြည်း သက်နှံးကို ချွတ်ခဲ့ပြီး နောက်အပေါက်ထဲကို လစ်ပြေးတော့ သတဲ့၊ သက်နှံးကိုလည်း ဒီလူသိက် ရလိုက်တော့တယ်၊ အဲဒီနေ့က တစ်ခါမှ မကြားဘူးတဲ့အုတ်နံ့ကြီးထဲက အသံနက်ကြီးကြားလိုက်ရသတဲ့၊ ဝီ - ဝီ - ဝီ နဲ့ အသံတွေ ပေါ်လာပြီး အောင်မြင်ခန့်ညားတဲ့ အသံတစ်သံ ထွက်ပေါ်လာသတဲ့၊ အဲဒီအသံက ရသေ့ဇရာမရဏရဲ့အသံပဲ၊ သူပြောလိုက်တာကတော့ ဒီဘုံသုံးဆင့်ပြာသာဒ်ထဲမှာ တို့ရဲ့ရန်သူ ပေါ်နေပြီ၊ သူ့တို့ ပုးသတ်နေပြီ၊ မိစ္ဆာဒိဋ္ဌိတွေ ရှိနေပြီ ရှာပြီး ဖမ်းကြဆိုတဲ့အသံကြီး ပေါ်လာသတဲ့၊ ဝုန်းခနဲဆို ... ဖန်ချောင်းတွေလဲ ဆင်းလာလိုက်တာ မှောရုံတစ်ခုလုံး အဓိတိုင်းနေ့များထက် ထူးခြားပြီး လင်းထိန်သွားတာပဲတဲ့၊ မယုံကြည်လို့ လုပ်ကိုင်တဲ့ လူငါးယောက်လည်း ဘယ်နေမလဲတော့လေ၊ တစ်ချိုးထဲ လစ်ပြေးတော့တာပေါ့၊ ဒီရွာကို ဒီလူတွေ ရောက်လာတယ်။ ဒါကြောင့် ဒီပြဿနာက ကျုပ်တို့ဆီကို ရောက်လာတာပဲ"

ရှင်မတောင် မောင်ကျော်က အဆုံးသတ် ရှင်းပြလိုက်သည်။

"အော် - ဒီလိုလား။ တို့လည်းတရားသဘော ဆွေးနွေးလို့ရအောင် ဒီနေ့က ကျိုးတစ်ဝတ်လောက်ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ဆယ့်နှစ်ရပ်ကို အလွတ်ရအောင် ကျက်ထားတာကြည့်၊ ငါကိုယ်တိုင် ရှင်းလင်းပြောပြဦးမယ်၊ ဒီလို တရားသဘော စောကြောနိုင်တော့ အနီးကပ် ပူးလို့ရတာပေါ့"

လူဆိုးထိန်းမောင်ကြီးက ကြိုတင်တွက်ချက်၍ ပြောလိုက်သည်၊ ဒီတော့ ငကျော်နှင့် ချစ်ပွဲတို့က ဒါတွေကို မလိုအပ်ကြောင်း ပြောပြလိုက်သည်။ အကြောင်းမူ ဇရာမရဏနှင့် ချစ်ပွဲတို့မှာ အကျွမ်းတဝင် ခင်မင်ပြီးထားသောကြောင့် ဖြစ်သည်၊

"မလိုပါဘူး - ဦးကြီးရယ်၊ ကျွန်တော်တို့က သူနဲ့တော်တော်ခင်ပါတယ်။ ကိုမောင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ကို သူက သိနေပြီးပါပြီဗျ" ဟု အားရဝမ်းသာ ပြောလိုက်ပေတော့သတည်း။

ဒီလိုနှင့် ရသေ့ဇရာမရဏထံသို့ သူတို့ ထွက်ခဲ့ကြသည်၊

— ○ —

"မင်းတို့လာလည်း ငါ့မှာ တားခွင့်မရှိဘူး"

"မင်းတို့သွားလည်း ငါ့မှာ ဟန့်တားပိုင်ခွင့်မရှိဘူး"

"ငါကိုယ်၌ကကိုပဲ ခေါ်သူမရှိဘဲ ရောက်လာခဲ့တယ်၊ နှင်သူမရှိဘဲ ပြန်ချိန်တန်ရင် ပြန်ဖို့ရှိတယ်"

"ငါနေတဲ့အိမ် ငါ့အိမ်လို့ အိမ်မှာထား ငါ့မယားလို့၊ ငါကမွေးလို့ ငါ့သားသမီးလို့၊ ငါစုဆောင်းထား ငါ့ပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



လို့ သူသီးစိတ်စွဲ အမှတ်လွဲခဲ့တယ်၊ အဓိပ္ပာယ်တ —”

“ငါလာတဲ့အခါ၊ လက်ကဗလာ၊ ငါပြန်ရရင် လက်ချည်းပင်ပဲ၊ ငါ့မှာ ကိုယ်ပိုင်ခမို့ မင်းတို့ စွဲစွဲမြဲမြဲ မှတ်ထားကြ - သိလား တပည့်တို့”

“လာချင်တဲ့လူ လာစမ်းပါစေ၊ မဆီး လေနဲ့”

“မင်းတို့ငါတို့တစ်တွေမှာ တစ်ဘဝ လျှင်၊ အမိရင်မှာ၊ ထွက်ဝင်ခိုနား၊ အနိစ္စ ခရီးသွားတွေပဲ၊ အေး - ရိုးရိုးနဲ့ ရှင်းရှင်း ပြောရရင် လူ့ဘဝမှာ ဧည့်သည်လာနေတဲ့ ဧည့်သည်ကြီးပဲဆိုတာ တကာမောင်ကြီး မှတ်ထားလော့”

ရသေ့ ဇရာမရဏက အနိစ္စနှင့် အဓိပ္ပာယ်တရားတို့ကို နားလည်သဘော ပေါက်အောင် တိုတိုနှင့်ရှင်းရှင်း လိုရင်း တိုနိမ့်ခွတ်၏

“မှန်ပါ - တရားလိုက်စားစ တပည့် တော်တို့အဖို့ ပြတ်သားရှင်းလင်းပြီး သဘောပေါက်လွယ်ကြောင်းပါ”

လူခိုးထိန်းမောင်ကြီးက နားလည် လွယ်ကြောင်း ဖားပြောကလေး ပြော လိုက်သည်၊ ဒါကို ဇရာမရဏကလည်း သဘောကျသွားသည်၊

“အိမ်း - ဟုတ်ပေတယ်၊ လူ့သတ် ဖားပြတိုက်၊ မကောင်းမှုဆို အကုန်လုံး

သိမ်းကျုံးလုပ်နေတဲ့ ဟောဒီတ ရှင်မတောင် ငကျော်နဲ့ ချစ်ပဲ့တို့က ပိုပြီး မှတ်သားနာယူ လိုက်စားကြကွဲ၊ ဒါနဲ့ - မင်းတို့အစ်ကိုရှင်မတောင် ငမောင်ငါ့ဆီ အခါတော် လာမတောင်းတာ အတော် ကြာပြီ၊ ခွန်လုံရွာမှာ သူ့တပည့်တွေ အသေနာသွားတယ်ဆို၊ အင်း - ဒီကောင် ငါ့ဆီမှ မလာပဲကိုး - အထိနာမှာပေ့ါ”

ဇရာမရဏက လေးလေးတွဲ့တွဲ့ ညည်းသလိုလို၊ ပြောသလိုလိုပြောလိုက် သည်၊

“သူမလာနိုင်တာက သေနတ် အမှန်ခံရလို့ ဒဏ်ရာရနေလို့ပါ ဘုရား”

ငကျော်က ရှင်းလင်းလျှောက်ထား လိုက်သည်၊

“အိုး - တော်တော်ဆိုးသလားကွဲ၊ ဒဏ်ရာက တော်တော်ပြင်းထန်သလား၊ အင်း - တော့်တော်စိတ်ကောင်းသဘော ကောင်းရှိတဲ့ကလေး၊ ငါ့ကို ကြည်ညိုရ ပေါ်အောင်သူလုပ်ပေးခဲ့တာပဲ၊ ဒီကျောင်း ကြီးလည်း သူ ဆောက်လုပ်လှူဒါန်းပေး ခဲ့တာပဲကွဲ”

ဇရာမရဏကိုယ်တော်ရှင်မတောင် ငမောင်ကို တော်တော်ခင်ပုံရသည်၊

“ဒါနဲ့ - ဒီကမောင်ကြီးက လူသစ် ပေ့ါ - ဟုတ်ရဲ့လား”

“မှန်ပါ့ဘုရား”

“လောကမှာ စွဲလမ်းခြင်းဆိုတာ ဘာလဲ - ဒကာမောင်ကြီး”

“စွဲလမ်းခြင်းဆိုတာဟာ လောဘပါ ဘုရား”

“အိမ်း - ဟုတ်ပေတယ်ကွဲ၊ ဒါနဲ့ - အခက်ထန်ဆုံး ဆိုတာကကောကွဲ”

“အခက်ထန်ဆုံးဆိုတာ ဒေါသပါ”

“အမိုက်မှောင်ဆုံး ဆိုတာကကော ကွဲ”

“မောဟ ပါဘုရား”

“အပူပြင်းဆုံးကကောကွယ်”

“တာမ ပါဘုရား”

“အမောက်မာဆုံးကကောကွဲ”

“မာန ပါဘုရား”

“ဟုတ်လိုက်လေကွယ်၊ ကိုင်း - ကိုင်း - နောက်ဆုံးတစ်ခု မေးဦးမယ်ကွဲ”

“မေးပါ ဆရာတော်ရသေ့ဘုရား”

“ကြောက်စရာအကောင်းဆုံးက ဘာ”

“မိစ္ဆာဒိဋ္ဌိပါဘုရား”

“ဟား - ဟား - ဟား - ဟုတ်လိုက် လေတွယ်၊ ဒါတွေ သိရဲ့သားနဲ့ ဘယ်နှဲ့ ကြောင့် လမ်းလွှယ်လိုက်ပြီး ခိုးချင် ဖွက် ချင်ယိုက်ချင်နေရတာလဲ - ဒကာရဲ့”

“တံအကြောင်းတရားကြောင့်လို့ မှတ်ရတော့မှာပဲ ဘုရား၊ အခုတော့ -



ကျွတ်ရိုးတန်လို့ ဆရာရသေ့ဆီကို ရောက်ရပြီလို့ တပည့်တော်တို့ တွက်မိ ပါတယ်”

“အေး - အမှန်တော့ လူမတန်လို့ ကံကို အပြစ်ဖို့နေကြတာပါ - ဒကာတို့၊ ကံဆိုတာ လုပ်ခြင်းကွဲ၊ ကိုယ်က လုပ် တာမဟုတ်လို့ ဖြစ်လာတာတွေတ မကောင်းတာ ဖြစ်လာကြရတာ၊ အေး လေ - သူတော်စင်ဘဝကို ရောက်လာ ကြရတော့မှာပဲ၊ ကျွတ်တမ်းဝင်ကြရမှာ ပေ့ါ - မဟုတ်လား - ဒကာတို့”

“မှန်လှပါ”

“မင်းတို့တစ်တွေ စွဲစွဲမြဲမြဲမှတ်ထား ကြရဖို့က သတိယှဉ်ပြီး ဆင်ခြင်ရမယ့် (မ)ကိုးလုံးပါ၊ အဲဒီ(မ)ကိုးလုံးတာတော့ …

(၁) မကျင့်ပဲနဲ့ မမြတ်ချင်နဲ့၊
(၂) မသင်ပဲနဲ့ မတတ်ချင်နဲ့၊
(၃) မလုပ်ပဲနဲ့ မရချင်နဲ့၊
(၄) မဟုတ်ပဲနဲ့ မတာချင်နဲ့၊
(၅) မဆင်ပဲနဲ့ မလှချင်နဲ့၊
(၆) မသိပဲနဲ့ မစားချင်နဲ့၊
(၇) မရှိပဲနဲ့ မကြွားချင်နဲ့၊
(၈) မခေါ်ပဲနဲ့ မလာချင်နဲ့၊
(၉) မတော်ပဲနှင့် မတော်ချင်နဲ့

လို့ သတိယှဉ်ပြီး ဆင်ခြင်ရမယ့် (မ)ကိုးလုံးပဲ၊ ကဲကဲ - ငါ့တပည့်တွေလဲ

www.burmeseclassic.com

www.burmeseclassic.com



ညောင်းရော့မယ်။ မြွေငန်းရှင်ရသေ့ရပ်တုဘက်ကို သွားပြီးဖူးလိုက်ကြဦး။ မင်းတို့ တံဆိုးတယ်ကွယ့်၊ အဝိဇ္ဇာတရားနဲ့ ဇရာမရဏတရားကို ပေါတဲ့ ငှက်ငယ်တလေးတော့ မသမာတဲ့လူတွေလက်ချက်နဲ့သုံးသွားရှာတယ်၊ မြွေတစ်ကောင်ကတော့ ဝင်အစ်(ရှုံးသုံးအစ်)နဲ့ အထိုးခံရလို့ ကြောက်ပြီးမလာတော့ဘူးတဲ့၊ မြွေကျင်းထဲမှာပဲ သေသွားတယ်ထင်ပါတယ်၊ တိုင်း - တိုင်း - သွားပြီးဖူးရေကြ - ဖူးရေကြ"

ဇရာမရဏက ခွင့်ပြုလိုက်သည်။

"တပည့်တော်တို့ အခွင့်အရေးတစ်ခု တောင်းပါရစေ"

"ဘာများလဲ - တပည့်တို့ရဲ့"

"တပည့်တော်တို့ရဲ့တောင်းမှုအားလုံး ပြည့်မြောက်အောင်၊ ဒီမြွေငန်းရှင်ရဲ့ သန့်ရှင်းရေးဝေယျာဝစ္စအားလုံး တပည့်တော်တို့ကို လုပ်ခွင့်ပြုတော်မူပါ"

လူဆိုးထိန်းမောင်ကြီးက အခွင့်အရေးတစ်ရပ် တောင်းလိုက်သည်။

"အဲဒါတော့ မဖြစ်နိုင်ဘူး - တပည့်တို့၊ ဒါက သူ့တာဝန်နဲ့သူ၊ သူ့လူနဲ့သူ လွှဲထားပြီးသားပါ၊ ဒါကြောင့်ဒီကိစ္စကတော့ မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ - ဘယ်သူ့ကိုမှ မပေးတဲ့ အခွင့်အရေးတစ်ရပ်ဖြစ်တဲ့ သံဆန်ကာ ကာထားတဲ့ အတွင်းခန်းကို တော့ဝင်ပြီးဖူးခွင့်ပေးမယ်ကွဲ့၊ ဒီလောက်ဆိုရင် ကျေနပ်ပါနော်"

ဇရာမရဏ တစ်ပတ်လျှော့လိုက်သည်။

"ဒီလောက်ရတဲ့အခွင့်အရေးကို ဝမ်းမြောက်ဝမ်းသာ ဖြစ်လှပါပြီ - ဆရာတော်၊ တပည့်တော်တို့ သွားခွင့်ပြုပါ"

လူဆိုးထိန်းမောင်ကြီးက လျှောက်ထားပြီး သွားရန် သုံးယောက်စလုံး ထိုင်ရာမှ ထလိုက်ကြသည်၊ ထိုအခါ ဇရာမရဏက မှာလိုက်သေးသည်။

"အိမ်း - သွားကြတော့ - သွားကြတော့၊ ညတရားဟောချိန်ရောက်မှ ဘုံသုံးဆင့်ပြာသာဒ်မှာ တွေ့ကြသေးတာပေါ့"

"လက်သစ်တောင်သာ၊ ယူဇနာပေါင်း၊ တာပြန်လောင်းသော်၊ ရှစ်သောင်းလေးထောင့်၊ အမြင့်ဆောင်သာ၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးမြင့်ဘိသည်၊ မွေးဖခင် ကျေးဇူးရှင်တဲ့၊ ဆရာသမား၊ မိဘဂုဏ်ကျေးဇူးကို ဘယ်တော့မှ မမေ့ကြနဲ့၊ ကိုင်း - သွားကြ - သွားကြ - သွားကြ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ လန်းဆန်းကြပါစေ"

ဇရာမရဏက ဆုံးမစာများ ရွတ်ဆိုပြီး မေတ္တာပို့လိုက်သည်၊ လူဆိုးထိန်းမောင်ကြီး၊ ရှင်မတောင်ငကျော်နှင့် ချစ်ပုံတို့က မြွေငန်းရှင်ရသေ့ရပ်တုဘက်သို့ ထွက်ခဲ့ကြသည်၊ ရှင်မတောင်ငကျော်နှင့် ချစ်ပုံတို့ကို ဇရာမရဏက ရှေးအခါကတည်းက သိရှိပြီးဖြစ်သည်၊ ရှင်မတောင်တောင်အဖွဲ့မှ အရေးပါအရာရောက်သူများ ဖြစ်ကြသည့်ပြင် ရှင်မတောင်ငကျော်သည် ရှင်မတောင်ငမောင်၏ နေပေါ်ယောက်ဖဖြစ်ခြင်းကြောင့် ဇရာမရဏအနေနှင့် ယင်းတို့သုံးယောက်ကို အကြွင်းမဲ့ ယုံကြည်ခဲ့ခြင်းဖြစ်၏။

ငန်းမြွေတစ်ကောင်ကို ပင်အပ်ဖြင့် အထိုးခံရပြီးသည့်နောက်ပိုင်းတွင် ရုပ်တု၏အခန်းသို့ လူစိမ်းများကို အကာပ်မခံဘဲ အပြင်မှ သံဆန်ကာတစ်ထပ်ကာထားခဲ့သည်၊ လူစိမ်းများကိုအခန်းထဲသို့ အဝင်မခံ၊ ယခု လူဆိုးထိန်း မောင်ကြီးတို့ကို အဝင်ခံခြင်းမှာ တော်တော်စိတ်ချယုံကြည်ခြင်းကြောင့် ဖြစ်သည်၊

လူဆိုးထိန်း မောင်ကြီးတို့သုံးယောက် မြွေငန်းရှင်ရသေ့ရုပ်တုသို့ ရောက်ခဲ့သည်၊ လူတစ်ရာကျော်မျှယင်းတို့ အလျှင်ရောက်နှင့်နေကြသည်ကို တွေ့ရသည်၊ သံဆန်ကာအပေါက်စောင့် တို့ ဇရာမရဏထံမှ ရရှိလာသော သံဆန်ကာအတွင်း ဝင်ရောက်ဖူးမြော်ခွင့်လက်မှတ် (စာရွက်)ကို ပြလိုက်သည်၊ ထိုစာရွက်ကြောင့် လူဆိုးထိန်းမောင်ကြီးတို့ သံဆန်ကာအတွင်းသို့ ဝင်ခွင့်ရလိုက်သည်။

အခြားပရိသတ်များကဒီသုံးယောက်ကို အံ့သြစွာ ကြည့်နေကြသည်၊ လူဆိုးထိန်းမောင်ကြီး အထဲရောက်သွားသောအခါတွင်ရုပ်တုတော်၏ဦးခေါင်းပေါ်တွင် ငန်းမြွေတစ်ကောင်၊ ရုပ်တု၏လက်ဖျံပေါ်တွင် ငန်းမြွေတစ်ကောင်ကို တွေ့ကြရသည်။

ငှက်ကိုတော့ မတွေ့ရတော့ပေ၊ ဇရာမရဏက သေပြီဟု ပြောလိုက်သည်၊ ဟုတ်လည်း ဟုတ်ပေလိမ့်မည်၊ ချစ်ပုံက မြွေတစ်ကောင်တို့ လတ်နှင့်ပွတ်ကြည့်သည်၊ မြွေက လုံးဝမလှုပ်၊ အိမ်တွင် အလှမွေးထားသောမွေးကလေး၊ ကြောင်ကလေးများသဖွယ် အလွန်ဆိုးသောမြွေကြီးများက အတိုင်ခံနေသည်ကို တွေ့ရသည်၊ ထူးဆန်းစွာ ယဉ်ပါးနေသည်ကို တွေ့ရသည်၊

ရသေ့ရုပ်တု၏ လက်မောင်းပေါ်တွင် ခွက်ငယ်ကလေးများ ပြုလုပ်ထားပြီး ယင်းခွက်ငယ်ကလေးများထဲတွင် အမွေးတိုင်မှ အမှုန်များကို ရေပြီး အငွေ့များ တရိပ်ရိပ်ထွက်အောင် မီးရှို့ထား

www.burmeseclassic.com

www.burmeseclassic.com

သင်္ချိုင်းဘုရားခန်းတစ်ခန်းလုံးမွှေးကြိုင်နေခဲ့တော့သည်။

ထို့သော် လူဆိုးထိန်း မောင်ကြီး၏နှာခေါင်းထဲတွင်ဤအမွှေးနံ့သာမှာစူးစူးဝါးဝါးကြီးရှပြီးဆိုတောက်တောက်ကြီးဖြစ်နေ၏။

လူဆိုးထိန်း မောင်ကြီးသည် ကုလားပြည်မှလာသော ကုလားအမွှေးတိုင်စစ်စစ်ကို မကြိုက်၊ မြန်မာပီပီ တရုတ်အမွှေးတိုင်းအမွှေးနံ့သာကိုသာကြိုက်သည်။ ယခုအနံ့က ကုလားအမွှေးတိုင်အနံ့ ညှီစို့စို့နှင့် ဖြစ်၏။

"ဘိပ်ပြီးထူးဆန်းတာပဲ"

ချစ်ပဲ့က ပြောသည်။

"အေးဟုတ်တယ်၊ တောတဲ့တရားတွေဟာလည်း တိုတိုနဲ့ လိုရင်းကို ရောက်တယ်။ နောက်ပြီး- ငန်းမြွေဆိုတဲ့ကောင်မျိုးဟာ မြွေရာတွေ့ရင်တောင် ညှို့ယူပြီးလာသမျှ ဖမ်းယူစားသောက်တဲ့ကောင်မျိုး အဆိပ်ခံတဲ့ကောင်မျိုးမဟုတ်ဖူး။ အခုတော့ကြည့်စမ်း။ ဘယ်လောက်ထူးဆန်းသလဲ"

ရှင်မတောင် ငကျော်ကပါ ပြောလိုက်သည်။

"မလိုတမာကောင်တွေပြောတာဖြစ်ရမယ်"

ချစ်ပဲ့က ပြောလိုက်သည်။ ထင်ကြေးပေးလိုက်သည်။

"ဒီမှာ ဦးကြီး"

"ဘာလဲဟ - ဘာပြောမလို့လဲ"

"ရှင်မတောင်ငမောင်ထဲက ကောင်တွေက ကျုပ်တို့ရဲ့ အာရုံကိုများ ပြောင်းပစ်တာ မဖြစ်နိုင်ဘူးလား"

ငကျော်က မယုံသင်္ကာဖြစ်တာ ပြောလိုက်သည်။ ရှင်မတောင်ငမောင်အဖွဲ့က မိမိတို့နောက်ကို လိုက်နေသော ပုလိပ်များ ခြေလှမ်းပြောင်းလိုက်သည်ဟု ထင်သဖြင့် ပြောခြင်းဖြစ်သည်။

ထူးဆန်းသည်များကိုမြင်ရ၊ တွေ့ကြားရသဖြင့် ချစ်ပဲ့နှင့် ရှင်မတောင်ငကျော်တို့က ဇရာမရဏကို ယုံကြည်သွားပေပြီ။ စိတ်က ဇရာမရဏဘက်သို့ ယိုင်သွားကြပြီဖြစ်သည်။

"ရသေ့ ဇရာမရဏက လူလိမ်လူညာအစစ်ပဲ"

မမျှော်လင့်သောစကားကို လူဆိုးထိန်းမောင်ကြီးထံမှ ကြားလိုက်ရသဖြင့် ချစ်ပဲ့နှင့် ငကျော် အံ့ဩသွားသည်။

"ဘာ - ဘာပြောတယ်"

ချစ်ပဲ့က မေးလိုက်သည်။

"ဇရာမရဏဟာ လူလိမ်၊ လူညာအစစ်ပဲ"

မောင်ကြီးက ထပ်ဆင့်ပြောလိုက်သည်။

"ဘာအထောက်အထားကြောင့် ဒီစကားကို ခိုင်ခိုင်လုံလုံ ပြောရတာလဲ"

ငကျော်က မေးလိုက်သည်။

"မြွေက ဘယ်အချိန် လာတတ်ပြီး ဘယ်အချိန်ပြန်တတ်သတဲ့လဲ"

"နံနက်(၇)နာရီနဲ့ ညနေ(၄)နာရီ နှစ်ချိန်လာသတဲ့"

"ကောင်းပြီ၊ ကျွန်တော်ထင်တဲ့အတိုင်းဆိုရင်တော့ အဲဒီအချိန်မှာစောင့်ဖမ်းရင် မိနိုင်တယ်"

"ဘာတွေပြောနေတာလဲ - အစ်ကိုကြီး"

"ရသေ့ရုပ်တုကို ပူဇော်ထားတဲ့ အမွှေးနံ့သာကို မင်းတို့ ဂရုစိုက်မိရဲ့လား။ သေသေချာချာ ရှူပြီးကြည့်ကြစမ်း"

"ကုလားပြည်က တိုက်ရိုက်လာတဲ့ အမွှေးတိုင်တွေလေ"

"အေး - ဟုတ်တယ်၊ နောက်ပြီး - ဆီမီးပူဇော်ထားတဲ့မီးခွက်ထဲက ဆီတွေကိုတော့ လေ့လာမိရဲ့လား"

"ဟင် - အင်"

"အေး - ဘိန်းမည်းတွေကို အမှုန့်လုပ်ပြီး ကုလားအမွှေးတိုင်ရောထားတာ ဘွ။ မြွေတွေကို ဆေးထိုးမထိုး မနက်ဖြန် စောင့်ပြီးဖမ်းရမယ်"

လူဆိုးထိန်း မောင်ကြီးက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။

"ဟယ် - ဟုတ်တယ်ဟ၊ စိမ်းရွှေရွှေ အနံ့ကြီးတော့ အနံ့သားလို့ အောက်မေ့မိသား။ ဒါ - ဖြစ်နိုင်တယ်"

ရှင်မတောင်ငကျော်နှင့် ချစ်ပဲ့တို့ အခုမှ အံ့ဩကုန်ကြသည်။ သေချာစေ့စပ်သောမောင်ကြီး၊ လူဆိုးထိန်းမောင်ကြီးကိုလည်း ချီးကျူးသည့်အကြည့်ဖြင့် ကြည့်လိုက်ကြသည်။

"ဆေးနာမည် ဘာတဲ့လဲ၊ ဘိန်းလို့ ခေါ်သလား"

ငကျော်က မေးလိုက်သည်။

"ပက်သဒင်း လို့ ခေါ်တယ်"

"ခင်ဗျာ"

"ငန်းမြွေဆိုတာက နဂိုတည်းကခပ်ပျင်းပျင်း အကောင်မျိုး၊ စားဖို့အစာတောင်မှ လိုက်မဖမ်းပဲ ညှို့ပြီး အနားရောက်မှ ဖမ်းယူစားသောက်တဲ့ကောင်မျိုး၊ အဲ - တစ်ခုတော့ရှိတယ်၊ သူတို့စိတ်ထလို့လိုက်ပြီဆိုရင်တော့ မြင်းတွေ့ချောင်းကူးတောင် မရှောင်ပဲ လိုက်တဲ့သတ္တဝါမျိုး။ ဒီလို တိရစ္ဆာန်မျိုးကမှ နိုင်တာ ဒါတွေ သုံး၊ မသုံး နက်ဖြန်တာ တွေ့ဆောလာပြီး စောင့်ဖမ်းကြစို့"

"ယိုးဒယား - မြန်မာနယ်စပ်ဖြစ်တဲ့ မိုင်းဝမြို့မှာ ဦးဝမ်စောကိုယ်တိုင် ဘိန်း

www.burmeseclassic.com

www.burmeseclassic.com



ချတ်စက်ရဲ့ တည်ထားတယ် ကြားရတယ်၊ ဒီစခန်းကိုဖြိုတော့ တို့တွေကြမှာပေါ့"

"အဲဒီကို ကျုပ်တို့ လိုက်ပြကြရမှာလား"

"ဘွန်တော်သွားတဲ့ နေရာတိုင်း ခင်များတို့နှစ်ယောက် လိုက်ကြရမှာပဲ"

"ဝင်းသာလိုက်တာများ၊ ဒီလိုစွန့်စားခန်းတွေမှ လုပ်ချင်တာ"

ရှင်မတောင်ကျော်က ပြောလိုက်သည်၊ တော်တော်လည်း စိတ်ဝင်စားပုံပေါ်သည်၊ ချစ်ပဲ့ကတော့ တွေဝေနေသည်၊ သားသမီးတွေနှင့် တွေ့ချင်ပုံပေါ်နေသည်၊ သို့သော် ဦးကြီးက ခေါ်လျှင် သူတို့နှစ်ယောက်စလုံး ငြင်းကြတော့ မည်မဟုတ်ကြပေ၊

"ဒါနဲ့ မရှင်းတာတစ်ခု မေးပါရစေ"

ငကျော်က မေးချင်တာကို စကားဝလွှင်ခံလိုက်သည်၊

"ဘာများလဲ - မေးပါ"

"ဇရာမရကန့် ခင်ဗျားနဲ့ အမေးအဖြေလုပ်တဲ့ စကားဝှက်ဘုရားစာတွေက ရှင်းလင်းလှချည်လား၊ အတိုင်အဖောက်ညီလှချည်လား၊ ဘယ်လိုလုပ်ပြီးမှန်နေတာလဲ၊ တိုက်ဆိုင်မှုလား၊ ရမ်းတုတ်ပြီး ဟုတ်နေတာလား"

"မင်းတို့နှစ်ယောက်က အမှောင်လမ်းမှာ စမ်းတဝါးဝါးနဲ့ လျှောက်နေကြတာဆိုတော့ စာဖတ်နည်းကြတာကိုးကွ၊ ဒါကြောင့် တို့နှစ်ယောက်ရဲ့ အမေးအဖြေကို မသိကြတာပါ၊ အမှန်ကတော့ အလွယ်ကလေးရယ်၊ ဒီအကြောင်းမင်းတို့ကို ပြောပြလို့ ကြားရရင် ဘာမှအံ့ဩမှာမဟုတ်ဘူး၊

တို့နှစ်ယောက် အမေးအဖြေ လုပ်နေတာတွေက စွယ်စုံနီတိထဲကဟာတွေကို အမေးအဖြေလုပ်နေကြတာ၊ တရားခမ္မတွေကို လိုက်စားတဲ့ သက်ကြီးရွယ်အိုတွေရဲ့ အိမ်မှာ ကတ်ထူစက္ကူ သံဝေတွေရေးပြီး ဧည့်ခန်းမှာ ကပ်ထားတတ်ကြတယ်၊ ဒီအထဲက စာတွေပဲ၊ တို့အေသပြန်ရောက်ရင် ပြမယ်၊ ငါ့ဧည့်ခန်းမှာ အဲဒီစာရွက်တွေ ကပ်ထားတယ်၊

ရန်ကုန်ရောက်တုန်းက သုံးရွက်တစ်ကျပ်နဲ့ ဝယ်လာတာ၊ ငါက ဒီစာမျိုးစုတာ ဝါသနာပါသလို ကျက်မှတ်ရာမှာလည်း ဝါသနာပါတယ်၊ ဒါကြောင့် ဘာဘိုးတော်မှ ဆည်းကပ်ကိုးကွယ်စရာ မလိုဘူး ပြောတာပေါ့၊

အခု ဇရာမရကကိုကြည့်၊ သူပိုင်စဉ်းစားဉာဏ်နဲ့ပေါတဲ့တရား မရှိဘူး မိုးကုတ်က တကယ့်တရားအစစ်တွေကို အလွတ်ရအောင် ကျက်မှတ်ပြီး မိုးကုတ်အရှားနဲ့ အလှမ်းဝေးတဲ့ ဒီတောထဲမှာ [...]ပြီး လူတွင်ကျယ်လုပ်နေတာသာ ကြည့်တော့၊ အေး - သိပ္ပံနည်းကလေး [...]နည်းသုံးရသေးတာပေါ့လေ"

လူဆိုးထိန်းမောင်ကြီးက ဂယနကာ [...]ပြလိုက်သည်၊

"အို - ဟိုး - ဒါကြောင့်ကိုး - ဟား - [...]း - တား"

ချစ်ပဲ့နှင့် ငကျော် ပြိုင်တူပြောပြီး [...]လိုက်ကြသည်၊

လူဆိုးထိန်း မောင်ကြီးနှင့် သုံး[...]ယောက်တို့သည် အခြားပရိသတ်များပါ [...]ညီဆိုသော ဝန်ဒါပင်ရိပ်သာဖရပ်တွင် [...]အိပ်ကြသည်၊ နောက်တစ်နေ့ နံနက် ([...]-၃၀) နာရီအချိန်တွင် မြွေငန်းရင် [...]ရှစ်တုသို့ လူဆိုးထိန်း မောင်ကြီး [...] သုံးယောက်တို့သည် စောစီးစွာ [...]တ်နှင့်အောင် သွားနေကြသည်၊

ထိုသော် ပြောင်ပြောင်တင်းတင်း [...]တော့သွားနေကြခြင်းမဟုတ်၊ အခြား [...]သတ်များ၏အကြားမှ ရောထွေး၍ [...]ကြခြင်းဖြစ်သည်၊ တချို့စောစော [...]ကြခြင်းမှာ မြွေများသည် ယင်းတို့ [...]ဘာ (ကိုယ်တိုင်) ရဒေသ့ရုပ်ဆင်းတု [...]သို့ တက်ခြင်းမဟုတ်ဘဲ လူများက တင်ပေးသည်ထင်၍ လာကြည့်ကြခြင်း ဖြစ်သည်၊

ခုနစ်နာရီတိတိအချိန်တွင် ငန်းမြွေကြီးနှစ်ကောင်သည် တရှောရှောနှင့် ရသေ့ဆင်းတုတော်ပေါ်သို့တက်လာကြသည်၊ ရသေ့ပေါ်သို့ ရောက်သောအခါ နေနေကျနေရာသို့ မိမိတို့ဘာသာ တန်း၍တက်သွားကြတော့၏၊ စိမ်းရွှေရွှေအနက နံနက်ပိုင်း မြွေကြီး ရောက်လာသော အချိန်တွင် ပို၍နံနေပေသည်၊ လူဆိုးထိန်းမောင်ကြီး၏ ခေါင်းမှာ မူးနောက်နောက် ဖြစ်လာသည်၊

ခုနစ်နာရီအချိန်တွင် ဇရာမရက ကြွလာသည်၊

"အားလုံး ရှိခိုးကြပါ၊ ဆရာတော် ရသေ့ ကြွလာပြီ၊ အားလုံး ထိခြင်းတြီး ဝါးပါးနဲ့အညီ ကြမ်းပြင်တိုဝပ်ပြီး ရှိခိုးကြပါ"

သံဆန်ကာအတွင်းမှ အစောင့်တအော်ဟစ်သတိပေးလိုက်သည်၊ ချစ်ပဲ့သည် လက်ဝဲဘက်မှလည်းကောင်း၊ ငကျော်သည် လကျ်ာဘက်မှလည်းကောင်း၊ လူဆိုးထိန်း မောင်ကြီးသည် အလယ်မှလည်းကောင်း ပရိသတ်များ၏ အကြားမှ နေရာအသီးသီး ယူလိုက်ကြသည်၊ မြွေနှင့် နီးနိုင်သမျှ နီးအောင်

www.burmeseclassic.com



ဘုံဆန်ကာနားကပ်၍ လှေတောထဲတွင် ရောပြီး နေရာယူလိုက်ကြသည်။

ရောမရေကလာလျှင် ထိခြင်းကြီး ငါးပါးနှင့် ရှိနိုးကြရသည်မှာ ဤမြေရိပ် သာ၏ထုံးစံဖြစ်သည်။ ဇရာမရေကတဖူး စေဆို့မှ ဖွားခြင်းကြည်ရှုကြရသည်။ ဒါမှ ရေသေလိမ်ကြီး လုပ်ချင်ရာ လုပ်ရပေ တော့သည်။

ယခုလည်းကြည့်ဦးတော့၊ ပရိသတ် အားလုံးထိခြင်းကြီးငါးပါးနှင့်အညီကြမ်း ခြင်တွင်ဝင်နေကြရသည်။ ဇရာမရေကက ပိတ်မြှုစင်ကြယ်ဝတ်စုံထဲမှ ဆေးထိုး အပ်တို့ထုတ်လိုက်သည်။ နောက်ပြီး မြေ နှစ်တောင်စလုံးတို့ဆေးထိုးလိုက်သည်။

ချစ်ပုံနှင့် မွင်စတောင်ငကျော်တို့ အဆောင်ပြေးကြသွားကြသည်။

နှစ်ဦးစလုံး လူဆိုးထိန်းမောင်ကြီး ရှိရာသို့ လှမ်းကြည့်လိုက်သည်။ လူဆိုး ထိန်းမောင်ကြီးက ထိခြင်းငါးပါးနှင့်အညီ ကြမ်းခြင်တွင် ပြားပြားဝပ်လျက် ရှိနေ သည်တို့ ပို၍အံ့သြစွာ မြင်နေကြရပြန် သည်။

ဘာမဆို ကြိုသိနေတော့တာပဲ၊ အခုကြည့်စမ်း၊ သူမသိသလိုပဲ၊ တော် တော်ဟန်ဆောင်ကောင်းတဲ့လူ၊ တော် တော်လှည့်ဖြားနိုင်တဲ့လူပဲဟု ချစ်ပုံနှင့် ငကျော်တို့က လူဆိုးထိန်းမောင်ကြီးကို မှတ်ချက်ချမိသည်။ ကောက်ချက်ချ လိုက်သည်။ ပညာရှိများတွေးပြီးကြည့်၍ ကပြောပြီးကြည့်သည်ထက်မှန်နေသည် ကို သူတို့ တွေ့မြင်လိုက်ရပေပြီ။

နောက်နေ့ထိပင် တစ်ရက်အတူ မစ်တော့၊ ရွာထဲတွင် ရပ်ဖျက်စောင့်နေ ကြသော ရဲတပ်ဖွဲ့ဝင် တပ်စိတ်တစ်စိတ် နှင့် ဘုံသုံးဆင့် မြေရိပ်သာကို ဝိုင်းလိုက် ကြသည်။ ဇရာမရေကနေထိုင်သော အထက်ဘုံသုံးဆင့်၏ ခေါင်မိုးမျက်နှာ ကျက်အိမ်များမှ ပက်သဒင်များ၊ ဆေး ထိုးအပ်များနှင့် ဘိန်းမည်းအဆီများကို တွေ့ကြရတော့သဖြင့် ရပ်ရွာလူကြီးများ ၏ ရှေ့မှာပင် ရှာဖွေပုံစံသွင်းပြီး ဖမ်းဆီး လိုက်တော့သည်။

— ○ —

ဇရာမရေက၊ မူလဆွေမျိုးဇာစ်မြစ်ကို လိုက်လိုက်သောအခါတွင် ...။

ဇရာမရေကသည် ကျိုင်းတုံမြို့သား ဖြစ်၏။ ယိုးဒယားနိုင်ငံနှင့်မြန်မာပြည်တို့ အိမ်ဦးနှင့် ကြမ်းပြင် သဘောထားတော သွားလာကူးသန်းနေသူဖြစ်သည်။ တောင်တန်းသာသနာပြုကိုယ်တော် ရှမ်းပြည်ကို တက်ရောက်သာသနာပြု ခဲ့ဦးက တစ်နှစ် ရဟန်းဝတ်ခဲ့ဖူးသည်။ နောက်ပိုင်းတွင်ဘိုးတော်များအကြောင်း လေ့လာပြီး မိမိကိုယ်တိုင်မိမိ ရသေ့ဟု ဆိုကာ ဒီဘဝသို့ ရောက်လာခြင်းဖြစ် သည်။



အဆုံးစွန်ဆုံးပြောရလျှင်ပထမရှမ်း ပြည်တုန်ကား စပယ်ယာဖြစ်ပြီး နောက် ပိုင်း ရှမ်းပြည်ဘက်တွင် မားပြလုပ်စား နေခဲ့သေးသည်။ နောက်လူသတ်မှုတစ် ခုနှင့် ထောင်ကျခဲ့ဖူးသည်။

ထောင်ထဲတွင် မြေအလမ္ဘာယ ဆရာနှင့် သိကျွမ်းခင်မင်ပြီး မြေ အလမ္ဘာယအတတ်ကို မြေကိုင်တွယ် အတတ်သည့်အတတ်ပညာကို တတ်လာ ခဲ့သည်။ ယိုးဒယားဘက်သွားစဉ်က ဘိန်းဖြူ၏ အာနိသင်ကို သိလာပြီး မြေ ကြီးသုံးကောင်ကို ဘိန်းကျွေးစနစ်ဖြင့် အုပ်ချုပ်လုပ်ကိုင်ခဲ့သည်။

ဘိန်းကို သောက်သုံးရသော မြေ များတာဒီလူကြီး ဘိန်းကျွေးသော (ဘိန်း စားရသော) အချိန်ကို မှတ်ထားပြီး အချိန်မှန်လာနေကြခြင်းဖြစ်သည်။ ရသေ့ရှုပ်တုကြီးပေါ်သို့ဒီအချိန်လာလျှင် ဒီအား ထိုးပေးမှန်းသိသဖြင့် အချိန်မှန် သာရောက်ပြီး ဘိန်းမှိန်းနေကြခြင်း ဖြစ် သေသည်။

ဒီမြွေများသည် မြန်မာပြည်ပေါက် မြွေများမဟုတ်၊ မဲဆိုင်ဒေသမှမြွေများ ဖြစ်ကြသည်။ မြန်မာပြည်သို့ ဆင်းလာ စက မြွေသုံးကောင် ပါလာသည်မှာ မှန် ၏၊ မြွေတစ်ကောင်မှာ ဆေးထိုးမှားသွား ၍ သေသွားခြင်းဖြစ်၏၊ ငှက်တော်ငှက် မှာ ဘိန်းနာကျ၍ သေသွားခြင်းဖြစ် သည်။

ရသေ့အဖွဲ့၏ တောင်းမှုကြောင့် နို့ သားသော ချင်းလူမျိုးတချို့ ဘိန်းစွဲတုန် ပြီ၊ ဇရာမရေကထံတွင် အလုပ်အတွေး ပြုနေကြသူများမှာလည်း ဘိန်းစားများ သာ ဖြစ်ကြသည်။

ပေါ်တော်မူဘုရားစတင်တွေ့ရှိခြင်း မှာလည်း ဤရသေ့လိမ် ညာခြလိုက် ခြင်းဖြစ်သည်။ အစဦးက ပေါ်လာသော ရသေ့ရုပ်ကလေးမှာ မြေလေးမှ ထုလုပ် လာခြင်းဖြစ်သည်။

ဗေဒင်ကိန်းခန်းအရအဝေးဆိုကြီး လာခြင်းမှာ ရွာတစ်ရွာမှ အဝေးဆိုတစ် ဦးအား ပိုက်ဆံအဆမတန်ပေးပြီး ခိုင်း လိုက်ခြင်းဖြစ်သည်။

နွားလှည်းများမှာ ချင်းရွာတို့၏ ဈေးအရ၊ ကျေးရွာတို့၏ ဈေးအရ (ဥပုသ်တစ်ရက်ဈေး) ဈေးရောင်းလာ ကြသော လာနေကျ အချိန်မှန် ရွာပေါင်း

www.burmeseclassic.com



စုံမှုနှားလှည်းများဖြစ်သည်။ အချိန်အခါ တိုက်၍ ဗေဒင်ဟောလိုက်ခြင်းဖြစ်သည်၊ ရိုးသားသူများ ဖြစ်ကြသည့် ရွာသူရွာသားများမှာ ဒီတိစ္ဆကို ဂရုမစိုက်လိုက်ကြ။

ညွှန်အတော်နက်၍ ကျင်းတူးထားသောရွာသားများအိမ်ရှိန်တွင် မန္တလေးမှလှုပ်လာသော ရသေ့ရုပ်တုကို အများသိအောင်တိတ်တိတ်ပုန်းမြှုပ်ထားလိုက်ခြင်းဖြစ်သည်။ နံနက်တူးကြသောအခါတွင်ဖရာမရဏကတခြားရှောင်နေပြီး မြေတူးသူများသာ သီးခြားတွေ့ရှိသယောင် လုပ်လိုက်ခြင်းဖြစ်သည်၊

ဖရာမရဏအား လူဆိုးထိန်းမောင်ကြီးက လိမ်လည်မှု ပုဒ်မ (၄၂၀)နှင့် တရားစွဲဆိုပြီး မြိုင်ဟောဝန်တရားရုံးသို့ တင်လိုက်သည်၊ မိမိကိုယ်တိုင် တရားလိုလုပ်လိုက်သည်၊

မြွေများကို သက်သေခံပစ္စည်းအဖြစ် တင်ပြသည်၊

တရားရုံးမှာပင် မြွေများ ဘိန်းပြတ်ပြီး ထိန်းမနိုင်၊ သိမ်းမရဖြစ်နေသဖြင့် သတ်ပစ်လိုက်ကြရသည်၊ ဘိန်းပစ္စည်းများ၊ ဘိန်းမည်းများပါသက်သေခံပစ္စည်းအဖြစ် တင်နိုင်သဖြင့်လည်းကောင်း၊ သက်သေနိုင်လုံသဖြင့်လည်းကောင်း၊ ရသေ့ဖရာမရဏခေါ် (စိုင်းခမ်းမော့)ခေါ်(မောင်ကျော်သာ)ခေါ်(မောင်မောင်လှစိန်)အားလိမ်လည်မှုပုဒ်မ(၄၂၀)ဖြင့်လည်းကောင်း၊ မူးယစ်ဆေးဝါး ပုဒ်မ (၇/ခ)အရလည်းကောင်း၊ ဓားပြတိုက်လူသတ်မှု (၃၂၂)အရလည်းကောင်း တရားစွဲဆို၍ ထောင်(၆)နှစ် ချလိုက်လေတော့သည်၊

ရသေ့အတုတစ်ခန်းရပ်သွားတော့သည်၊

ကျောင်းဆောင်ကြီးမှာရှ ဖရာမရဏတစ်ယောက် မြိုင်ဟောဝန်တရားရုံးတွင် တရားရင်ဆိုင်နေရိုက် နာမည်ကြီးပြီး အလိမ်ခံရသည်ကို ရှက် လှပါပြီဆိုသော အလွန်ရိုးသားပြီးရိုးဖြောင့် လုပ်တတ်သည့် ချင်းအမျိုးသားလူငယ် တို့က မီးရှို့ဖျက်ဆီးပစ်ပြီး ယင်းနေရာ လယ်ယာကိုင်းကျွန်းလုပ်၍ စိုက်ပျိုးရေး လုပ်လိုက်ကြလေတော့သတည်း။

သမ္ဘော၊ အနိစ္စ၊ သင်္ခါရ

○→ မကွေး ညိုညို



# တတိယနေ့

လွမ်းရိပ် (စလင်း)

www.burmeseclassic.com

www.burmeseclassic.com



**" ခေတ်နောက်ပြန်ဆွဲခဲ့ကြသည့် ကျေးလက်တောရွာနေ လူထု၏ ရိုးသားမှု၊ နတ်ကိုးကွယ်မှုစရိုက်တို့ကို သရော်ကာ ဟာသဆန်ဆန် နောက်ပြောင် ရေးဖွဲ့ထားခြင်းဖြစ်သည် -**

## မည်သည့်ခေတ်

မည်သည့်အချိန်ကစပြီး ဘယ်သို့သော အဓိပ္ပာယ်မျိုးနှင့် မှည့်ခေါ်ခဲ့သည်မသိ၊ ရွာတလေး၏အမည်မှာ "ရေတွင်းကုန်း"၊ တကယ်တော့ ရွာကလေးတွင် ရေတွင်းနှင့်တူတာဆို၍ မှုးလို့ရှူစရာပင် မရှိပါ၊ အနောက်ရိုးမ တစ်နေရာမှ စီးဆင်းလာသော ချေးပင်ချောင်းတလေးကို သာ အားထားသောက်သုံးနေရသည်မဟုတ် လား၊ နွေရာသီ ရေခန်းခြောက်သော ကာလများတွင် ချောင်းစပ်သဲမွမွများ တွင် လက်ယက်တွင်းကလေးများနှင့် ရေတစ်အိုးစာ တစ်နာရီလောက်ကြာ အောင် စောင့်ဆိုင်း ခပ်ယူနေရသည့် ဆင်းရဲမှုများကြားမှပင် ရေတွင်းကုန်းရွာ ကလေးအဖို့ နာမည်ကသာ အဖတ်တင် လျက်၊

မြို့ပြနှင့်မိုင်ငါးဆယ်ကျော် ကွာဝေး သော လူနေမှု၊ နွားလှည်းလမ်းတစ် ရာသီမရွေး သွား၍မရသော အခက်အခဲ ဆင်းရဲကြိုပ်တည်းလွန်းသော ဘဝအနေ အထိုင်၊ အားလုံးပေါင်းလိုက်လျှင် ရေ တွင်းကုန်းရွာကလေးသည်ခေတ်နောက် တွင် ကျချင်တိုင်း ကျနေသည်မှာ အဆန်း မဆိုသာပေ၊

တောင်ယာစိုက်ခင်းလေးများ မဖြစ်စလောက်၊ ဝါးခုတ်၊ နီးဖြာလုပ်ငန်း လေးများက ဝင်ငွေမမှန်၊ ထင်းခွေ၊ မှို ရှာရသည်ကလည်း အဆင်မပြေ၊ ရ

အားလုံး၏ ထမင်းအိုးများတွင် ပြောင်း ဆန်ရောနေရသောအဖြစ်က ကျင့်သား ရလျက်၊ ရာသီဥတုဆိုသောအရာကြီး ကလည်း သူတို့၏ ထမင်းအိုးများကို ပြောက်ချင်တိုင်းမှောက် သွန်ချင်လိုသွန်၊

သည်လိုနှင့် ဘဝကြမ်းကြမ်းများ သည် တစ်ခါတလေ အနုပညာဆန်ချင် ကြသည်၊ ဘိုးဘွားတို့လည်းအနုပညာ ဆန်ခဲ့ကြသည်၊ ယနေ့ ရေတွင်းကုန်းရွာ ကလေးသည်လည်း အနုပညာဆန်ခဲ့ပါ သည်၊ မနစ်က မိုးကလေးကလည်း မှန်၊ တောကလေးကလည်း ရဆိုတော့ ဖျင် ကြမ်းစလေးတစ်အုပ် ဆုတ်ပြီး ချုပ်ထား သော ခေါက်ရိုးကြေအကျီလေးများက သိန့်ထင်းထင်း၊ တက်ထရွှန်ပွင့်ရိုက် နင်း ခတ်ကြီးများနှင့် ဘဲကျားရိုက်ပါးကွက် လူထုကိုယ်စီ၊ ရေတွင်းကုန်းသူ အပျိုများ ကလည်း လွှတ်အမူပိုကြပေါ့၊ လုံကွင်း တွယ်သိုင်းနှင့် ကလေးငယ်များက ပြေးလွှားပျော်မဆုံးသည့်အဖြစ်၊

ဝဏ္ဏကြောင့်နည်း မေးရိုမ့်မည်၊ မှန် ပါ၊ သုံးနှစ်တစ်ခါ ကျင်းပသော ရေတွင်း ကုန်းရွာ နတ်ပွဲပေတည်း၊ ကဲ - ဘယ် လောက်အနုပညာဆန်လိုက်ပါသနည်း၊ တစ်ရွာလုံးသည် မည်မျှ ပင်ပန်းဆင်းရဲ ကြသည်ကိုပင် မေ့မေ့ပျောက်ပျောက်၊ မကြာသေးသည့်ရက်ကမှ အမေတော် ယောက်လုံးဆုံးထားသည့် "အောင်ခက်" သည်ပင်လုံကွင်းအသစ်၊ စွပ်ကျယ်အကျီ အသစ်နှင့် ပါးစပ်က နတ်ဒိုး တရွှရွှ၊

— ○ —

သည်နယ်တစ်ကြောတွင် ရေတွင်း ကုန်းရွာနှင့်တွဲလျက် နာမည်ကြီးသော အရာနှစ်ခု ရှိသည်၊ တစ်ခုမှာ ယခုတွင်း ပနေသော ရေတွင်းကုန်းရွာ ညောင်ပင် နတ်ဖြစ်သည်၊ ညောင်ပင်နတ်သည် ရေတွင်းကုန်းရွာ အနောက်ဘက်တော စပ်ညောင်ပင်ကြီးပင်၊ ထိုညောင်ပင်ကြီး တွင် အရောင်လွှင့်နေပြီဖြစ်သောတောင်း တော်စကလေးများ၊ ခြောက်သွေ့ညှိုး နွမ်းနေသော တောပန်းများနှင့် ညောင် ရေအိုးလေးများသည် ညောင်ပင်ကြီး၏ လူကြီးတစ်ရပ်စာခန့်တွင်ရှိသော နတ် ကွန်းလေးထဲတွင် သုံးနှစ်မပြည့်ချင်း ဆွေးဆွေးမြည့်မြည့်၊ သို့သော် ညောင် ပင်နတ်သည် အလွန်နတ်ကြမ်းသည်၊ တစ်ရွာလုံးသာမက တစ်နယ်လုံးတခါ ညောင်ပင်နတ်ကို ကြောက်ကြရသည်။ မရှိမသေ၊ မလေးမစား မပြုရဲကြ၊ သေလျှင်သေ၊ မသေလျှင် မရမနေကျင် ကျိုးဆိုသလောက် ညောင်ပင်နတ်က အဖမ်းအစားကြမ်းခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com

ညောင်ပင်နတ်သည် ကလေး၊ လူကြီးမရွေး၊ ဘုန်းကြီး မယ်သီလ မရှောင်၊ မှဆိုးဆို တစ်ခုလပ်မခွဲ၊ မည်သူမဆို ညောင်ပင်အောက်တွင် အလေးအပေါ့သွားရ၊

ညစ်ညမ်းစကားမပြောရ၊ တံတွေးမထွေးရ၊ စီးကရက်မသောက်ရ၊ သစ်သီးစားကြွင်းမချရ၊ ကိုယ်ဝန်သည် မဖြတ်သန်းရ၊ နှာချေ နှာဆတ် မပြုရ၊ မိန်းကလေးများ ဆံပင်ဖြန့်၍မလာရ၊ယောက်ျားလေးများ ခေါင်းတုံး တုံး၍မလာရ စသည့် စသည့် စည်းကမ်းချက်များနှင့် ညောင်ပင်နတ်သည် တန်ခိုးကောင်းခဲ့သည်၊

"ရှင်မိသတလေးတော့ ညောင်ပင်နတ်စမ်းစားလို့တဲ့၊ ဒင်းလေးက ညောင်ပင်နားမှာ အပေါ့သွားခဲ့တာဆိုပဲ"

"တဲ့ - မြစ်မှာပေါ့အေ့၊ လူကြီးမတန်မဲ့ ညောင်ပင်နတ်နားမှာ ကျွဲတွေကို ဆဲသအေ"

"ကန်တော့ပွဲနဲ့ တောင်းပန်ပါသေးတော်၊ ခွေးခြတိုယ်ဒ္ဓက ဘယ်လိုစော်ကားတာလည်းမှမသိတာ၊ အိမ်ရောက်တော့ အသက်ငွေ့ငွေ့ပဲ ပါလာတယ်"

စသည်ဖြင့် ရွာထဲတွင် ဗိုက်အောင့်တာလည်း ညောင်ပင်နတ်၊ ခေါင်းကိုက်တာလည်း ညောင်ပင်နတ်၊ အသက်ရှစ်ဆယ်ကျော်အဘွားကြီး သေတာလည် ညောင်ပင်နတ်၊ သစ်ပင်ပေါ်တက်သေ သည့်ကလေးလိမ့်ကျ၍ခြေထောက်ကျိုး တာလည်း ညောင်ပင်နတ်၊ ထစ်ခနဲ မှ လိုက်နှင့် ညောင်ပင်နတ်ကို လက်ဖ ပေးရ၊ ကန်တော့ပွဲတင်ရ၊ သားသမီးမွေ တော့လည်း ညောင်ပင်နတ်ကိုပြရသေ သည်၊ လင်မယားဖြစ်တုန်းကလည် ညောင်ပင်နတ်ကိုတင်ရသေးသည်၊ ဤ သို့ဤသို့ ညောင်ပင်နတ် တန်ခိုးထွ ပေစွ၊

— ○ —

ရေတွင်းကုန်းရွာကလေးတွ ဒုတိယနာမည်ကြီးသောအရာသည် လယ်ပိုင်းမှကိုရင်စံဒွေးဖြစ်သည်၊ကို စံဒွေးသည် အသက်လေးဆယ်ခန့်လူ ကြီး၊ မိန်းမနှစ်ပါးစလုံး မရှိတော့ဘဲ အ ညီမများနှင့် နေထိုင်သည်၊ နေမကော ခင်တ လေပြောင်းနေတတ်သည်၊ ရည်သမား၊ ထန်းရည်တင်ပဲလာ တော့ မဟုတ်ပါ၊ ချက်အရက်ကလေ လည်း တစွပ်စွပ်၊ သဘောမနောကော ပြီး အလွန်အစအနောက်သန်သူ၊

စသည့် နောက်သည့်နေရာ ရွာဦးကျောင်းဆရာတော်ကိုပင်အ မပေးခဲ့၊ တစ်မြန်နှစ် ဝါတွင်းကာလ၊ ရွာ ဦးကျောင်းဥပုသ်နေ့တွင်ကျောင်းပေါ်သို့ ကိစ္စတစ်ခုနှင့် ရောက်သွားသော ကိုရင် စံဒွေးက ကျောင်းတိုင်တွင် နှစ်ပေါင်းများစွာ ရှိနေခဲ့သော အင်္ဂလန်ဖြစ် တိုင်ကပ် နာရီကြီးကို လက်ညှိုးထိုးလျက် –

"ဘုန်းဘုန်း – နာရီကြီး ညောင်ပင်နတ်ဖမ်းစားထားတာထင်တယ် ဘုရား၊ တော်ကြာ – ဒီနားရောက် လာလိုက်၊ တော်ကြာ – ဟိုနားရောက်လာ လိုက်နဲ့ နာရီကြီး မျက်စိလည်နေတယ် ဘုရား"

ဟု အလျှောက်ကောင်းခဲ့ရာ ဆရာတော်က – တယ် – ဒီကောင်ဆိုပြီး အနား တကြိမ်လုံးကိုလှမ်းအဆွဲ၊အပြေးကောင်း ခဲ့ရှာသည်၊

နမအရင်းခေါက်ခေါက် မယ်ခင်ကို ခင် ကိုရင်စံဒွေး၏ အစအနောက်နှင့် တွေ့တတ်ခဲ့၊ အလွန်မှပင် အရှက် အကြောက်ကြီးသော နမဖြစ်သူမယ်ခင် ကိုရွာအရှေ့ပိုင်းမှ ဦးနှောက်ကျပ်မပြည့် သော ငလုံးကို မြှောက်ပင့်ပြီး – "မင်းကို မယ်ခင်က တွေ့ချင်လို့၊ ရေခပ်ဆိပ်ကို လာခဲ့တဲ့" ဆိုပြီး လွှတ်ပေးခဲ့သေးသည်၊

ဤသို့နှယ်ရေတွင်းကုန်းရွာကလေး တွင် ညောင်ပင်နတ်နှင့် ကိုရင် စံဒွေးဆို သည်မှာ သည်နှယ်တစ်ကြောတွင်မသိ သူမရှိ နာမည်ကြီးလှ၏၊ သုံးနှစ်ရှိမှ တစ်ကြိမ်သာ ကျင်းပသော ညောင်ပင်နတ် ပွဲသည် ဆိုင်းသံတခြိမ့်ခြိမ့်၊ နတ်ဒိုးသံ တသိမ့်သိမ့် တထိထိ၊ မြို့မှ ငှားရမ်းထား သောနတ်ကတော်၏နတ်ချင်းသံများတ လည်း လော်စပီကာ သံတဆုံးမခေါ်နိုင် မပမ်းနိုင်၊ ရွာကလေးကလည်း သုံးနှစ်ရှိ မှ တစ်ခါသာ ပျော်ခွင့် ပါးခွင့်ရရှိသော နတ်ပွဲတွင် ရှိစုမဲ့စု အတန်ထုတ်လျက် ရွာနီးချင်းမှ ဧည့်သည်များကိုဧကောင်း ဧည့်ခံကျွေးမွေးလျက်၊ လူငယ်အများစု မှာ ထန်းရည်လေး တမြမြ၊ တောအရက် နှံ့လေး တသင်းသင်း၊ မိန်းမပျိုတိုင်းမှာ လည်း လုံကွင်းသစ်၊ ရင်ဖုံးသစ်၊ သနပ်ခါး ဘဲကျားထူလပျစ်နှင့်၊ တလေးငယ်တစ် သိုက်ကတော့ အပျော်ဆုံးဟု ဘယ်သူမှ မငြင်းနိုင်၊

— ○ —

ရေတွင်းကုန်းရွာတလေး၏ ရွာ အနောက်ဘက်ညောင်ပင်နတ်တွင်းမြင် တွင် နတ်ဒိုးသံ တထိထိ၊ နတ်ချင်းသံ တဟစ်ဟစ်၊ ချွေးနံ့၊ ဖုန်နံ့၊ အငှတ်နံ့ တထောင်းထောင်း လူအစည်ကားဆုံး အချိန်၊ ပွဲကြီးပွဲငယ် အသွယ်သွယ်၊ ကြက်ကြော်ငါးကြော် အစုံစုံ၊ ယစ်ရှုရည်

www.burmeseclassic.com

www.burmeseclassic.com

ရောင်စုံအပြည့်အတင်း နတ်ပွဲခင်းကြီး၏ အနုညာအဆန်းဆုံးအချိန် (သို့မဟုတ်) ညောင်ဝင်နတ်ကို ပူဇော်ကပြနေသော နတ်တာတော်ကြီး၏အရက်ပုလင်းအဖွင့်၊ ကြွတ်တောင်လုံးကြော်ကြီးပေါ်သို့ အစြေခတ်များ တမြန်မြန်အရိုက်၊

"တော့–ဒါညောင်ဝင်နတ်တဲ့ပေါ့"

ဆိုသော အသံနတ်ကြီးသည် နတ်နှီးသံများကိုဝင် ကျော်လွှန်၍ ပွဲခင်းတစ်နေရာမှထွက်ပေါ်လာသည်၊ ဘယ်အချိန် တဝန်းရောင်ခေါင်းပေါင်းစကိုပေါင်းထားသည်ပေါ်သော ကိုရင်စံဖွေးသည် သူ၏ ပုဆိုးစကို မ,လျှတ် ခေါင်းတခါခါ၊ လည်တယမ်းယမ်းနှင့်လူကြားထဲမှထွက်လာ ဘာနတ်ပွဲဟေးနေသောစင်ပေါ်သို့ကျော်သတ်ပြီး နတ်တာတော်၏ လက်ထဲမှ အရက်ပုလင်းကိုဆွဲယူလျှက် လက်တစ်ဖက်ကလည်း ကြွတ်ကြော်ကို လှမ်းယူလိုက်ပြီးအရက်တစ်ကျိုက်၊ ကြက်ကြော်တစ်ကိုက်နှင့် – "တဲ – သားတော် – ညောင်ဝင်နတ်ဒိုး မိုးနိုင်အောင် လက်ခွင်" ဆိုပြီးနတ်ချင်းတစ်ပုဒ်ကိုအကျအန တဲလိုက်၊ အရက်ကို ကျိုက်လိုက်၊ ကြက်ကြော်ကိုက်လိုက်နှင့် နတ်ကတော်မလည်း မြေမကိုင်မိ၊ လက်မကိုင်မိ လွှတ်ထားလိုက်ရသည့်အဖြေ၊

ငါ ညောင်ပင်စံဖွေးနတ်က ဆက်လက်တာဝန်ယူ ကြည့်ရှုမယ်။ မင်းတို့က ငါ့ကို လေးလေးစားစား၊ ဆက်ဆံကြ၊ ဟုတ်ပြီလား။ ငါ့ရဲ့ ညောင်ပင်အောက်ကို ဘယ်သူမဆို ရောက်လာရင် "ခွေးမသား" လို့ သုံးခါဆဲရမယ်။ အဲသလို မလုပ်ရင်တော့ ငါ့အကြောင်း သိရမှာပေါ့။ ကိစ္စတစ်ခုခု ရှိလို့ အလိုပြည့်ချင်ရင် ငါ့ညောင်ပင်ကို သေးနဲ့ ငေါ့ပန်းရမယ်၊ ဟုတ်ပြီလား။ မှတ်မိကြတယ်နော်။ အခုချိန်ကစပြီး ငါ ညောင်ပင်စံဖွေးနတ်။



သုံးနှစ်ကြာမှ တစ်ကြိမ်၊ ထိုတစ်ကြိမ်တွင် သုံးရက်တိတိ ကျင်းပရသော ညောင်ပင်နတ်ပွဲ၏အစပထမနေ့ပွဲသည် ကိုရင်စံဖွေး၏ပွဲလုံးလုံးဖြစ်သွားရသည်၊ အားလုံးက ခပ်တည်တည်ဝင်လုပ်သွားသော ကိုရင်စံဖွေးကို သိသိကြီးနှင့် ရယ်နေအခတ်၊ စိတ်ဆိုးရအခက်နှင့်၊ လူကြီးသူများကတော့ – "ဒီကလေးနယ် – ဆေရာ နောက်စရာ ဒီလောက်ရှားရသလားလို့မတော် – ညောင်ပင်နတ်ဖမ်းစားလိုက်မှဖြင့်" ဆိုပြီး ရင်တမမနှင့်၊

— ○ —

နောက်နေ့ မနက်လည်းရောက်ရော – "ကိုရင်စံဖွေး – ညက ပိုးထိလို့ဆုံးသွားပြီ" ဆိုတဲ့သတင်းက အားလုံးကို ထိတ်လန့်တုန်လှုပ် ချောက်ချားသွားခဲ့သည်၊ "ဒီကလေးနယ် – မစကောင်း၊ နောက်ကောင်း" ဟုဆိုသည့်သူကဆို၊ "နည်းတောင်နည်းသေးတာ" ဟုညောင်ဝင်နတ်ယုံကြည်သူများကလည်းပြော၊ "နတ်မြွေကိုများ ဘာမှတ်လို့တုံး" ဆိုသည့် အယူသည်းသူများကလည်း ရှိ၊ နောက်ဆုံးမှာတော့ ကိုရင်စံဖွေး၏ အသုဘကိုချက်ချင်းကြီးချလိုက်ရသည်၊

တစ်ရွာလုံးတွင် အပျော်က တစ်ဖတ်၊ ထိတ်လန့်နေရသည့်ယုံကြည်မှုတာတစ်ဖက်နှင့် ဒုတိယနေ့ နတ်ပွဲသည် နတ်နှီးသံများသည်ပင် အထစ်ထစ်၊ နတ်ကတော်မိန်းမကြီးသည်လည်း နတ်သီချင်းများ အငေါ့ငေါ့၊

အစီအရီ ချခင်းပသထားသော အရက်ပုလင်းများသည်ညော်သို့ကြောင့်မှန်းမသိလိုက်ပဲနှင့်အဖုံးများ သူ့အလိုလို ပွင့်သွားသည်၊ ရွာခံနတ်ဝင်သည် ကြီးဒေါ်စိန်သည်လည်းတခါခါလက်တယမ်းယမ်းဖြစ်လာကာ လုံ့တွင်းကို ထစ်ချက်မ,လိုက်ပြီးနတ်တာတော်လက်ထဲမှဒိုက်ခွက်ကို လုယူလျှက် – "တဲ့ – ဒါ့ကို ဘယ်သူများ အောက်မေ့နေသလဲတဲ့" ဟု စတင်ကာ နတ်ဝင်ပူးပါလေတော့သည်၊

သေချာစွာ အသံကို နားထောင်မိလိုက်သောအခါကြီးဒေါ်စိန်၏အသံသည် ကိုရင်စံဖွေး၏အသံစစ်စစ်၊ တတယ့် ကိုရင်စံဖွေးမှ ကိုရင်စံဖွေး အားလုံးတော ထိတ်လန့်အံ့သြကြကုန်သည်၊

"ဟဲ့ – သေသေချာချာ နားထောင်ကြ၊ သေသေချာချာ မှတ်ထားကြ ကြားကြလား၊ ကဲ – ခုချိန်ကစပြီး ညောင်ဝင်နတ်မဟုတ်တော့ဘူး ညောင်ဝင်နတ်က ကျွတ်သွားပြီ ငါ့ကိုတာဝန်ပေးခဲ့တာ၊

www.burmeseclassic.com



မှတ်ထားကြ - ဟုတ်ပလား။ ငါ ညောင်ဝင်စံဒွေးနတ်ပဲ။ ကြားတယ်နော်၊ ညောင်ဝင်စံဒွေးနတ်၊ အေး - မင်းတို့ ပြေပြေလည်လည် လုပ်ကိုင်စားသောက်နိုင်အောင် ငါညောင်ဝင်စံဒွေးနတ်က ဆက်လက်ထောက်ပံ့ကူညီသွားမယ်။ မင်းတို့က ငါ့ကို လေးလေးစားစား ဆက်ဆံကြ၊ ဟုတ်ပြီလား။ ငါ့ရဲ့ညောင်ဝင်ရအောက်ကို ဘယ်သူမဆို ရောက်လာရင် "ဒွေးမသား" လို့သုံးခါဆဲရမယ်။ အဲသလိုမလုပ်ရင်တော့ ငါ့အကြောင်း သိရမှာပေါ့။ ကိစ္စတစ်ခုခုရှိလို့ အလိုပြည့်ချင်ရင် ငါ့ညောင်ဝင်ကို သေးနဲ့ ပေါ့ပန်းရမယ်၊ ဟုတ်ပြီလား။ မှတ်မိကြတယ်နော်။ အခုချိန်ကစပြီး ငါ ညောင်ဝင်စံဒွေးနတ်" လို့ ပြောနေရင်းက ကြီးဒေါ်စိန်တစ်ယောက် မေ့လဲကျသွားတော့သည်။

ဤသို့နှင့် သုံးနှစ်ရှိမှ တစ်ကြိမ်၊ တစ်ကြိမ်တျွင်းပတိုင်း သုံးရက်တိတိ ကျင်းပရသော နတ်ပွဲ၏ ဒုတိယနေ့ ညနေခင်းသည် ရေတွင်းကုန်းရွာကလေးအတွက် အံ့အံ့သြသြ။

— ○ —

"ဟေ့ - မင်းတို့ကိစ္စတွေကို ဘုန်းကြီးကို ဆွဲမထည့်ပါနဲ့ကွာ" ဟု ရွာဦးကျောင်းဆရာတော်က ငြင်းဆိုလိုက်သည်။ ရပ်ရွာလူကြီးများကလည်း ဆုံးဖြတ်ရခက်ခက်၊ နတ်ကတော်ကိုယ်၌ကလည်း အပြတ်မပြောရဲ၊ တစ်ရွာလုံးကလည်း ဇဝေဇဝါနှင့်၊ သို့ပေမဲ့ ရေတွင်းကုန်းရွာကလေးအဖို့ တတိယနေ့ နတ်ပွဲကိုတော့ ကျင်းပရပေမည်။ မည်သည့်နည်းနှင့်မျှ ငြင်းပယ်၍မရ၊ ကိုရင်စံဒွေးနှင့် အခင်မင်ဆုံးဟု ပြောလျှင်လည်းရ၊ သောက်ဖော်စားဖက် အရင်းခေါက်ခေါက်ကြီးလည်းဖြစ်သော သောင်းဝင်း၏ပါးစပ်မှ "ဒွေးမသားနတ်ကွာ" ဆိုသော စကားသံကိုအားလုံးကြားလိုက်ရသည်။

○→ လွမ်းရိပ် (စလင်း)

# မြောင်းဦးနှင့်စမ်းချောင်း ဂါမဝတ်



www.burmeseclassic.com

www.burmeseclassic.com

" မိမိတစ်သက်တာ မြတ်နိုးတွယ်တာစွာ သိုဝှက်ထားသော ပစ္စည်းကလေး ရုတ်တရက် ပျောက်ကွယ်သွားသောအခါ ...

## သည်အချိန်

ရောက်ပြီဆိုလျှင် လုပ်ငန်းနစ်ခုက ချိန်းဆိုထားခြင်းမရှိပါဘဲ လာလာပြီး တိုက်ဆိုင်နေတော့သည်၊ ပထမတစ်ခုက ဦးစစ်မြိုင်၏ နေ့စဉ်ပြုလုပ်နေကျ လမ်းလျှောက်လုပ်ငန်းဖြစ်ပြီး နောက်တစ်ခုကတော့ ကိုတာတော့နှင့် ကိုပေါ်သန့်တို့ နှစ်ယောက်၏ လတ်ဖက်ရည်ဆိုင်ထိုင်ခြင်းလုပ်ငန်းပင်ဖြစ်သည်။

ညနေ (၅) နာရီခွဲလောက်ရှိပြီဆိုလျှင် လတ်ဖက်ရည်သမားနှစ်ယောက်က "စိမ်းလဲ့မေ" ၌ လာရောက်ကမ်းကပ်ကြခြင်းဖြစ်သလို ထိုအချိန်ရောက်တိုင်း လမ်းလျှောက်သမားကလည်း စိမ်းလဲ့မေရှေ့ကနေ တုတ်ကောက်တယမ်းယမ်းနှင့် ဖြတ်သန်းချီတက်သွားမြဲပင်။

မြင်ပါများ၊ တွေ့ပါများလျှင် ထိုသူနှင့်ပတ်သက်၍ ပြောဆိုဝေဖန်မိတတ်ကြသည်မှာ လူ့သဘာဝတစ်ခုပင်ဖြစ်သည်။ ကိုတာကျော်တို့နှစ်ယောက်ကလည်း ဦးစစ်မြိုင်နှင့်ပတ်သက်သည့်အကြောင်းချင်းရာတို့ကို နီးနောပြောဆိုမိသည့်အခါများ ရှိလာခဲ့သည်။

"ဟေ့ - ကိုပေါ်သန့် - ဒီဘိုးတော်တော်တော်မှန်တယ်နော်။ မိုးရွာတဲ့ရက်တွေမှာတောင် လမ်းလျှောက်မဖျက်ဘူး။ ဒါကြောင့်လည်း ဒီလောက်တောင် မာတာနေမှာ ..."

"ဟုတ်တယ်၊ မာရုံတင်မကဘူး၊ သူ့ကြည့်ရတာ အမြဲတမ်းလူငယ်တစ်ယောက်လိုပဲ၊ ဘယ်အချိန်ဖြစ်ဖြစ် လန်းဆန်းနေစိုပြေနေတာချည်းပဲ။ အသက်ကျတော့ ကျွန်တော်တို့အဖေထက် နှစ်နှစ်လောက်တောင် ကြီးသေးတယ်၊ ကျွန်တော့်အဖေကသာ သူ့လိုခေါင်းချိမောင်း နဲ့ လမ်းလျှောက်နိုင်ဖို့ဝေး၊ ဈေးနဲ့အိမ်နဲ့ လောက် လျှောက်ရရင်တောင် ခါးကညည်းနေပြီ"

"လမ်းလျှောက်ခြင်းဟာ ဆေးတစ်ခွက်ဖြစ်တယ်၊ ရောဂါအတော်များများကို ပျောက်သွားနိုင်တယ်ဆိုတဲ့စကားဟာ အတော်မှန်နေတဲ့သဘောပဲ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ဒီဘိုးတော်ကိုတစ်ခုခုတော့ ပိုနေတယ်လို့ ထင်နေမိတယ်၊ သူ့ဒီလောက်ရွှင်လန်းနေတာဟာ လမ်းလျှောက်တာနဲ့တင်မကဘဲ တခြားတစ်ခုခုရှိလိမ့်ဦးမယ်လို့ ထင်နေမိတယ်"

"ဘာလဲ - မဟာဩသဓဆေးတစ်မျိုးမျိုးကို ဒီဘိုးတော်ကြီးမှီဝဲနေတယ်လို့ ခင်ဗျားက ထင်တာလား"

"ဒါလည်း ဖြစ်ချင် ဖြစ်နိုင်တာပဲ၊ ဆေးစွမ်းကောင်းတစ်မျိုးမျိုးပေါ့ဗျာ၊ အဲလိုဆေးမျိုးကို မထင်မှတ်ဘဲ ရထားတာမျိုးလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဆိုလိုတာက အဲဒါတစ်ခုထဲတော့ မဟုတ်ဘူးဗျ၊ စိတ်ဓာတ်အင်အားလူကို နုပျိုပြီး အသက်ရှည်စေတဲ့အကြောင်းတရားတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ စိတ်ဓာတ်အင်အား၊ အဲဒါကိုပါ ကျွန်တော်က ထည့်တွက်ထားတာပါ၊ ဥပမာဆိုကြပါစို့၊ ဒီဘိုးတော်ကြီးရဲ့မိန်းမက သူ့ထက် အသက်အစိတ်လောက် ငယ်တယ်လို့ သိရတယ်၊ ဒီတော့ - ငယ်တဲ့မိန်းမနဲ့ ပေါင်းသင်းနေရတာမို့ သူကိုယ်တိုင် စိတ်ရောကိုယ်ပါ မိန်းမနဲ့ တန်းညှိပြီး နေထိုင်ပေါင်းသင်းရာက အမှန်တကယ် ငယ်သွား နုသွားတာများ ဖြစ်နေရော့သလား၊ စဉ်းစားကြည့်ပေါ့ဗျာ"

"အင်း - ဒါလည်းဖြစ်နိုင်ပါတယ်၊ စိတ်ဟာ စွမ်းအင်တစ်ခုပဲ၊ ကောင်းအားတစ်ခုပဲလေ၊ စိတ်ခေါင်လို့ရှုပ်ထောင်းနေတဲ့ ဘိုးတော်ဘွားတော်ကြီးတွေ၊ ကျော်ကြားတဲ့အနုပညာရှင်ကြီးတွေ၊ အဲဒီ့ပုဂ္ဂိုလ်တွေကို ကြည့်လေ၊ သူတို့တိုစိတ်က မောင်းပေးနေတာ၊ အဲဒီ့မောင်းအားတွေကြောင့်လည်း လောကကြီးထဲမှာ တွေထဲကနေ ဘယ်တော့မှ နတ်ထွက်ဖို့ မစဉ်းစားဘဲ ဆက်နွှဲနေကြတာ၊ ဆက်ကြဲနေကြတာ၊ ဘာမှမောင်းအားမရှိတဲ့သူတွေကျတော့ လုံးဝရှုံးနိမ့်သွားပြီ လုံးဝတုံးလုံးပက်လက်ပဲ၊ ဘာကြောင့်ဆို အဲဒီ့မောင်းအားတွေကို ဖြစ်ပေါ်စေတဲ့

www.burmeseclassic.com

www.burmeseclassic.com

စွမ်းအင်တွေ၊ လောင်စာတွေက သူတို့မှာ ရှိမှမရှိဘဲ၊ အားလုံးခန်းခြောက်နေတာ တိုး"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ခင်ဗျား ပြောမှပဲ ပိုရှင်းသွားတော့တယ်၊ ကျွန်တော်ဆိုလိုချင်တာလည်း အဲဒါပါပဲ၊ ခင်ဗျားပြောတဲ့စွမ်းအင်နဲ့ မောင်းအားပေါ့၊ ဒီဦးစစ်မြိုင်ဆိုတဲ့ ဘိုးတော်ကြီးလည်း ခုလောက် မာန၊ မာနေ၊ လန်းနေ၊ ထွတ်နေတာဟာ အဲဒါကြောင့်ပဲလို့ ကျွန်တော် သေချာပေါက်ပြောနိုင်တယ်၊ ဒါပေမဲ့ - အဲဒါက တစ်ခုခုတော့ တစ်ခုခုပဲလို့ ပြောနိုင်တာကလွဲပြီး ဒီဥစ္စာပဲရယ်လို့တော့ ဆွဲထုတ်မပြနိုင်ဘူးပေါ့"

— ○ —

အထက်က လူနှစ်ယောက်၏ အနမာနမှန်းဆချက်မှာ သွေးထွက်အောင်မှန်ပါသည်၊ ထိုသို့မှန်အောင်မှန်းနိုင်သည့်အတွက်ပင် သူတို့က တကယ်တော်ကြပါပေသည်၊

ဟုတ်သည်၊ မှန်သည်၊ ဦးစစ်မြိုင်တစ်ယောက်အသက်နှင့်မလိုက်အောင် နုပျိုနေရသည်မှာ အကြောင်းရှိသည်၊ တစ်နည်းအားဖြင့် သူ၏မောင်းအားတွေ ယခုလို သွက်လက်ထက်မြက်နေရခြင်း၌ ပဓာနကျသော စွမ်းအင်တွေ၊ လောင်စာတွေ ရှိသည်၊ အထက်က လူနှစ်ယောက်မှာ အနီးစပ်ဆုံးတော့ မှန်းဆနိုင်ပါပေရဲ့၊ သို့ပြား "တစ်ခုခုတော့ တစ်ခုခုပဲ" ဆိုတာလောက်နှင့်ပင် ပြီးသွားသည်၊ ဒါထက်မပိုနိုင်၊ တကယ်တော့၊ ဦးစစ်မြိုင်ကြီးကို စွမ်းအားတွေ အမြဲတမ်းတန်းတင်နေအောင်၊ ပြည့်နေအောင် ဖြည့်ဆည်းပေးနေသည့်အရာကို အတိအကျ ထုတ်ပြရမည်ဆိုပါက ....၊

အခြားမဟုတ်ပါ၊ ဦးစစ်မြိုင်ကြီး တစ်ပတ်တစ်ခါလောက် မှန်မှန်မှီဝဲနေသည့် မဟာသြသဓဆေးကြီးက အခြားမဟုတ်ပါ၊ သူ၏ရေချိုးခန်းထဲက ကျောက်ပြားကြီးအောက်တွင်ရှိသော အရာဝတ္ထုပင်ဖြစ်သည်၊ သူက ထိုအရာဝတ္ထုကို ဆိုခဲ့သည့်အတိုင်း တစ်ပတ်တစ်ခါလောက် မှန်မှန်ကြီး သွားရောက်ကြည့်ရှုသည်၊ ထိုသို့ကြည့်ရှုခြင်းကပင် သူ၏ အသက်ရှည်နုပျိုဆေးကြီးအား မှီဝဲခြင်း မည်ပေတော့သည်၊

ထပ်ဆင့်ရှင်းပြပါဦးမည်၊ ရှင်းပြရာတွင်လည်း သူ၏လုပ်ငန်းစဉ်အတိုင်း ရှင်းပြမှဖြစ်မည်၊ ဤတွင် ပထမဆုံးနှင့် အရေးအကြီးဆုံးက သူ၏လျှပ်ရှားမှုကို ...ည်သူမျှမြင်တွေ့မသွားဖို့ပင်ဖြစ်သည်၊ ...ို့ကြောင့် သူက အရင်ဆုံး ပတ်ဝန်းကျင်ကို အကဲခတ်မည်၊ လူရိပ်လူခြည်ရှင်းပြီ ...ိုတာ သေချာပြီဆိုတော့မှ သူ ရေချိုးခန်းထဲကို လှစ်ခနဲဝင်သွားမည်၊ ပြီးလျှင် ...အတွင်းမှ ချက်ချထားလိုက်ပြီး သူ့လှုပ်...ရှားမှုကို စတင်မည်၊ လုပ်ငန်းက အစမှ ...အဆုံးတိုင် သိပ်ကြာမြင့်လှသည်တော့ ...ဟုတ်ပါ၊ ဦးစွာ ရေစည်ဘောမှာ ရေချိုး...အဖြစ် ချခင်းထားသည့် ကျောက်ပြား...ကြီးကို ဆွဲလှန်လိုက်မည်၊ ကျောက်ပြား...သုံးလက်မလောက်ထူပြီး နှစ်ပေပတ်...သည်လောက် ကျယ်သည်၊ မိမိခွန်အား...နှင့် မြေနိုင်လက်နိုင်ဖြစ်အောင် သည်...အရွယ်အစားကို ရွေးချယ်ထားခြင်းဖြစ်...သည်၊

ကျောက်ပြားကို လှန်ပြီးပါက ...အောက်တွင်ခင်းထားသည့် သဲပြင်က ...ပေါ်လာမည်၊ ထိုသဲပြင်ပေါ်မှာ လေး...ထောင့်စပ်စပ်ကျောက်ပြားရာကြီး ထင်...နေလိမ့်မည်၊ ထိုလေးထောင့်ကွက်၏ ...အလယ်တည့်တည့်ကို လက်ဖြင့် ယက်...ထုတ်လိုက်မည်၊ သဲများကို တစ်မိုက်...လောက် ယက်ထုတ်ပြီးသောအခါ ပုံမှန်...အတိုင်းအောက်မှသံသေတ္တာ၏အဖုံးကို ...ပေါ်သွားလိမ့်မည်၊ သံသေတ္တာက လည်း ခပ်သေးသေးကလေးသာဖြစ်သည်၊ သေတ္တာ၏အဖုံးကိုအလွယ်တကူပင် ဆွဲဖွင့်၍ရသည်၊ ဆိုကြပါစို့၊ သေတ္တာအဖုံးကို ဆွဲဖွင့်လိုက်ပြီ၊ ထိုအခါ ...၊

သံသေတ္တာထဲမှာ နောက်ထပ် သံဘူးဝိုင်းဝိုင်းကလေးတစ်လုံးကို ထပ်တွေ့ရဦးမည်ဖြစ်သည်၊ ဝိုင်းအိုလတ်ပေါင်ဒါဘူးအရွယ် သံဘူးဝိုင်းဝိုင်းကလေး၊ ထို ဘူးတလေးကို ဆွဲထုတ်အသင့်ချထားသည့်ရေဇလားတွင်လတ်ဆေး၊ ပြီးဘူးကလေးကိုအသာလှည့်ဖွင့်ဘူးကလေး အဖုံးပွင့်သွားသည်နှင့် အထဲက သူ့ရှာတ်စာတွေတာ ဝင်းဝင်းထိန်နေသလို ဦးစစ်မြိုင်မျက်နှာကြီးတာလည်း ဝင်းဝင်းထိန်၊

အထဲမှာကျွဲရွှေတိုရွှေစတွေ၊ ဦးစစ်မြိုင် နှစ်ပေါင်းများစွာ စုဆောင်းလာခဲ့သည့် ရွှေတိုရွှေစတွေ၊ သည်ရွှေတွေတာပင် ဦးစစ်မြိုင်၏အသက်ဖြစ်သည်၊ ခွန်အားဖြစ်သည်၊ ဒါတွေကို မြင်လိုက်ရသည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး ဘာအာဟာရမှမှီဝဲစရာမလိုဘဲအလိုလိုအားအင်တွေပြည့်ဖြိုးသွားရမြဲဖြစ်သည်၊ ကိုယ့်မှာ ရွှေရှိနေလျှင်၊ ငွေရှိနေလျှင် ဘာမှမတားဘဲနှင့် အလိုလိုဗိုက်ပြည့်နေသည်ဆိုသည့်စကားမှာ ဦးစစ်မြိုင်အတွက် အတိ

www.burmeseclassic.com

www.burmeseclassic.com

အတာ့ပင် မှန်ကန်သည်၊ သည်ရွှေတွေ ရှိနေသည့်အတွက် မိမိကိုယ်ကိုယ် အမြဲတမ်း လုံခြုံမှုရှိသလို ခံစားရသည်။ ယုံကြည်မှုအပေါင်းနှင့်လည်း ပြည့်စုံနေသည်။ တွေးနိုင်သမျှအရာရာ စိတ်ချလက်ချ ပြုနိုင်သည်လို့အနာဂတ်အတွက်လည်း သာယာမှုမျှော်လင့်ထားလျက်ရှိသည်၊

တစ်ဝတ်တစ်ခါလောက် သည်ရွှေတွေကို ထုတ်ထုတ်ပြီးကြည့်၊ ကြည့်ပြီးတော့ အားရွှင်လန်း၊ သည်ကမှတစ်ဆင့်ဘာအဖုအပင်၊ဘာအကြောင့်အကျမှ မရှိသည့်ဘဝမှာ အနာရောဂါတွေလဲ တင်းစင်၊ ကိုယ်စိတ်နှစ်ပါးလုံး သောကမှန်လျှင် တင်းဝေးပြီး အချိန်တိုင်း ပျော်ရွှင်နေရခြင်းပင် ဖြစ်တော့သည်၊

ဦးစစ်မြိုင်ကြီးတစ်ယောက် ဘာကြောင့် ဒီလောက်တောင် မောင်းအားတွေတောင်းနေပါလိမ့်၊ စွမ်းအင်တစ်ခုခုတော့ ရှိကို ရှိရမည်ဆိုပြီး ဟိုလူနစ်ယောက် ဆွေးနွေးတင်ပြသွားခဲ့သည့် ပုဏ္ဏာတစ်ပုဒ်၏အခြေမှာ ဤသည်တို့ပင်ဖြစ်တော့သည်၊

— ○ —

တစ်နေ့မှာပေါ့။

ကိုတာကျော်နှင့် ကိုပေါ်သန့်တို့နှစ်ယောက်က ဦးစစ်မြိုင်နှင့်ပတ်သက်၍ လောင်စာတွေပြည့်ဖြိုး၊ မောင်းအားတွေတိုးမြှင့်နေရခြင်းကိစ္စကို သတိလည်း သတိပြုမိ၊ ဝေဖန်လည်း ဝေဖန်မိကြသလို၊

အခြားမျက်နှာစာတစ်ဖက်မှာတော့ လောင်စာတွေ ကုန်ခန်း၊ စွမ်းအင်တွေထိုးကျပြီး မောင်းအားတွေ ကယိမ်းကယိုင်နှင့် ချည့်ချည့်နဲ့နဲ့ဖြစ်သွားရသော တစ်ယောက်သောသူအကြောင်းကိုလူတချို့က သိလည်း သိရှိ၊ ပြစ်လည်း ပြစ်တင်ခြင်းများပြုလျက်ရှိကြသည်၊

သူကား ဖဲသမား မိုးသိန်းပင် ဖြစ်သည်၊ ခုတစ်လော – မိုးသိန်း ဖဲတွေနှင့်ကန်ရှုံးနေသည်၊ ထို့ကြောင့် မိန်းမအိမ်လည်း ကပ်လို့မရ၊ မိဘအိမ်လည်း ဝင်၍မလွယ်ဖြစ်လျက်ရှိသည်၊ သည်လိုမဖြစ်ဘဲနေပါ့မလား။ ဤအိမ်ထိုအိမ်တို့ကနေမိုးသိန်း ဓိတ္တရှာ ယူရောင်းပြီး ဖဲရှုံးတာသည် မှာ များလှ ပါပကောလား။ ဒါကြောင့် – မိုးသိန်းကိုမိန်းမက မောင်းနှင်ထားသလို၊ မိဘတွေကပါ ကြဉ်ထားကြသည်။ မိုးသိန်းမှာဖြစ်သလိုနေ၊ ကြုံသလိုစားဘဝသို့ရောက်နေရသည်၊ ညစ်ညစ်ထေးထေး၊ ညင်းညင်းသိုးသိုး၊ ဟိုလိုသည်ထိုးပုံစံမျိုးကြီးဖြစ်နေသော မိုးသိန်းကိုကြည့်ကာအော့ကြောလန်သူလန်ကြသည်၊ ပြစ်တင်ရှုပ်ချကာ နှာခေါင်းရှုံ့သူရှိကြသည်၊

သည်လိုနှင့်ပင် ဆန့်ကျင်ဘက်အသိုလ်နှစ်ဦး၏မထင်မှတ်သောဆုံစည်းမှုက မကြာမတင်မီ ဖြစ်ပေါ်လာခဲ့ရခြင်းသည်းဖြစ်သည်၊

— ○ —

ဖြစ်ချင်တော့ထိုနေ့တွင်မိုးသိန်းက ဦးစစ်မြိုင်၏ ရေချိုးခန်းဘေးမှာ လာချောင်းထိုးအိပ်နေခြင်းဖြစ်သည်၊ ရေချိုးခန်းက အိမ်နှင့် ကိုက်(၃၀)ခန့်အကွာအတံတင်အနီးမှာ တည်ရှိသည်၊ ရေချိုးခန်းကို ကတ္တရာပုံးခွံအပြားများဖြင့် ပတ်သည်တာရံထားသည်၊ အပေါ်မှာတော့ အမိုးမရှိပါ၊ သို့ဖြား မန်ကျည်းပင်တစ်ပင်အောက်မှာ ဆောက်လုပ်ထားခြင်းဖြစ်သဖြင့် အလိုအလျောက် အရိပ်ရပြီးသားတော့ ဖြစ်နေသည်၊

တကယ်တော့ – ဦးစစ်မြိုင်က သူ့အသက်ဘူးကလေးကို သူ့အိမ်တွင် နေရာနှံစုံအောင် လျှောက်ဝှက်ထားခဲ့ဖူးသည်၊ သို့သော် သူမှာ ဘယ်နေရာကိုမှ စိတ်ချလက်ချမဖြစ်မိပေ။ ဘယ်နေရာမှာဝှက်ထားဝှက်ထား၊ သူခိုးရန်က ကင်းလိမ့်မည်ဟု သူ မထင်ပေ။ သူ့နည်းက ကိုယ့်ပစ္စည်းကိုကိုယ့်ဘာသာဝှက်ထားပြီး ကိုယ့်ဘာသာပင် စိတ်ထဲက ပြန်နိုးကြည့်သည်၊ ထိုအခါဘယ်တော့မှ လုံခြုံမှုမရှိဘဲ ခိုး၍ရနေသလိုချည်းစိတ်ထဲမှာ ဖြစ်နေသည်၊ ထင်နေသည်၊ သို့နှင့် နောက်ဆုံးလည်း နောက်ဆုံးအကြံ၊ အကောင်းဆုံးလည်း အကောင်းဆုံးအကြံအဖြစ် မြေကြီးထဲ ထည့်မြှုပ်သည့် အစီအစဉ်ကို သူ ရွေးချယ်လိုက်ခြင်းဖြစ်သည်၊

တစ်ခါ မြေကြီးထဲ မြှုပ်ထားတာတသူခိုးရန်ကိုတော့ ဟုတ်ပြီ၊ ပြိုင်ပြိုပဲထားမီးရေးထင်းရေးကျတော့ ကြောက်လာရပြန်သည်၊ မသိတာ အိမ်မီးလောင်သွားပါက သည်ပစ္စည်းတွေပါအရည်ပျော်ပြီး ဆုံးရှုံးသွားပါကော့မတော်ပါသလောတုကြံဖန်စိုးရိမ်လာမိပြန်သည်၊ သို့နှင့်ဝင် သူ့အသက်ဘူးကို ယခင်အိမ်တွင်းမှာ မြှုပ်နှံထားရာက ယခု သူ၏ဘူမိနက်သန်ဖြစ်ရာ ရေချိုးခန်းဆီသို့ ထပ်မံပြောင်းရွှေ့ပြီး မြှုပ်နှံခဲ့ရခြင်းဖြစ်သည်၊

ဆိုတော့ကာ အဲသည်နေ့ (သို့မဟုတ်) ဦးစစ်မြိုင် အသက်ရှည်ဆေးမှီဝဲသောနေ့တွင်မှ မိုးသိန်းဆိုသော အကောင်ကလည်း ရေန်ကျည်းဝင် အောက်က ရေချိုးခန်းဘေးမှာ လာအိပ်

www.burmeseclassic.com

မိလျှက်သား ဖြစ်နေသည်၊ ဆိုခဲ့သည့်အတိုင်း မိုးသိန်းက ငပေ၊ ကြံ့သလိုနေ၊ ကြံ့သလိုစား၊ တွေ့ရာထိုးအိပ်ဆိုတော့ အဲသည်နေ့တလည်း အရက်ကလေးတစေ့တွေ့နှင့်ခြံစည်းရိုးကိုဖြဝင်လာပြီး အရိပ်ကောင်းရာ မန်ကျည်းပင်အောက်မှာလာ ခွေအိပ်နေခြင်းဝင်၊

ခေါင်းထုတ်ကြည့်သူလည်း မရှိ၊ တောင်ကြည့်ခွေးလည်း မရှိလေသည်မို့ ဘုစိတခွလာခြေဆွဲရာပေါ်မှာ မိုးသိန်းနှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားသည်၊ အိပ်ပြီး တစ်နာရီလောက်အကြာ အိပ်ရေးတွေ၊ ဘာတွေလည်း ဝလောက်ပြီဆိုသည့်အချိန်လောက်မှာ၊

"ခုတ်-ခုတ်-ခုတ်-ခုတ်"

အဲသည်အသံတွေက ထွက်မပေါ်လာသည်မို့ မိုးသိန်းမျက်နှာပွင့်သွားသည်၊ အသံလာရာ ရေချိုးခန်းဘက်ကို မျက်နှာလှည့်လိုက်မိသည်၊ ထိုမျှမက တဏ္ဍာရုံနှံ့အပြားပေါ်ရှိအပေါက်သေးသေးတလေးမှတစ်ဆင့်အထဲကိုအသာချောင်းကြည့် မိလျက် သားဖြစ် သွားသည်၊ စောစောကအသံမှာဦးစစ်မြိုင်က ကျောက်ပြားကိုနံရံမှာ ထောင်လိုက်စဉ်မိမိရရမဖြစ်ဘဲ ပြန်ပြီးလဲကျသွားရာမှ ထွက်ပေါ်လာသည့်အသံများဖြစ်သည်၊

လူက အမြဲတမ်း လန်းနေ၊ ရွှင်နေတော့ ရောဂါကို မေ့နေမှာပေါ့။ ဒီအခိုက်မှာ ဒီရောဂါက အသံတိတ်လူသတ်သမားဆိုတဲ့အတိုင်း အလစ်ဝင်ပြီး ထိုးနှက်သွားတဲ့သဘောပဲ။ ဘိုးတော်က စပြီး လဲကျသွားကတည်းက သတိရတယ်ဆိုရုံသာ ရှိတော့ပြီး စကားလည်း မပြောနိုင်၊ ခြေလက်တွေလည်း မလှုပ်ရှားနိုင်တော့ဘူးတဲ့။



မိုးသိန်း ချောင်းကြည့်လိုက်ချိန်မှာတော့ ဦးစစ်မြိုင်က သူ့အသက်ဘူးကို မြေကြီးထဲက ဖော်ယူပြီး ဖွင့်ကြည့်နေသည့်အခန်းသို့ ရောက်ရှိနေလေပြီ၊ ဦးစစ်မြိုင်၏ထူးခြားလှသောပုံသဏ္ဌာန်ကို မြင်ရတော့ ချောင်းကြည့်သမား မိုးသိန်း မျက်လုံးတွေ ကျယ်သွားသည်၊ အံ့လည်းအံ့သြသွားသည်၊ သည့်နောက် ဦးစစ်မြိုင်က မျက်နှာဝင်းဝင်းပြုံးပြုံးကြီးဖြင့် ဘူးထဲကို ငုံ့ကြည့်နေရင်း ပို၍အားမလို အားမရဖြစ်လာပြီး ဘူးထဲက အရာဝတ္ထုတွေကို လက်ဝါးထဲ သွန်ထည့်ကာ စိမ်ပြေနပြေ ဆက်လက်ကြည့်နေပုံကို မျက်ဝါးထင်ထင်မြင်ရပြန်တော့ မိုးသိန်းအသက်ရှူတွေ မှားသွားရတော့သည်၊ သူ့တစ်ကိုယ်လုံး အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားကာ နလုံးခုန်နှုန်းတွေလည်း မြင်းပြေးသလို မြန်ဆန်သွားရတော့သည်၊

သည့်နောက်မှာတော့ ဦးစစ်မြိုင်၏ တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ပြီးတစ်ဆင့် လှုပ်ရှားလုပ်ကိုင်ပုံတို့ကို မိုးသိန်းကသေသေချာချာလိုက်ကြည့်ပြီးမှတ်သားနေမိသည်၊ အားလုံးပြီးစီး၍ကျောက်ပြားကြီးတို့ ကျနပ်စွာကြည့်ကာ ရေချိုးခန်းထဲကနေ ဦးစစ်မြိုင် ထွက်သွားပြီဆိုတော့မှ မိုးသိန်းက သူ့ကိုယ်လုံးကို တစောင်းအနေအထားကနေ ပြန်ပြီးပက်လက်လှန်ချလိုက်သည်၊ သက်မကြီးတစ်ချက်ကိုလည်း အရှည်ကြီးချလိုက်သည်၊ သို့ပေမင့် သူ့ရင်ခုန်နှုန်းတွေကတော့ မြန်ဆန်လျက်ရှိမြဲပင်၊ သူ့စိတ်တွေကလည်း အလှုပ်ရှားကြီး လှုပ်ရှားနေမြဲပင်၊

သို့သော် အစီအမံတစ်ခု ပိုင်ပိုင်ချမှတ်ဖို့အရေးကိုတော့ သူမမေ့ပါ။ သူ့စိတ်ထဲမှာ ထိုအရေးအခင်းအတွက် လျှင်မြန်စွာ ပုံဖော်ကြည့်နေမိသည်၊ အတွက်ချကြည့်နေမိသည်၊ ဦးစွာ လတ်ရှိအချိန်ကို သူ ခန့်မှန်းသည်၊ ပြီးတော့-သူ့ခွေးအိုးသလို တိုးဝင်လာခဲ့သည့် အဝင်လမ်းကိုလည်း မှတ်သားသည်။ ပြီးလျှင် အမှောင်ရိပ်အောက်မှ အများအလွှင်းမရှိအောင် မည်ကဲ့သို့ ပိပိရိရိ၊ သေသေသပ်သပ် လုပ်ကိုင်ရမည်ဆိုသည်တို့ကိုပါ သူ့ထောင့်စေ့အောင် စဉ်းစားသည်၊

စိတ်ကူးထဲမှာအားလုံးစီစဉ်ပြီးပြီဆိုတော့မှ မြေကြီးထဲ လှူးနေရာတနေ အသာထကာပတ်ဝန်းကျင်ကိုအကဲခတ်၍ ထိုနေရာမှ ကုပ်ချောင်းချောင်းထွက်လာခဲ့သည်၊

— ၁ —

www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုတာ သာယာနေရာမှ ရုတ်တရက် ဖောက်ပြန်မှိုင်းမှုန်သွားသည့် အဖြစ်ကို မည်သူမျှ မနှစ်သက်ပါ။ ထို့အတူ စိတ်ကောင်းရှိသူမှန်ပါက လူသားတစ်ဦးတစ်ယောက်၏ အကောင်းမှ အဆိုးဖြစ်သွားပုံ ပြည့်ဝုံညီညွတ်နေရာမှ ချို့ယွင်းချွတ်ချော်သွားပုံတို့ကို မည်သူမျှလိုလားနှစ်သက်လိမ့်မည်မဟုတ်ပါ။ ယနေ့ကိုထားတော့နှင့် ကိုပေါ်သန့်တို့နှစ်ယောက် "စိမ်းလဲ့မေ" ဦးဆုံမိကြတော့ မိမိတို့နှင့်အတွဲမကျသော်လည်း ပုံမှန်ဆုံတွေ့နေတဲ့ ဦးစစ်မြိုင်ကြီးတစ်ယောက် ရုတ်တရက် "ဘတ်ဝဲ" သွားသည့်အကြောင်းကိုဝင် အံ့ဩစွာ၊ စိတ်မကောင်းစွာ ပြောဆိုနေမိကြသည်။

"အေးဗျာ၊ ဘိုးတော်ကြီးအကြောင်းကြားရတာ စိတ်မကောင်းလိုက်တာ။ ကျွန်တော်တော့ သူ တုတ်ကောက်ထောက်ထောက်နဲ့ တတ်တတ်ကြွကြွ ရှိနေတတ်သွားနေတတ်ပုံကို မျက်စိထဲကကို မထွက်ဘူး"

"ဟုတ်တယ်။ ကျွန်တော်လည်းစိတ်မကောင်းဘူး။ သူ့ဟာက ရုတ်တရက်ကြီးကို ဘိုင်းဘိုင်းလဲသွားခဲ့တာပဲဗျ"

"လေဖြတ်တဲ့ရောဂါဟာတော်တော်ကြောက်စရာ ကောင်းတယ်နော်။ အကောင်းကြီးကနေ ရုတ်ချင်းထိုးလဲသွားတတ်တာမျိုးပဲ။ ဘိုးတော်က နဂိုကတည်းက သွေးတိုးတို့၊ နှလုံးတို့ အခံရှိထားတယ်နဲ့တူပါတယ်။ လူကအမြဲတမ်းလန်းနေ၊ ရွှင်နေတော့ ရောဂါကို မေ့နေမှာပေါ့။ ဒီအခိုက်မှာ ဒီရောဂါက အသံတိတ်လူသတ်သမားဆိုတဲ့ အတိုင်း အလစ်ဝင်ပြီးထိုးနက်သွားတဲ့သဘောပဲ။ ဘိုးတော်ကစပြီးလဲကျသွားကတည်းက သတိရတယ်ဆိုရုံသာ ရှိတော့ပြီး စကားလည်း မပြောနိုင်၊ ခြေလက်တွေလည်း မလှုပ်ရှားနိုင်တော့ဘူးတဲ့"

"အင်း - တရားကျစရာပဲ။ ဒါနဲ့ ဒီဘိုးတော်ရဲ့အဖြစ်က ဟိုတစ်လောက ခင်ဗျားပြောခဲ့တဲ့ ဥပမာစကားနဲ့များ သွားပြီးတူနေဦးမလားပဲ"

"ဘာများလဲဗျ။ ဘာဥပမာလဲ"

"ဟော - ခင်ဗျားပြောခဲ့တဲ့ မောင်းအားတို့၊ စွမ်းအင်တို့ဆိုတာပေါ့၊ ကျွန်တော့်အထင် ဘိုးတော်က စွမ်းအင်တွေ ရုတ်တရက်ကုန်ခန်းသွားလို့များ မောင်းအားတွေပါ ရုတ်ချင်းရပ်တန့်မှုဖြစ်သွားလေသလားလို့ပါ"

"ဖြစ်နိုင်တယ်၊ လုံးဝဖြစ်နိုင်တယ်။ ပထမချက်က ခုနက ကျွန်တော်တို့ပြောခဲ့တဲ့အတိုင်း သူ့ရဲ့နှလုံး ဘာကြောင့် ရုတ်တရက်ကြီး ဖောက်ပြန်သွားရသလဲဆိုတာကို စဉ်းစားရမယ်။ ရုပ်ကြောင့်လား၊ စိတ်ကြောင့်လား။ ရုပ်ကြောင့်ဆိုရင် သူ့အစားအသောက် မဆင်ခြင်တာတွေ ဆေးဝါးပုံမှန်မမှီဝဲတာတွေ ပါရမယ်။ အဲ စိတ်ကြောင့်ဆိုရင်ကတော့ ရုတ်တရက် ချောက်ချားဖြစ်စေလောက်တဲ့ စိတ်ထိခိုက်စရာမျိုးနဲ့ သူကြုံခဲ့ရသလားဆိုတာ ထည့်စဉ်းစားရမယ်။ ဒါမျိုးကလည်းဖြစ်တတ်တယ်လေ။ တချို့နိုင်ငံရေးလောက၊ စီးပွားရေးလောကထဲကလူတွေ ကြမ္မာဆိုးကြောင့် ရုတ်တရက်ရှော့ဖြစ်ပြီး ဗုန်းဗုန်းလဲသွားတာတွေ အများကြီးရှိတယ်မို့လား"

"အေးဗျာ - တွေးစရာတွေကတော့ အများကြီးပေါ့။ ဘာပဲပြောပြော ဘိုးတော်ဖြစ်ပုံက ကျွန်တော်တို့ ခန့်မှန်းချက်တွေထဲက တစ်ချက်ချက်နဲ့တော့ တိုက်ဆိုင်သွားမှာ၊ အကျုံးဝင်သွားမှာ သေချာပါတယ်ဗျာ"

— ○ —

အထက်ကလူနှစ်ယောက်မှာ သာမန်လူတော်တွေပါ။ ခန့်မှန်းချက်ကို ကောင်းအောင်ပေးနိုင်ကြသည်။ သို့သော်



သည်တစ်ခါမှာလည်း သူတို့က စဉ်းစားပုံတွေးခေါ်ပုံလေး မှန်သွားတာကလွဲပြီး ဖြစ်စဉ်အပေါ် ရေရေရာရာ၊ တိတိကျကျ ဖော်ထုတ်သိရှိနိုင်စွမ်းတော့ မရှိခဲ့ကြပါပေ။

သူတို့မသိလိုက်သော အပိုင်းတွေက အတော်များသည်။ ဦးစစ်မြိုင် ရေချိုးခန်းနှင့် ကျောက်ပြား၊ သံသေတ္တာနှင့် အသက်ဘူး စသည့်အကြောင်းအရာတွေကို သူတို့က ဘာဆိုဘာမှမသိ။ သူတို့မှမဟုတ်၊ ဦးစစ်မြိုင်၏ မိသားစုဝင်တွေကပါ ဤဖြစ်ရပ်၏အရင်းအမြစ်ကို ဂယနကာ မသိကြ။ ဦးစစ်မြိုင် ရေချိုးခန်းထဲမှာ လဲကျနေမှန်းသိသိချင်း အိမ်သားတွေက အပြေးအလွှား ရောက်လာကြသည်။ ဦးစစ်မြိုင်ကို ဝိုင်းဝန်းထူမပေးကြသည်။ ထို့ပြင် လှန်ထား၊ ထောင်ထားသည့် ကျောက်ပြားကို သူတို့ တွေ့ကြရသည်။ အောက်မှာ လတ်ဖြင့် ယက်ဖော်ထားသည့် တွင်းတစ်တွင်းကို တွေ့ကြရသည်။ ဒါ့အပြင် - သူတို့ တခြားဘာမှ မသိ။ ဘယ်သိပါ့မလဲ။ ဦးစစ်မြိုင်တာ သူတစ်ဦးတည်းသာ သိရှိသော သူ့လျှို့ဝှက်ချက်ကို တခြားဘယ်သူ့ကိုမှ အသိပေးထားတာမှမဟုတ်ဘဲ။ ပြီးတော့ - လေဖြတ်ပြီး စကားပါ မပြောနိုင်တော့သည့်

www.burmeseclassic.com



အခြေအနေမျိုးရောက်သွားမှတော့ သူ့ရာဇဝင်၊ သူ့ဇာတ်လမ်းကို သူ့အိမ်သားတွေသိအောင် ပြန်ပြောပြဖို့ဆိုတာက လည်း ဖြစ်နိုင်တော့တာမှမဟုတ်ဘဲ၊

အဲ - နောက်တစ်ယောက်၊ ဘယ်သူမှ မသိကြဘူး ဘယ်သူမှ အသိမခံရသူ နောက်တစ်ဦးရှိသေးသည်၊ သူကတော့ မိုးသိန်း၊ ခုတစ်လော၊ မိုးသိန်းတစ်ယောက် ငွေတွေရှင်နေပြီး ဖိုင်းမှန်မှန်ထိုင်နေသည့်အဖြစ်ကိုလူတချို့က သတိထားမိကြသည်၊ သို့သော် မိုးသိန်း ငွေတွေ ဘယ်လိုရလာသည်ကို ဘယ်သူမှ ရေရေရာရာမသိကြ၊ ရွှေစတွေ တစ်ခုပြီး တစ်ခု လာရောင်းနေသည့်မိုးသိန်းကို အခေါင်းဆိုင်တရုတ်ကတော့ ရိပ်မိနေသည်။ ခဲ့-သူကလည်းသူ့ဗိုလ်လက်ခံပြီး ဝယ်ယူနေသည်၊ ကျန်တာသူမသိ၊ သိစရာလည်း မလို၊

လောကမှာ နာကြည်းစရာ၊ ရင်နင့်စရာတွေ များစွာပင်ရှိသည်၊ ၎င်းတို့အနက် လူတစ်ဦးအတွက် အလွန်အရေးကြီး၊ အလွန်တန်ဖိုးထားစရာ အကြောင်းအရာတစ်ခုကို အခြားလူတစ်ယောက်က မဖွယ်မရာ၊ မလေးမစား ပြုမူလိုက်ခြင်းမှာလည်း တစ်ခုအပါအဝင်ဖြစ်သည်၊ ယခုပင်ကြည့်၊ ဦးစစ်မြိုင်၏ တစ်သက်ပတ်လုံးအတွက် အလွန်တန်ဖိုးထားအလွန်မှလည်း အရေးကြီးလှသည့် ပမာနအကျဆုံး စွမ်းအင်တွေ၊ မောင်းအားတွေကို မိုးသိန်းလိုလူတစ်ယောက်က နေ့ချင်းညချင်း၊ ဖုံးပေါ်လအော၊ ဆောချင်းသောချင်း ဖြုန်းတီးပြီး သုံးစွဲပစ်နေသည့်အဖြစ်ကို ...။ ။

○→ ရဲမြတ်ထင်

## ဆေးမြီးတိုများ


**စကားထစ်လျှင်**

နံနက်တိုင်း မြင်းခွာရွက် တစ်ရွက်၊ နှစ်ရွက် စားပါ။

**စိန်စားမိလျှင်**


(၁) ကန်စွန်းရွက်ညှစ်တိုက်၊

(၂) ကန်စွန်းရွက်နှင့် ရှားရွက်ကို ဟင်းချက်စားပါ။




www.burmeseclassic.com

www.burmeseclassic.com




# မြန်ပထွေး

## စစ်သားအိုကြီးများ.....



www.burmeseclassic.com

www.burmeseclassic.com



**" ရဲဘော်ဟောင်းကြီးများ**
**တစ်ချိန်တစ်ခါက ရှေ့တန်းတွင် အသက်**
**ကြုံးပမ်းပုံ၊ အနစ်နာခံပုံ၊ ရဲဘော်များနှ**
**အရောရှိမိသားစုပမာ ရှိပုံကို ပြန်ပြော**
**သတိရသည့်ဖွတ်လမ်း**

## စမ်းမြန်ကြီး

ဦးတန့်လန့်သည် သူ၏သားဖြစ်သူ ဗိုလ်မင်းဟိန်း၏ရှေ့တန်းအတွေ့အကြုံပြောပြသည်များကိုနားစိုက်ထောင်နေသည်။ ဗိုလ်မင်းဟိန်းက အားပါးတရ ပွင့်ပွင့်လင်းလင်း ပြောသည်။ ဦးတန့်လန့်က စိတ်ဝင်စားစွာဖြင့် အာရုံစူးစိုက်နားစွင့်နေသည်။

"သားတို့က ခရီးဆက်ထွက်တော့မယ်။ ဒီအချိန် တပ်စိတ်မှူးဆရာကျော်မင်းဘာမှုနေတယ်လို့သိရတယ်။ အချိန်ရတော့ သားက ဆရာကျော်မင်းရဲ့ အခြေအနေသိရအောင် ခေါ်နိုင်းလိုက်တယ်။ ကျွန်တော့်ရှေ့ရောက်တော့ ဆရာကျော်မင်းက တော်တော်ရှဲနေပြီ။ ဒါပေမဲ့ လမ်းလျှောက်နိုင်လို့ တော်သေးရဲ့ တွေးမိတယ်။ သားက ဒီအချိန်မှာ ဘာ မပြောဘဲ "ခင်ဗျားလိုက်နိုင်လား၊ ပစ္စည်း တွေသယ်ပေးရဦးမှာလား" လို့မေးတယ် ဆရာကျော်မင်းက "ရပါတယ် - ဗိုလ်ကြီး ကို နည်းနည်းပြောပါရစေ" လို့ ဆို သားရဲ့အနားကို ကပ်လာတယ်။

ဗိုလ်မင်းဟိန်းက ခေတ္တရပ်လိုက် သည်။ ဖေဖေ ဦးကန့်လန့်က စိတ်ဝင် စားမှုကိုအကဲခတ်ပြီး ဆက်ပြောသည်

"သားက အေးအေးဆေးဆေး ပြောစရာရှိရင် ပြောပါစေဆိုပြီး ခပ်မဆိတ်နေလိုက်တယ်၊ ဆရာကျော် မင်းကအနားကပ်လာပြီးလက်ပြင်လို တဲ့အချိန်မှာ ကျွန်တော့် တပ်ခွဲအရာခံ ဗိုလ်သူရတင်မောင်ကအနားမှာရှိတယ်။ လှစ်ခနဲ ခြေတစ်လှမ်းတက်ပြီး ဆရာ ကျော်မင်းကို ထိုးလိုက်တာ ဗိုင်းခနဲ ပစ် ကျသွားတယ်၊ ဒီအချိန်မှာ ကျွန်တော် လည်း ကြောင်ကြည့်နေမိတယ်၊ ဆရာ ကျော်မင်းက ဒယီးဒယိုင်နဲ့ ထလာပြီး သတ်အကြွမှာဆရာကြီး သူရတင်မောင် က မျက်နှာတည့်တည့်ကို ထပ်ပြီး တစ် ချက်ထိုးလိုက်တယ်၊ ဆရာကျော်မင်း သည်းဖင်ထိုင်ပြုတ်ကျသွားတယ်။ ပေါင် (၁၆၀) လောက်ရှိတဲ့ ခန္ဓာကိုယ်ကြီး ဖင် ထိုင်ပစ်ကျတဲ့အထိ လက်သီးကလည်း ပြင်းဟန်တူတယ်၊ မျက်နှာမှာလည်း သွေးတွေ ရွှဲနေပြီ။ "မင်းအကြောင်း ငါ သိတယ်။ မလုပ်နဲ့ - ကျော်မင်းဒါက တပ်ခွဲမှူး" လို့ ဆရာကြီး သူရတင်မောင်က ပြောလိုက်တယ်၊ ကျော်မင်းက ဘာမှပြန် မပြောဘူး။

ဦးကန့်လန့်က သူ၏ သား ဗိုလ်မင်းဟိန်း၏ ပြောပြချက်ကို တအံ့တသြဖြစ် နေသည်။ မည်သည့်ကိုမျှ တအံ့တသြ မေးမြန်းခြင်း မပြုသော်လည်း ဗိုလ်မင်းဟိန်းက ဆက်ပြောမည့် ဇာတ်လမ်းကို စောင့်နေသည်။

"သားတို့တပ်က တပ်အသစ်လေး ဖွင့်တာ ငါးနှစ်လောက်ရှိပြီ၊ တပ်ခေါင်းစုံ က လူပေါင်းစုံတယ်၊ အရာခံဗိုလ် သူရ တင်မောင်က စစ်သားအိုကြီးတဲ့၊ တချင် (၄) က ပြောင်းလာတာလေ၊ တိုက်ပွဲရေး ချွန်နဲ့ သူရဘွဲ့ရပြီးသူ ဖြစ်တယ်၊ ဆရာ ကျော်မင်းကတော့ ဗလအားကိုးနဲ့ ... နေသူပဲ၊ သူ ပြောင်းလာတဲ့ ထစ်ဘာ ကောင်းတယ်၊ သူက မကောင်းတာ ဖေဖေရဲ့၊ ဆရာကြီး သူရတင်မောင်က ငယ်စဉ်ကလက်ဝေ့သမားမို့နိပ်နိုင်တာ၊ နို့မို့သူက ဗိုလ်မထားဘူး၊ ဗလအားကိုးနဲ့ အရာရှိကို အခုလို လုပ်ဖြီး နောက်မှ တောင်းပန်တဲ့ အလေ့အထရှိတယ်လို့ သိရတယ်၊ အရာရှိက သိတွာကျဖြီး သူ ကတော့ အရာရှိကို ထိုးရဲသူဆိုပြီး တွယ် ရာမှာ ဂုဏ်ယူတာပေါ့၊ သားကတော့ ဘာမှ မပြောလိုက်ပါဘူး၊ အားလုံး အသင့်ဖြစ်ရင် ထွက်မယ်၊ လိုက်ခဲ့လို့ဲ ပြောလိုက်တယ်၊ ဒါပေမဲ့ - တိုက်ပွဲဖြစ် တော့လည်း အားကိုးရတယ်၊ ... နဲ့ မိုက်မိုက်ကန်းကန်း လုပ်ပြတော့ဖြစ် ပြီးသားတွေမို့ကျေနပ်လိုက်ရတယ်၊ တံ ကောင်းလို့ ဖေဖေရေ စစ်သားအိုကြီး ကယ်ပေလို့ အရှက်မကွဲတာဗျ"

www.burmeseclassic.com

www.burmeseclassic.com

ဦးတန့်လန့်တ ဗိုလ်မင်းတိန်း၏ စကားဆိုလျှင် အားပါးတရ ရယ်လေသည်။ သားဖြစ်သူ၏တည်ငြိမ်အေးဆေးမှုကိုလည်း သဘောကျဟန် တူပါသည်။ ဦးတန့်လန့်တ မှတ်မှတ်ရရ ပြောပြန်သည်။

"သားကြောင့် သတိရတယ်။ ဖေဖေလည်းရဲဘော်ဘဝတ သားလိုပဲစစ်သားအိုကြီးတွေနဲ့ တွေ့ခဲ့တယ်"

"ဟုတ်လား။ ပြောပြပါဦး ဖေဖေရဲ့"

ဦးတန့်လန့်တ စကားဖြတ်ပြီး သူ၏စစ်သားဘဝ တစ်ခန်းကဏ္ဍ အတွေ့အကြုံကို ပြန်ပြောင်းပြောပြသည်။

— ○ —

၁၉၆၆ - ရန်စ်၊ မြစ်ဝကျွန်းပေါ်ဒေသ။

စစ်ကြောင်းသည်မိုးရာသီတွင် ပန်းတောကြီး၊ လည်တန်ငယ်၊ တောက်ကြွံတွင်း၊ လိုးအသားတွင်းတို့ကို ကျော်ဖြတ်ပြီး ဝါးတောတွင်းရွာသို့ ရောက်လာသည်။ မိုးထိတောင်သို့တက်ရန် တာစူလျက် ရှိသည်။ ရှေ့ပြေးတပ်စွဲ သည်။ သွက်လက်လျင်မြန်စွာရှင်းလင်းချီတက်နိုင်ရန် စီမံဆောင်ရွက်လျက် ရှိသည်။ ကျန်တပ်ခွဲ များကလည်း အစီအစဉ်အလိုက် တစ်ခွဲပြီးတစ်ခွဲ လိုက်ပါနိုင်ရန် အသင့်ရှိနေကြသည်၊ ရှေ့ပြေးတပ်ခွဲ ချီတက်သည်နှင့် ကျန်တပ်ခွဲများက လှုပ်ရှားလာကြသည်။

ရဲဘော်ကန့်လန့်ပါဝင်သော တပ်ခွဲ၏ရှေ့သို့တက်သွားသည်။ ကာဘိုင်သေနတ်မပါ။ ကျောပိုးအိတ်မပါသဖြင့် တပ်မမှူးနှင့် စစ်ဗျူဟာမှူး ကိုကျော်ဒင် ရှေ့သို့ တက်သွားခြင်းဖြစ်သည်၊ ကျောပိုးအိတ် ကိုယ်စီနှင့် တောင်ဝှေးကိုင်ထားသော တပ်မမှူးနှင့် စစ်ဗျူဟာမှူးတို့က မည်သူမှ မဆို ပုံမှန်ချီတက်လျက်ရှိသည်၊ စစ်သည်အားလုံးကား ရိက္ခာ (၇) ရက်စာ ပါရှိသော ကျောပိုးအိတ်ကိုယ်စီနှင့် ဖြစ်လေသည်၊

"ဘုတ် - ဘုတ်"

အရာရှိတပ်စုမှူးက သူ၏ ပခုံးကို တစ်စုံတစ်ခုနှင့် တို့ထိသံကြောင့် လှည့်ကြည့်သည်၊ တပ်မမှူးနှင့် မျက်နှာချင်းဆိုင်မိသည်၊ တပ်မမှူးက သူ့လွယ်ထားသော ကျောပိုးအိတ်ကို ပုတ်ပြပြီး အဓိပ္ပာယ်ရှိသော မျက်လုံးများဖြင့်ပြုံး၍ ကြည့်သည်၊ တပ်စုမှူးကနားလည်လိုက်သည်၊ သူ့မှာကျောပိုးအိတ်ပါမလာသည်ကို ပြခြင်းဖြစ်ကြောင်း သိသွားသည်။ တပ်စုမှူးက နောက်ချန်နေခဲ့သည်။ သူ၏အကူရဲဘော် အကူအညီဖြင့် ကျောပိုးအိတ်ကို အမြန်ပြင်စေသည်၊

"ဟေ့ကောင် - အလေးကြီးမထည့်နဲ့။ ကြည့်လုပ် ..."

အကူရဲဘော်ကအရာရှိ၏ခေါင်းအုံး အပါးလေးကိုစောင်ကျားဖြင့်ပတ်သည်၊ ထို့နောက် အရပ်ဝတ်တစ်စုံဖြင့် ခပ်ဖွဖွ ထုပ်ပိုးပြင်ဆင်သည်၊ ကျောပိုးအိတ် အတွင်းသို့ သွတ်သွင်းသည်၊ ကျောပိုးအိတ်က ပေါ့ပေါ့ပါးပါးနှင့် ခန့်ခန့်ညားညားရှိသည်မို့ အရာရှိက ကျေနပ်သည်၊ အရာရှိသည် ကျောပိုးအိတ်ကိုလွယ်ပြီး ရှေ့သို့ ခပ်သွက်သွက် တက်သွားလေသည်။ စစ်ကြောင်းခေတ္တရပ်နားချိန်တွင် အရာရှိက တပ်မမှူးရှေ့သို့ ရောက်သွားသည်။ အရာရှိတပ်စုမှူးကကျောပိုးအိတ် လွယ်ပြီး ခန့်ခန့်ညားညား ရပ်နေသည်။

"ဘုတ် - ဘုတ်"

တပ်စုမှူးက သူ၏ကျောပိုးအိတ်ကို ထုသံကြောင့် လှည့်ကြည့်သည်၊ တပ်မမှူးနှင့် မျက်နှာချင်းဆိုင်မိသည်၊ တပ်မမှူးက တပ်စုမှူး၏ ကျောပိုးအိတ်ကို ကိုယ်ရေးအရာရှိမှတစ်ဆင့် ဖွင့်ကြည့်စစ်ဆေးစေသည်၊ ခေါင်းအုံး၊ စောင်ကျားနှင့် အရပ်ဝတ်တစ်စုံသာ တွေ့ရသည်၊ တပ်မမှူးက သူ၏ ကျောပိုးအိတ်ကို ဖြုတ်ချစဉ် ကိုယ်ရေးအရာရှိက ဖွင့်ပြသည်၊ မြေခင်းမိုးကာကအစ အဝိုလ့်နီဖောင်း၊ စောင်၊ ခြင်ထောင်၊ အရပ်ဝတ်၊ သွားတိုက်ဆေး၊ သွားပွတ်တံအပြင် ပစ္စည်းစုံထည့်သော တိုလီမိုလီအိတ်၊ အပိုခြေအိတ်တို့ ပါလေသည်၊

တပ်မမှူးက မည်သို့မျှ မဆိုချေ။ ကိုယ်ရေးအရာရှိ ပြန်လည်ပေးသော ကျောပိုးအိတ်ကို ပေါ့ပါးစွာ ကောက်လွယ်ပြီး စစ်ကြောင်းလှုပ်ရှားမှုနှင့်အတူ ဆက်လက်ထွက်ခွာသွားသည်၊ တပ်စုမှူးက ဖရိုဖရဲဖြစ်နေသော သူ့ပစ္စည်းများနှင့်အတူ အကူရဲဘော်တတ်ရောက်လာမည့် အချိန်ကို ငုံ့လင့်စောင့်ဆိုင်းနေသည်၊ ရဲဘော်ကန်လန့်တမှ မည်သို့မျှ ပြစ်တင်မောင်းမဲခြင်းမပြုဘဲ ဆက်လက်ထွက်ခွာသွားသော တပ်မမှူးနှင့် စစ်ဗျူဟာမှူးတို့ကို တအံ့တဩကြည့်နေမိပါသည်၊

— ○ —

မိုးထိတောင်မှ ပြန်ဆင်းလာသော အခါ ရွှံ့တွေ၊ ဗွက်တွေ ပေပွနေသည်၊ ရဲဘော်ကန့်လန့်သည် သူ၏ [illegible]ဝတ်စုံနှင့် လျှော်ဖွပ်ရန် ရှိသည်[illegible]တို့ဝါးတော ကွင်းရွာအနီးရှိ ချောင်ကျချောင်းတွင်

www.burmeseclassic.com

လျှော့ဖွပ်နေသည်၊ သူ၏ စုတ်ပြတ်နေသော တောစီးဖိနပ်ကိုလည်း သန့်ရှင်းစင်ကြယ်အောင် အသေအချာ ဆေးကြောထားသည်၊ တောစီးဖိနပ်မှာ ခြေဖနိုးနေရာတွင် အသားမရှိသဖြင့် ဘတ်ထင်ဘတ်လပ်ဖြစ်နေသည်။ ဤသည်ကို အဆင်ပြေစေရန်ထိပ်ပိုင်းရာဘာအနတ်အစ်သောနေရာနှင့် ခေါင်းအုပ်နေရာကို တွယ်ချိတ်ကြိုးကြိုးတစ်ချောင်းဖြင့် ချိတ်တွယ်ထားသည်၊ တွယ်ချိတ်အကြီးစားတရွာထဲတွင် ရှာဖွေစုဆောင်း တောင်းခံလာခြင်း ဖြစ်သည်။

ရဲဘော်ကန့်လန့်တောင်ခြေအနီးသို့ ထတ်နိုင်သမျှ ကပ်သွားပြီး ရေချိုးသည်။ အခြားစစ်သည်အများစု ရေချိုးနေသော ချောင်းများနားမှာ လူများပြီး ရှုပ်ယှက်ခတ်သောကြောင့် ဖြစ်သည်၊ ထိုစဉ် သူ၏ အောက်နားရှိမလှမ်းမကမ်းနေရာတွင် လူကြီးနှစ်ဦး ရေချိုးနေသည်ကို တွေ့ရသည်၊ တပ်မမှူးနှင့် စစ်ဗျူဟာမှူးတို့ ဖြစ်လေသည်၊ ရဲဘော်ကန့်လန့်မှာ ရင်တုန်ပန်းတုန် ဖြစ်သွားသည်၊ မိမိက အထက်လူကြီးများက အောက်နေရာမှာ ဖြစ်နေသည်၊ ဆက်တိုးလျှင်လည်း တောစပ်အတွင်းသို့ ရောက်သွားမည်ဖြစ်သည်၊ ထို့ကြောင့် ကမ်းစပ်တွင်

စစ်သည်များက တအုံတကြွ ဖြစ်သွားကြသော်လည်း မည်သူကမျှ တစ်ခွန်းတစ်ပါဒမဟကြချေ။ မီးဖိုတာဝန်ကျ ရဲဘော်များက ပန်းကန်ပြားတွင် ထမင်း၊ ပဲဟင်း၊ ငါးပိကြော်၊ ကြက်ပေါင်တစ်ခြမ်း၊ အစိမ်းကြော်များကို ထည့်ပေးသည်။ တိုင်းမှူးက ထိုခွဲတမ်းအတိုင်း ရယူသည်။ ထို့နောက် စစ်သည်များ ထိုင်သော ဝါးခုံတန်းတွင် စစ်သည်များနှင့်အတူ ထိုင်သည်။



အသာကပ်ပြီး အဝတ်လျှော်ဖွပ်နေဟန်ပြုရသည်။ အမြန်ပစ္စည်းသိမ်းပြီး လတ်စအတ်လိုက်ရသည်၊ ရေချိုးမဝသေးသဖြင့် လူကြီးများ ရေချိုးပြီးသည်အထိ မိမိသေနတ်ကို ကိုင်ပြီးစောင့်နေမိသည်။

လူကြီးများက သူ၏ အပြုအမူကို မမြင်မိဟု ထင်သည်၊ သူတို့ ဂရုပြုနေသည်က ရဲဘော်ကန့်လန့်၏ တောစီးဖိနပ်အခြေအနေကိုဖြစ်သည်။ မည်သို့မျှ စကားတစ်ခွန်းတစ်ပါဒမဆိုချေ။ အရှိန်အဟုန်ကြာအောင် ရေချိုးပြီးသဖြင့် ပြန်တက်သွားကြသည်၊ သည်တော့မှ ရဲဘော်ကန့်လန့်လည်း သူ၏ တောစီးဖိနပ်နှင့် သေနတ်တို့ ကိုင်ပြီး ပြန်လာရသည်၊ ဖြစ်ကြောင်းကုန်စင်ကို သူ့တပ်စိတ်မှူးသို့ သတင်းပို့သည်။

"ဖိနပ်စုတ်စီးလို့ ပြဿနာတက်သွားပြီထင်တယ် ဆရာ"

"မင်းကလည်းပါးပါးနပ်နပ်မရှိဘူး၊ ဘာမှမတတ်နိုင်ဘူးလေ"

နောက်တစ်နေ့နံနက်ဆယ်နာရီခန့်တွင် ရတတ်ယာဉ်သံ ကြားရသည်၊ ဒေါ်ဒေါ်ဟုခေါ်သော ပုစဉ်းရင်ကွဲ ကားထိယာဉ်ကြီး ဖြစ်လေသည်၊ ထိုယာဉ်တွင် ခေါင်းစွပ်မိုးကာ ယူနီ

ဖောင်း တောစီးဖိနပ်တို့ ပါလာကြသည်။ စစ်သည်တစ်ဦးလျှင် တစ်စုံစီ ထုတ်ပေးသည်၊ အဟောင်းအသစ် လဲလှယ်ရန်မလို၊ သီးသန့်ထုတ်ပေးခြင်း ဖြစ်၏။ စစ်သည်များက စိတ်ဓာတ်တတ်ကြွလျက်ရှိသည်။

"ဟောတောင် - တန့်လန့်၊ မင်းဖိနပ်စုတ်က တန်ဖိုးရှိတယ်ကွ"

"ဟုတ်တယ် - ဆရာ၊ နောက်တစ်ခါ လုပ်ဦးမယ်"

နောက်တစ်ခါ ဖိနပ်ရဖို့ မမျှော်လင့်နဲ့၊ ကိုယ့်လူ ဘိုးတော်ထောင်ချောင်နဲ့ မိသွားမယ်၊ ဆင်ခြင်နေ"

တပ်စိတ်မှူး၏ ဩဝါဒစကားက ရဲဘော်ကန့်လန့်ကို ပါးစပ်ပိတ်သွားစေသည်၊ စိတ်ဓာတ်တက်ကြွနေသော စစ်သည်အများစုက ဗိုင်းရယ်လိုက်ကြသည်။

— ○ —

ငါးလခန့်ကြာသောအခါ တပ်ရင်းတစ်ရင်းလုံး နောက်တန်းဌာနချုပ်သို့ ပြန်ဝင်ရသည်၊ အနားယူ ပြန်လည်ဖွဲ့စည်း လေ့ကျင့်ရန် ဖြစ်သည်။ ထိုကာလအတွင်း တိုင်းမှူး လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားခံရသည်။

www.burmeseclassic.com

သတ်မှတ်ရက်မတိုင်မီတပ်ရင်းတစ်ရင်းလုံးက ကြိုတင်ပြင်ဆင်ကြသည်၊ သို့သော်ထွေထွေထူးထူးတော့မဟုတ်ချေ။ သံပြုခင်း၊ ရာဇမတ်ကာ၊ ထုံးဖြူသုတ်၊ ချုံခုတ်ရှုန်မလိုသော်လည်း စစ်ဆေးမည့်အရွာအလိုက်နှင့် လိုအပ်သည်များကိုတော့ကြိုတင်ပြင်ဆင်ထားရလေသည်။

တိုင်းမှူးက ဗိုလ်မှူးချုပ် တင်ဦး (တတန၊ တာတွယ်ရေးဦးစီးချုပ်တောင်း NLD နာယက ဦးတင်ဦး) ဖြစ်သည်။ သတ်မှတ်ရက်မတိုင်မီ သုံးရက်အလိုတွင် အရာခံသိမ်း ကြိုတင်ပြင်ဆင်ပြီး ဖြစ်သည်။ အရာရှိများက အရာရှိရိပ်သာတွင် တိုင်းမှူးကို ကြိုဆိုမည်၊ ထို့နောက်တပ်စစ်ဆေးခြင်းဆောင်ရွက်သည်။ နေ့လယ်စာ စားချိန်တွင် တိုင်းမှူးတအရာရှိများနှင့်အတူ နေ့လယ်စာ သုံးဆောင်မည့် စစ်သည်များကလည်း စားရိပ်သာတွင်တစ်ပြိုင်တည်း စားသောက်နိုင်ရန် စီစဉ်ထားကြသည်။

သတ်မှတ်ရက် သတ်မှတ်အချိန်တွင် တိုင်းမှူးရောက်လာသည်။ မူလစီစဉ်ထားသည့်အတိုင်း တပ်ရင်းမှူးနှင့် အရာရှိများက ဧည့်ရိပ်သာတွင်နေရာယူကြိုဆိုသည်၊ ထို့နောက် တိုင်းမှူးက စီမံထားသည့်အတိုင်း တပ်ရင်းကို စနစ်တကျစစ်ဆေးသည်၊ စစ်ဆေးပြီးနောက် နေ့လယ်ပိုင်းတွင် အရာရှိရိပ်သာသို့ ရောက်လာသည်၊ တိုင်းမှူးက အရာရှိရိပ်သာတွင် ခေတ္တသာ ထိုင်သည်၊ ရဲဘော်ကန့်လန့်တို့နေရာယူထားသော အခြားအဆင့်စားရိပ်သာသို့ တိုင်းမှူးတစ်ဦးတည်း တည့်တည့်မတ်မတ် ဝင်ရောက်လာသည်၊ ထိုအချိန်က စားချိန်ဖြစ်သဖြင့် စစ်သည်များက ပန်းကန်ပြားကိုယ်စီကိုင်လျက် တန်းစီနေကြသည်၊ တိုင်းမှူးက ပန်းကန်ပြားတစ်ချပ်ကို ခွဲယူပြီးစစ်သည်များနောက်မှအတူတန်းစီသည်။

"ငါလည်း တန်းစီမယ်၊ မင်းတို့နဲ့အတူစားမယ်"

စစ်သည်များက တအံ့တဩ ဖြစ်သွားကြသော်လည်း မည်သူကမျှ တစ်ခွန်းတစ်ပါဒမျှ မဟကြချေ။ မီးဖိုတာဝန်ကျ ရဲဘော်များက ပန်းကန်ပြားတွင် ထမင်း၊ ပဲဟင်း၊ ငါးပိကြော်၊ ကြက်ဟင်းတစ်ခြမ်း၊ အစိမ်းကြော်များကိုထည့်ပေးသည်၊ တိုင်းမှူးက ထိုခွဲတမ်းအတိုင်းရယူသည်၊ ထို့နောက် စစ်သည်များထိုင်သော ဝါးခုံတန်းတွင် စစ်သည်များနှင့်အတူထိုင်သည်၊ ဝါးကွပ်ပျစ်ပေါ်မှာ ထမင်းပန်းကန်ပြားတင်သည်၊ စစ်သည်များနှင့် အတူ အားပါးတရ စားသည်။

"ကောင်းတယ်ကွ - မင်းတို့ရော အဆင်ပြေလား"

"အဆင်ပြေပါတယ်"

"ခင်ဗျားတို့လည်း စားကြလေဗျာ"

တိုင်းမှူး၏ဗိုလ်မန္တကစကားကြောင့် ရောက်လာကြသော တပ်ရင်းမှူးနှင့် အရာရှိများမှာ မျက်နှာပျက်ကြသည်၊ သို့သော် တိုင်းမှူး၏ ရုံးအဖွဲ့များက အတူစားသောကြောင့် အရာရှိ၊ အခြားအဆင့်များ အားလုံး စားကြရသည်။

"လူများတော့ ပိုပြီးစားကောင်းသယ်ကွ"

စားသောက်ပြီး ခေတ္တနေသည်၊ ထို့နောက် တိုင်းမှူးက အားလုံးကို နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားသည်၊ ထိုအခါမှ အားလုံးက သက်ပြင်းချနိုင်ကြသည်။

"တိုင်းမှူးက ကျွန်တော်တို့နဲ့ထမင်းစားတယ်နော် ဗိုလ်ကြီး"

ရဲဘော်ကန့်လန့်က မထွေးနိုင်၊ မအံ့နိုင်ဖြစ်နေသည့်မျက်နှာဖြင့် ကြည်နူးစွာ အနီးရှိအရာရှိဦးကို ပြောမိသည်။

—○—

ရဲဘော်ကန့်လန့်က သူ့သား ဗိုလ်မင်းဟိန်းကို အသေအချာ ကြည့်သည်၊ အတန်ကြာမှ မျက်လွှာချပြီးပြောသည်။

"မင်းရဲဘော် မကျန်းမာတဲ့အခါမင်းရဲ့မိသားစုလို ရင်ထဲ အသည်းထဲက လာတဲ့ မေတ္တာမျိုးနဲ့ အားပေးမေးမြန်းဖူးသလား"

ဗိုလ်မင်းဟိန်းက ခေါင်းခါ ပြန်ဖြေသည်။

"မေးဖူးတာပေါ့၊ ဆေးတပ်သားခေါ်ပေးတယ်၊ သူ့တပ်စိတ်မှူးကို ဂရုစိုက်ဖို့မှာတယ်"

"သူ့ပစ္စည်းအလေးအပင်တွေ သယ်ပေးဘူးလား"

"ဒါက သူ့တပ်စိတ်ဖြသနာပဲ၊ သူတို့ရှင်းတယ်လေ"

ဦးကန့်လန့်က နာမည်နှင့်လိုက်အောင် ကန့်လန့်မတိုက်ချေ။ စိတ်ရှည်စွာ ပြောနေသဖြင့် အံ့ဩရသည်။

"ရိက္ခာပြတ်တဲ့အခါ၊ ဆန်စားရတဲ့အခါ၊ ငတ်ပြတ်နေတဲ့အခါမှာ ရဲဘော်တွေက သူတို့မစားဘဲ မင်းကိုကျွေးတာ စားဘူးလား"

"ဒါတော့ ကျွန်တော်က ခေတ်ဘူးသေးတော့ မသိဘူး၊ ခြေးရတဲ့အခါ နောက်ချန်နေတဲ့ ရဲဘော်၊ ရန်သူ တည်

www.burmeseclassic.com

ဆန် ဝလူပျံနေတဲ့ကြားက အရာရှိကို သေးမသိရန်မစ အသက်နဲ့လည်းကယ် ထုတ်တဲ့ ရဲဘော်၊ မိုင်းကြားထောင် ချောက်ကြားမှာ အရာရှိရှေ့က ရင်ကော့ ပြီးမိုင်းရှင်းတဲ့ရဲဘော်တွေကြုံဖူးလား"

ဗိုလ်ခင်းဟိန်းက ဖါးစပ်ပိတ်သွား သည်။ စဉ်းစဉ်းစားစားဖြင့် ခေါင်းခါပြ လိုက်သည်။ ဦးတန်လန်က သူ့သားဗိုလ် ခင်းဟိန်း၏အမူအရာကိုကြည့်ပြီးပြုံးရွှင် စွာပြောလိုက်သည်။

"အခုမှ ငါလည်း ရေးရေးမြင်လာ တယ်၊ ရဲဘော်စိတ်ဆိုတာကိုပေါ့။ ခြေသြ -သားတို့ ပြောရဦးမယ်၊ တောတောက ပြောပြခဲ့တဲ့ လူကြီးတွေက ဘယ်အရွယ် က ဘယ်လောက်ငယ်ငယ်နဲ့ ဖက်ဆစ် တော်လှန်ရေး လွတ်လပ်ရေး၊ အချုပ် အခြာအာဏာတည်တံ့ခိုင်မြဲရေးတာဝန် တွေ ကို စတင်ထမ်းဆောင်ခဲ့လဲ ဆိုတာ တော့ မသိဘူးတွ။

တော်လှန်ရေးရဲဘော်ဟောင်းကြီး တွေ၊ စစ်သည်အိုကြီးတွေ၊ ပြည်သူ့ပြည် သားတချို့က တပ်မမှူး ဗိုလ်မှူးကြီး တင့်ဆွေကို ...၊

"ခါးကုန်းလေး" စစ်ဗျူဟာမှူ ဗိုလ်မှူးကြီး သူရကျော်ထင်ကို "ပုတုးတုး လေး"၊ တိုင်းမှူး ဗိုလ်မှူးချုပ် သူရတင်ဦး ကို "မောင်တင်ဦး" လို့ချစ်စနိုးခေါ်ခေါ် ကြောင်းကြားဖူးမှတ်သားခဲ့ဖူးတယ်တွ"

မှတ်ချက်

အသက်အရွယ်၊ ဂုဏ်ထူး၊ ရာထူး အဆင့်အတန်းအားဖြင့်ကြီးမြင့်ထင်ရှား ပါသောပုဂ္ဂိုလ်ကြီးများကိုရှိသေလေးစား စွာ ဦးညွှတ်ကန်တော့ပါသည်။ အမှား အယွင်း ပါရှိပါက ခွင့်လွှတ်နိုင်ပါရန် ကြားတင်ပြပါသည်။

○→




**ဆေးညွှန်းတိုများ**

**စကားထစ်လျှင်**

နံနက်တိုင်း မြင်းခွာရွက် တစ်ရွက်၊ နှစ်ရွက် စားပါ။

**စိန်စားမိလျှင်**

(၁) ကန်စွန်းရွက်ညှစ်တိုက်၊

(၂) ကန်စွန်းရွက်နှင့် ရှားရွက်ကို ဟင်းချက်စားပါ။

www.burmeseclassic.com

www.burmeseclassic.com

❝ ချစ်သူ သူတစ်ပါးနောက် ပါသွားရာမှ အတ္တစိတ်၊ မုန်းတီးစိတ်တို့ဖြင့် လက်စားချေလိုစိတ် ပြင်းထန်လာရာမှ –

## အမာရွတ်

ခြင်တိုင်း မတော်သမာတို သတိရသည့် တော်ဝှုက္ကားတဲ့သို့ ပက်ထရစ်ကိုမြင်ရ တိုင်းရှင်လိုင်းထရသည်၊ မကျေမနပ်ဖြစ် ရသည်။

တော်ထရစ်သည် ကျွန်တော့်အား နီးတင်ခုတ္တပေးခဲ့သူတုလူဆခဲ့သည်၊ အလူသကြောင့်တေသီနှင့်ပတ်သက်သည်၊ ကျွန်တော် တေသီကိုရင်နှင့်အောင် ချစ် နင်းသိလျှက် သူ ကြားဝင်ခဲ့သည်၊

တေသီနှင့် ပတ်သက်၍ သူ့ကိုယ် မှုအချစ်ကံထူးသူအဖြစ် ခံယူသွားခဲ့၏၊ င့်ကြွားခဲ့၏၊

“မင်း အတွေးမမှားနဲ့၊ မင်းကို တေသီက ချစ်တယ်လို့ထင်နေတာဟာ င်း အမှားပဲ၊ တကယ်တော့ တေသီ တကယ်ချစ်တာ ငါ့ကိုကွ၊ မင်းကိုသာ သိပ်ချစ်ရင် ငါလက်ထပ်ခွင့်တောင်းတာ ဘယ်လိုလက်ခံမလဲ”

တကယ်တော့ သူ့ကေသီကိုငွေနှင့် ပေါက်ကာ စည်းရုံးသွားသည်ဟု ကျွန်တော်သိနေသည်၊ ကျွန်တော်ချစ်နေမှန်း သိလျက်ယခုလိုလုပ်ခြင်းသည် မရိုးသားမှုဟု ကျွန်တော် သိနေ၏၊

ကျွန်တော် မကျေနပ်နိုင်၊ သို့သော် ကျွန်တော်သည် လူလိမ္မာအမျက်အဖြင် မထွက်ဆိုသောစကားအတိုင်း တည်ငြိမ်စွာ နေခဲ့၏၊

သူနှင့်ကေသီမင်္ဂလာဆောင်တော့ ကျွန်တော်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခဲ့သည်၊

“ငါတို့ မလိုက်ဖက်ဘူးလား”

“နေနဲ့လ၊ ရွှေနဲ့မြပါ”

ကျွန်တော် ဤသို့ ဆိုခဲ့သည်၊ သို့သော်ကျွန်တော့်စိတ်ထဲ၌အတေးအမှတ် ရှိနေသည်၊ နေသေးသပ ချုံထဲကပေါ့၊

ကျွန်တော့်ကို သစ်စိမ်းချိုး ချိုးခဲ့သလို သူတို့ကိုလည်း တုံ့ပြန်ရမည်၊ သို့သော် ကျွန်တော့်တုံ့ပြန်မှုသည် ကျွန်တော့်အတွက် ဆိုးကျိုးတစ်စုံတစ်ရာမျှ မရှိစေရ၊

သူ့ကို တုံ့ပြန်ရန် နည်းလမ်းရှာခဲ့၏၊ သည်အတွက်လိုအပ်လျှင်ဉာဏ်နီဉာဏ် တော်သုံးရသည်၊ အဓိကသည်ကျွန်တော် သူ့အားနည်းချက်ကို နှိုက်ယူနိုင်ရမည်၊

လူတိုင်းတွင်အားနည်းချက်ရှိသည် သည်၊ ပက်ထရစ်က လောဘကြီးသူ၊ ကြီး ပွားချမ်းသာလိုသူ၊

ငွေရမည်ဆိုလျှင် ဘာမဆိုလုပ်ဖို့ ဝန်လေးသူမဟုတ်၊ ပင်ကိုက ထက်မြက် သလောင်ရှိသော်လည်း ငွေရလိုမှု အတွက် စဉ်းစားဉာဏ်နည်းသည်၊

နက်နဲစွာ စဉ်းစားတတ်သူမဟုတ်၊

— ○ —

တစ်နေ့တွင် ကျွန်တော် ဟန်ဖော် ဦးနှင့်စကားစမြည်ပြောရင်း သီရိစန္ဒာ စံအိမ်တွင်းမှ ရတနာသိုက်အကြောင်း သိရသည်၊

သီရိရတနာစံအိမ်သည် ကြီးမားသည့်စံအိမ်ကြီးဖြစ်သည်၊ ရှေးဆန်သော အိမ်ကြီးတစ်လုံးဖြစ်သည်၊ ရေနံချောင်း တောက်နေသောအိမ်ကြီး ဖြစ်သည်၊

သည်အိမ်ကြီးတွင် မြေအောက်ခန်း ရှိသည်ကို ဦးကြီးပြောပြမှ သိခဲ့ရသည်၊

“သည်အိမ်ကြီးမှာ ဂျပန်တင်စေ တိုင်စခန်း ဖွင့်ခဲ့တယ်၊ မြေအောက်ခန်း က ဂျပန်တွေ စီစဉ်ခဲ့တာ၊ ဒီမြေအောက် ခန်းမှာ ရတနာတွေ ထားတယ်”

“ဒါပေမဲ့ – ကံဆိုးတာက ဗမာပြည် က ဂျပန်တွေ ဆုတ်တော့ ဖွည်တွေ ယူမသွားနိုင်ခဲ့ဘူး၊ အချင်းချင်း သတ္တာ ဖောက်ခဲ့လို့ လူတွေ အများကြီး သေခဲ့ တယ်၊ ခုထိ လူအရိုးတွေ ရှိနေတယ်”

“ဒါ – ဒါဆို – ရတနာတွေတရော”

“ခက်တာက နောက်ပိုင်း ငါ ရှာခဲ့ တယ်၊ လူအရိုးစုတွေကလွဲလို့ ဘာမှ မတွေ့ဘူး၊ အပျက်အစီးတွေအောက် နစ်မြုပ်သွားသလား မသိဘူး”

“စိတ်ဝင်စားစရာပဲ – ဦးကြီး”

“ဒါပေါ့ကွာ”

သည်နောက်ကျွန်တော်နှင့်ဦးလေး ဟန်ဖော်တွန်းကို သီရိစန္ဒာစံအိမ်

www.burmeseclassic.com

www.burmeseclassic.com

အောက်မှမြေအောက်ခန်းသို့ဝင်ရောက်ခဲ့သည်။

မြေအောက်ခန်းသည်မှောင်နေ၏။ လမ်းက ကျဉ်းသည်၊ အချို့နေရာများ၌ လှေကားထစ်တုံးများ ရှိသည်၊ ကျောက်တုံးများကို ခေါ်ရှုးသွားရသည်။

မြေအောက်ခန်း၌ လူကို ဖမ်းဆီးချုပ်သည့် သံလက်စွပ်တောက်တစ်ခု ရှိသည်၊ သည်သံလက်စွပ်ကောက်နှင့် ချုပ်ခံရသူသည် မပြေးနိုင်တော့၊

ထိုအနားမှ ကျောက်တုံးလမ်းကို ဝိတ်လိုက်လျှင် မှောင်အတိကျသွားသည်။ အော်မလား၊ အော်သံကို မည်သူမှ ကြားမည်မဟုတ်၊

သည်လိုနှင့် အချုပ်အနှောင်ခံရသူသည် အသက်နှင့်ကိုယ် အိုးစားကွဲသွားလိမ့်မည်၊

ဦးကြီးက လိုက်ပြရင်း -

"ငါကတော့ ရတနာသိုက်ဆိုတာ သိပ်လက်မခံချင်ဘူး။ ဖြစ်ခြင်းဖြစ်ရင် ညှဉ်းဆဲရာစခန်း ဖြစ်နိုင်တယ်၊ မင်း - စဉ်းစားကြည့်လေ၊ ရတနာတွေရှိရင် ခုလောက်ဆို တွေ့လောက်ပြီ"

"ဟုတ်တယ်၊ ဦးလေးလည်း ဒါပဲ စဉ်းစားနေတာ"

ကျွန်တော်တို့ မြေအောက်ခန်းမှ ထွက်ခဲ့သည်၊ ယင်းသို့ မြေအောက်ခန်းမှ ထွက်လာတော့ ကျွန်တော့်တွင် ထူးခြားသောအတွေးတစ်ခု ဝင်ခဲ့သည်။

ထိုအတွေးက အခြားမဟုတ်၊ ငွေနှင့် ပတ်သက်လျှင် မည်သည့်အခြေအနေကို ရင်ဆိုင်ရသည်ဖြစ်စေ၊ စွန့်စားရန် ဝန်မလေးသည့် ပက်ထရစ်ကို ဖြားယောင်းရန် ဖြစ်သည်၊

ထို့ကြောင့် ကျွန်တော် ပျော်ရသလို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်သည်၊

— ○ —

တစ်နေ့ ...၊

ကျွန်တော်နှင့် ပက်ထရစ်တို့မဟာနန္ဒာဟော်တယ်၌ ဆုံကြသည်၊ ဝင်၍ဆုံကြသည်မှာလည်း ကျွန်တော်က ဖန်တီးခဲ့ခြင်း ဖြစ်သည်၊

ညနေခင်းအစအချိန်ဖြစ်သဖြင့် မဟာနန္ဒာအခန်း၌ လူသိပ်မရှုပ်သေး၊ ကျွန်တော်တို့ ထောင့်စွန်းစားပွဲ၌ထိုင်ရင်း ဝီစကီသောက်ရင်း -

"ကဲ - မိုးကျော် - မင်းငါ့ကိုဘာပြောစရာရှိလဲ"

ဟုဝီစကီတစ်ငုံသောက်ရင်း သူက ပြော၏၊ ကျွန်တော် ပြုံးလိုက်ပြီး -

"ရှိသပေါ့ - ပက်ထရစ်၊ ငါပြောမှာ ကလဲ မင်း စိတ်ဝင်စားမယ့်ကိစ္စပဲ"

"ဘာ - ဘယ်လို"

ငွေဆိုသည်နှင့် ပက်ထရစ် ခေါင်းထောင်သွားသည်၊ ကျွန်တော်က "ဟုတ်တယ် - ငါ အင်မတန် အဖိုးထိုက်တဲ့ ရတနာသိုက်တစ်ခုကို ကံအားလျော်စွာ တွေ့ခဲ့တယ်၊ ဒီရတနာသိုက်ကို ငါတစ်ယောက်တည်းနဲ့ မဖော်ထုတ်နိုင်ဘူး"

သူက - "အဲဒါဆို ငါ့အကူအညီ လိုတယ်ပေါ့" ဟု မေးသည်၊

"မင်းရင်ထဲက ပုဏ္ဏားကလေးက ခုထိ အတွက်အချက် ကောင်းနေသေးသာပဲ" ဟု ကျွန်တော်က ပြောလိုက်သည်၊ သူက ငွေငမ်းဖမ်းတတ်သူပီပီ ရတနာသိုက်နှင့်ပတ်သက်၍ အငမ်းမရ မေးသည်၊

"စိတ်ချပါ - ငါပြောပြမှာပါ" ဟုဆိုပြီး သီရိစန္ဒာစံအိမ်အောက်မှ မြေအောက်ခန်းအကြောင်း၊ ဂျပန်ကင်ပေတိုင်စခန်း ဖြစ်ခဲ့ပုံအကြောင်း၊ ရတနာသိုက်ကဖြင့် အခုထိုင်တည်ရှိနေကြောင်း ပြောရာ သူ့မျက်နှာ ဝင်းလက်သွားသည်၊

"မင်း ငါနဲ့ တူးဖော်ဖို့ ဆုံးဖြတ်ပြီးပြီလား"

"အင်းလေ - မင်းက ငါ့အချစ်ဆုံး မိတ်ဆွေပဲမဟုတ်လား"

"ဒါဆို - ငါတို့"

"မကြာခင် အကောင်အထည်ဖော်မှာပါ"

"အိုကေ - အိုကေ"

— ○ —

လမိုက်ညတစ်ည၊

ကျွန်တော်နှင့် ပက်ထရစ်တို့ သီရိစန္ဒာစံအိမ်သို့ရောက်ခဲ့သည်၊ အစီအစဉ်အတိုင်း နှစ်ဦးစလုံး အနက်ရောင်ဝတ်စုံကို ဝတ်ထားကြ၏၊

ညရိပ်အောက်၌ သီရိစန္ဒာစံအိမ်သည် ငြိမ်သက်နေ၏၊ ငှက်အော်သံ၊ သစ်ရွက်ချင်းရိုက်ခတ်သံများကို ကြားရသည်၊

ကျွန်တော်နှင့် ပက်ထရစ် သီရိစန္ဒာစံအိမ်အိမ်မြေတိုက်ခန်းသို့ ဆင်းခဲ့၏၊ ကျွန်တော့်လက်ထဲ၌ မီးတုတ်ရှိသည်၊

မြေအောက်ခန်းဖြစ်သဖြင့် အေးစိမ့်သော အထိအတွေ့ကို ခံစားရသည်၊

"မြေအောက်ခန်းက သိပ်အေးတာပဲနော်" သူက ပြောသည်၊

www.burmeseclassic.com

www.burmeseclassic.com



သူတွန်းတော့်လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ ကျွန်တော်က နံရံတွင်ထားသည့်မီးတုတ်ကို မီးညှိလိုက်သည်။

အလင်းရောင်ကြောင့် အခန်းထဲတွင်ရှိသည့် လူသေများ၏ အရိုးစုများကို တွေ့ရ၏။

"လူရိုးတွေပဲ"

"ရတနာတွေ ဘယ်လာသူတွေရဲ့ အရိုးတွေလေ။ ဒါက မြေရာဖျောက်ခြင်း တစ်မျိုးပေါ့"

ကျွန်တော်တို့ လူ့အရိုးစုများကို ကျော်ဖြတ်လာခဲ့သည်။ မြေအောက်ခန်းထဲ၌ မှောင်မည်းအေးစက်နေသလို ရေစက်တို့ ကျနေသည်။

"ငါတော့ ငွေကြောင့်သာ လာရတာ ကြောက်လာပြီ"

ဟု ဖက်ထရစ်က ပြောသည်။ ကျွန်တော်က - "ဆက်သွားပါ။ မကြာခင် မင်းနဲ့ငါ အတိုးမဖြတ်နိုင်တဲ့ ရတနာတွေ တွေ့ရမှာလေ" ဟု ပြောခဲ့၏။

"ဒါကြောင့် မို့ပေါ့ကွ၊ နို့မို့ဆိုရင် ငါ ဒီနေရာကို မလာဘူးကွာ"

"မကြာခင် မင်း ပျော်သွားမှာပါ"

"ဘယ်လို"

"ရတနာသိုက်က ဒီကျောက်တံခါး ရဲ့နောက်မှာလေ"

ငါကတော့ သူ မသေပေမယ့် အသိတွေ သေခဲ့ပြီကွ။ ငါ့ကို အတ္တကြီးတယ် ပြောပြော၊ ငါ ခံယူမယ်။ ငါ လက်စားချေရလို့ ကျေနပ်တယ်။ မင်း သေရသလို မင်းကြောင့် သစ္စာမဲ့တဲ့ ကေသီလည်း ခံစားရမယ်။ ဒါဟာ ငါ့ရဲ့အစီက လိုအပ်ချက်ပဲ။ ငါ လုပ်ချင်သလို လုပ်ရလို့ ကျေနပ်ပြီ။



"ဟုတ်လား"

ကျွန်တော်ခေါင်းညိတ်လိုက်သည်။ ပြီးနောက် ကျွန်တော် အဝင်လမ်း ကျောက်တုံးကို အလိုက်သင့် တွန်းဖယ်လိုက်သည်။

အမှောင်ကကြီးစိုးနေ၏။

ဒီနေရာ၌ လက်ထိတ်ကြိုး ရှိနေသည်ကို ကျွန်တော် သိသည်။

"ငါကျောက်တုံးကိုထိန်းထားမယ်။ မင်းအရင်ဝင်"

သူ ဘာမှမပြောပဲ ခေါင်းငုံ့ဝင်လိုက်သည်၊ သည်အခါ ကျွန်တော်က သူ့ခြေထောက်ကွေးကို ဖြတ်ရိုက်လိုက်သည်။

"အား"

"တဲကွာ..."

ညည်းသံနှင့်အတူ သူ ဒူးညွှတ်ကျသွား၏။ ကျွန်တော် အသင့်ပါလာသည့် ကြိုးလေးနှင့် ခေါင်းကို ရိုက်ချလိုက်သည်။

ခုတော့ သူ ငြိမ်သွားပြီ။

ကျွန်တော်ဘာလုပ်လုပ် သူသိမည် မဟုတ်တော့။

— ○ —



ကျွန်တော် လုပ်စရာရှိတာ ဆက်လုပ်သည်။ သူ့ကိုသံလက်ထိတ်နှင့်ခတ်လိုက်၏။ ကျွန်တော် ကျောခိုင်းလိုက်သည့်အခါ သံသံချင်းထိသံ တချွင်ချွင်နှင့် -

"ဟေ့ကောင် ဖိုးကျော် - မင်း ငါ့ကို ဘာလုပ်တာလဲ၊ ငါ့ကိုမရတ်စတ်ပါနဲ့။ ငါ တောင်းပန်ပါတယ်"

သူက ပြောသည်။ ကျွန်တော် တစ်ကိုယ်တည်း ပြုံးလိုက်သည်။

"မင်း ငါ့ကို တေသီနဲ့ဖတ်သတ်လို့ တစ်သက်လုံးခံစားရအောင်လုပ်ခဲ့သလို မင်း တုံ့ပြန်ခံစားဖို့ ငါ စီစဉ်ခဲ့တာလေ"

ဟု ပြောမိသည်။

"မင်း - မင်း အတွေးမှားနေတာ"

"ဒါကို ငါ့စိတ်မဝင်စားဘူး။ ခု ငါ လုပ်ချင်တာ လုပ်ခဲ့ပြီ။ ဒါက လုပ်သင့်တာပဲဖြစ်မယ်"

"မင်းနဲ့ငါ ရတနာသိုက်ရှာမယ်ဆို တွေ့မယ်ဆို"

"ဟား - ဟား - ဟား"

ကျွန်တော် ရယ်လိုက်သည်။

ပြီးတော့ အပြင်ထွက်လိုက်သည်။

"ဖိုးကျော် - ဖိုးကျော်"

ခေါ်သံကြားရသည်၊ ကျွန်တော် လှည့်မကြည့်ပါ၊ သူက -

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆို - ငါသေလိမ့်မယ်၊ ငါ မသေချင်ဘူး" ပြောသည်၊

"ငါကတော့ သူ မသေပေမယ့် အသိတွေ သေခဲ့ပြီကွ၊ ငါ့ကို အတ္တကြီး ထယ်ပြောပြော၊ ငါခံယူမယ်၊ ငါလက်စား ချေရလို့ တျေနပ်တယ်၊ မင်းသေရသလို မင်းကြောင့် သစ္စာမဲ့တဲ့ တေသီလည်း ခံစားရမယ်၊ ဒါဟာ ငါ့ရဲ့အဓိက လိုအပ်ချက်ပဲ၊ ငါ လုပ်ချင်သလို လုပ်ရလို့ ကျေနပ်ပြီ"

တု ပြောပြီး ကျောက်တုံးကို ပြန်ပိတ်လိုက်သည်၊ အထဲမှာ မှောင်သွားမည်၊ အရိုးစုတွေနှင့်အအေးဓာတ်သည် သူ့အား လွှမ်းခြုံလိမ့်မည်၊

ကြာလျှင် သူသည် ... သူသည် ...၊

သည်မြေအောက်ခန်းတွင်းမှ လူ အရိုးစုများလို မည်သူမှ ထိတွေ့နိုင်ခြင်း မရှိခဲ့သလိုမည်သူမျှလည်း သူ့အရိုးစုကို ထိတွေ့နိုင်လိမ့်မည်မဟုတ်၊ ထိတွေ့နိုင် စရာ အကြောင်းမရှိ၊

"သူ ငြိမ်းချမ်းစွာ နားနေနိုင်ပါစေ"

ကျွန်တော့် အတွက်တော့ ဆ... အလျောက် လုပ်သင့် မလုပ်သင့် မစဉ်း စားပဲ လုပ်ခဲ့သလို သံသရာတစ်ဝ... လည် ခဲ့မည်ဆိုပါက ကျွန်တော်တော ငြိမ်းချမ်းစွာ နားနေနိုင်မည်လော၊

○→ အောင်မြတ်ဦး


**ဆေးမြီးတိုများ**

**လေငန်းရောဂါ**

ရှားစောင်းလက်ပပ်၏ ငါးဆ၊ ဆင်တုံးမနွယ်အမှုန့်ကို ထည့်၍ ပျားရည်နှင့် ကြိတ်၍စားပါ။

**လေဆေး**

နံကြားတွင်ထိုးသောလေမျိုးအတွက် ကင်းမွန်သီး မီးဖုတ်၊ စမုန်နက်၊ ဆင်သမနွယ်၊ ဆား ဆတူရောစပ်၍ တိုက်ပါ။




www.burmeseclassic.com

www.burmeseclassic.com



# မှာညီကြေးမို့ လွှမ်းသွပါမည်

နန္ဒသူ

**ဘုရား**ပုထိုးဆီသို့ လာခဲ့သည်ဖြစ်၍ဖိနပ်မပါသည်မှာ သဘာဝကျသည်။ ဝို၍ သဘာဝကျသည်မှာ သူသည် ဤအနီးအနားတွင်သာ နေသည်ဖြစ်သောကြောင့် အဓိက အပြေးကလေး ထွက်လာကတည်းက ဖိနပ်ကို ချန်ထားရစ်ခဲ့ခြင်း ဖြစ်သည်။ အချိန်မှာ နွားရိုင်းသွင်းချိန်ဖြစ်သဖြင့် လောကနန္ဒာ ဝုထိုးတော်ကြီးမှာ ဆီမီးရောင်ကလေးများ ဟိုတစ်နေရာ၊ သည်နေရာတွင် ပြိုးပြိုးပြောက်ပြောက် ပေါ်ထွက်နေပါပြီ။ ကျယ်ပြန့်သောလှေကားထစ်တလေးများကို ပြေးတက်ခဲ့ပြီးသော် ခါတိုင်း တွေ့ဆုံနေကျဖြစ်သည့် စကားဝင်ကြီးအရိပ်သို့ ဦးတည်၍ ပြေးလာခဲ့သည်။

သူကား အသက်နှစ်ဆယ်ခန့်ရှိ ညိုစိမ့်စိမ့် အသားအရေ စိုပြေပြေနှင့် လုံမငယ် ဖြစ်သည်။ မို့မို့ရွှရွ ပါးအိုးလုကြီးနှစ်ဖက်ပေါ်က ပါးကွက်ကြီးများသည်

ကြ၏။ သို့သော် ဤပါးကွက်တလေးတစ်ချက်သ…
ပင်မိန်းမဆန်မှု သူ့တွင် ရှိသည်။ ကိုယ်လုံးကိုယ်ခေ…
သည် ကျစ်လျစ်တောင့်တင်း၍ အလွန်ဝင် ရှော်လ…
သွက်လက်လှပေရာ ခြေကျင်အလျှောတ် ဖြိုင်…
ဆို လျှင် သာမန်လုလင်ပင် သူ့ကို မိုးညည်ထောင်…
တုတ်နိုင်ပြည့်ဖြိုးလှသော ပေါင်တံ၊ လက်တောင်း…
သည် အရွယ်လွန်ယောက်ျားတစ်ယောက်ကို လှ…
ညှစ်သတ်နိုင်လောက်၏။

ချစ်ရသူသည် မိမိကို ပစ်ခဲ့ကာ
တစ်ပါးသူနှင့် လက်ထပ်ရန် ထွက်ခွာသွားသည်…
ထင်မြင်ယောင်မှားပြီး ချစ်သူနောက်သို့ မနေနိုင်တော့
… တရှင်းရှင်းရန် ကြိုးစားရာမှ …

www.burmeseclassic.com



ဆိုစရာတစ်တွက်တော့ ကျန်ပါသေးသည်။ ပါးတွက်ကိုအဖော်ပြု၍လုံမဆန်နေပါသေးသော အခြားတစ်ချက်တစ်ခုမှာ ရွှန်းလဲ့သောမျက်လုံးဝိုင်းတလေးများ၏အကြည့်ပင် ဖြစ်သည်။ ကိုယ်လုံးတောင့်တင်းသလောက် မျက်လုံးချိုကြီးများသည် လိုမ့်၍ဝေ့၍ ကြည့်တတ်ပေရာ ၎င်းအကြည့်မျိုးတွင် လုလင်ယော်ပေါင်းများစွာတို့ကျွယ်ရာမဲ့ဖြစ်ခဲ့ကြရသည် မှာမှန်ဖြစ်သည်။

သို့သော် သူ ယခုစကားပင်ကြီးဖြေရင်းမှ အရိပ်ခိုရ၍ထိုင်ရင်း တော်တော်တလေးငည်တားနေသော ဘုရားဖူးပရိသတ်များအကြားတွင် တမျှော်မျှော်ကြည့်နေသည်တားချစ်ရည်လဲ့နေသော်လည်း ညှိုးနေသောမျက်လုံးများတော့ တော့တ်ပါရော။ ရင်တမမနှင့် ဆန္ဒပြင်းစွာငံ့မျှော်နေသည့်အကြည့်မျိုးသာ ဖြစ်သည်။

အချိန်မှာ အတော်ကလေးပင်နောင်းသွား၍ ဘုရားဖူးများပင် ပါးရှားလေပြီဖြစ်သောအခါတွင်ကား စောစောတ ပြုံးယောင်ယောင်ဖြစ်နေသော နှုတ်ခမ်းပြုံးကလေးနစ်လွှာမှာ တင်းကျပ်စွာပင် စေ့၍လာသည်နှင့်အမျှ မျက်ဝန်းလဲ့ပြာပြာကလေးမှာလည်းငြိမ်းလုလုဆီမီးရောင်အရှိုးတွင် တောက်ပစွာ တလက်လက် တောက်နေ၏။ ယုန်ငယ်၏ ဝိုင်းစက်သောမျက်လုံးများသည် မြွေနဂါး၏အနီးများနှင့် မျက်လုံးများအသွင်ပြောင်းလာခဲ့ရတော့သည်။ ချစ်ရည်ချစ်သွေးဖြင့် အရည်စစမျက်ဝန်းကလေးများတွင် ဝမ်းနည်းသယောင် မျက်ရည်စကလေးများ ရုတ်ခြည်းဝန်းရံလာကြ၏။

လိုလား၍လက်ခံသည်၊ ရွေးထားရသူမို့ ကိုယ်လုံးနှံသည်။ မိန်းကလေးတန်မဲ့ ရှိန်းရှက်ရာသို့ဦးခင်စွာရောက်ခဲ့သည်။ အသက်ပေး၍ ချစ်ရသူ၏ အရှေ့တွင် ဣန္ဒြေသိက္ခာနှင့် အရှက်ဝတ်ရုံများ ပုံ၍ ပစ်ချခဲ့သည်။

သို့သော်...

သူ အကြောင့် နောက်ကျရပါသနည်း။ ခါတိုင်းလည်း မိမိကသာ ဦးသည်။ သို့သော် အချိန်အနည်းငယ်သာ ဦးရခြင်းဖြစ်၏။ ကွမ်းတစ်ယာ မညက်မီပင် သည်ပါးကွက်တွေ ပျက်ခဲ့ရသည်ချည်း ဖြစ်သည်။

ယခုတော့...

ကွမ်းနစ်ယာမက သုံးယာပင်ညက်လောက်ပါပြီ။ သူ မပေါ်လာသေး၍ သတား။ နေ့လယ်ကပင်ငရမက်ကတွေ့ခဲ့သေးကြောင်း စကားစပ်၍ သိထားရသဖြင့် သူသည် နေမကောင်းဖြစ်မနေသည်မှာလည်း သေချာ၏။ သို့ဖြစ်လျှင် အကြောင့်ပျက်ကွက်ရပါသနည်း။ ရက်သတ္တတစ်ပတ်လောက်ကြာမှ တစ်ခါတွေ့ကြုံနေသည်ဖြစ်ရာ ချိန်းကတိကို လွယ်လွယ်နှင့် မဖျက်ထိုက်ပါတကား။

"ဟော - လာပြီ၊ ဟင် - အိုပုံပါသတား"

တစ်ယောက်တည်း တီးတိုးရေရွတ်မိစဉ်တွင်ပင် လုံမငယ်တစ်ဦးသည် ဘုရားဆင်ရိပ်သို့ လျင်မြန်စွာ ဝင်ရောက်လာလေ၏။ သူကား အလွန်ချစ်ရသော သူငယ်ချင်း အိုပုံဖြစ်သည်။

"အို - စပယ်လှ - မယ်မင်း - ငံ့မနေတင့်"

"သောက်မဲ့ကြောင့်..."

"ကိုရင်သံတိုင် - လာအုံ့မဟုတ်ပြီ"

"ရော - ပြည်နေပါစုံ"

"သည်ကာလမျိုးမှာ မပြည်အားသတား။ ညဥ့်နေစောင်းက ကျုပ် မြင်လိုက်တယ်၊ ကိုရင်သံတိုင်နဲ့ သူ့အဖေဦးလွယ်တို့ လှေဆိပ်ဘက်ကို ဆင်းကြတယ်။ ဒါနဲ့ - ကျုပ်လည်း အိုမျိုးအထံ အပြေးတလေးသွားပြီး စိတ်စေးခဲ့တယ်"

အိုစပယ်လှ၏ ရင်ကလေးသည် တထိတ်ထိတ်နှင့် ခုန်လာရသည်။ အိုမျိုးဆိုသည်ကား အခြားသူမဟုတ်၊ သူ့အသက်ပေး၍ ချစ်ရပါလေသော ငသံတိုင်၏ ညီမငယ်ကလေးပင်တည်း။ သူ့ကို ယခု သတင်းလာပို့နေသော အိုပုံ၏ စကားများသည် ငသံတိုင်၏အိမ်သားစုတွင် ထွေးလုံးရစ်ပတ်ဖြစ်လာချေပြီ။

"အိုမျိုးက ပသို့တူလတ်တယ်၊ တောက်တပိုကြားပါသိ"

အိုပုံသည်သက်ပြင်းကိုတစ်ချက်ချပြီးမှ ပြန်ဖြေသည်။

"ဝရီး ဦးလွယ်တိုယ်တိုင် ကိုရင်သံတိုင်ကို လှေဆိပ်တို ပို့လတ်တယ်။ ကိုရင်သံတိုင် ခရီးထွက်ပြီကြ။ ညံသာရွာကို သွားပြီပ"

"ရော - ငါတို့ကို သောက်မဲ့ကြောင့် ခွန်းဆက်မသွားပါစုံ"

"ခွန်းဆက်ခဲ့မယ် ဖြစ်ပါစုံ၊ သူတာ မယားအနေသွားတာ၊ ညံသာရွာတာလန်ကြီးဦးဒိတ်ရဲ့သမီးအိုသိနဲ့ ထိမ်းမြားဖို့မှာ သွားသတတ်"

အိုစပယ်လှ၏မျက်စိမှာပြာနှမ်းသွား၍ သီရိပစ္စယာ၏ ကျောက်သရေဆောင် လောကနန္ဒာပုထိုးတော်ကြီးသည် တစ်ဖက်စောင်း၍ထောင်တာ

www.burmeseclassic.com

www.burmeseclassic.com

တစ္ဆာမြေကြီးတစ်ခုလုံး တိမ်းမှောက်သွားပြီဟု ထင်လိုက်ရလေတော့၏။

— ○ —

ဓေါ်တာယ်လောင်းသည် ဦးလွယ်ဖြန်ရောက်ရောက်ချင်း ခရီးရောက်ဆိုက်ဝင်ပေးလိုက်၏။

"သားလေး - သွားရှာပြီလား"

ဦးလွယ်သည် ဇနီးဖြစ်သူကို မျက်မှောင်ကုတ်၍ကြည့်ရင်း ပြန်ဖြေ၏။

"သွားရတာပေါ့၊ ကျုပ်ကိုယ်တိုင်ကူးတို့ဆိပ်ကို ပို့ခဲ့ပြီကော၊ လုံမနဲ့ တွေ့ချင်သေးတာနဲ့တူတယ်၊ ဥပါယ်ဆင်သေးသပ၊ ရောင်းရင်းငယ်ချင်းတွေကို နှုတ်ဆက်သေးသယောင်ယောင်၊ အနှံ့ပေမဲ့ ကျုပ်က အခွင့်မပေးလိုက်သေးဘူး၊ သားငယ် - ခရီးတလေး ငါးရက်သာပ၊ ကြာစရာမှတ်တာ၊ သောက်မဲ့ကြောင့် နှုတ်ဆက်ဖို့ဟာ လိုမှာဖြစ်ပါစ့်၊ အမောင့်တာတ စိတ်ထွက်သွားတာ တူနိုးနေစွ၊ သာသာညာညာတူပြီး လေ့ပေါ်ကို အားသွန်ထင်ပေးလိုက်တယ်၊

ဦးလွယ်သည် ဖျာပေါ်တွင် ဝင်ထိုင်ရင်းအားရပါးရပြောနေသော်လည်းဝမ်းနင့်လွယ်၍မွေးခဲ့ရသူမိခင်ခများမှာတော့ စိတ်မရွှင်ပါချေ။

> သံတိုင်သည် ကျွမ်းကျင်ပြီဖြစ်သော
> ဓားရေးကို မင်းမှုတွင် မသုံးရသေးမီ
> တစ်လွဲတွင် သုံးခဲ့ပြီကော။ ဖခင်၏
> စကားသွင်းလျက် မင်းလုလင်ဖြစ်တော့
> ဆဲဆဲ၌ တစ်လွဲဆံပင်ကောင်းကာ သုံး
> သုံးမိုး ပျိုး၍ ကျစ်ခဲ့သော သံယော
> ကြိုးကို အတတ်စုံလေပြီဖြစ်သော ဓား
> သုံး၍ တောက်ခနဲ ဖြတ်လေပြီလော။



"သူတကာပြောစရာတော့ဖြစ်ပြီပေ၊ ကျုပ်တို့ဟာ အပ်လျှိုသမား (အပ်ချုပ်သည်)တွေ ဖြစ်ကတည်း မာန်ဝင်ပြီး ထောင့်သမီးနဲ့မှ ပေးစားလိုတယ်လို့ ဆိုတာ ဟူရစ်တော့မယ်ပ"

"ရော - ကိုယ်မွေးတဲ့သားကိုမယား ပေးစားရာမှာ သူတကာစကား နားဝင်ဆိုတ်ပါစ့်၊ သင်းတို့ အရေးကြေးတစ်စ ဆိုတတာ။ ဟိုလုံမနဲ့တော့ ငါ သဘော မတိုက်ပြီ၊ အိုမျိုး ပြောကတဲက ငါ ရင်မှ နာတယ်"

"တကယ်တော့ - အိုစပယ်လှဟာ ငယ်သေးလှပြီလား၊ သူ့အဖ ဦးရောက်ဆိုတာ သီရိပစ္စယာမှာ ဓားရေးဆရာ တစ်ယောက်တစ်ဆူပေကော"

"ရော - သည်မိန်းမကြောင့် ခက်လှပြီ၊ သင့်အဖနဲ့ သဘောမညီတာ ကျုပ်၊ ငါ့မျက်စိက သင်းကိုမတည့်တာ ကိုပဲ ပုံပန်းကမိန်းမပီဘူး၊ ယောက်ျားလို ယောင်ယောင် မာကြောလှဘိတယ်"

ထိုအခိုက်တွင် ရှိရှိကလေးဝင်လာခဲ့သော သံတိုင်၏ ညီမငယ် အိုမျိုးသည် ခရိုတရဲနှင့် ဝင်ပြောပြန်၏။

"အဖက ဓားရေးအတတ်ဆရာမို့ ကိုယ်၌ကလည်း ဓားရေးကျွမ်းတာ ကို၊၊ သည်တော့ - နည်းနည်းကြမ်းသယောင် ကိုယ်ဟန်တိုယ်မှုရှိတာပ"

ဦးလွယ်သည် သမီးဖြစ်သူက အိုစပယ်လှဘက်က ကာကွယ်ပြောသယောင်ယောင်ပြုသည်ကို မကျေနပ်ချေ။

"တန်ဘိ - ဥမည် တခြောတ်တာ သူကြီးစကား မဟုလင့်"

ဖခင်ကကြိမ်းလိုက်ပြန်တော့လည်း အသက်ဆယ့်ခုနစ်နှစ်ရွယ်လုံမငယ်မှာ အသာကုတ်သွားရှာသည်၊ သို့သော် ဖခင်၏ အမျက်ပြေစေရန်စကားကို လှည့်လွှဲ၍ ပြောလိုက်သည်။

"ဒါထက် - ကိုရင်သံတိုင်တာ အခု ခရီးမှာ သူမယားရဖို့ဟူတာ မသိရသေးဘူး ပနော်"

"ဘယ်သိမှာလဲ၊ ငါတသော်ငွေတစ်ပိဿာပေးပြီး လွှတ်တာပ၊ တလန်ကြီး ဦးဒိတ်ကို မြေ(မြီ)ဆပ်ဖို့ဟာဆိုပြီး ပေးလိုက်တာပ၊ အမှန်တရားတတော့ထင် လေးငါးရက် ကတည်းက လူစေပြီး သဝဏ်ပါးထားလတ်ပြီ၊ သည်ငွေတစ်ပိဿာက ထိမ်းမြားရေးစရိတ်ဖိုးတွေ့ဟာပဲပ"

— ○ —

www.burmeseclassic.com

www.burmeseclassic.com



အိုစပယ်လှသည် တစ်ရေးဆိုရုံ တစ်ရေးတလေးမျှသာ မေ့မှိတ်၍ရသည်၊ အိပ်စက်သည်ဟု မဆိုသာ။ မျောက်မျဉ်းမှိန်းရုံသာရှိ၏။

သူ့ရင်ထဲတွင် နေအစင်းတစ်ရာ ထွက်နေဘိသကဲ့သို့ ပူဆာလှ၏။ အသည်းနှလုံးတွေ အရည်ပျော်ကုန်ပြီလားဟု ထုံမှားရသည်။

ဖခင်သည် ဓားရေးအတတ်တွင် ကျော်ကြားသော ဆရာတစ်ဆူမို့ စစ်သူကြီးအမတ်စသည့်သူများ၏သားလုလင်တပည့်များ များစွာရှိပါသည်၊ သည်တပည့်တော်တော်များများထဲတွင်လည်း အိုစပယ်လှကို တကယ်လိုချင်၍ ပန်းတောင်းကြသူ မနည်းရှိ၏။

သို့သော် ထိုသူတို့၏အပေါ်တွင် သူ့နှလုံးသားသည် ကျောက်စိုင်ကျောက်ခဲသို့ မာကြောနေသည်၊ ဘာမဟုတ်သည့်အပ်ချုပ်သည်သား၊ငသံတိုင်သည် ဖခင်လက်ငုတ်အပ်ချုပ်အလုပ်ကိုမလုပ်လိုဘဲ မင်းလုလင်ဝတ္တရား ထမ်းဆောင်လိုကြောင်းလုပါသည်ဆို၍ ဓားရေးအတတ်လာသင်ခဲ့မှ သူ့နှလုံးသားသည်ဖယောင်းထက်ပင်ပျော့ပျောင်းခဲ့ရသည်၊ငသံတိုင်၏မျက်နှာ နေလဝန်းနှင့်တွေ့ကြုံရသည်တွင်မှ သူ့နှလုံးသားသည်ဖယောင်းသား ဖြစ်နေပြီကို သူ့ဘာသာသူ သတိပြု... သည်၊ တွေ့ကြုံရသည့် ခဏတိုင်း... အရည်တစ်စက် ပျော်ကျရလေရာ... လျှင် သူ့ရင်ထဲတွင် နှလုံးသားမှ ကျ... တော့မည်လားဟု ကြောင့်ကြလာ... သည်။

ပန်းတောင်းလာသူ အများတ... ထဲတွင်မှ သည်ငသံတိုင်ကိုပန်းပေး... မိပြီကော။

—○—

အသက် ဆယ့်ခုနစ်နှစ်အရွယ်... ချစ်ကြိုးသွယ်မိပြီး သုံးနှစ်တိုင်တိုင်... မြင့်ခဲ့သည်တွင်မှ သံယောဇဉ်ကြိုး... တောက်စနဲ ဖြတ်ခဲ့သည်၊ ဓားရေး... သေးသဖြင့် သုံးနှစ်တာ အောင့်အည်း... စောင့်ခဲ့ရသည်၊ ဓားရေးစုံမှ မင်းလုလ... ဖြစ်နိုင်သဖြင့် ရှေ့ရေး အဆင်ပြေစေ... စောင့်ခဲ့၏။

သို့သော် ငသံတိုင်သည် ကျွမ်းကျ... ပြီဖြစ်သော ဓားရေးကိုမင်းမှူးတွင် ဖေ... သေးမီပင် တစ်လွဲတွင် သုံးခဲ့ပြီ... ဖခင်၏စကားသွင်းလျက် မင်းလုလ... ဖြစ်တော့မည် ဆဲဆဲ၌ တစ်လွဲဆ... ကောင်းကာ သုံးနှစ်သုံးမိုး ပျိုး၍ ကျ... သော သံယောဇဉ်ကြိုးကိုအတတ်စုံလေပြီဖြစ်သော ဓားရေးသုံး၍ တောက်စနဲ ဖြတ်လေပြီလော။

ပါးပြင်ပေါ်သို့လိမ့်၍ဆင်းလာသော ...ရည်ဥများကို လက်ဖမိုးဖြင့် မတွယ်တာ ပက်၍ သုတ်ပစ်ပြီး အိုစပယ်လှသည်မဲ့ပြုံးပြုံးလိုက်သည်၊ ချစ်သူကြောင့်သာ သည်ပါးကွက်တွေ ပျက်စေချင်သည်၊ သည်လို မျက်ရည်ပူများက ပါး...တ်တျားတွေ ဖျက်ပစ်သည်ကိုတော့ ...လားမျှ မလိုချင်။

သူသည် ရင်ထဲက ဆုံးဖြတ်ချက်...စ်ခုကို အံကြိတ်၍ ဆုံးဖြတ်လိုက်ပြီး ...သည်နှင့်တစ်ပြိုင်နက် ခေါင်းရင်းဘက်...တွင် ချိတ်ထားသော ငှက်ကြီးတောင် ...ားလွယ်ဆီသို့ မျက်စိများက ရောက် ...ကြ၏။

ငသံတိုင် - သုံးနှစ်လောက် ဆည်း...ခဲ့ဖြင့် ဓားရေးသည် ပြည့်စုံပြီဟု သင်း...င်လေသလော၊ ဆယ်နှစ်သမီးဘဝ...ဝင် ဖခင်ဆီက ဓားရေးတွေကို ဆည်း...ပူးလာခဲ့သော ဆယ်နှစ်တာ ဓားပညာကို ...သင်း မလောက်လေ၊ မလောက်စား ပြု...လေသလော။

ကောင်းပြီ - မင်း၏အသက်၊ တိုင်း...ပြည်၏အသက်ကိုလုံ၍ကာကွယ်ရမည့် ဓားရေးကို ကိုယ်ရေး၌ သုံးခဲ့သည့် ငသံတိုင်ငယ်...သည်မတောက်တခေါက်ဓားရေးကလေးဖြင့်ပင် ကိုယ့်အသက်ကိုယ်ကာကွယ်ရန်ကြိုးစားပါဘိတော့၊ဖခင်၏ ဓားလောက်နီးနီးထက်သော မိမိ၏ဓားကို ဖာနည်ဘွားကြီး ငသံတိုင် ခံနိုင်ရည်ရှိက ခံလေတော့။

ရှင်ကွဲတော့ အကွဲခံနိုင်၊ သေကွဲသာ အကွဲခံမယ်၊ ငသံတိုင်မရှိလျှင် မိမိလည်းအသည်းကြွေ၍သေရည်ဖုန်း သို့သော် မိမိ မရှိရမည်မှာ သေရာပြီဖြစ်သည့် အခြေအနေမျိုးတွင် ငသံတိုင်လည်း မရှိဖို့က အရင်သေရာအောင်ပြု...တော့မည်၊ မိမိတို့ သိရိုရစွာ လုလင်... တို့၏လက်တွင် ဝတွတ်၍ ထားရတ်ခဲ့သော်လည်း မိမိကား ငသံတိုင်တို့ ညေ...သည့်လုံမ၏လက်တွင်မှဝတွတ်၍ထားနိုင်ပါ၊

ညသာရှာကို အိုစပယ်လှသည် တစ်ခါမျှ ရောက်ဖူးခြင်း မရှိ၊ သို့သော် အိုမျိုးတို့၏စကားတွေထဲတ သခင်ကြား ဖူးနားဝကိုမှီ၍သွားမည်ဆိုလျှင် သွား... ပါသည်၊ ရောဝတီမြစ် အ...သ...တ် ကမ်းသို့ကူးပြီး မြင်းဇှား...သွားလျှင် နံနက်ကထွက်သော်နေဝင်ခါနီးလောက်တွင် ရောက်နိုင်...သောခရီး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

မည်သူ့ကိုမျှ အသိမပေးဘဲ တစ်ယောက်တည်းသွားလျှင်လည်း အမြဲအနေသည် လွယ်ကူနေ၏။ သူသည်နေ့စဉ်ဝင်အရက်တတ်ပြီးသည်နှင့်တစ်မြို့နှင့် မားလွယ်တိုယူတာ နောက်ဖေးဥယျာဉ်ထဲတွင်နှစ်နာရီ၊ သုံးနာရီမားရေးလေ့ကျင့်နေမြဲဖြစ်၍ မားလွယ်ပြီး ယူသွားသော်လည်း ဖခင်၏ နမဖြစ်သူဒေါ်ထက်ပြသည် လုံးဝရိပ်စားမိနိုင်မည်မဟုတ်၊ နံနက်ချင်း၌ မိုးစင်စင်လင်းမှ မီမီရောက်သည်ကို သိမည်၊ မိမိမားရေးလေ့ကျင့်သည်တလည်း သုံးလေးနာရီ၊ ဒေါ်ထက်ပြ ဘုရားဆွမ်းတော် ရှိခိုးပူဇော်သည်တလည်း သုံးလေးနာရီဖြစ်သဖြင့် အိမ်သားတွေ သိချိန်တွင် မိမိသည် ညံ့သာရွာသို့ သွားသော ခရီးလမ်းပေါ်တွင်ရှိမည်ကို နှင်မိနေသည်ဖြစ်၏။

ညံ့သာရွာက သေံတိုင်တို့၏မင်္ဂလာဆွဲဝယ် သွေးပေါက်ပေါက်တို့ ကြဲနိုင်ရန်မီလိုအပ်သည်တားဒေါ်ထက်ပြ၏ကွပ်ချပ်အောက်တဖာထဲမှငွေစအနည်းငယ်သာဖြစ်သည်။ ဒါကလည်းလွယ်ပါသည်၊ ဘာကိုမျှ မရိပ်စားမိသည့် သူများကို အလစ်ချောင်းရသည်မှာ မခက်ပါ၊ မိမိမျက်နှာသစ်ပြီး၍ ပုဆိုးရှည်လဲပြီး အောက်ပိုးကျိုက်စဉ်တွင်ပင် သာယာသော ဒေါ်ထက်ပြ၏ ဘုရားရှိခိုးသံသည် တလွင်လွင်ရှိရော့မည်။ သည်အချိန်တွင် ငွေစတွေ လိုသလောက်ယူ၍ မားလွယ်လွယ်ကာ သွားရုံသာရှိတော့သည်မဟုတ်ပါလော။

— ○ —

မနေ့ညဥ့်က ခရီးရောက်မဆိုက်ဖြစ်နေသဖြင့် ဘာမျှမပြောဘဲ ထားခဲ့သည်။ မနက်မှပင် အေးအေးဆေးဆေးပြောပြီးကိစ္စပြီးစီးလျှင် နောက်နေ့နံနက်တွင်ပင် သီရိပစ္စယာသို့ပြန်မည်ဟု စိတ်ပိုင်းဖြတ်ထား၏။

ထိုကြောင့် မုန့်ဖြူမုန့်နီ အကြော်မျိုးစုံနှင့် လက်ဖက်ရည်ကြမ်းဝိုင်းတွင် ကလန်ကြီး ဦးဒိတ်နှင့် ဇနီး ဒေါ်ကြွင်းတို့နှစ်ဦး စုံလင်သောအခါတွင်မှ သေံတိုင်သည် ဘေးတွင် ချထားသော ငွေတစ်ပိဿာအထုပ်ကို ကလန်ကြီးသို့ ကမ်းပေးရင်း ပြောလိုက်၏။

"လာရင်းကိစ္စကတော့ အဖေ ... မြေ(မြို့)ဟောင်း အဆပ်စေလိုက်လို့ သာပ - ဝရီးငယ်။ တစ်ပါးအကြောင်း ... တလည်း မရှိသမို့ ယခု တစ်ညဥ့်အိပ်ပြီး နံနက်လင်းရင် ပြန်မယ်ရည်သန်ထားပါသယ်"

သေံတိုင်၏စကားကို ကြားသောအခါတွင် ကလန်ကြီးသည် ရုတ်တရက်ပြုံးရယ်မိလေ၏။ ဇနီးဖြစ်သူ ဒေါ်ကြွင်းကမူ မျက်နှာကို ချလိုက်သည်။ ကလန်ကြီးတယင်းသို့ရယ်လိုက်သဖြင့် သေံတိုင်မှာ အံ့အားသင့်သွားသလိုဖြစ်ရာက စကားကို ဆက်ပြောပြန်သည်။

"အတို့ကျွန်ကမင်းလုလင်ဖြစ်လိုပါ၍။ သည်တော့ - သည်အရေးကိစ္စအလို့မှာဆောင်ရွက်ဖို့ ရှိသေးတော့ ကြာကြာမနေနိုင်စွဟုတ်တာ။ ခွင့်သနားလတ်သေး၊ နောင်သရော ရောက်ခဲ့ရင် ကြာကြာနေမယ်ပ"

ကလန်ကြီးသည် ငွေထုပ်ကို ဘေးတွင်ချ၍ ထိုင်ရာမှ ထသွားကာ စာတိုက်သေတ္တာ (ပေစာများထည့်သော သေတ္တာ)၏အပေါ်တွင် တင်ထားသော ပေချပ်ကလေးတစ်ချပ်ကို ယူလာကာ နေရာတွင် ပြန်ထိုင်၏။

"အမောင် - ဒီစာကိုဖတ်ပြီးမှစကားဆက်ကြသေးတာပ"

သေံတိုင်သည် ဘာမသိ ဘာမသိနှင့်ပင် ကလန်ကြီး ဦးဒိတ် ကမ်းပေးသော ပေချပ်ကလေးကို လှမ်းယူ၍ ကြည့်မိသည်။

သီရိပစ္စယာနေ ငလွယ်၊ အိုတယ်လောင်းတို့က သဝန်ပါးပါ၏။ သခင်တစကားထည့်မှုသည့်အတိုင်းတွျန်ုပ်တို့၏သား သေံတိုင်ကို ထိမ်းမြားစရိတ်ငွေတစ်ပိဿာနှင့်အတူ လေးငါးရက်မျှတာလအတွင်း စေပါအံ့။ သေံတိုင်ရှုတ်တတ်လှသည်။ မြို့တောင်းဆဝ်သာယောင် စေရပါအံ့၊ သင်းရောက်ခါမှ ရောင်းရင်းအသည် ဥသုံ့ဖွင့်ပြောပါသီ၊ ရောင်းရင်း၏သမီး အိုသီကို သင်းမြင်တွေ့ပြီး တစ်ခုတားမြတ်နိုးအံ့တုဋ္ဌာ၊ သေံတိုင် မင်းလုလင်ဖြစ်ရေးက ရှိလတ်သေးတော့ ထမ်းသီတင်းမှိုတာလတွင် ပြန်ခွင့်ပြုလတ်သေး၊ သမီးရွှေမ အိုသီ၏ လရောင်ဝန်းမျက်နှာကို တွျန်ုပ်ရင်ဝယ် အေးအောင်တစ်ပါတည်း ကြည့်ရအံ့၊ မျှော်တို့မျှ ဟုဋ္ဌာ၊

သဝဏ်ကား ထိုသို့နှင့်လိုရင်းကိုဖော်ပြလျက်ရှိသည်။ သဝန်ကိုတိုင်ထားသော သေံတိုင်၏လက်တို့သည် တုန်ဆတ်ဆတ် တုန်သွား၏။

စကားကို ဟန်ဆောင်၍ ပြောတတ်သဖြင့် ခဏတဖြုတ်စားသော

www.burmeseclassic.com

တန်ပြီး လက်ဖက်ရည်ကြမ်းဝိုင်းမှ ထလာခဲ့သည်။ အိုသီကို သူမြင်ခဲ့ပြီးပါပြီ။ အသားလတ်လတ်အသက်ဆယ့်ရှစ်ခန့် မိန်းမပျိုဖြစ်၏။ သူရှစ်ရည်နှင့်သူ တင့်တယ်သည်ကိုဝန်ခံပါသည်။ သီရိပစ္စယာဘုရား မှ ကိုးနံ့ခဲ့ရာတ ဒေဝဿရာဆေးရေးရုပ်ထွေးလည်းတင့်တယ်သည်ကိုမြင်ဖူးခဲ့ပါသည်။

သို့သော် လှသည်ဆိုတိုင်း နှလုံးသားက ချစ်ရေးဆောတတ်ပါသလား။

လွန်ခဲ့သောသုံးနှစ်ခန့်က အသက်ဆယ့်ခုနစ်နှစ်ခန့် အိုစပယ်လှကို သူတွေ့ခဲ့ရသည်။ စံပယ်လိုမဖြူပေမဲ့ စံပယ်ထက်လှပါ၏။ သူ့တိုက်နံ့တလေးသည် စပယ်ထက်သင်း၏။ သူ့မေတ္တာမှိုင်တားစပယ်စိမ်ထားသည့် ရေထက် အဆတစ်ရာ အေးမြလှသည်။

သေံတိုင်သည် ညံ့သာရွာဦးမှ သုံးလှခေါ်လာ ဝှထိုးတော်ကြီး၏ ချောင်တစ်ခုတွင် တစ်ဦးတည်း သွားရောက်၍ ထိုင်နေမိ၏။

အိုစပယ်လှကို မတွေ့ခင်က လုံမ ယ်လှလှဝဝကို သူမမြင်ဘူးခဲ့။ သို့သော် အိုစပယ်လှနှင့်တွေ့သော် ပန်းတောင်းမိ သည်။ ထူးထွက်ကြွမှာပာ လက်ပန်းပေါက် ခတ်ရမလောက်ပင် အိုစပယ်လှသည် လိုချင်သော်လည်း မတောင့်တဝံ့သော မေတ္တာပန်းကို မိမိတစ်ဦးတည်းကိုရွေး၍ ပေးခဲ့၏။

အိုစပယ်လှနှင့်တွေ့ပြီးမှ လှပသော လုံမတွေကို သူ သတိပြုမိသည်။ အိုစပယ်လှ အောက်လျော့၍လည်း လှကြသည်။ အိုစပယ်လှထက်သာ၍လည်း လှကြသည်။ အချို့မှာ အမည်မလှသော်လည်းလှလှ၏။ အချို့မှာအမည်လည်းလှ လှလည်းလှ၏။ သို့သော် မိမိ၏နှလုံးသားသည် မေတ္တာရေဖြင့် တင်းတိမ်နေပါပြီ။ အစာဝနေသူသည် ညှံ့ဖျင်းသောဟင်းလျာနှင့်ပင် စားခဲ့ရဦးတော့ နောက်ထပ်တွေ့သော ထမင်းပွဲကို မခုံမင်နိုင်ပါ။ ဟင်းချိုရွက်နှင့် ပြင်ပေးလည်း မစားချင်ပါ။ အမဲသားငါးနှင့်ပြင်ကျွေးလည်း မျက်စောင်းပင် မရှုချင်ပါ။

နေ့အတွက် နေသည် တစ်စင်းသာ ရှိပြီး ညဥ့်အတွက် လမင်းသည်လည်း တစ်စင်းသာ ရှိပါသည်။ လောကသည် ပြည့်စုံလုံလောက်နေပါ၏။

ဘဝတွင်လည်း ချစ်ရသူတစ်ဦးနှင့် လုံလောက်နေပါပြီ။ အိုစပယ်လှ၏ မေတ္တာမိုးကဲ့သို့ပင် မိမိ၏မေတ္တာမိုးသည် သည်း ကွက်ကျားသော ရွာနိုင်ပါသည်။ အနှံ့အပြားဖြန့်၍ ရွာတတ်သည့် မေတ္တာမိုးသည် မိမိ၏နှလုံးသားမိုးတိမ်တိုက်ထဲ မကိန်းအောင်းပါ။

နေမင်း၊ လမင်းကွယ်၍ အမှောင်ကျွဲဝယ်မနေလိုပါ။ တစ်ဦးတည်းသော ချစ်သူကွယ်၍ ဘဝသဲကန္တာရဝယ် ဝင်္ခံ၍ အသက်မရှည်လိုပါ။

ဇန်မှန်ရေပြင်တွင် လနှင့်နေကိုတွေ့ကောင်းပါသည်။ သို့သော် အစစ်အတုမဖြစ်ချေ။ ရောင်ပြန်အရိပ်သာဖြစ်သည်။ ပကတိအစစ်ကို ပိုင်ဆိုင်နေပါလျက်နှင့် အစစ်ကိုပယ်၍ အတုနှင့်နေသည်ဆိုလျှင် မိမိသည် လူ့ဘဝမှ အသူရကာယ်ဘုံသို့ ကူးပြောင်းခြင်းသာ ဖြစ်ရပေမည်။

သို့သော် – သို့သော်။

ဦးဒိတ်သည် ညံ့သာရွာ၏ ကလန်ကြီးဖြစ်သည်။ ဤရွာတွင် သူသည် ဂုဏ်အရှိန်နှင့်နေသူဖြစ်၏။ သူ့ဘက်က ကျေးကျွန်သူဖြစ်၍ သမီးကိစ္စကို လျှို့လျှို့ဖုံးဖုံး ဖုံးထားဘဲ မင်္ဂလာပွဲအတွက် လူသိရှင်ကြား ပြုလုပ်ထားလေပြီ။ ဒါတွေကို သတ်ဝင်မစဲဖြစ်သော ရွာသူရွာသားများ အပြောအနေကြောင့် ရိပ်စားမိခဲ့၏။

သို့ဖြစ်သောကြောင့် မိမိက အိုသီကို ပစ်ပစ်ခါခါပြုခဲ့သော် ဖခင်၏ချစ်မိတ်ခွေကြီး ဦးဒိတ်သည် မျက်နှာကို ဓားဖြင့် လှီးပစ်ချင်ရော့မည်။

စင်စစ်သော်ကား မိမိအဖို့ အိုစပယ်လှကို အရင်ဦးခင်စွာ ချစ်မိခြင်းကြောင့်သာဖြစ်သည်။ အိုသီတွင် သဘောညီသူ လုလင်တစ်ဦးက ပစ်ပစ်ခါခါ ပြုစရာ အပြစ်အဆာရှိသူကလေးတော့ တော့တ်ပါချေ။

ငသံတိုင်သည် ပရဂုဏ်နံရံကို ကျောမှီရင်းက သက်ပြင်းချမိ၏။

သူတစ်ပါးအပေါ် တောတ်ထားနေရဖြင့်တော့လည်း မိမိ၏သဝတို အရှက်မခံနိုင်ပါ။ အသက်နှစ်ဆယ့်သုံးနှစ်မျှ ရှိသေးသော လုလင်၏ စဉ်းစားတွေးခေါ်မှုသည်များယွင်းကောင်းမှားယွင်းပါသည်။ သို့သော် ဘယ်သို့သော နည်းနှင့်ဖြစ်ဖြစ် အပြစ်ကင်းပြီး အသက်ထက်မြတ်နိုးရပါသော အိုစပယ်လှ၏ဖြူနုသော နှလုံးသားကို ချွေမချရက်ပါ။ ချွေချနိုင်လောက်သော အားခွန်ဗလသည်လည်း မိမိတွင် မရှိပါ။

အချစ်သစ္စာဖောက်ဖူ့ အခေါ်ခံရမည်ကို ကြောက်၍မဟုတ်ပါ။ အခုန်ဆို

www.burmeseclassic.com

ရလှှင်အိုသီတိုမိမိလက်မထပ်နိုင်သည်မှာ မိမိ၏အတန်း ထိခိုက်မည်၊ မထိခိုက်မည်ကိုစဉ်းစား၍မဟုတ်၊ အိုစပယ်လှ၏နှလုံးသားကလေး ကြေသွားမည်ကို စိုးရိမ်သော အချက်တစ်ချက်တည်းနှင့်ပင် အိုသီတို့လက်မထပ်နိုင်ခြင်းဖြစ်ပါသည်။

သို့ရာတွင်အပြောခက်လှ၏၊ အဖြေရှင်းရခက်လှ၏၊ အကောင်းဆုံးနည်းဖြင့် မဖြေရှင်းနိုင်သည့်ဘဝတွင် အအောင်မြင်ဆုံးဖြစ်အောင်တော့ ဖြေရှင်းရပါမည်၊ ဘာပဲဖြစ်ဖြစ် မိမိသည် မိမိအတွက်ထာဝစဉ်ဖွင့်ထားသော အိုစပယ်လှ၏ ရင်ခွင်ထဲသို့ အောင်မြင်စွာ ပြေးဝင်နိုင်ဖို့ မိမိနိုင်တော့ အမှန်ဝင် လိုအပ်ပါသည်။

ထိုကြောင့် အလျင်စလိုမလုပ်ဘဲ တစ်ညဥ့်တန်သည်၊ နှစ်ညဥ့်တန်သည် အချိန်ယူပြီးမှ အောင်မြင်အောင် ဆောင်ရွက်ရမည့်နည်းလမ်းကို ရွေးတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်မိလေ၏။

— ○ —

နေသည်အနောက်ဘက်မိုးကောင်းကင်တွင်အတော်ပင်စောင်းလျက်ရှိကာ ဝင်လုဆဲဆဲ ရှိနေပေပြီ၊

အိုစပယ်လှက မြင်းဇက်ဖြင့် အချက်ပြလိုက်သည်တွင် မြင်းသည် ပတတ်ရပ်လိုက်၏။ ထိုအခိုက်တွင်ပင် အိုစပယ်လှသည် ငအုန်း၏ လက်ကောက်ဝတ်ကို ခြေဖြင့်ကန်သည် တစ်ချိန်တည်းမှာပင် မြင်းဦးခေါင်းကို လက်နှစ်ဖက် ဖက်ဆွဲကိုင်ပြီး လက်ျာဘက်က ဓားဖြင့် ငခေတ်ဘ၏ဓားကို ခုတ်ဖယ် ဖယ်လိုက်သည်။



ညံ့သာရွာအဝင်စပ် မရောက်မီ ...လေးတွင်တည်ရှိသော ထန်းညယျာဉ် (...န်းတော)ထဲမှ လူသုံးယောက်သည် ...န်းရေရိပ်ဝေဝေကလေးနှင့်လှည်းလမ်း ...ကြောင်းပေါ်သို့ တက်ခဲ့၏၊ စကားတွေ ...ည်း ဖောင်နေအောင် ပြောသည်၊ သူ ...အထဲတွင် အသက်သုံးဆယ်နီးပါး ...ာ်ခမ်းမွေးကျင်စွယ်နှင့်လူက အသ ...ကြ...ယ်ဆုံးဖြစ်၏။

"သေ့ - မောင်မင်း - ဘာမှမပူလင့်၊ ...ငခေတ်ဘတို့ရှိရင် လောကကြီးမှာ ...အလိုပြည့်ပြီ မှတ်ဖို့၊ မြင်းရုံမိုတောင် ...တော့ရကျော်ရ အဏ္ဏဝါတို့ ဖြတ်ရ ...ရအဆီးအတားမရှိပြီ၊ ဟား - ဟား"

သေ့ကား မျက်နှာငယ်ကလေးနှင့် ...ဖြစ်သည်၊ သူပြန်ပြောသည့်စကား ...မှာလည်း လေပျော့ကလေးဖြင့်သာ ...ဖြစ်၏။

"ကိုရင်ငအုန်းနဲ့ ကိုရင်ခေတ်ဘကို ...တို့စွဲဟုတ်တာ၊ အတို့ကျွန်ရဲ့ဒုက္ခ ...တယ်ယူမယ့်သူ မှုနီးတယ်"

သူတို့သုံးယောက်အနက်တွင်ငသေ့ ...၍ တျန်နှစ်ယောက်စလုံးမှာ ဓား ...ယ်တွေနှင့် ဖြစ်၏၊ သို့သော် သူတို့ ...ည်ညံ့သာရွာသားများသာဖြစ်၍ခရီး ...များမဟုတ်ချေ။

ငခေတ်ဘသည် ရင်ဘက်ရှေ့သို့ ရောက်လာသောဓားရိုးကိုဘေးသို့ဖယ်ရင်း ဝင်ပြော၏။

"ငါတို့လက်စွမ်းကို ညံ့သာရွာတနလင်ကျော်တွေ မဆိုထားဘိ၊ သိရိုတစွယာကဦးရောက်သင်တည့်တွေတောင် ခံနိုင်မှာမဟုတ်၊ ဒါကြောင့် မောင်မင်းဘာကိုမှမပူသင့်၊ စိတ်အေးအေးထားဘိ"

ထိုခဏတွင် မြင်းစွာသံ ထွက်ပေါ်လာသည်၊ ရွာဘက်မှမဟုတ်ဘဲ ရွာသို့ဦးတည်နေသည့်ခရီးလမ်းမ၏ အညာဘက်ကဖြစ်သည်၊ သုံးယောက်သားသည် ရှာခနဲ လှည့်ကြည့်လိုက်ကြ၏။

မြင်းစီးသမားသည် ဦးခေါင်းတွင် ပဝါတော့ ပေါင်းထား၏၊ သို့သော် ပဝါကို ဘေးတွင်မချဘဲ နောက်တွင်ချထားရာ ပဝါသည် ကျောဘက်တွင် တလူလူလွင့်နေ၏၊ ညံ့သာရွာအတွက်လူစိမ်းဖြစ်သော်လည်း သူ့တွင် ဓားကို လွယ်ထားသည်ကို မတွေ့ရချေ။

မျက်စိရှင်လှသော ငအုန်းသည် လွှတ်ခနဲ ပြောလိုက်၏။

"ညီပြေပြေခြေသလုံးဝတ်းစုံးတ လုလုသည်တကား၊ ...လင်မတော်၊ လုံမသာဟုတ်စွ၊ ...ကို ဆီးကြိုကြဘိ"

www.burmeseclassic.com

www.burmeseclassic.com

သုံးယောက်သား လမ်းကို ဝိတ်ရပ်လိုက်သည်၊ မြင်းစီးသမားလည်း မြင်းဇက်ကို သတ်လိုက်ပြီး သုံးယောက်စလုံးကို လျှင်မြန်စွာ အတဲခတ်သလို ကြည့်သည်။ ထိုခဏတွင်ပင်အေနန်းသည်ရုတ်ထရုတ် ဒေါသထွက်လာပြီး -

"တတယ်လုတဲ့ ခါးတလေးပါတတား၊ ကျစ်ဖွေ့ပြီး မြေမှာ ချပေးပုံနမယ်"

တုပြောရင်းလက်ျာလက်ကမြင်းစီးလာသူ လုံမငယ်၏ခါးကို ဖက်၍ လက်ဝဲဘက် သလုံးသားလေးကို ပွတ်သပ်သည်၊

"ရော - ခါးကို နစ်သက်ရင် ဓားကိုလည်း ကြိုက်တတ်သသူတွေထင်ပ"

အိုစပယ်လုသည် ကုန်းနှီးအောက် မြင်း၏နံဘေးတွင် လျှိုထားသော ဓားအိမ်ထဲက ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်သည်၊

အေနန်းနှင့် ငခေတ်ဘတို့လည်း နောက်သို့ ဆုတ်ကြကာ ခါးမှ ဓားများကို ဆွဲထုတ်လိုက်ကြ၏၊ အေနန်းသည် အိုစပယ်လု၏ လက်ဝဲဘက်တွင်ရှိ၍ ငခေတ်ဘသည် လက်ျာဘက်တွင်ရှိသည်။ သူတို့နှစ်ယောက်စလုံးသည်ပြိုင်တူပင် ဓားများဖြင့် ဝင်ခုတ်လာကြတော့သည်၊

အိုစပယ်လုကမြင်းဇက်ဖြင့်အရှေ့ပြုလိုက်သည်တွင် မြင်းသည် မတ်တတ်ရပ်လိုက်၏၊ ထိုအခိုက်တွင်ပင် အိုစပယ်လုသည်အေနန်း၏လက်ကောက်ဝတ်ကို ခြေဖြင့်ကန်သည်၊ တစ်ချိန်တည်းမှာပင် မြင်းဦးခေါင်းကို လက်နစ်ဖက် ဖတ်၍ တိမ်းပြီး လက်ျာဘက်က ဓားဖြင့် ငခေတ်ဘ၏ဓားကို ခုတ်ဖယ် ဖယ်လိုက်သည်၊ မြင်းသည် မြေပေါ်သို့ ခွာစုံတူ...သည်နှင့် တစ်ချိန်တည်းပင် အိုစပယ်လုသည် မြင်းပေါ်မှ ခုန်ဆင်းပြီး မြင်းကို ...သို့ အနည်းငယ် လွှတ်ထုတ်လိုက်၏၊

အေနန်းလက်မှ ဓားသည် လွင့်၍ လွင့်ထွက်သွားလေရာ အေနန်းသည် နောက်သို့လိုက်ရန် ကိုယ်ကို လှည့်၏၊ ထိုနောက် သတိရကာ အိုစပယ်လု...သို့ ပြန်လှည့်ကြည့်သည်၊ သို့သော် နောက်ကျသွားလေပြီ၊ အိုစပယ်လု၏ ဓားသည် လျှင်မြန်စွာပင် မိုး၍ကျ... အေနန်းမှာ လက်ကလေးနစ်... ကြက်ခြေခတ်၍ မျက်နှာပေါ်... လက်ျာဘက်လက်ကောက်ဝတ်... တို့သည် ဖြာခနဲ စီးဆင်းကျ... တော့သည်၊

"ခါးသာ ကိုင်တတ်ပြီး ဓားမှ မကိုင်တတ်တဲ့ ယောက်ျားတွေပါတကား၊ ညံ့သာရွာကတော့ ရှက်စဖွယ်လိလိဖြစ်နေပြီကော ..."

အိုစပယ်လုသည် ပြောပြောဆိုဆိုနှင့်ပင် ငခေတ်ဘဆီသို့ ခြေလှမ်းလာ၏၊ မှော်လင့်ထားသော ငခေတ်ဘကလည်း လက်ထဲမှ ဓားဖြင့် ဆီးကြိုခုတ်လင့်သည်၊ သို့သော် သီရိပစ္စယာတွင်သာမက ပုဂံ...တစ်ပိုက်တွင် အကျော်အမော်တစ်ဦး ဖြစ်ပါလေသော ဓားရေးဆရာကြီး ဦးရောက်သင်၏သမီးအတွက် သူ့ဓားချက်များသည် ဓားကွက်ချ၍ သင်ရေးစ, သူ၏ ဓားချက်မျှလောက်သာ ဖြစ်နေပေ...လေးငါးချက် အခုတ်တွင်ပင် ငခေတ်ဘသည် ဝမ်းပိုက်ကို လက်အုပ်၍ မြေပေါ်သို့ ...ကျသွားတော့သည်၊

အိုစပယ်လုသည် အထီးကျန် သေံ...သို့ ချဉ်းကပ်လာပြန်သည်၊ သေံသည် မြေပေါ်သို့ ဒူးထောက်ချပြီး သနားစဖွယ် ...ကြည့်သည်၊

"အစ်မငယ် - ချမ်းသာပေးပါဘိ၊ အတို့ကျွန် - လက်နက်မဲ့ပါတကား"

အိုစပယ်လုသည် မြေပေါ်က အေနန်း...ဓားကို ခြေဖြင့်ခတ်၍ သေံနားသို့ ပို့ပေးပြီး မေးငေါ့ပြသည်၊ သေံက ဦးခေါင်းကို သွက်သွက်ခါယမ်းပြ၏၊

"အတို့ကျွန် - ဓားရေးမပွန်ပါ၊ အနွ...ဖြစ်ပါတယ် - အစ်မငယ်၊ အခုလိုမှုလို့ အတို့ကျွန် ကြံ့ရေးတွေ ပျက်စီးရပါပြီကော၊ အတို့ကျွန်မှာ ရန်ငြိုးမဖွဲ့သင့်ပါ၊ ဘောက်မဲ့ကြောင့် တစ်ရပ်တစ်ဒေသ...လာပြီး အတို့ကျွန် အငန်းအတာတို့ ပျက်ဆီးရချင်တာ ဖြစ်ပါစဲ့"

အိုစပယ်လုသည် သေံကို ငေးကြည့်မိတော့သည်၊

"ကိုရင်ဟူသမျှ တစ်ပါဒမှ အတို့ကျွန် နားမလည်တတား၊ သည်လူယုတ်မာတွေ စော်ကားလို့ ဓားသသော ဖြတာပါ၊ ကိုရင့်စကား ရှင်းလင်းအောင် ဟူပါဘိ"

သေံသည် ဒက်ရာတွေအသီးသီးနှင့် သူ့မိတ်ဆွေတွေကို တစ်ချက်ကြည့်ပြီး စိတ်ပျက်သလိုနှင့် ပြန်ပြောသည်၊

"ညံ့သာရွာမှာအတို့ကျွန်ရဲ့ရည်းစား သူရှိပါတယ်၊ သူ့ကို တစ်ရွာသား တစ်ဝါး သူနဲ့ ထိမ်းမြားမယ်ဟူလို့ ယနေ့ညဉ့်ဝင် နိုင်းမယ်ကြံခဲ့ပါတယ်၊ သူ့ဖခင်ဒိတာလန် ကြီးဆိုတော့ နလင်ကျော်တွေ လိုက်လာခဲ့ရင် ထိန်းဖို့သည် မိတ်ဆွေဓားသမား...

www.burmeseclassic.com

www.burmeseclassic.com

ဦးတို့ အတူယူခဲ့ပါတယ်၊ ယခုတော့ - အတို့တျွန်ရဲ့အကြံပျက်ပြီး ချစ်သသူတစ်ဝါးလက်ကို ပါရတော့မှာပ - အစ်မငယ်၊ သင်းတို့ မဖွယ်မရာ လုပ်မိတာ အတို့တျွန်ရဲ့အငန်းအတာ ပျက်ရပြီပ"

အိုစဝယ်လှသည် သေ့ကို ငေး၍ကြည့်မိပြန်၏

"လုံမငယ်တ ကိုရင့်ကို ချစ်ပါစ့်"

"ချစ်၍သာသဘောကြိုက်ညီပြီးပါ၊ ယနေ့ည၌ နိုးရာကို လိုက်မှာဖြစ်စွ ဟုတ်ထာ"

အိုစဝယ်လှသည် မြားကို အအိမ်ထဲ ဖြန်သွင်း၍ သေ့ကို ပခုံးနှစ်ဖက်မှ ဆွဲ၍ လှုပ်ပေး၏ သူ့ရှက်နှာတား မြားသွားကို ရင်ဝထဲတုပ်နှောင်ထားသော ကတ္တီပါသားတဲ့သို့ကြည်လင်လှပလွန်းလှတော့သည်၊

— ○ —

သေ့တိုင်သည် မှောင်ရိပ်သမ်းလာမြှင့်ထမြင့်စေရွက်တလေးကိုရင်ဘတ်ကြားသို့ သွင်းလိုက်သည်၊ အထပ်ထပ်တတ်လေ ဝို၍ပို၍ စိတ်ညစ်ရလေဖြစ်သော သဝဏ်လေးပါတကား၊ ခပ်မှောင်မှောင်ဖြစ်နေသော ပြင်ပလောကမှတ်နှင့်အတူ သူ၏စိတ်တို့သည်လေးလံညစ်ထိုင်းနေရသည်၊

ထိုခဏတွင် အိမ်ဝိုင်းထဲတွင် ဆူဆူညံညံအသံတွေ ရုတ်တရက် ထွက်ပေါ်လာ၏၊

သေ့တိုင်သည်လည်း နံရံတွင် ချိတ်ထားသော သူ၏မြားကို ကောက်၍လွယ်ကာ အိမ်ရှေ့ဘက်သို့ထွက်လာခဲ့မိသည်၊

ဦးဒိတ်၏အိမ်မှာ မင်္ဂလာသတင်းမေးသူ များပြား၍ ဧည့်ခံကျွေးမွေးရန် ခြံဝိုင်းထဲတွင်ပင် ချက်ပြုတ်လုပ်ကိုင်ကြသည်ဖြစ်ရာ ဟိုနားသည်နားတွင် ချည်နှောင်ထားသော မြင်းတိုင်များကြောင့် အတော်ပင် လင်းချင်းနေသည်၊

မြင်းခွာသံ ထွက်ပေါ်လာသည်နှင့် သေ့တိုင်သည်လှေခါးထိပ်မှလှမ်းကြည့်လိုက်ရာ လုံ့မငယ်တစ်ဦးကို လုလင်တစ်ဦးက မြင်းပေါ်တင်၍ ဝိုင်းပေါက်ဆီသို့ ထွက်သွားသည်ကို တွေ့ရ၏၊

"ဟယ် - ပါသွားပြီ၊ ဩ - အိုသီပါသွားပြီ"

"ရော - ခက်ပ၊ ကယ်ကြပါဘိ - ကယ်ကြပါဘိ"

လူတွေ ယောက်ယက်ခတ်သွားသော်လည်း မြင်းစီးသမားနောက် မည်သူမျှ မလိုက်ဝံ့ဘဲ ငေး၍သာ အိမ်ရိပ်ကို ခိုကြသည်၊ ကလန်ကြီးဦးဒိတ်၏ လုလင်ကျော်သုံးဦးသည်သာလျှင် မြင်းကိုယ်စီနှင့် ဝင်းဝသို့ ပြေးလိုက်ကြ၏၊

သို့သော် သူတို့ ဝင်းဝမရောက်မီ တရက်တန့်ကာ နောက်သို့သုံးလေးလှမ်း ခုန်ဆုတ်ကြ၏၊ မှောင်ရိပ်အနည်းငယ်ကျနေသော ဝင်းဝဆီမှ တစ်စုံတစ်ယောက်သည် မြားလွတ်ကိုင်၍ လှားခနဲဝင်လာသည်၊ သူ ကျရောက်လာသောနေရာမှာ မီးရောင်ရှိသည့်အပြင်သူသည် အိမ်ဘက်သို့လည်း မျက်နှာမူထားသည်ဖြစ်သောကြောင့် လူတွေမှန်းကြည့်ကြ၏၊ သူကား ပဝါစကိုနောက်ဘက်တွင် တွဲရရွဲ ချထားသူပင်ဖြစ်လေသည်၊

သေ့တိုင်သည်လည်း မြားကိုအသိမ်မှနုတ်ကာလှေကားကိုပြေးဆင်းသွားမိသည်၊ စူးရှသောမြင်းခွာသံသည်အိမ်နှင့်ဝေး၍သွားသည်ကိုအတိုင်းသားကြားရသည်တွင် လုလင်ကျော်သုံးဦးသည်းသတိဝင်လာသလိုဖြစ်ကာ သူတို့ရှေ့တွင် မြားဦးပြ၍ ကန့်လန့်ခံနေသောသူစိမ်းမြားသမားထံသို့ ပြေးဝင်ကြလေတော့သည်၊

မီးရောင်ထဲတွင် မြားသွားများပြတ်ခနဲ လက်ခနဲ ဖြစ်နေသည်နှင့်အမျှ သံသံချင်း ထိခတ်သံတို့သည်လည်း အသံတ်ရှုသံပင် မကြားရသော ပတ်ဝန်းကျင်တွင် ကျယ်လောင်စွာ ထွက်ပေါ်နေကြလေသည်၊

သို့သော် မယုဉ်သာချေတကား၊ လက်ရှည်သည် ထူးထူးခြားခြားပင်တွာလှ၏၊ ခဏမျှအကြာတွင်ပင် လုလင်ကျော်သုံးဦးမှာ ဒဏ်ရာကိုယ်စီနှင့် မြားလက်လွှတ်ဖြစ်ကြပြီးဟိုနေရာ၊သည်နေရာတို့တွင် ပုံကျနေကြတော့သည်၊

"ကျေးတောမှာမို့ အားရစရာ မြားရေးမတွေ့ရဘူးဆိုပြီး စိတ်ညစ်သွားပါပြီ၊ သည်ကမြားကိုမြည်းစမ်းကြည့်ဦးလော့"

သေ့တိုင်သည် သံတုန်တစ်တောမြားကိုဝင့်၍ သူစိမ်းမြားသမားဆီသို့ ဝင်သွားလေ၏၊ အိုစပယ်လှသည် သေ့တိုင်ကို မြင်သောအခါ အသံတလေးဝင်ထွက်အောင် ရယ်လိုက်ပြီး -

"ရော - ဦးပေါင်းကြောင့်မမှတ်မိနိုးတယ်"

ဟုပြောကာ ခေါင်းပေါင်းပဝါတိုလက်ပဲလက်ဖြင့် ဆွဲဖြုတ်ချလိုက်ပြီး မြေပေါ် လွှတ်ချလိုက်၏၊ နောက်တွဲဆံဝင်လေးနှင့်မြင်နေကျမျက်နှာတလေးသည်

www.burmeseclassic.com

ပြုံးရယ်ရင်းကတင်စကားတွေပြော၍ဓား
တိုဝင့်ကာ ရှေ့သို့ တိုးလာလေသည်၊
"မျှော်နေပါတယ်လေ၊ သည်က
ဓားတလည်းလည်ချောင်းအောင်မျှော်
နေရတဲ့ပါတယ်၊ လာဘိ - လူချင်းမဆုံချင်
တော့ ဓားချင်း ဆုံကြတာပ"
သေံတိုင်သည် မြေထောက်စုံရပ်၍
ကြွက်သေသေသွားမိသည်၊ အိုစပယ်လု
သည် သူ့အပေါ်အထင်တွေလွဲ၍ သူ့ရင်
ခွင်ဆီသို့ ဓားစိုက်လွှတ်နေရှေပြီကော၊
ဤသို့တွေးမိသည်နှင့်တစ်ပြိုင်နက်
သေံတိုင်သည် လက်ျာလက်မှ ဓားကို
လက်ဝဲလက်သို့ ပြောင်းကိုင်ပြီး လက်ျာ
လက်က လျှင်မြန်စွာဝင် ရင်ကြားထဲက
ပေရွက်ကိုထုတ်တာ ဆတ်ခနဲ လက်
ထပ်းလိုက်၏၊ အိုစပယ်လု၏ ဓားသွား
သည်သေံတိုင်၏လက်ဖျံပေါ်သို့လှစ်ခနဲ
ဝင်တူရောက်လာသည်၊
"တယ် ..."
လူတွေ၏အာမေဍိတ်သံထဲအကြား
ဝယ်သေံတိုင်သည်မြေပေါ်သို့ဒူးထောက်
ကျသွား၏၊လက်ဝဲလက်ကဓားကိုလွှတ်
ဝစ်တာ လက်ျာလက်က ဒဏ်ရာကို
လက်ဝဲလက်ဖြင့် အုပ်ကိုင်ရင်း ပေရွက်
ကလေးကိုတော့ ကမ်းလင့်နေဆဲဖြစ်
သည်၊

အိုစပယ်လုသည်အံ့အားသင့်သွား
သလို တွေသွားပြီးနောက် ယခုမှ
သေံတိုင်၏လက်ထဲက ပေရွက်ကလေး
ကို မြင်မိသည်၊ သို့ဖြင့် သူသည် ပေရွက်
ကလေးကို မြင်မိသည်၊ သို့ဖြင့် သူသည်
ပေရွက်ကလေးကို လက်ဝဲလက်ဖြင့်
ဆတ်ခနဲဆွဲ၍ ဖတ်ကြည့်၏၊ သေံတိုင်
ကား လက်ဝဲက ဒဏ်ရာကို ဆုပ်ကိုင်ရင်း
ပင် မတ်တတ်စုံပြန်ရပ်လိုက်လေသည်၊
အိုစပယ်လုသည် စာကို ဖတ်နေ
ခိုက်တွင် ကလန်ကြီးနှင့် လူအချို့သည်
ဝင်းဝဆီသို့ထွက်သွားကြကာ လမ်းပေါ်
ပြေးလိုက်နေကြ၏၊ သူတို့လည်း လုပ်စ
လုပ်ရာတွေ လုပ်နေကြခြင်း ဖြစ်သည်၊
အိုစပယ်လုသည် စာကို ဖတ်ပြီး
သည်နှင့်တစ်ပြိုင်နက် လက်ကဓားကို
အိမ်တွင်းသို့ ပြန်သွင်းကာ စောစော
ပစ်ချလိုက်သည့် ပဝါစကလေးကို ပြေး
ကောက်ကာ ကပျာကသီပင်သေံတိုင်၏
အနားသို့ပြေးကပ်လာ၏၊ ထို့နောက်သူ
သည် သေံတိုင်၏လက်မှ ဓားဒဏ်ရာကို
သွေးသုတ်ပေးမည်ပြုသည်၊
"မသုတ်လင့် - သွေးကို မသုတ်
လင့်"
သေံတိုင်က ခပ်ပြတ်ပြတ် ပြော
လိုက်သဖြင့် အိုစပယ်လုသည် မျက်လုံး

...အဝိုင်းသားနှင့်သေံတိုင်ကိုမော်
...မိသည်၊
"ဘောက်မဲ့ကြောင့် ဟန့်ပါစုံ -
...မောင်၊အတို့ကျွန်ဟာမောင်မောင့်
...ကို မထိရာပြီဖြစ်ပါစုံ"
သေံတိုင်သည် ဦးခေါင်းကို ဖြည်း
...စွာ ခါယမ်းပြသည်၊
"မဟုတ် - မိစပယ်လု မဟုတ်၊
...အပေါ် အထင်လွဲသမျှ မယ်မင်း
...ခဲ့လတ်မယ်၊မယ်မင်း - မျက်ရည်
...ကို တျုပ်သွေးနဲ့ ဆပ်မှာပ၊ သွေး
...စ်ရင် ကြွေးမကျေ ရှိရော့မယ်"

"မဟုတ်လေစွ - မောင်မောင်ငယ်၊
မိစပယ်လုမျက်ရည်ဟာ သွေးနဲ့ ဆပ်
လောက်ဖို့ဌာ အဖိုးမတန်လှပြီတကား"
"ရော - မယ်မင့်ပါးတွတ်ကိုရှော်ကြ
မှာမျက်ရည်ကကိုယ်စားသူတာဖြစ်
စွဟုတ်တာ၊ မျက်ရည်မကျော်စေလင့်၊
ကိုယ်တိုင်သာ ဖျက်မှာပ"
အိုစပယ်လုသည် မျက်စောင်းထိုး
၏၊
"မောင်မောင် - တဲလွန်းစွ"
လက်ဝဲလက်ဖြင့် ဖတ်သည်ဖြစ်
လင့်ကစား အသက်ရှုတာလေးတော့
ကြပ်ရပါသေးသည်၊

၀→ နန်း


**ဆေးမြီးတိုများ**


**ခြေသမွတ်နာ**
မိဿလင်နှင့် ဆားနိုင်ချင်းကြိတ်၍ အုံ၊ ကျပ်စည်း၍
ဝါးလုံးပူပူနှင့် နှိပ်နယ်ပါ။

**ခြေအေးနာ**
ကြက်သွန်ဖြူနှင့် ရှိန်းခို အမျှစီ နမ်းဆီနှင့် ကြိတ်၍
တေ၍ ဆီးကင်းခနဲ ညှ၊ နက် စားပါ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



❝ ဗေဒင်ဆရာတစ်ယောက်၏ အခါပေးခြင်း၊ စပွန်ဆာရှာဖွေပေးခြင်းနှင့် အတူ ကြုံတွေ့ခဲ့ရသည့် ဒုက္ခ သုက္ခများကို ရယ်စရာနှော၍ ဖတ်ရှုရပါမည် ...

## “မျိုး”

“အိမ်ရှင်တို့ - အိမ်ရှင်တို့”

ခြံအဝင်မှ ခေါင်းကွဲသံကြီးသည် ကျွန်ုပ်၏နားအားဒုန်းခနဲ လာဆောင့်ချေ၏သတည်း။ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်မိကြလေ၏။

ကျွန်ုပ်က ဆတ်ခနဲ အချက်ပြလိုက်သည်နှင့် ကြာဝင်းပြောင်က -

“ဝင်ခဲ့မျိုး ...”

ကျွန်ုပ်သည် လူထူလျှင် ပြုနေကျ ဝတ္တရားအတိုင်း အက်ရာ၊ အစင်းရာတို့ ထင်နေသောဂီလာနမျက်မှန်ကလေးကို နားရွက်နှစ်ဖက်တွင် ခွထိုင်ခိုင်းထားလိုက်လေ၏။

လူသူကင်းမဲ့လျှင် သောက်လေ့မလုပ်၊ ခေါင်းစုအိပ်တတ်သော အင်္ဂလိပ်ဘုတ်အုပ်စာအုပ်ထူထူကြီးကို ဖတ်ချင်ယောင် ဆောင်နေလိုက်၏။

ပြီးနောက် ...

အိမ်ပေါ်သို့ တက်လာသော ဧည့်သည်အား ဒိုင်ကြောင်အထာလေးဖြင့် မျှော်ကြည့်လိုက်၏။ အသက်ကား ငါးဆယ်ကျော် အသားအရောင်သည် ကတ္တရာနှင့်အရောင် ရိပ်ရိပ်ပြေးလို့။

အင်္ကျီကား စတော်ဘယ်ရီရောင်ပြောင်ချောသော စားပွဲခင်းအကွက်ပုဆိုးအနက်၊ ခါးပတ် ပတ်ထားလိုက်သေး၊ မှောင်တောင်တောင်ပျိုးစအချိန်ကြီးတွင် မျက်မှန်အမည်းကြီးကို တပ်ထားပြန်လေ၏။

ပြီးတော့ ညာဘက်ခြေထောက်မှာ ဖတ်တီးနဲ့၊ ထော့နဲ့ ထော့နဲ့နဲ့၊ ဘယ်လိုကြည့်ကြည့် မကောင်း။ ကျွဲအိုကြီးဟု ကျွန်ုပ်က စိတ်ထဲမှ အမည်သညာ ပေးလိုက်၏။ အနီကျွဲအိုဝကြီးက -

“ဆရာကြီး - လူရှိန်အောင် - ဆိုတာ”

ကြာဝင်းပြောင်က ဘူမသိ ကိုးမသိ တန်ဖြင့် -

“ဟို - ဟိုလေ - ဆ - ဆရာကြီးက”

“အဲ့ - မောင်ရင်က မာလီယား - ရေအေးအေးတစ်ခွက်လောက်ကွယ်”

ကြာဝင်းပြောင်သည် မိုးထဲရေထဲ ရောက်လျှင်ဘာမှသုံးစားလို့မရ၊ ဂရောင်ဖတ်ကာ ရေခပ်ပေး၏၊ ကျွဲအိုဝကြီးသည် -

“ဂလု ...” ခနဲ ရေသောက်ကာ ကျွန်ုပ်အား သနားကြည့်ကြည့်ကာ -

“လူနာထင်တယ်”

ကျွဲအိုဝကြီး၏မှတ်ချက်ပင်တည်း။ ကျွန်ုပ်နေ့ချင်းပြန်မသာပေါ်ချင်စိတ်တွေ နှန့်နန့်တက်မိလေ၏၊ ကြာဝင်းပြောင်က -

“သူ - သူ - သူက - ဟိုနင်း”

ကျွဲအိုဝကြီးက -

“သိလိုက်ပြီ - ဆေးရုံက လတ်မခံတော့ဘူးမို့လား၊ ရောဂါက ကျွမ်းနေပြီကိုး၊ ကဲချင်တိုင်း ကဲခဲ့တာလေ၊ ဥပမိမှာ ထင်းနေတာပဲ၊ ရှောမယ်ဆိုလည်း ရှောပျော်ပါတယ်နော့၊ အသက်ရှိနေရင်လည်း (၇)ရက်သားသမီးတို့ သေတတ်ပေးမယ့်ရုပ်ကြီး၊ ရှောဖို့တောင် နောက်ကျနေသလားလို့နော့၊ တရားနဲ့ ဖြေကြည့်လိုက်ပါလားနော့”

စွတ်စက်လွှတ်လေတော့၏။ ကျွန်ုပ်မခံစားနိုင်တော့၊ ချက်ချည်ပင်ထ၍လာချေ၏၊ ဘုတ်အုပ်ထူထူကြီးကို -

“အုန်း” ခနဲ ပုတ်လိုက်၏၊ ကျွဲအိုဝကြီးက -

“ဗုတ်ဝင်တာလားတင်”

ကျွန်ုပ်သည် ကျွန်ုပ်၏မျက်နှာခွက်အား ကျွဲအိုဝကြီး၏ မျက်နှာခွက်ထိကပ်လုနီးတစ်ပြားစာ ရောက်သည်အထိ ကိုကပ်ပြီး -

“မို - င် - နိ မ်း - အစ် (မ်) လူရှိန်အောင်”

ကျွဲအိုဝကြီးက -

“ခစ် - ခစ်” ရယ်ကာ -

www.burmeseclassic.com

www.burmeseclassic.com



"အဲ - မသာရုပ်ထွက်နေတဲ့ ဂျိုးဂျိုးတုကြီးက ဆရာကြီး လူရှိန်အောင် တဲ့၊ ထန်ရာတန်ရာပြော - ပါးစပ် ဝဲသီမယ် - ခစ် - ခစ်"

ကျွန်ုပ်က ငိုသံထွက်ကာ -

"ဟုတ်ပါတယ်ဆို - ဟော့ကောင် - ပြောလိုက်လေကွာ၊ ဘာလို့နင့်ပါးစပ်ကို နုံဇိနပ်နဲ့ ဆို့ထားတာလဲကွ - ခွီး - တောက်(စ်)"

ကြာဝင်းပြောင်က ကြောင်တက်တက်ဖြင့် -

"ဟုတ်တယ် - အဟုတ်ကြီး ဟုတ်တာ၊ လူမသာရုပ်ထွက်နေတဲ့ ဒီအဘိုးကြီးက ဆရာကြီး လူရှိန်အောင် - အစစ်"

ကျွဲအိုဝကြီးသည် အခြေအနေ အရပ်ရပ်ကို သဘောပေါက်သွားလေပြီ တကား။

"စိတ်ထင်တာ ပြောမိတာ မပြုံးငြင်နဲ့နော်၊ ဥပမိကာလည်း ထင်စရာကြီးကိုး၊ ခစ် - ခစ်"

ကျွန်ုပ်က အေးဆေးပါဆိုသော အထာဖြင့် လက်ကာပြလိုက်၏။ ခြေထောက်မှ ပတ်တီးကိုကြည့်ကာ -

"ခြေထောက်မှာ ပတ်တီး - အိမ်း"

ခမ္မာရုံမှ လူကြီးမင်းကို ကေတီဗွီတွင် မိသည့်အလား ကျွဲအိုဝကြီးသည် ပလီမျက်နှာခွက်ကြီးဖြင့် -

"သံစူးတာ - ဟီး"

"ကြုံမှပြောကွယ်၊ ပတ်တီးမြင် နားထင်ကြည့်တဲ့၊ ပတ်တီးကို အယောင်ပြပြီး ထော့နဲ့ ထော့နဲ့ စတိုင်ဖမ်းထားတာလေ၊ အာရုံလွှဲတာပေါ့၊ ခက်တာက ဝေဒနာရဲ့သက်ရောက်မှုက မောင်ရင်ရဲ့မျက်နှာခွက်မှာ တက်ကပ်နေတာကွဲ၊ ဘာ့ကြောင့် ဘယ်နေရာမှာ ဘာရောဂါဖြစ်နေတာလို့ပြောကြည့်လိုက်ရမလား"

ကျွန်ုပ်၏ သမ္ဘာကျသော ဟောကွက်ကို ကျွဲအိုဝကြီး ကျွတ်ကျဲလေပြီတကား။ မရှိသွားဖြဲကြီးဖြင့် -

"ကြီးလောက်ပါတယ်၊ ကြီးလောက်ပါတယ် ဆရာကြီးရယ်"

ကျွန်ုပ်၏ နားထဲတွင် တစ်မျိုးကြီးအဓိပ္ပာယ်ထွက်နေ၏။ ကြက်သီးထချောင်းပါဘိတောင်း၊ ကျွဲအိုဝကြီးက -

"ကျွန်တော့်ကို ငယ်ပေါင်းရောင်းရင်း ဂေါ်လီရိုက်ဖက်တစ်ယောက်လို့ သဘောထားပေးပါ - ဆရာကြီးရယ်" ဟု မျက်နှာအိုကြီးနှင့် ဆိုချေ၏၊ ကြာဝင်းပြောင်က -



"လာရင်းကိစ္စကို ပြောဖြစ်ဦးမှာလား"

ဟု အငေါ်တူးစကားကို ဆိုချေ၏။ ကျွဲအိုကြီးသည် ကျွန်ုပ်အပါးသို့ကပ်ကာ ခြင်ထောင်ကြိုးပြတ်သံလေးဖြင့် -

"ဒီဝေတိကို ယုံရပါ့မလား"

အာဒကေရမည့် အရေးအတွက် ကျွန်ုပ် အလိုက်သိရပေချိမ့်မည်၊ သို့ကြောင့် -

"ဖိုးကြာလေးရေ..."

"အာစရိကို ဓဏခဏ ဝမ်နင်ပေးထားတာနော်၊ လူထူရင် ဖိုးကြာလေးလို့ ခေါ်ပါနဲ့ဆို"

စိတ်ခုနေတာပါတကား၊ သူ့ကို ကြာလေးလို့ ခေါ်လို့တဲ့၊

"လမ်းထိပ်က ပြာပြာဆိုင်မှာ ခေါက်ဆွဲသွားဝယ်ချေကွယ်"

ကျွဲအိုဝကြီးသည် ကြောင်တက်တက်ဖြင့် -

"ရော..."

အာဒကေထုတ်ပေးလေ၏။

"တွန်း"

ဆိုတာ ကြာဝင်းပြောင်သည် ဖောင့်ဖောင့်ဖောင့်ဖြင့် အိမ်ပေါ်မှ ဆင်းသွားလေ၏တကား။ ကျွန်ုပ်က -

"ပြောကြည့်ပါဦး - လာရင်းကိစ္စ"

"ကျွန်တော်ကမျက်လုံးတစ်သောင်းဓာတ်ရှင်ထုတ်လုပ်ရေးပိုင်ရှင်ဒါရိုက်တာဆိုပါတော့"

"အိမ်း"

ကျွန်ုပ်သည် ဝတ်မှိန်းမှိန်းတာ နားအရသာခံနေလေ၏။

ကြာဝင်းပြောင်သည် မောတော့မောတော့ဖြင့် အိမ်ပေါ်သို့ တက်လာခြင်း၏၊ လတ်ထဲမှာ ခါလီ၊

"ပေါက်ဆီက ကုန်သွားပြီတဲ့"

ကျွန်ုပ်က -

"ရှိတဲ့မုန့် ဝယ်လာရင် နင့်တို့ ခြေပေါက်မှာစိုးလို့လားဟဲ့"

"ဝယ်မလို့ပဲလေ၊ ရထားလုံးဖိတ်တ မပူတူတူးတို့က် အကြွေးပေးဆိုပြီး အင်အားသုံးပြီး လုယူထားလိုက်ကြတာ အာဒကေကုန်ပြီ"

ကြာဝင်းပြောင်က ကျွဲအိုဝကြီးအား -

"စမူဆာကြိုက်လား"

အငတ်တုံးကြီးကလည်း -

"သုံးထောင့် ချွန်လေးနဲ့ - လွှတ်ကြိုက်"

"ပေး - ပိုက်ဆံ"

www.burmeseclassic.com

www.burmeseclassic.com

တုဆိုကာ ကြာဝင်းမြောင်သည် ဆောင့်ဆောင့် ဆောင့်ဆောင့်နှင့် ဆင်းသွားပြန်လေ၏။ ကျွန်ုပ်က -

"ဆက်ပါဦးကွယ်"

"ကျွန်တော်က ဝရိုဂျူဆာ ဒါရိုက်တာဆိုတော့လေ - သီလား - အသိတစ်ယောက်ရဲ့သမီးလေးက ဆက်ဝလူးနတ်ဖူးသလို ဓင်းသမီးဖြစ်ချင်နေတာ၊ သူလေးကို ဓင်းသမီးဖြစ်အောင် ..."

ကျွန်ုပ်က ပြုံးစတုံကာ -

"စပွန်ဆာစိတ်နဲ့ ကူညီပြီပေါ့"

"အီး - ဝါး - အီး"

ကြည့်၊

အစိမ်းသက်သက်၊ အလွတ်ကြီးကို ငုံထည့်လိုက်တာ၊

"အီး - ဝါး - ဝါး"

နားရာဇဝတ်သင့်ပါဘိတောင်း၊ ကြာဝင်းမြောင် ပြန်ရောက်လာပြန်လေ၏။ လက်ထဲမှာ ဖလား၊

"ဆီရေးတွေ တက်နေတာ လန်ထွက်နေတာဝဲတဲ့၊ စမူဆာ မကြော်တာ ကြာပြီတဲ့"

ကျွန်ုပ်သည် ကျွဲအိုဝကြီးအား လွန်စွာမှ မျက်နှာပူမိလေ၏။

"ရှိတဲ့မုန့် ဝယ်ခဲ့ရင် ကားတိုက်မှာစိုးလို့လား"

ဟု ဘုစကားဆိုမိလေ၏။ ကြာဝင်းမြောင်က မျက်နှာမဲ့ကြီးကို ဖိုသီဖတ်သီလုပ်ကာ -

"ဝယ်မလို့ပဲ - သဘော်ဆိပ်က မပူတူးတို့က အကြွေးတဲ့၊ အင်အားသုံးပြီး ယူထားလိုက်ကြတာ"

ကြည့်၊ ရထားလုံးဂိတ်က မပူတူးတို့ခမျာ သဘော်ဆိပ်ဆီ အော်ကိုတန်းရောက်သွားတာ၊ ဗလောင်းဗလဲနိုင်ပါဘိတောင်း။ သင်း - ယောကျ်ားမို့၊ မိန်းမဆို မီးတွင်းထဲက ထွက်ရမှာမဟုတ်၊ ကြာဝင်းမြောင်သည် အဒိုတိတ်စ ကျွဲအိုဝကြီးအား -

"အီကြာကွေး - စားမလား"

ကျွဲအိုဝကြီးက အင့်ခနဲ ရှိုက်ကာ -

"စားချင် သောက်ချင်စိတ်တွေ ကာလနာတိုက်ကုန်ပြီ - အီး - ဝါး"

ကြာဝင်းမြောင်က -

"ဟွင်း"

ဟုဆိုကာ အိမ်ပေါ်မှ ဆောင့်ဆောင့် ဆောင့်ဆောင့်နှင့် ဆင်းသွားပြန်လေ၏တကား။ ကျွန်ုပ်သည် သက်ပြင်းကို အနေတော်ချကာ -

"ဆက်ပါဦးကွယ် - မောင်ရင်နဲ့သောက"

"ကျွန်တော် စပွန်ဆာပေးဖို့ ပလန်ချထားတဲ့ အလန်းလေး မရှိတော့ဘူးဗျ - အီး - ဝါး"

"လင်နောက်လိုက်သွားတာလား"

"သိမှတော့ ခင်ဗျားကြီးဆီ လာပါ့မလားဗျ - ဟင့် - အီး - ဝါး"

"အွန်"

ကျွန်ုပ် နင်သွားလေပြီတကား။

"သဟာဖြင့် သတင်းစာ ဂျာနယ်က ကြော်ငြာ၊ ဂါတ်တဲမှာ အမှုဖွင့်"

ကျွဲအိုဝကြီးသည် ကျွန်ုပ်အား ခပ်စိမ်းစိမ်းကြီး စိုက်စက်ကြည့်ကာ -

"မကို (ခေါင်း) ကွမ်းစားအောင် (သွား)တွေကျွတ်အောင်အရောက်နေတာလား ဟင်"

"အွန်"

"အလန်းလေးရဲ့ အစ်ကိုတွေက ဆားလက်ယားနေကြတဲ့လူတွေဗျ၊ ရာမရှိရင် ခြင်ထောင်ထဲဝင်ပြီး ခြင်နေကြတာ - ဟင့်"

"အဲတော့ - ကျွန်ုပ်က -"

"ခတ်ရင်ရိုက်မှာ တစ်လလောက်မှာလို့ ပွားထားတယ်လေ"

"တုတ်လား"

"ထစ်လပြည့်ဖို့ ငါးရက်လောက်လိုသေးတယ်၊ ငါးရက်အတွင်း အလန်းလေးကို ရှာပေးပါလားဗျာ - ဟင့်"

ကျွန်ုပ်က မိန့်မိန့်ကြီးပြုံးကာ -

"တော်ကီနဲ့ အလုပ်အပ်ရင် - တော်ကီပဲ အဖတ်တင်မှာနော်"

ကျွဲအိုဝကြီးက -

"ဒီမှာဗျာ - စရန်ငွေ"

ဟုဆိုကာ ပိုက်ဆံတစ်ထပ်ကြီး ချပေး၏။ ကျွန်ုပ်က -

"ရှိတ်လိုက်ပါဦး"

"ယား(စ်)"

ကျွန်ုပ်နှင့် ကျွဲအိုဝကြီးသည် လက်သီးချင်းဖမ်းရိုက်လိုက်ကြလေ၏တကား။

— ○ —

တာမွေသချိုင်းအနီးတွင်ရှိသော ဝါးတဲတား မပုသည် ကျွန်ုပ်၏ ဆော်ဒါဘော်ကျွတ်ကြီးဖြစ်လေ၏။ ဝါးတဲတား မပုသည် အပေါင်းအသင်းများ၏၊ သတင်းပလင်း စုံချေ၏၊

သို့နှင့် ...

နင်းတွေ ကကျိုးကကြောင်ကျနေသော ညနေစောင်းသမယတွင် ကျွန်ုပ်နှင့် ကြာဝင်းမြောင်တို့သည် ဝါးတဲတား မပုရှိရာသို့ထွက်လာခဲ့ကြလေ၏တကား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်တို့ကိုမြင်လတ်သည်နှင့်မပု ဆိုသော သူမကြီးသည် လက်ကောက် သံချွင်ချွင် ပေး၏၊ နှုတ်ခမ်းနီတို့ဖြင့် ရဲပတောင်းထနေသော နှုတ်ခမ်းထော် ထော်ကြီးကို လမ်းပေါ်ရောက်အောင် လှုပ်ထော်ကာ -

"တယ် - အစ်ကိုအောင်"

ကျွန်ပ်အား အစ်ကိုအောင်တဲ့၊ သူမကြီးသည် ဝီယဝါစာ ချစ်ဖွယ်သော စကားပြင်နှုတ်တလိအာရေး၏တကား၊

"ဟီး - အစ်ကိုအောင်တဲ့ - ကျွန်ပ်ရဲ့ ဥာဏ်တသင်းရှိလေးတွေရဲ့ပုတ်ကိုကပ် မြိုတွယ်ဆဲ ထင်ပါရဲ့ကွယ်"

ကြာဝင်းပြောင်ကို ကပ်ဒိုးလေး ထပ်သြွားလိုက်၏၊ ကြာဝင်းပြောင်က လူသောတောင်ရယ်နည်းတား ရယ်ကာ -

"လူဆိုရှုံမှာ လုပ်စားလေ၊ အစ်ကို အောင်ဆိုတာ အတောင်အို - တဲ့"

"တော့ - အဲလိုကြီးလား"

"နာ - နာ - နိုင်ကြ - နိုင်ကြ - အတို အောင်"

နာနည်းနည်းပိသောဝါးတံတားမပု သည် စကားသိပ်မပီ၊ ကျွန်ပ်အား အတို အောင်တဲ့၊ ကျွန်ပ်သည် ဖျာပေါ်တွင် အသာအယာ ဝင်ထိုင်လိုက်၏၊

မပုက -




"ချွင် - ချွင် - ချွင်"

လက်ကောက်သံ ချွင်ချွင်ပေးကာ ဒိုလိုစီးကရက်ကိုခဲရင်း -

"လီ - မွှန်သောက်မလား"

"ဖြစ်သလိုပေါ့ကွယ်"

"စပ - ကရင်ရော"

နာပိမပုသည်စကားမပီ၊ သို့ကြောင့် ပေါ်ကရင်သည် ကျွန်ပ်၏နားထဲတွင် ဓာတ်ကော့ကြီး ဖြစ်နေ၏၊ ကြာဝင်း ပြောင်က -

"နို့ - မရဘူးလား - မာမီ"

ဟု ဝင်ဖောက်၏၊ မပုကြီးက -

"ခစ် - ခစ်" ရယ်ကာ -

"ည - ညမှာပေါ့ကွယ်"

ဟုဆိုလေ၏၊ မကြာပါချေ၊ အလန်း လေးတစ်ယောက်က စမူဆာများလာချ ပေးလေ၏၊ ဘာမှမဆိုင်၊ နာပိမပုကြီး က -

"ကျား - ကျား - အစ်တိုအောင်"

ကျွန်ပ်နှင့် ကြာဝင်းပြောင်တို့သည် စမူဆာများကို ကျား - အဲ - စားကြလေ ၏၊ မပုကြီးက ယပ်တောင်ဖျတ်ဖျတ်ခတ် ကာ -

"ကိတ်ချစ်ရှိလို့လား - အစ်တိုအောင် တင့်"



ညှသံဖြင့် မေးလေ၏၊ ကျွန်ပ်က -

"အသစ်အဆန်းလေးတွေ ရှိပ်ခြင်း တတ်လို့ကွယ်"

"ဟာဂျာ - အာစရိ ကလည်း ပေါ်တင်ကြီး - ဟီး"

ကြာဝင်းပြောင်သည် ရှက်တော်မူ နေ၏၊ ကျွန်ပ်စကားထဲမှာ ရှက်စရာတစ် ကွက်မှ မပါ၊ ဘာကိုရှက်နေတာပါလိမ့်၊

"ခစ် - ခစ်"

နာပိကြီး မပုက ရယ်ကာ -

"အစ်တိုအောင်နဲ့ဆို ကွက်တိ - အစ် စတောင့် - အစ်စတောင့်"

အစ်စတောင့်တောင် ပေးဦးမှာဆိုပဲ၊ ကျွန်ပ်က -

"လတ်ရဲ့လားကွယ် - ကျွန်ပ်တ လတ်မှ လန်းမှ - ဟီး"

"ဟာဂျာ - အာစရိကလည်း - ဟီး"

တေကာ တစ်မှောင့်၊ ဝင်ဝင်ဖြီး ရှုတ် ပြနေတား နာပိမကြီးက -

"ပစ်ချီးကို သုံးကြည့်လေ၊ အစ်တို အောင်နဲ့ဆို ကွက်တိ - အိုတေမှာပါ - ခစ် - ခစ်"

"ပြကြည့်ကွယ်"

နာပိမကြီးက -

"ရှိ ..." ခနဲ လက်ခေါက်မှုတ်လိုက် ၏၊

www.burmeseclassic.com

www.burmeseclassic.com



"လာပြီ-မာစီ-လာပြီ"

ဘာမှမကြာပါ။

"တင်..."

"တယ်"

ဓာတ်ပုံတာကြီးတွေပါ၊ ကျွန်ုပ်တို့ အသားနှင့်ပြည့်သွားရမှာလား၊ ခါးပြည့်နိုးရမှာလား။

"တို-တိုလေ-ပုရဲ့ဒါကြီးတွေက"

နာပိမကြီးက-

"လက်ပံသားစစ်စစ်ပါအတိုအောင်ရဲ့ အာသွားကြည့်လိုက်-အနံ့က မွှေးတေးတေးနဲ့၊ မီးလောင်လွယ်သလား မလေနဲ့-ခစ်"

သူငယ်နှစ်ယောက်ထမ်းလာတာ။

"တာလာတင်ပေးဦးမှာလေ-အသက်ကို တွင်းစတွင်းထိတ် လုပ်ပေးထားတယ်၊ သေမယ်ဆိုတာနဲ့ ကိုယ့်အသက်ကိုယ်ရေး-တန်းဝင်ရုံပဲ-ခစ်-ခစ်"

ခေါသခေါင်းနှစ်ခေါင်းပေတည်း။

"ဟ-ဟုတ်ဘူးဟ"

"တိဘူးယေ-အတိုအောင်တို့ရဲ့ အစွတ်တွေက မတာရုပ်တွေ ကြိုတွက်နေတော့ အခေါင်း ကြိုမှာထားတာလားလို့-ခစ်"

"ဟင့်"

နာပိမကြီး မပုက ဆက်ပြီး-

"နောင်လည်း ရှောရမယ့်ဟာ-အခေါင်းရှိတုန်း ရှောပစ်လိုက်ပါလားလို့၊ ဈေးကယ် သင့်ပါတယ်နော်၊ အာဒတောမပါလည်း သေပြီးမှ ပေးပေါ့"

သူ့အခေါင်း ရောင်းမထွက်မှာစိုးသဖြင့် နာပိမကြီးသည် မရမက စစ်နေလေ၏၊ ဟတ္ထဝီသပါဘိတောင်း၊ ကြာဝင်းမြောင်က လူမမာသံလေးဖြင့်-

"ဟုတ်ဘူးလေ-မာမီပုရဲ့-သားတို့ ပြောတာက ပစ္စည်း-အဲ-အဆင်လေးတွေ-အလန်းလေးတွေ-အသစ်ကလေးတွေ-အဟီး"

ဘူမသိကိုးမသိဖြင့် ကြာဝင်းမြောင်က ဝင်လော့၏၊ နာပိမကြီးက လက်ကောက်သံချွင်ချွင်မြည်အောင်ရင်ဘတ်ပုတ်၏၊ ပြီးတော့ကာ ဟတ္ထသံကြီးဖြင့်-

"အောင့်ညက်လေး-အရပ်ကတို့ရဲ့ မချိလို့ ခေါင်းလုပ်စား-အဲ-ချောဒီး-အခေါင်းရောင်းစားနေတာပါတော်၊ အဲ့သဟာကို သွေးဆုံးကြီးတွေက နိုင်တော်မူနေကြတယ်တော့၊ အဟာဘာညာသာရကာ ရလာတဲ့-နာဘူး-ဘူး-ဘူး-ပလွတ်"

ကျွန်ုပ်သည် မပုရဲ့ပါးစပ်ကိုဖမ်းပိတ်ကာ-



"ဟာ-ဟုတ်ပါဘူး-ပုပုရဲ့၊ နားလည်မှုလွဲသွားတာပါကွယ်၊ ကျွန်ုပ်ဆိုလိုတာက သတင်းအသစ်၊ အလန်းလေးတွေ"

ဟုဆိုကာ စီကာပတ်ကုံး ရှင်းပြရလေ၏၊ နာပိမကြီးက သက်ပြင်းကို-

"ညှင်း"ခနဲ ချကာ-

"အစ်တိုအောင်ရယ်၊ ပုပုရဲ့အသက်အဖင်ဒရွတ်ဆွဲနေပြီလေ၊ အဖမ်းအဆီးအများတော့ အရင်အလုပ်တွေ မလုပ်တော့ပါဘူး၊ အပြေးမကောင်းလို့ ဈေးဆောင်းရရင် ရဲဘက်မှာ ကျောက်မထုနိုင်တော့ဘူးလေ၊ အေးရာအေးကြောင်း အခေါင်းရောင်းစားနေတာ-ဟင့်"

ကျွန်ုပ်သည် နာပိမကြီးအား အတော်ပင် ချောမော့လိုက်ရလေ၏၊ ပြီးနောက် နှုတ်ဆက်ကာ ကျောက်မြောင်းရှိအာပုံသည် မတင်ရွှေ ရှိရာသို့ ချီတက်ခဲ့ကြလေ၏တကား။

—○—

"အိမ်ရှင်တို့-အိမ်ရှင်တို့"

ခြံဝမှ ခေါ်သံကြားရ၏၊ ကျွန်ုပ်က-

"ဝင်ခဲ့ကြလကွယ်"

ခြံထဲသို့ဝင်လာသူများကာအခြောက်တစ်ယောက်နှင့် မိန်းမချောလေးတစ်ယောက်ပင်တည်း၊ အနီမိန်းမချောလေးသည် ရှေ့က ဝမ်းလည်း လန်း၏၊ နောက်က ဝမ်းလည်း လန်း၏၊ ဘယ်လိုပဲဝမ်းဝမ်း၊ လန်းသူလေးဖြစ်ချေ၏တကား။

တွန့်လိမ်ကောက်တွေးသောဆံပင်မိတ်ကပ်အပြောင်သား၊ နှုတ်ခမ်းနီရဲရဲတောင်းနှင့် အခြောက်ခေသည်-

"ဟီး..."

ဆိုကာ ကျွန်ုပ်အား သွားဖြီးပြ၏၊ အပါးတွင် ဝင်ထိုင်ကြ၏၊ ကျွန်ုပ်က မှုတ်ကြီးကိုတည်ကာ-

"ဘာကိစ္စလဲကွယ်"

အခြောက်မက-

"များတို့ကို ကူညီပါလားတယ်"

အရင်းမဲ့အရှုံးမဲ့ဝကားတို ဆိုချေ၏၊ ကြာဝင်းမြောင်က-

"ဘာမှမသိရသေးပဲနဲ့ဘာတို့ကူညီရမှာလဲဟ"

အလန်းဖယားလေးက ကျွန်ုပ်အား မျက်နှာငယ်လေးဖြင့် ကြည့်ကာ-

"ဖေဒင်မေးချင်လို့ပါရှင်"

ဟုတ်၏၊ ကျွန်ုပ်တား ဖေဒင်လည်း ဟောတတ်၏၊ တာလည်း ရေးတတ်၏၊ စွယ်စုံရပညာရှင်ကြီးပင်တည်း၊ လှတပတ အလန်းဖယားလေးက-

www.burmeseclassic.com

www.burmeseclassic.com



"ဒီးတို့နောင်ရေးစိတ်အေးချင်လို့ပါ ဘဘကြီးရယ် - ကူညီပါရှင်"

ကျွန်ုပ်သည် ညကမသာအိမ်မှာ မိုးလင်းပေါက်ပိုကာဆွဲခဲ့လေ၏။ ဝက်သားခေါင်း ငါးသလောက်ပေါင်း၊ တညင်းသီးမြှုပ်ခြင်း ထမင်းစားခဲ့လေ၏။ ခေါင်းထဲမှာ မူးနောက်နေတတ်၊ ခဲတြွကာ ပလပ်တွယ်ချင်သလိုဖြစ်နေ၏။

ချက်လုံးကို မိတ်၊ ခေါင်းကို မော့၊ နှုတ်ပေါ်လက်တင်ပြီး အာရုံခံသလိုလို ဥပဓိအတည်ကြီးဖြင့် -

"ဒီမိ - အပူသည်တွေကိုး"

ဟု မောရှော့ရိုက်လိုက်၏။ အခြောက်မေတ -

"အေးရာအေးကြောင်းဆို မလာပေါင်တော်"

ဟုမြော့လေ၏။ အဲ့မှာပဲ -

"မူ -"

"ဖလဝ်"

ကြာဝင်းပြောင်တပန်ကာဖွင့်လိုက်တာ -

"တင်"

"အောင်မလေး"

အခြောက်မ၏ ဆံပင်အတုသည် ကြာဝင်းပြောင်၏ မျက်နှာခွက်ဆီသို့ တတ်ကပ်လေ၏။ အခြောက်မသည် ပြောင်တောင်တောင်ခေါင်းတုံးကို ပွတ်ကာ၊ သပ်ကာ -

"ခေါင်းတုံးကို ခြင်ကိုက်လို့ - ဟီး"

စွင့်သော၊ အယ်သော၊ ကားသော အလန်းဇယား အနိပ်စားလေးက မျက်နှာငယ်လေးဖြင့် -

"အခြေအနေအရဒီလိုဖြစ်နေရတာပါရှင်၊ သမီးတို့က လင်မယားတွေပါ ဘဘကြီးရယ်၊ မိဘတွေက သဘောမတူကြပါဘူး။ အားလုံးအဆင်ပြေသွားအောင် ဘဘကြီးဆီမှာ ဗေဒင် လာမေးရတာပါ။ ကူညီပါ - ဘဘကြီးရယ် - နော်"

ဟု တောင်းပန်စကား ဆိုလေ၏။ ပြောင်တောင်တောင် ခေါင်းတုံးသည် လူချောတစ်ယောက်ပင်တည်း။ ကျွန်ုပ်သည် ချစ်ဘေးဒုက္ခသည်နှစ်ယောက်အား ဗေဒင်ဟောပေး၏၊ လိုအပ်သောယတြာချေပေးလိုက်၏၊

"ကျေးဇူးပါ - ဘဘကြီး"

ဟုဆိုကာ ကျွန်ုပ်အား ဦးကို်ပူဇော်ခ ကန်တော့ကာ ပြန်သွားကြလေ၏ တကား။

— ○ —

ကျွန်ုပ်တို့သည် ရိုက်ကွင်းမှန်သမျှဆီသို့သွားရောက်ကာ ပေါ်တင်စုံစမ်း၏၊ နှိုက်လှိုက်စုံစမ်း၏၊ သို့သော်မင်းသမီးပေါက်စ၏ သတင်းကား မရ၊

ရေသာများ၍ ငါးမရဖြစ်ရလေပြီ တကား၊ ရက်ချိန်းက နီးသထက် နီးလာလေပြီ၊ ကျွဲအိုဝကြီးကို မည်သို့မျက်နှာပြရအံ့၊ ကျွန်ုပ် တိုင်ပတ်ချေပြီတကား၊

— ○ —

ကျွဲအိုဝကြီးသည် မျောက်မှိုင် မှိုင်သာလဒထိုင် ထိုင်နေလေ၏၊ သက်ပြင်းတို့ချကာ -

"အမျော်ကြဲသွားပြီထင်တာ"

ငေါ့စကားကို ဆိုလေ၏၊

"အဲဗားလက်ယားနေတဲ့သူ့အစ်ကိုတွေက ဖုန်းဆက်တယ်၊ သူတို့ညီမလေးကို ဘယ်နေ့လာခေါ်ရမှာလဲတဲ့၊ ဒီမှာ ပတ်(စ်)ပို့(စ်) - ဟင့်"

ပတ်(စ်)ပို့(စ်)ကို ဘုတ်ခနဲ ချပြ၏၊ ကျွန်ုပ်က -

"ဘာလုပ်မလို့လဲကွယ်"

"ဒိုးမယ် - သုတ်မယ် - အားလုံးနဲ့ဝေးရာဆီ နိုင်ငံခြားဆီ - ဟင့်"

ဝမ်းနည်းမှုတ်တမ်းစကားကို ဆို့နင့်စွာ ဆိုချေ၏တကား။

"ပတ်သက်မိတာ ငါ့အမှား - ဟင့်"

ကျွန်ုပ်က -

"မလောပါနဲ့ကွယ်"

"ပြောထွက်တဲ့ပါးစပ်ကြီး - မလောလို့ရမလားဗျ၊ အချိန်က တစ်နေ့ပြီတင့်"

ပြောရင်း ကျွဲအိုဝကြီး ချက်ရည်အစပ်တွေ ကျလာ၏။

"ပတောက်"

"ပတောက်"နဲ့ ကြာဝင်းပြောင်တ -

"အဲ့လိုလည်း ဖြစ်ဦးမှာ၊ နို့မို့ဆိုရင် မိန်းမမြင်တာနဲ့ စွန်ဆာဝေးချင်တဲ့စိတ်တွေ ဆတ်စလူးခါနေဦးမှာ"

ဟု အလိုက်မသိစွာ ဝင်တွယ်လေ၏။ ကျွန်ုပ်က -

"ကျွန်ုပ်တို့လျှော့မတွက်ခဲ့ကွယ်"

ကျွဲအိုဝကြီးက ခြေတိုဆောင့်တအသည်းပေါက်သံကြီးဖြင့် -

"လျှော့မတွက်လို့ရမလားဗျ၊ ဒီမှာက ဘာမှလည်း မသာရ၊ နာရည်ကြီး ထမင်းငတ်၊ လေမြတ်သလိုဖြစ်နေပြီဗျ၊ အီး - ဝါး"

ပြောမှ ပိုငိုရ၏၊ အငိုမတိတ်သင့် ကျွန်ုပ်တို့ လစ်ထွက်ခဲ့ကြလေတော့သတည်း။

— ○ —

www.burmeseclassic.com

www.burmeseclassic.com

အနုပညာလောကမှာ အရောင်ပင် မတွေ့တ်သေး။ သို့သော် ပျောက်ချင်းမလှ ပျောက်နေလေပြီတကား။ မင်းသမီး ချစ် သေးသည့် မင်းသမီးကြောင့် ကျွဲ အိုကြီး တော်တော်ခံစားနေရလေပြီ တကား။

အခုလောက်ဆို နိုင်ငံခြား ရောက် နေပြီလားမသိ။ ဒီနေ့ ရုတ်ရှိန်းကြည့်လေ ပြီ။ ဆက်ပါသီတောင်း။

"ဘဘ"

"ဆရာကြီး"

"တင်"

တချွန်ဝ်ထံ ဗေဒင်လာမေးဖူးသော ရုံတွဲဝင်တည်။ အလန်းဇယားလေးက -

"မှတ်မိလား - ဘဘကြီး"

"မှတ်မိတာပေါ့ကွာ"

ခေါင်းတုံးနှင့်ဝတီသည် အခြောက် စတိုင် မဟုတ်တော့ပါ။ ယောကျ်ားပီသ လို့နေလေ၏။

"လမ်းကြုံတာနဲ့ ဝင်ကန်တော့တာ"

တချွန်ဝ်က -

"အိမ်းကွယ် - အိမ်း - အဆင်ပြေ တယ်လို့ ကြားရတော့ ဝမ်းသာသကွာ၊ ဒီလင် ဒီမယား အိုအောင်မင်း - မင်း - အောင် - အောင်"

ကျွန်ပ်၏စကားလုံးများသည် လေ ထဲမှာ ဟတ်ကော့ကြီးဖြစ်သွားရလေပြီ။ အဘယ့်ကြောင့်ဆိုသော် -

"ဩ - ခင်ပျားကြီးက နုံကြီးပေါ်မှာ ခန့်ခန့်ကြီး ထိုင်၊ မိန့်မိန့်ကြီးပြုံး၊ တော်ထိ တွေ လွှတ်၊ သာယာနေတာပေါ့ - ဟတ် လား"

ကျွဲအိုဝကြီးပင်တည်း။

"ကျုပ်မှာတော့ အဲဗားလက်ယား နေတဲ့ကောင်တွေ စောင့်ကြည့်နေတဲ့ ကြားက အသက်လုပြေးလာရတာ"

အနိုပ်စားလေးတို့လင်မယားသည် ကျွဲအိုဝကြီးအား မော့အကြည့် -

"ဟင် ..."

"ဟာ ..."

"ဟယ် ..."

အလိန်းစားလေးတို့ လင်မယား သည်ရုတ်တရက်ထပြေးရန်လုံ့လပြုကြ လေ၏။ သို့သော် အကင်းပါးသော ကြာ ဝင်းပြောင်က -

"မရဘူးလေ"

ဟုဆိုကာ တံခါးကို ပြေးပိတ်လိုက် လေ၏။ ကျွဲအိုဝကြီးက ကျွန်ပ်အားဆလံ သကာ -

"လေးစားတယ်ဗျာ"

ဟု ဆိုပြန်လေ၏။ ကျွန်ပ်သည် အော်ရှောအထာဖြင့် နှူးကို နှန့်တာ -

"တမဖွဲ့လောက်ပါဘူးကွယ်"

ဘာမှန်းမသိရသေးပဲနှင့် အရှုး တွက် ဖမ်းနင်းလိုက်၏။

ကျွဲအိုဝကြီးသည် အနိုပ်စားလေး တို့လင်မယားကို မီးပွင့်မတတ်မျက်လုံး များဖြင့် စိုက်ကြည့်၏။ လက်ညှိုးငေါက် ငေါက်ထိုး၏။

"မီးက ငယ်ပါသေးတယ်ဆို၊ အချစ် ရေးအတွက် လယ်ဒီမဖြစ်သေးပါဘူးဆို၊ အိုကေပြီဆိုတာနဲ့ ပရိသတ်ကြီးကို ပေါ်တင်ကြီး ချပြပါ့မယ်ဆို၊ ခုတော့ ပရိ ထ[illegible]ော ဒါရိုက်တာ ငါ့ကိုတောင် ချမပြ တော့ဘူးလားဟဲ့"

ပက်ပက်စက်စက် ရန်တွေ့လေ၏။ အားမရသေး၊ မတင်းတိမ်သေး၊ မာမီ အခြောက်ဘက် လှည့်ပြန်လေ၏။

"များကလေ - များကလေနဲ့ မပြား တော့ဘူးလားဟဲ့၊ ငါသင်ပေးခဲ့တဲ့မိတ် ကပ်ပညာတွေနဲ့ ငါ့အသည်းကို ခွဲရက် တယ်ပေါ့"

အလန်းလေး၏ခင်ပွန်းသည် မိတ် ကပ်မာမီတစ်ယောက် ဖြစ်လေ၏။ မာမီ အခြောက်က -

"ဘောစိရယ် - ချစ်ခြင်းတရားမှာ အလုံးတွေ အပြားတွေလို့ သတ်မှတ် မထားပါဘူးဗျာ၊ ရင်ခုန်သံတွေ ထပ်တူ ကျပြီး ဟတ်ထိဖို့ပဲ လိုတာပါဗျာ"

"တော် - တန် - တိတ်"

"ကြုံသလိုခွင့်လွှတ်ပေးပါ - ဘောစိ ရယ်၊ ကျွန်တော်တို့ အကြင်လင်မယား ဖြစ် - ဖြစ်"

"ဘာ .."

ဆတ်စလူး ဓာတ်ကြိုးတတ်နှင်းခံ သည့်အလား ကျွဲအိုဝကြီး ဆွေ့ဆွေ့ခုန် လေပြီတကား။ အလန်းဇယားလေးတော့ ခပ်ပြတ်ပြတ်ပါဘဲ၊ ကျွဲအိုဝကြီးအား ကျွတ်ကျဲမနေပါ။ ခနဲ့သည့်အထာဖြင့် ခါးကိုထောက်ကာ -

"သူနဲ့ တို့ ပေါ်တင်ညားပြီးပြီ" ဆို၏။

"ဟင်း ..."

ဟုဆိုကာ ကျွဲအိုဝကြီးသည် ကျွန်ပ် ဘက်လှည့်ကာ -

"ဘာဆက်လုပ်ရမှာလဲ တင်"

ကျွန်ပ်က -

"တရားနဲ့ ဖြေပေါ့ကွယ်"

"ရှာ ..."

ဟုဆိုကာ ကျွဲအိုဝကြီး ငိုင်ဆင်းသွား လေ၏။ ကြာဝင်းပြောင်က -

www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပေါ့ - ငယ်တော့တဲ့အရွယ်လည်း မဟုတ်တော့ဘူး - ခိ - ခိ"

တုခနဲ့သောစကားဖြင့်လှောင်လေ၏။ တွန့်ပ်တစင်ပေါ်ကလူ၊ ခွေးမကြောက်ဆိုသောအထာဖြင့် -

"ဆိုတော့တွယ် - အရှပ်အထုပ်တွေထ တွန့်ပ်နဲ့ဝတ်သတ်စရာ အတန်မရှိဘူးနော်။ တွန့်ပ်ရဲ့တာဝန်တ ပျောက်သောသူတွေအောင်ရှာပေးဖို့ပဲ၊ တွေ့ပြီးနေဝ်းခွဲတ ဖြတ်ပြီး တန့်ငွေပေး"

"မျက်နှာလွှဲ ခဲပစ်ကြီးရဲ့..."

တွဲ့အိုဝကြီး ကြူကြူပါအောင် ပုလဲခလေပြီတကား။ အဲ့မှာပဲ -

"ဝုး..."

"တွှီ..."

ရှုတ်တရက် ထိုးရပ်လာသော ကားတစ်စီး၊

"လိုက် - လိုက်"

"မလွှတ်စေနဲ့"

တုတ်၊ ဓားများ ကိုင်ထားသော လူတစ်သိုက်။

"ဟင် - အဲဒီ ဓားလက် ယားနေတဲ့ကောင်တွေ"

"ဟယ် - ကိုကိုတို့လိုက်လာကြပြီ"

"ဟဲ့ - ဟဲ့ - ငါ့ကို မထားခဲ့ကြနဲ့လေ"

အားလုံး နောက်ဖေးပေါက်မှ ခုန်ချကာ ထွက်ပြေးကြလေ၏။

"လိုက် - လိုတ်"

"မလွှတ်စေနဲ့"

"ဟိုင်းယား"

ပြေးသူ လိုက်သူတို့နှင့် -

ပြောင်းသတ်လို့၊

○→ **လှရှိန်အောင်**

**ဆေးမြီးတိုများ**

**ဆီး(နည်း၊ ကျဉ်၊ အောင့်)**


မြင်းခွာရွက်ရည်ကို သကြားနှင့် ရော၍သောက်ပါ။

**ရေယုန်နာ**

ကင်းပုံရွက်ရည်ကို မကြာခဏ တို့ပေးပါ။

**ရင်တုန်မောပန်း**

ရောက်သီးနှင့် ထန်းလျက်ကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုင်းဆင်နာကြီးနောက်သို့ လိုက်လာကြသည့် ဆင်သချိုင်းရှာသူ လူတစ်စု ... သချိုင်းသို့ မရောက်မီ လမ်းခုလတ်မှာပင် ...

**ခွယ်ရုံ**

ဆင်ပေါက်ကြီး ထိုးလွှတ်လိုက်သော ဟိုင်းဆင်နာကြီး၏ခြေရာကိုစမ်းချောင်းများတစ်နေရာတွင်လောရှည်ကြီးတွေ့ခဲ့ရသည်ဆိုခြင်းမှာ အမှန်ပင်ဖြစ်၏။

နောက်တစ်နေ့ နံနက် ဆင်ခြေရာများ ပတ်ဝန်းကျင်တို ဆင်သမားများ လိုက်ရှာကြရာ မကြာမီမှာပင် ဟိုင်းဆင်နာကြီး၏ ခြေရာများကို ထပ်မံတွေ့ရသည်။ ဆင်နာကြီးမှာ အင်အားတော်တော်ကုန်ခမ်းနေပြီနှင့်တူ၏။ ရေစိမ့်ရေသောက်ပြီး စမ်းချောင်းထဲက အတက်တွင်ခြေချော်လဲကျသည့်နေရာတစ်ခုကိုလည်း တွေ့ရသည်၊ ဆင်ကိုယ်လုံးကြီးနှင့် ဖိမိသွားသဖြင့် ကျိုးကြေနေသော သစ်ခက်ချိုးပုတ်များကိုပါ ထင်ထင်ရှားရှား မြင်ရ၏။ ဟိုင်းဆင်နာကြီးသည် သူ့ကိုယ်ကို မထိန်းနိုင်ဖြစ်ကာ အလဲလဲ အပြိုပြိုနှင့်အားယူကုန်းထရ၍လားမသိ။ ဒက်ရာမှ သွေးတွေ တစ်စက်ချင်း ကျလာသည်ကိုလည်း တွေ့ကြရသည်။ သို့သော် ဆင်နာကြီးကား ဆင်သချိုင်းရှိရာ စမ်းချောင်းများသို့တက်သွားရာကို တွေ့ကြရသည်။

ထို့ကြောင့် ဆင်သချိုင်းရှာသူတွေမှာ ဆင်သချိုင်းကိုတွေ့လျှင် အနှစ်နှစ်အလလက လာသေထားကြသော ဆင်ရိုး၊ ဆင်စွယ်များမှာ လှည်းနှင့် တိုက်သယ်ကြရလောက်အောင် ရကြတော့မည်ဟူသော လောဘဇောကြောင့် ဆင်သမားငါးယောက်မှာ မောရပန်းရမှန်းပင် မသိကြတော့ဘဲ စမ်းချောင်းဖျားရိုးမ တောနက်ထဲကို သာ ဆက်၍လိုက်လာကြတော့သည်။

စမ်းဖျားသုံးလေးကွေ့ကိုကျော်ဖြတ်ပြီးသောအခါ ကျားရဲကောင်နားကို ရောက်လာကြ၏။ ဤနေရာတွင် ယခင်က ကျားအလွန်ရဲသည်ဟု ဆင်သမားကြီးများ အဆက်ဆက် ပြောဖူးကြသည်ကို သတိရ၍ ခေါင်းဆောင်ဖြစ်သူ သံဗေတူက သူ့လူများကို သတိဝီရိယရှိကြရန်နောက်ကိုလှည့်ကြည့်၍အချက်ပြ၏။

လူအားလုံးတွေမှာ သူနှင့် လေးငါးလံအကွာမှလိုက်ပါလာကြသည်ကိုမြင်ရသော်လည်း သူတို့ထဲတွင် အငယ်ဆုံးလူဖြစ်သောငထော်ကြီးကိုမမြင်မိသဖြင့် "လောရှည်ကြီးကော" ဟု သံမှန်နှင့် မေးလိုက်၏။

ငထီးသံက "စိုးရိမ်တတ်ရန်ကော" တူသောသဘောနှင့် "နောက်က ပါလာပါလိမ့်မယ်ကွာ" ဟုပြန်ပြောလိုက်သည်။

"ဝူး - ဝေး - ဝေး"

ငထီးသံ၏စကားကိုပင် စိတ်မချသလိုနှင့် သံဗေတူက အသံပေး ခေါ်ကြည့်လိုက်၏။

"ဝူး - ဝူး - ဝေး - ဝေး - ဝေး"

ချက်ချင်းပင် ငထော်ကြီး၏ပြန်ထူးသံကို ကြားလိုက်ရသည်။

သူတို့မှာ ဆင်သချိုင်းကို မကြာမီ တွေ့ကြရတော့မည်ဟူသောအထင်နှင့် တစ်ခါတစ်ခါ တစ်ယောက်နှင့် တစ်ယောက် အကွာအဝေးကိုပင် သတိမထားမိကြဘဲ ဖြစ်သွားတတ်ကြ၏။ ထိုအခါမျိုးတွင် ယခု ငထော်ကြီးကို တစ်ယောက်နှင့်တစ်ယောက် အသံပေး၍ စောင့်ခေါ်တတ်ကြရသည်လည်း ရှိ၏။ မကြာမီ အသံပေး၍ ငထော်ကြီး သူတို့အနားကို ရောက်လာသည်။

"ဒီအတိုင်းဆိုဟိုင်းဆင်နာကြီးဆင်သချိုင်းကို သွားနေတာတော့ သေချာပြီကွ။ ဒီတော့ နောက်ကိုတို့လူစုမခွဲကြစေနဲ့တော့၊ ထော်ကြီး - ဘယ်လိုလဲ - ခင်းသိပ်ပင်ပန်းနေလို့လား"

"ပင်ပန်းနေလို့ နောက်ကျနေတာ မဟုတ်ပါဘူး - ကိုကြီးသံရာ၊ ကျွန်တော် အပေါ့သွားနေလို့ပါ၊ ဘယ်ခရီး ဘယ်နရက် ဆက်သွားသွား သွားနိုင်ပါတယ်၊ ရဲလောင်မီးပိတ်ထဲမှာ တောင်းမှိုင်းတွေနဲ့ လိုက်တမ်းပြေးတမ်းကစားကြတာလောက် မပင်ပန်းပါဘူး"

ငထော်ကြီးက ချွေးစက်ချွေးပေါက်တွေကို လည်းပင်းပတ်လာသော ပဝါနှင့်

www.burmeseclassic.com

သူတပ်ပြီးပြော၏။ ငထော်ကြီးအပြောကို သံဗောတူက အားရပါးရပြုံး၏။

ငထော်ကြီး ပြောသည်မှာ အမှန်လည်း ဟုတ်တော့ ဟုတ်၏။

ဆင်ဖမ်းသမားတွေမှာ တောဆင်ရိုင်းများကို မောင်းလာကြရာ၌ သူတို့ထောင်ထားသော ဆင်ကျုံးနှင့် ဝေးနေချိန်မှာတော့ လူသံဝေး၍ လူယောင်ပြ၊ ဗေထုပ်၊ ခြောက်အိုးဖောက်၍ တဖြည်းဖြည်းချင်း ခြောက်လှန့်မောင်းလာကြသော်လည်း ဆင်ကျုံးရှိရာ ရဲလောင်လက်တံထဲဝင်လာချိန်မှာတော့ ဆင်နှင့်လူသားတို့သည် ထိုနေရာတွင် အစွမ်းပြိုင်ကြရတော့သည်။ ရဲလောင်လက်တံထဲဝင်ပြီး ဆင်ကျုံးနှင့် နီးနေပြီ။ လူသားတို့၏ အန္တရာယ်ထောင်ချောက်ထဲ ရောက်နေပြီကိုသိသော တောဆင်ရိုင်းများသည် ထိုအခါနောက်ကိုပြန်ပြေးကြရန် ကြိုးစားလာကြသည်။ ဤသည်ကို ဆင်ဖမ်းသမားများကလည်း ဆင်ရိုင်းများ နောက်သို့ ပြေးမလာရဲအောင် ရဲလောင်ထဲရှိ မီးပိတ်၊ မီးတားတို့နှင့် တား၍ပိတ်၍ပြန်ပြေးလာသောဆင်ကို ကျုံးရှိရာသို့ ပြန်ပြေးအောင် ရင်ဆိုင်၍ အတင်းမောင်းလွှတ်ရသည်။

အထူးသဖြင့် ကျုံးလွတ်ဖူးသော ဆင်ရိုင်းများကမီးပတ်၊ မီးတားများကိုပင် ထိုးဖောက်၍ နောက်လှည့်ပြန်ပြေးလာကြရာ ဆင်လိုက်သမားများမှာ ဆင်များ၏ ဦးကင်း၊ ကိုယ်လုံးတို့ကို လှံပက်၊ လှံထောက်၍ မျက်နှာချင်းဆိုင် အသက်စွန့်မောင်းလွှတ်ကြရသည်။ ဆင်ကလည်း ရှေ့တွင် ထောင်ချောက်ကျုံးရှိသည်ကို ရိပ်မိပြီး ရှေ့ကိုမသွားဘဲ ပေကတ်တတ်လုပ်နေလျှင် ဆင်နားကို အတင်းကပ်၍ ဆင်လန့်ပြေးအောင် ဆင်ဝမ်းဗိုက်အောက်ကို ခြောက်အိုး၊ ဗေထုပ်တို့နှင့် ပစ်ပေါက်၍ခြောက်လှန့်ကြရ၏။ ဤနေရာတွင် လူက ဆင်ကိုခြောက်လှန့်လိုက်၊ လူကို ထိုးသတ်နင်းချေရန် ဆင်က ပြေးလိုက်နှင့် ရဲလောင်လက်တံထဲတွင် ဆင်နှင့်လူတို့ သူတစ်ပြန်၊ ကိုယ်တစ်ပြန် သက်စွန့်ဆံဖျား ပြေးလွှားအစွမ်းပြိုင်ကြသည်လည်း ရှိလေသည်။

ရဲလောင်မီးပိတ်ထဲတွင် ဆင်ရိုင်းနှင့် လူသားတို့ ပြေးလိုက်၊ လွှားလိုက် အစွမ်းပြိုင်ကြရသည်နှင့်စာလျှင် ငထော်ကြီးလောရည်ပြောသလိုပြောပလောက်သော ပင်ပန်းမှု မဟုတ်ပေ၊

"အေး - အေး - ဒါဆို - မင်းငထော်ကြီး နောက်ကိုမီအောင်လိုက်၊ နေလည်မွန်းမြင့်နေပြီဆိုတော့ ရှေ့နားရောက်ရင် ထမင်းစားပြီး ခဏနားကြမယ်၊ စောစော - အဲ - မနေ့ကနဲ့စာရင် ဒီနေ့ ဆင်ကြီးခြေရာ အမြင် သွေးစက်တွေပါ တွေ့လာရပြီဆိုတော့ ဘယ်လိုဖြစ်ဖြစ် ခြေရာမပျောက်အောင် နောက်နိုင်တော့ဘူးပေါ့ကွာ၊ ကဲ - သွားကြ၊ နားကြမယ့်နေရာ ရောက်ရင်ငါ အချက်ပေးလိုက်မယ်၊ ရှေ့ကလည်း စောင့်နေလိုက်မယ်"

သံဗောတူ၏ စကားအတိုင်း စမ်းချောင်းဖျားဘက်ကို ချီတက်လာကြပြန်၏။

— ○ —

မိုးချုပ်ခါနီးလျှင် စခန်းချ နားလိုက်၊ နေတက်မိုးလင်းလျှင် ဟိုင်းဆင်နာကြီး နောက် ခြေရာခံ သွေးစက်ကြည့်လိုက် လိုက်နှင့် သုံးည၊ လေးရက်အကြာမှာ လူတွေကား တော်တော်ပင်ပန်းနေကြပြီ။ သို့သော် ဆင်သရိုင်းကိုသာ တွေ့လျှင် ဆုသော မျှော်လင့်ချက်ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ဖွဲ့လျော့စကား မဆိုကြ၊ ဆင်နာကြီး၏ ဒဏ်ရာက ယခု သွေးတလည်း ပိုကျလာသည်ကို တွေ့ရ၏။ ထို့ကြောင့် ဆင်သမားတွေမှာ တစ်ယောက်နှင့် တစ်ယောက် သန်ကြောင်း၊ မြန်ကြောင်း ပိုပြလာကြသလို မြန်လည်း ခြေလှမ်းသွက်လာကြ၏။ သို့သော် သူတို့လူသားတွေ ခြေလှမ်းမည်မျှ မြန်မြန် ဆင်တစ်ရက်ခရီးကို သူတို့က နှစ်ရက်နှစ်ည လိုက်နေကြရသဖြင့် ယခုထိ ဟိုင်းဆင်နာကြီးကို မမြင် ရ၊ မတွေ့ကြရသေး၊ သွေးစက်ခြေရာကို ကြည့်၍သာ လိုက်နေကြရ၏။

ဆင်နာကြီး၏အခြေအနေမှာတော် တော်ဆိုးဆိုးရွားရွားနှင့် အားတင်းလှမ်းသွားနေရသည်ကိုခြေရာကသက်သေပြနေ၏။ ဟိုင်းဆင်နာကြီး၏ နောက်ခြေလှမ်းတွေမှာ ရှေ့ခြေလှမ်း၊ ရှေ့ခြေရာတွေကို မကျော်နိုင်တော့၊ ဆင်ကောင်းတစ်ကောင်၊ ပကတိဆင်တစ်ကောင်သာဆိုလျှင် နောက်ခြေက ရှေ့ခြေကိုကျော်ရမ်း မဆိုထားနှင့် မီပင် မမီ လှမ်းနေရသည်။ ပြီး - မြေပြင်သို့ ချလိုက်သော ခြေရာများမှာလည်း ညီညီညာညာ တည့်တည့်မတ်မတ် မဟုတ်တော့ဘဲ ကတိမ်းကပါးယိမ်း ထိုးသွားနေရသောပုံစံမျိုးသာ။

အမှန်ကတော့ ဟိုင်းဆင်နာကြီး သာ မဟုတ်၊ တောတောင်စမ်းချောင်းများကို ဖြတ်ကျော်ဆင်းတက်၍ သုံးည လေးရက် ခရီးကြမ်းကို အန္တရာယ်အမျိုးမျိုးနှင့်ပြေးလွှားလှမ်းလာခဲ့ကြသောလူတွေမှာလည်း တဖြည်းဖြည်းနှင့် ညောင်းညာတောင့်တင်းကာ ကြွက်သားများလည်း ကုန်ခန်းချင်နေကြပြီ။

www.burmeseclassic.com

သည်ကြားထဲ တစ်နေ့က တောပင့်ကူကြီးတွေ ရှာတည်အိမ်လုပ်နေကြသော ချောင်မှုတ်ဆိတ်ပင်ကြီးအောက်မှ အသေတ်လုပြေးခဲ့ကြရသဖြင့် ပိုပြီး ပင်ပန်းနွမ်းတိုက်နေကြသည်။ ထို့ကြောင့် ယခုအခါသူမြန်ကိုယ်မြန်လည်း ခြေစွမ်းမပြနိုင်ကြတော့၊ တစ်ယောက်နှင့်တစ်ယောက် တစ်လံ နှစ်လံအကွာကသာ လျှောက်လိုက်လာနေကြရသည်၊ သည်လိုနှင့် စမ်းချောင်းတစ်ချောင်းနား ရောက်လာကြ၏။

ထေီးသံက သူနှင့် အနီးဆုံးဖြစ်သော သံဗောတူကို -

"တို့ကို - ဘိုးဘိုးကြီး ငယ်ငယ်က ပြောဖူးတာ မင်း မှတ်မိလား"

"ဘာကိုလဲ"

"တျားရဲတောင်တစ်ဖက်ကြောမှာ ဆင်သေချောင်းဆိုတာ ရှိတယ်တဲ့၊ ခု ဒီချောင်းဟာ ဘိုးဘိုးကြီး ပြောဖူးတဲ့ ဆင်သေချောင်းဆိုတာပဲ ဖြစ်ရမယ်"

"အေး - ဟုတ်မယ်ကွ၊ ဘိုးဘိုးကြီး ဒါလည်း ခု မင်းပြောမှ သတိရတယ်၊ ဒီချောင်းကို ဖြတ်ကူးတဲ့ဆင်တွေဆိုရင် အကုန်သေတာချည်းပဲတဲ့၊ တစ်ကောင်မှ မရှင်ဘူးပြောဖူးတယ်"

"ဟင် - ဘာဖြစ်လို့လဲ"

"ဆင်သမားတွေကတော့ ဒီချောင်းထဲက ရေဆင်ကိုက်လို့ဆိုပြီး ပြောကြတယ်တဲ့၊ ဘိုးဘိုးကြီးတို့ကိုယ်တိုင် တွေ့ဖူးတာလား၊ သူများ ကြားဖူးတွေဖူးကြတဲ့ လူတွေပြောတာလားတော့ အဲဒီတုန်းက ငယ်သေးတော့ မမေးမိလိုက်ဘူးလေ"

သူတို့နှစ်ယောက်က စမ်းချောင်းနားတွင် နောက်လူတွေကို စောင့်ရင်း ခဏထိုင်ပြောနေကြစဉ် ငသံထီး ငသံညိုနှင့် ငထော်ကြီးတို့လည်း ရောက်လာကြရာ သံဗောတူက -

"ဟေ့ကောင်တွေ - မင်းတို့ သတိထားကြ၊ ဒီချောင်းရေထဲကို ဘယ်လူမှ မဆင်းကြနဲ့နော်၊ ချောင်းရေထဲဆင်းရင် မင်းတို့ကိုလည်းရေဆင်က သက်သာချင်မှ ပေးမှာမဟုတ်ဘူး၊ ရေဆင်ဆိုတာအကောင် သိပ်ပြင်းတယ်တဲ့၊ လူကြီးတွေက ပြော မမိဘူးတဲ့၊ အဲဒါ ဒီချောင်းထဲ တို့ဘယ်သူမှ မဆင်းကြနဲ့နော်"

ထိုအခါ ပေါင်လယ်သာသာဝင်ရုံ တတ်သော စမ်းရေစီးကို ငေးကြည့်နေကြရာမှ စမ်းရေကြည်ထဲတွင် ရေနှောင်းကြောတစ်ခု မျောပါလာသည်ကို ငသံညိုက လှမ်းမြင်ရာ -

"ဟေ့ - ဟေ့ - ဟို စမ်းအထက်ဘက်က ရေနောက်တွေ ဆင်းလာနေပြီ လား၊ တစ်ယောက်ယောက် - ဒါ - မဟုတ်မှလွဲရော ဟိုင်းဆင်နာကြီးများ ဖြတ်ကူးသွားလို့ ရေနောက်တွေ ကျလာတာလားမသိဘူး၊ မြန်မြန်သွားကြည့်ကြ စမ်းအောင်"

ပြောပြောဆိုဆိုနှင့်ပင် ငသံညိုက စမ်းချောင်းဘက် ပြေးသွားရာ သူ့နောက်ကို အားလုံး လိုက်လာကြ၏။

မှန်၏၊ စောစောကမှ ဟိုင်းဆင်နာကြီး ကူးသွားသောခြေရာနှင့် စမ်းထဲက ရေနောက်အပြင် တစ်ဖက်ကမ်းအတက် တာ ဆင်ခြေရာနက်ကြီးထဲတွင်လည်း ရေနောက်ကို တွေ့ရသည်၊

"ဟုတ်ပြီ - ဆင်နာကြီး ဒီနေရာက ကူးသွားတာ သေချာတယ်၊ တို့ဆင်နာကြီးကို နောက်ယောင်ခံ လိုက်ကြမယ်၊ ချောင်းရေထဲတော့ ဘယ်သူမှ မဆင်းကြနဲ့ကွာ၊ ကဲ - လာကြ"

ဟုပြောပြီးသံဗောတူကစမ်းချောင်းအလယ်ထဲ၌ ပေါ်နေသော ကျောက်တုံးတွေပေါ်ခုန်ကူးလာသလို နောက်လူများလည်း ထိုသို့ပင် လိုက်လာကြသည်။

တစ်ဖက်ကမ်းရောက်၍ဆင်ခြေရာ တဝိုင်း တောစပ်ဝင်ကြရာ -

"ဟော့ - ဒီမှာ ဆင်ချေးတုံးတစ်တုံး တွေ့တယ်၊ လာကြ - လာကြည့်ကြ"

"ဟော့ကောင် - တိုးတိုးပြောပါဟ၊ ဆင်ချေးက ရွှေတုံးကောက်ရသလား အော်ရတယ်"

ငထီးသံကိုသံဗောတူက မာန်လိုက်၏။

သံဗောတူက ဆင်ချေးတုံးကိုလုံ့နှင့် ထိုးခွဲ၍လက်နှင့် ကပ်ကြည့်၏။

"ပူပူနွေးနွေးပဲ ရှိသေးတယ်ဟ၊ ဟိုင်းဆင်နာကြီး စောစောကမှ ဒါမှ မဟုတ်လဲ - မနက်ကမှ ဒီနေရာက ဖြတ်သွားတာ သေချာတယ်၊ ဒီတော့ တို့အသံကိုကြားရင် ဆင်နာကြီးက သူ့နောက် လိုက်လာကြမှန်းသိပြီး ဆင်သချိုင်းကို မသွားပဲ နေချင်နေမှာ၊ အဲဒါ - ခုကစပြီး ဘယ်သူမှ စကားမပြောကြနဲ့တော့၊ ပြောစရာရှိရင် ငှက်သံချွန်းသံပေးပြီး ပြောကြ၊ ကဲ - ဆင်နာကြီးကိုနောက်ယောင်ခံ လိုက်ကြမယ်"

ဆင်သမားအားလုံးမှာ သတိဝီရိယ နှင့် အားလုံး အသံတိတ် လိုက်လာကြသည်။

"ရွှီ - ဂီ - ဂီ"

အောင်လောင်ငှက်ကြီးတစ်ကောင်၏ အနှုရာယ်တွေ့သော အသံမျိုးကို အော်မြည်လိုက်သံကြောင့် ဆင်သမားအားလုံးမှာ တိုင်ပင်ထားသလို ခြေလှမ်းများ ရပ်သွားကြသည်၊ ရောက်သည့်နေရာ၌လည်း သစ်ငုတ်တစ်ငုတ် ကျောက်တုံးတစ်တုံးလို မလှုပ်မယှက် ရပ်တည်နေကြ၏၊ သူတို့ ငြိမ်နေကြသော်လည်း

www.burmeseclassic.com

နောက်ထပ် ဘာသံမှ မကြားရတော့။ သို့သော် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်တာ - "ဘာသံလဲ၊ ဘာမြင်လဲ" ဟု သောသဘောနှင့် ဆက်ပြီး ခဏငြိမ်နေကြသည်၊ ခဏသာ ကြာသွားသည်၊ နောက်ထပ် ဘာထူးခြားချက်မှ မရှိသဖြင့် ဆင်နာကြီးခြေရာအတိုင်း လိုက်လာကြရာ စမ်းချောင်းတွေ တစ်ခုသို့ ရောက်လာကြပြန်၏။

မကြာမီ စမ်းချောင်းကမ်းနားအတိုင်း ရှေ့က သွားနေသူဖြစ်၍ သံညို တအသံထွက် မပြောတော့ဘဲ သူ၏ဆင်ထိုးလှံကို စမ်းဘေးကျောက်တုံးနှင့် ရိုက်၍ အချက်ပေးလိုက်၏။

ချက်ဆိုလျှင် နားခွက်ကမီးတောက်ဆိုသလို အားလုံးမှာ ဆင်ဖမ်း ဆင်လိုက် သမားချည်း ဖြစ်ကြသဖြင့် သံညို လုပ်ပြနေသည်ကို ချက်ချင်း နားလည်လိုက်ကြသည်။

ဟိုင်းဆင်နာကြီးသည် မကြာမီက မှ ဤစမ်းရေအိုင်၌ ရေစိမ်ပြီး စမ်းဘေး တစ်ဖက်ကို ကတိမ်းကပါး တက်သွားလေပြီ၊ စောစောက အောင်လောင်ငှက်ကြီး တစ်ကောင် သစ်ပင်ပေါ်က အော်သံပေး လိုက်ခြင်းမှာ ဆင်နာကြီးအား - "နင့်နောက်ကို လူတွေ လူတွေ လိုက်လာနေ

> သစ်ပင်များပေါ် တွဲလွဲခိုချိတ် ယိမ်းထ လှုပ်ရှားလာကြသော သစ်သီးစိမ်းရှည် များသည် ဆင်အော်လိုက်သံကြောင့် အားလုံး ပုခက်လွှဲ ယိမ်းလှုပ်လာကြတာ ဆင်နာကြီးကိုယ်ပေါ်ကို တိုအပင် သည်အပင်တို့မှ သစ်သီးရှည်ကြီးများ သည် ချက်ချင်းခုန် ဆင်းလှမ်းပစ်လာ ကြကာ ဟိုင်းဆင်နာကြီးကို ဝိုင်းကိုတ် ဝိုင်းအုံလိုက်ကြသည်။ သူတို့၏ မျက်စိ ရှေ့မှာပင် ဆင်ကောင်လုံးကြီးကို မမြင် ကြရတော့ပဲ သစ်သီးရှည်များ အုံလိုက် ကိုသာ လှုပ်လှုပ်ရွရွ မြင်နေကြရသည်။



ပြီးပြေးတော့၊ မြန်မြန်သာ ပြေးတော့" ဟု သောသဘောဖြင့် ဖြစ်ရေမည်၊ တောထဲ ဆောင်ထဲ၌ ရှဉ့်ပေါ်တို့၊ တစ်တီတူးတို့၊ အောင်လောင်ငှက်ကြီးတို့မှာ လူတွေကို မြင်လျှင် ဤသို့ပင် အော်ဟစ်တတ်သည်။

သောင်စုံစွယ် စမ်းချောင်းတစ်နေ ရာအရောက်မှာ ရှေ့ရောက်နေသော သံဖောတူက နောက်လူများကို လေထဲ ယမ်းအသံပေး၍ အသိပေးသည်။ လေထဲ၌ "ဝို" ခနဲကြားလိုက်ရသောအသံ ကြောင့် အားလုံးက သံဖောတူနား ရောက်သွားကြသည်၊ သံဖောတူက ဘာ မပြောတော့ဘဲ လှံရှည်နှင့်သာ ရှေ့ကို ထိုးပြလိုက်၏။

တိုင်းဆင်နာကြီးသည် သူ၏ ကြီး မားသော အတ္တဘောကြီးကို မနိုင်မနင်း ဆင်းသယ်ယူကာ စမ်းချောင်းကမ်း ပါးတစ်ခုနေရာ၌ ကတိမ်းကပါး မှီနေ သည်ကို အားလုံး လှမ်းမြင်နေကြရ သည်။ ဆင်ကြီး၏ ကတိမ်းကပါး ယိမ်း နေသည်ကိုကြည့်၍ ဆင်ကြီး "လဲ ကျပါစေနှင့်" ဟု ဆုတောင်းကာ အား ရှင်တထိတ်ထိတ်နှင့် စောင့်ကြည့် ကြရ၏။ ဆင်နာများသည် လဲကျသွား လျှင် ပြန်မထနိုင်တော့၊

ဆင်သချိုင်းမရောက်မီ မသေပါစေ နှင့်၊ လဲမကျပါစေနှင့် ဟု သူတို့၏ ဆု တောင်းပြည့်သွား၏။ ဆင်နာကြီးသည် ခဏမျှ အနားယူကာ စမ်းဘေးသောင် ပြင်မှ တောစသို့ ဝင်သွားပြန်သည်၊ စမ်း ချောင်းမှာ ကွေ့ကောက်သဖြင့် တိုင်းဆင် နာကြီးသည် စမ်းချောင်းအတိုင်း ဆန် မတက်တော့ပဲ ရေနံ့ခံကာ တစ်တွေ့တို့ တစ်တောဖြတ်သွားသလား ထင်ရ၏။ ထို့ကြောင့် ဆင်နာကြီး၏ အရိပ်အခြေ ကိုကြည့်ကာ သူတို့မှာ မနီးမဝေးက လိုက်ပါနေကြလေသည်။

သည်လိုနှင့် ဆင်နာကြီးသည် စမ်း ချောင်းတစ်ကွေ့ကို ဖြတ်ကျော်တူးကာ သောင်စပ်မှ ဖုတ်ထဲ ယိမ်းယိမ်းယိုင် ယိုင် ဝင်သွားပြန်၏။ သစ်ရွက်ကြွေသော နွေလဖြစ်သည့်အပြင် သစ်ကြီးဝါးကြီး လောင်းရိပ်မိထားသဖြင့် တောတစ်ခုလုံး အောက်ခြေရှင်းနေသည်၊ ထို့ကြောင့် လည်း ဆင်နာကြီး သစ်တောကို ဖြတ်၍ ကတိမ်းကပါးနှင့် နောက်စမ်းချောင်းများ ကွေ့တစ်ကွေ့ကို ကျော်ရန် ဆင်သချိုင်း ရှိရာကို သွားနေသည်ဟု ထင်မိုက်ကြ သည်၊ ဤကုန်းလျောတစ်ဖက်စမ်းချောင်း များတွင် ဆင်သချိုင်းမှာ ရှိရမည်ဟု ထင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။ ထို့ကြောင့်လည်း ဆင်နာကြီး သူတို့အမြင်ထဲက ပျောက်မသွားအောင် မနီးမဝေးမှ အသံတိတ် လိုက်ပါလာကြခြင်း ဖြစ်သည်။

ဆင်နာကြီးကို တစ်ချက်တစ်ချက်မြင်နေရသည်မှာအခြေအနေတော်တော်ဆိုးနေပြီတု ထင်ရ၏။ သူတို့ အားလုံးနောက်က လိုက်ကြည့်လာကြရင်း ဆင်နာကြီးသည်သူ့ကိုယ်လုံးကြီးကို မထိန်းနိုင်၊ မရပ်တည်နိုင်ဖြစ်ကာ ဟိုအယင်သွားမိုလိုက်၊ သည်အယင်သွားမှိုလိုက်ဖြစ်လာသည်။ သူတို့မှာတော့ ဟိုင်းဆင်နာကြီးဆင်သချိုင်းမရောက်မီမသေပါစေနှင့်ဟုရင်တထိတ်ထိတ်နှင့် ဆုတောင်းလိုက်ပါနေကြရ၏။

တိုင်းဆင်နာကြီးသည် ဆင်ဂန်းတောတိုးဆိုသလိုဟိုအယင်ဝင်တိုး၊သည်အဝင်ဝင်တိုးသွားနေသောအခါထိုသစ်ပင်များ ယိမ်းယိုင်ကုန်ကြသလို သစ်ပင်ပေါ်ရှိ အသီးများမှာလည်း လှုပ်ရှားကုန်ကြသည်၊ ဟိုင်းဆင်နာကြီး တိုးတိုက်သွားသော သစ်ပင်တချို့၏ သစ်သီးများမှာ ဒန့်ဒလွန်သီး၊ ပဲလင်းမြွေသီးတွေလိုသစ်ရွက်ရောင် စိမ်းစိုပြီး တံတောင်တစ်မိုက်ရှည်သော အသီးများတွဲလောင်းဆွဲနေကြသလို တချို့အသီးတွေဆိုလျှင် လူကြီးတစ်လံကျော်ပင် ရှည်လျားနေသည်။

ဆင်ကြီးက ကတိမ်းကပါးဖြစ်သွားပြီးအသီးတွေတွဲလောင်းဆွဲနေကြသော သစ်ပင်တစ်ပင်ကိုဝင်တိုက်လိုက်သည်။ တစ်လံနီးပါးခန့်ရှည်သောပဲလင်းမြွေသီးလို အသီးတစ်လုံးသည် ဆင်နာကြီးပေါ် ပြုတ်ကျလာ၏။ ထိုအခါ ဆင်နာကြီး၏ အထိတ်တလန့် ဝမ်းခေါင်းသံကြီးနှင့် အော်လိုက်သံသည် တစ်တောလုံး ပဲ့တင်ရိုက်သွားသည်၊ ရုတ်တရက်ဖြ သဖြင့်နောက်ကလှမ်းကြည့်လှမ်းကြ နှင့် လိုက်လာကြသော ဆင်သမားအာ လုံးပင် လန့်ဖျပ်ကုန်ကြသည်။

ဤမျှ ကြီးမားသော ဟိုင်းဆင်န ကြီး၏ကိုယ်လုံးကြီးပေါ်သို့ လူကြီးလ ကောက်ဝတ်အလုံးနှင့် တစ်လံလော ရှည်သော သစ်သီးတစ်လုံး ကြွေ သည်နှင့် ဆင်ကြီးအော်လိုက်သံ ခုချက်ချင်း အသက်ထွက်သွားရ အတိုင်းပင်၊ ထို့ကြောင့် နောက်ကလို ကြည့်နေကြသော လူတွေမှာလည ကြောင်သွားကြသည်။

မျက်တောင်တစ်ခတ် လျှ ပြက်အတွင်းဖြစ်သွားသောအဖြ မှာ သူတို့ထင်သလို မဟုတ်ပေ၊ သစ် များပေါ် တွဲဆွဲနိုရိုတ် ယိမ်းက လှုပ်ရှားလာကြသော သစ်သီးစိမ်းရှည်များသည် ဆင်အော်လိုက်သံကြောင့် အားလုံးရုတ်တွဲ ယိမ်းလှုပ်လာကြကာ ဆင်နာကြီးကိုယ်ပေါ်ကိုဟိုအယင်သည်အယင်တို့မှ သစ်သီးရှည်ကြီးများသည် ချက်ချင်းခုန်ဆင်း လှမ်းပစ်လာကြကာ ဟိုင်းဆင်နာကြီးကို ဝိုင်းကိုက် ဝိုင်းအုံလိုက်ကြသည်၊ သူတို့၏ မျက်စိရှေ့မှာပင် ဆင်တောင်လုံးကြီးကို မမြင်ကြရတော့ပဲ သစ်သီးရှည်များ အပုံလိုက်ကိုသာ လှုပ်လှုပ်ရွရွ မြင်နေကြရသည်။

နဂိုကပင်ဒဏ်ရာအနာတရနှင့်မရှိဆန့်ဖြစ်လာသော ဟိုင်းဆင်နာကြီးမှာ မြေပြင်၌ဗုန်းဗုန်းလဲကျသွားကာလူးလိမ့်အော်ဟစ်နေသည်၊ သို့သော် ခဏသာ နောက်တော့ အသံပျောက်သွား၏။

ဒန့်ဒလွန်သီး၊ ပဲလင်းမြွေသီးလို အသီးစိမ်းများသည် တစ်လုံးပြီး တစ်လုံး သစ်ပင်များပေါ်မှ တဖြုတ်ဖြုတ် ခုန်ဆင်းလာကြကာ ဆင်ကြီးကိုယ်ပေါ် ခုန်ထောက်သွားနေကြရာမှ "ဝိ" ခနဲ အသံရှည်ကြီးနှင့်အတူ ကြောင်ကြည့်နေကြသော သံဗောတူနှင့် ငထီးသံတို့ကြား ပစ်ကျလာသောအခါ ရှေ့ဆုံးရောက်နေသော သူတို့နှစ်ယောက်မှာ "မြွေ - မြွေ - ဆင်ပစ်မြွေ - ဆင်ပစ်မြွေ" ဟု အော်ဟစ်ကာ နောက်သို့အသက်လုပြန်ပြေးခဲ့ကြရသည်၊ သူတို့နှစ်ယောက်၏အော်လိုက်ပြေးလွှားကြသံနှင့် အတူ ငထီးသံ၊ ငသံညို၊ ငထော်ကြီးတို့မှာလည်း ဖနောင့်တင်ပါးတစ်သားတည်းဆိုသလိုပြန်ပြေးလာခဲ့ကြရလေသည်။

စာကြွင်း

ထိုအသီးလိုဖြစ်နေကြသော "ဆင်ပစ်မြွေ" ခေါ်မြွေတစ်မျိုးသည် သစ္စာဇရဲ ညွှန်များမှမြွေစိမ်းမျိုးခြောက်များသရှာန် ဖြစ်လာကြသလို အသီးမှ ဖြစ်လာကြလေသလား၊ အို့မဟုတ် ဆင်သွေးဆင်နံ့ရ၍ သစ်ပင်ပေါ်က တက်စောင့်နေကြသလား ဆိုသည်ကိုတော့ ယနေ့အထိမည်သည့်ဆင်သမားများတမျှ မဖြေနိုင်ကြသလိုကိုယ်တွေ့ကြုံခဲ့ကြရသောသံဗောတူတို့ ဆင်သချိုင်းရှာသမားငါးယောက်မှာလည်းအသက်လု၍သော ပြေးရင်ပြေး ပြေးလာခဲ့ကြရသဖြင့် ဘာဆိုဘာမှ ရေရေရာရာ မသိခဲ့ကြရပေ။

○→ ခိုင်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



“ ရဲဘော်ဘဝတွင်
အထက်အရာရှိ စေခိုင်းသမျှ
မငြိုမငြင် လုပ်ပေးသော်လည်း
မတရားမှုနှင့် ရင်ဆိုင်
လာရသောအခါ ...

## ...ပေါင်းလ

...ရှိန်ကပြောမပြနိုင်အောင်ပြင်းထန်...လှသည်၊ အိပ်ဆောင်တွေထဲတွင်...မှ ထွက်လာသူ ရဲဘော်သုံးလေး...မှအပ လူရှင်းနေသည်၊ ကျန်...အကြပ်များက မိမိတာဝန်ကျရာ...တွင် ရှိနေကြ၍ဖြစ်သည်၊

သို့သော်လည်းဂျူတီထွက်သူလည်း...၊ ဂျူတီတာဝန်ကျသူလည်းမဟုတ်...အပူရှိန်ကမီးတောက်လုမတတ်...လှသောအချိန်တွင် ပေါက်တူး...လက်နှင့် ရျုပင်များ၊ မြက်ပင်များကို...တာ ရှင်းလင်းနေသူတစ်ယောက်...ပါသည်၊ သူ့တစ်ကိုယ်လုံး ချွေးများ...ထားသည့်နယ် ရွှဲ စိုနေသည်၊

ထိုသူက ရဲဘော်များအားလုံး၏ အချစ်တော် ရဲဘော်မိုက်ခဲပင်ဖြစ်ပါလေသည်၊

သူ မြက်ရှင်းနေသောနေရာတ စစ်သမီးများအိပ်ဆောင်နှစ်ဆောင်ရှိရာ ခြံဝင်းအတွင်း ဖြစ်သည်၊ သည်နယ် ခြတ်ရှင်းသောအလုပ်ကို လုပ်ချင်လွန်း၍ မဟုတ်ပါ၊ သူ့ကို ဗိုလ်ကြီး ဇုန်းတင်က အပြစ်ဒဏ်ပေးသည့်အနေနှင့် လုပ်ခိုင်းခြင်းဖြစ်ပါသည်၊ စစ်သမီးများအိပ်ဆောင်နှစ်ဆောင်မှာ ပေလေးဆယ်၊ ...ခန့် မြေကွက်တွင် ဆောက်...ခြင်းဖြစ်ပြီး သံဆူးကြိုးများနှင့် ...ရံထားရှိနေသည်၊ ယခင်က သည်...လုပ်တွေမှာ စစ်သမီး

www.burmeseclassic.com



ရားတ အလှည့်ကျ (FATIGUE) လုပ်နေတျဖြစ်သည်။

သို့သော်လည်း သည်တပ်သို့ ဗိုလ်ကြီးရုန်းတင်ရောက်ရှိလာခဲ့သည်မှစကာ ရဲဘော်များအတွက်အဖြစ်ပေးရန်နေရာ တစ်ခုအဖြစ် ပြောင်းလဲသွားခဲ့ရသည်။ ရှိရှိနေရာများတွင် အဖြစ်ဒဏ်ပေး၍ လုပ်ကိုင်ရသည်မှာအကြောင်းမဟုတ်၊ ဝမ်းနှလုံးသည်မထင်ကြပါ။ လေကလေး တချွန်ချွန်နှင့်ပင် ရှိနေကြပေသည်၊ အဲသည်လို အမျိုးသမီးတွေချည်း နေကြသောနေရာတွင် လုပ်ကိုင်ရသည်မှာ စိတ်ရောကိုယ်ပါ နှစ်ဆသုံးဆ ပိုပြီးပင် ဝမ်းလှပါဘိခြင်း။

အမျိုးသမီးဆိုသည်က မှုန်နံ့သာ ခြယ်သထား၍သာ စွဲမက်ဖွယ်ဖြစ်နေသော်လည်း ဝင်ကိုသွေးသာ ဖွဲ့စည်းပုံအရတော့ အမျိုးသားတွေနှင့်မတူသော ကိုယ်နံ့တွေ ရှိကြသည်မဟုတ်လား။ သည်တော့ အိပ်ဆောင်ရှေ့မျက်နှာစာတွင် လုပ်ကိုင်ရသည်မှာ အကြောင်းမဟုတ်ပါ။ နောက်ဘက်ခြမ်း ရေချိုးခန်း အိမ်သာတွေဘက်လုပ်ကိုင်ရသောအခါ ပေါ်လာသည့်စစ်မျက်နှာသုတ်ပဝါငယ်ကို နှာခေါင်းတွင် စည်းနှောင်ကာ လုပ်ရတော့သည်၊ ထိုအခါ လုပ်ရသည်မှာ ပိုပြီး ပင်ပန်းလာသည်၊ မောလာသည်၊ အသက် ကို အားရပါးရ ဝဝပင် မရှူရဲတော့ပါ။

"ဟော့ကောင် - ဆက်လုပ် - ဆက်လုပ်"

"မိုက်ခဲကြည့်ရတာ ပိုဖြိုးအား ကောင်းလာသလိုမြင်ရတယ်"

"အော် - မင်းကလဲ မသိဘူးလား အော်ဒီကလုံးနဲ့ ရှနယ်ဖိုက် အသက်ရှူ အားဆေးတွေ ရှူနေရတာလေ။ တို့ မျက်နှာသုတ်ပဝါနဲ့တောင် စည်းထား တာ"

အိပ်ဆောင်ပေါ်မှ ကြည့်နေကြ သော သူငယ်ချင်းတွေက ရဲဘော်မိုက် ကို တစ်ယောက်တစ်မျိုး အော်တစ် နောက်ပြောင်နေကြသည်၊ တကယ် တော့ ရဲဘော်မိုက်ခဲကို သူတို့အားလုံး တကယ်ကို ချစ်ခင်ကြပါသည်၊ သူ တစ်တွေ ပြဿနာတစ်ခု၊ ကိစ္စတစ်ခု အခက်အခဲ ဖြစ်ပေါ်လာပြီဆိုလျှင် မိုက် က ငွေကြေးကအစ အကြံဉာဏ်ဖြစ် လူကိုယ်တိုင်ပါဝင်၍ဖြစ်စေပြီးဆုံးအော မြင်သည်ထိ ကူညီပေးသူ ဖြစ်သည်။

သို့သော်လည်းပေါ့လေ ....၊ သည် ကောင်တွေအကျင့်တစ်ခုရှိသည်၊ အ ကို တိတိကျကျ လိုက်နာတတ်သ မည်မျှ ရာထူးအဆင့်ကြီးမြင့်သူဖြစ်

သူဘက်ကမှန်လျှင် အမှန်အတိုင်း ပြော တတ်သည်၊ မှားလျှင်လည်း မှားသည်ကို ခံသူဖြစ်သည်၊

ပြီးတော့ ပေးလာသည့်အမိန့်က ရဲဘော်အားလုံးအတွက် အခက်အခဲဖြစ် စေသည်ဆိုပါက အမိန့်တွင် လစ်ဟွက်၊ အတွက် ရှာဖွေပြီး အခက်အခဲကို ဖြေ ရှင်းပေးတတ်သည်၊ သည်လိုနှင့်ရဲဘော် တွေ စိတ်ချမ်းသာစေရန် လုပ်ပေးရာက အချုပ်ခန်းထဲ ဝင်ခဲ့ရပေါင်းများလှသည်၊ တတ်သည်လား ဆိုပါက မမှတ်ပါ၊ ပြုံးပြုံး ရယ်ရယ်နှင့်ပင်၊ သူလုပ်ခဲ့သည့်အတွက် နောင်တမရပါ။ ဆက်လုပ်မြဲ လုပ်နေ သည်၊ သူ့ရဲဘော်သူငယ်ချင်းတွေ ပျော် ရွှင်နေကြသည်ကို မြင်လျှင် သူ ခံစားရ သမျှပြေပျောက်သွားပုံရသည်၊

နောက်ထပ်ပြောစရာတစ်ခုရှိသေး သည်၊ အခြေအနေထူးခြားခြင်းမရှိ၊ တပ် ရင်းမှူးက တစ်စုံတစ်ရာ ညွှန်ကြားခြင်း မရှိပါဘဲလျက် မလိုအပ်သောအမိန့်တွေ ပေးသည်၊ ရဲဘော်တွေကို ကွပ်ညှပ် သည်၊ ပြဿနာရှာသည် ဆိုလျှင် ထို အရာရှိကိုပြန်လည်ဒုက္ခပေးခြင်းပြုလုပ် တတ်သည်၊ ထို့ကြောင့်လည်း ရဲဘော် တွေက ချစ်ခင်တွယ်တာကြသည်မှာ ဆန်းပါ၊

သို့သော်လည်းပေါ့လေ၊ ရဲဘော် စိတ်မရှိ၊ အထက်ဖားကာ အောက်လက် ကို ဖိနှိပ်ကွပ်ညှပ်တတ်သူ အရာရှိတွေ ကတော့ ရဲဘော်မိုက်ခဲတို့ မကြည့်ပါ။ ကမ္ဘာကျော်ပြဿနာကောင်တစ်ကောင်တစ် မျိုး၊ ပြဿနာခေါင်းဆိုသူက ဆိုကြသည်။ အကြောင်းမသိ၊ သူ့အကြောင်း မကြား ဖူးသူ အရာရှိ မရှိကြပေ။ သူတို့ ရှောင် ကောင်းတခဲခဲရှိကြသည်၊ ဗိုင်တွတ်စောင့် ကြည့်နေကြသည်၊ မိုက်ခဲကလည်း အမှားအယွင်း မရှိအောင် နေသည်၊ တာဝန်ကြေကြေလုပ်ဆောင်သည်၊ သတ်မှတ်စည်းကမ်းပေါင်အတွင်း နေ သည်၊

သည်လို နေထိုင်ခဲ့ပါသော်လည်း ပြဿနာလေး၊ ဂျပိုးတို့ ကမ္ဘာလိပ်ခြင် အောင်လုပ်သလို၊ ငါးသလဲထိုးတိုဝေလ ငါးဖြစ်အောင်လုပ်သည်မျိုးပါ။ ပြဿနာ ရှာဖွေသူက ဗိုလ်ကြီးရုန်းတင်။

သည်နေရာတွင် ထိုဗိုလ်ကြီး ရုန်း တင်ဟူ၍နာမည်ရှိသူ၊ အရာရှိမှာ မြန်မာ လူမျိုးစစ်စစ်ဖြစ်သည်၊ ရှင်းလူမျိုးတချင် လူမျိုး ရှမ်းအနွယ်လည်း မဟုတ်ပါ။ သို့ သော် ယခုတွဲသို့ ရုန်းကင် ဟူ၍ သည် သစ်ရလာပုံကရဲဘော်တွေ တာရုံဆင့် ပြောင်းလဲပေးခဲ့ခြင်း ဖြစ်ပါသည်။ မူလ

www.burmeseclassic.com

www.burmeseclassic.com



နာမည်တဝိုလ်ကြီးအုန်းခင်ဖြစ်ပါသည်။ သည်အရာရှိက ကျွန်တော်တို့အရှက်ပြ ဆက်သွယ်ရေးတပ်များ၏ တပ်မင်း (ယခင်စစ်တပ်အသုံးအနှုန်း) ယခုခေတ် အသုံးအနှုန်းအရ (ညွှန်ကြားရေးမှူး) ဖြစ်သောဗိုလ်မှူးကြီးသနိုလိုအရာရှိကြီး တို့၏ဆိုနှင့်၊ တပ်ရင်းမှူးအဆင့်မျှ အရာ ရှိတိုင်း ဖျာဖျာသလဲ တားတံခါးဖွင့်ပေး ခြင်း၊ လက်ဆွဲအိတ် ယူလာပေးခြင်း စသည်၊ စသည်။

လေ့ပိုအစ်သည်တို့ကို ပြုလုပ်ပေး လေ့ရှိသူ၊ အထတ်ဖား၊ အောက်ဖိသူမို့ အုန်းခင်မှ ဖုန်းကင် ဖြစ်သွားခြင်းပင်၊

ဗိုလ်ကြီးဖုန်းကင်မှာ အိမ်ထောင် သည်၊ သမီးတစ်ယောက်ရှိ၍ တစ်ဆယ့် ငါးနှစ်ခန့် ရှိသည်၊ မိသားစုသုံးယောက် သာရှိတပ်ထဲမှမိသားစုတွေနှင့်ရောရော နှောနှောနေသည်ကို မတွေ့ရပေ၊ ထို့ ကြောင့် ရဲဘော်တွေမှာကလည်း စပ်စပ် စုစု မလုပ်မိကြ၊ ဗိုလ်ကြီးကတော်ရော သမီးဖြစ်သူကိုပါ မြင်ဖူးတွေ့ဖူးရုံသာ ရှိ ကြသည်၊ မြင်ဖူးတွေ့ဖူးခြင်းမရှိသူ ရဲဘော်တွေပင်ရှိနေသည်၊ ထိုသူတွေထဲ တွင် ရဲဘော်မိုက်ခဲလည်း ပါဝင်နေခဲ့ သည်။

တစ်နေ့သောညနေခင်း ရဲဘော် မိုက်ခဲတို့ဗဟိုကင်းကျုံးကိုက်၊ အထုပ်အပိုး များဆွဲလာသောမိန်းမတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့တပ်ဝင်းထဲ လမ်းလျှောက်ဝင်လာကြသည်၊ ထိုသူ နှစ်ယောက်မှာ ဗိုလ်ကြီးဖုန်းကင် ဇနီးနှင့် သမီးတို့ဖြစ်ကြသည်၊ သူတို့အပြင်ထွက် သွားခဲ့ကြစဉ်က တပ်မှ ကားနှင့် ထွက် သွားခြင်းဖြစ်သည်၊ သည့်ပြင်အကြောင်း တစ်ခုက ဗိုလ်ကြီးဖုန်းကင်၏ ဇနီးနှင့် သမီးတို့ကို တစ်ကြိမ်တစ်ခါမှ မတွေ့ မမြင်ဖူးခြင်းဖြစ်သည်၊ ထို့ကြောင့် မိုက်ခဲ က အပြင်မှ ဧည့်သည်ဖြစ်မည်ထင်ခဲ့ သည်၊ ယင်းအချိန်တွင် ကင်းမှူးဖြစ်သူ ဆရာလှရွှေကလည်း မရှိပါ၊ တပ်ရင်းရုံး သို့ သွားနေစဉ်ဖြစ်သည်၊

သည်အတွက် ရဲဘော်မိုက်ခဲက ကင်းရုံထဲမှထွက်လာကာမေးမြန်းလိုက် သည်၊

"ဒီက အဒေါ်တို့က ဘယ်သွားကြ မလို့လဲ ခင်ဗျာ"

အမှန်က တပ်ထဲမှာနေသူတစ် ယောက်ယောက်နှင့် တွေ့ရန်လာသည် ဆွေမျိုးတော်စပ်သူဟု၍ထင်မိပြီးအကူ အညီပေးနိုင်ရန်စေတနာနှင့်လာရောက် မေးမြန်းခြင်း ဖြစ်ပါသည်၊ သို့စေကာမူ သူ့စေတနာက ဝေဒနာအဖြစ် ပြောင်းလဲ သွားခဲ့ရပါလေတော့သည်၊ သူက သည် သို့မေးလိုက်သည်ကို ထိုမိန်းမက မည် သို့အဓိပ္ပာယ်ပြောင်းလဲသတ်မှတ်လိုက် သည်မသိပါ။

"ငါ - ဗိုလ်ကြီးအုန်းခင်မိန်းမဆိုတာ သေိဘူးလား၊ ဘာဖြစ်လို့မေးတာလဲ"

"ဗျာ - ဗိုလ်ကြီး ဖုန်းကင် - အဲ"

"ဟဲ့ - ဖုန်းကင်မဟုတ်ဘူး၊ အုန်းခင် - အုန်းခင်၊ မှတ်ထား - ငါက သူ့မိန်းမ၊ အရေးဝင်မယားဟဲ့၊ သိပြီလား"

ဗိုလ်ကြီးအုန်းခင် ဇနီးဆိုသူမိန်းမ တစ်ဒေါသတကြီး ဆောင့်ကြီးအောင့်ကြီး ပြောရင်း မိန်းကလေးလက်ကိုဆွဲကာ တပ်ထဲသို့ ဝင်သွားလေတော့သည်၊ ရဲဘော်မိုက်ခဲမှာ အံ့အားသင့်ပြီး ဘာမှ မပြောနိုင်၊ ငေးကြောင်ကြည့်ရင်း ကျန် ရစ်ခဲ့သည်၊

"ဟေ့ကောင် မိုက်ခဲ - ဘာကြောင့် ကင်းရုံအပြင်ကို ထွက်နေတာလဲ"

ပြောလိုက်သံနှင့်အတူ ဆရာလှရွှေ တို့တွေ့ရသည်၊ မိုက်ခဲက ခပ်လှမ်းလှမ်း ရောက်နေသည်၊ သားအမိနှစ်ယောက် တို့ လက်ညှိုးနှင့်ညွှန်ပြီး ဖြစ်ပျက်သွားပုံ တို့ ပြောပြလိုက်သည်၊

"ကျွန်တော်က စေတနာနဲ့ ကူညီ မယ်စိတ်ကူးပြီး မေးလိုက်တာ၊ အဲဒါဗိုလ် ကြီးကတော်မှန်း မသိရတောင်းလားဆို ပြီး ဒေါကန်သွားလေရဲ့"

"အေး - အဲဒါ၊ အတ္တမာနဆိုတာပေါ့ ကွ - မှတ်ထား၊ ဒါကြောင့် တချို့လူတွေ က စေတနာဟာ လူတိုင်းနဲ့ မတန်ဘူးဆို တဲ့အယူအဆ အများတွေ စွဲမှတ်တုန်ကြ တာပေါ့"

ရဲဘော်မိုက်ခဲကတော့ သည်တိုက် ကို သည်နေရာမှာတင် မေ့ထားခဲ့သည်၊ သည်ကိစ္စကြောင့် နောက်ဆက်တွဲဖြစ် လာနိုင်စရာအကြောင်းမရှိဟု ထင်မှတ် ထားခဲ့ပါသည်၊

သို့သော်လည်း ... သို့ပေမဲ့လည်း ပေါ့၊

သုံးလေးရက်အကြာ နေ့တစ်စား ချိန်၊ ထမင်းစားဆောင်သို့ လာခဲ့ရာ ရုံးဘက်မှ လျှောက်လာသော ဗိုလ်ကြီး ဖုန်းကင်ကိုမြင်လိုက်မိသည်၊ ထို့ကြောင့် ရေချိုးခန်းဘက်မှ လှည့်သွားရန် ခြေ လှမ်းပြောင်းလိုက်မိသော်လည်း မှာတော် ကျသွားရသည်၊

"ဟေ့ကောင် မိုက်ခဲ"

"ဗျာ - ဗိုလ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com

ရဲခေါ်မိုက်ခဲ မတတ်သာတော့ ဗိုလ်ကြီးရှေ့သွားကာ ခြေစုံရပ်အလေးပြု လိုက်သည်။ ဗိုလ်ကြီးအုန်းခင်က သူ့ကို အထက်အောက် သေချာကြည့်ရှုပြီးမှ၊

"မင်း - ဟိုတစ်နေ့က ဂါတ်ကင်းရှေ့မှာ ဗိုလ်မိန်းမတို့ ဘာပြောလိုက်သလဲ"

"ခင်ဗျာ —"

သုံးလေးရက်ကြာသွားပြီး သူကိုယ်တိုင်တောင် တမင်မေ့ပစ်ထားလိုက်ခြင်းမို့ တတယ်တို့မေ့နေလေရာ ယခုလို ရှောင်တခင် ရှုတ်တရက် အမေးခံလိုက်ရသောကြောင့် ရဲခေါ်မိုက်ခဲမှာ ဘာမှန်းမသိ ဘယ်လိုဖြေရမှန်းမသိဖြစ်သွားကာ ငေးကြောင်နေမိလေသည်။ ဤကဲ့သို့ ဖြစ်နေခြင်းကို ဗိုလ်ကြီးအုန်းခင်က သူ့အပေါ်မထီလေးစားလုပ်သည်ထင်သွားပုံရသည်။

"ဟေ့ကောင် - မင်းကိုမေးနေတာတို့ ဝရုမစိုက်တဲ့သဘောလားကွ"

"ဟာ - မဟုတ်ပါဘူး - ဗိုလ်ကြီးရဲ့"

"မင်းက တော်တော်နာမည်ကြီးနေပါလား။ ဟင်း - ဟိုနေ့က မင်း ဂါတ်ကင်းရှေ့မှာ ဗိုလ်မိန်းမကို ဘယ်လိုပြောလိုက်သလဲ"

"အော် - အဲဒီနေ့က သူတို့ဝင်လာတာမြင်လို့ ဘာများကူညီပေးရမလဲဆိုတာ သွားမေးတာပါ"

ရဲခေါ်မိုက်ခဲက သတိရလာကာ ပြန်ဖြေလိုက်သည်။ ထိုအခါ ဗိုလ်ကြီးအုန်းခင်က မဲ့ပြုံးပြုံးလိုက်သည်။ သဘောက သူပြောသမျှကို လက်မခံ၊ မယုံကြည်သည့်သဘောမျိုး ဖြစ်သည်။

"ဒါက မင်း အခုမှပြောတာလေ။ အမှန်က ငါ့မိန်းမလာတာကို တမင်သွားပြီးရှည်တာမဟုတ်လား၊ နောက်ထပ် ငါ့ကိုတောင်မခန့်လေးစားလျောင်သလိုပြောင်သလို ခေါ်ခဲ့သေးတယ်မဟုတ်လား"

ရဲခေါ်မိုက်ခဲမှာ လွှတ်ခနဲခေါ်လိုက်မိသော နာမည်ပြောင်ကို သတိရကာပြုံးနေမိသည်။ ဗိုလ်ကြီးအုန်းခင်က သူ့ခြေထောက်ဆီကို လက်ညှိုးထိုးပြပြီး -

"မင်းဖိနပ်စီးထားတာကိုကြည့်စမ်း ဘောင်းဘီစကို ဘာကြောင့် အထဲထိုးမသွင်းတာလဲ"

သူ့ဖိနပ်က သားရေလည်ရှည်ဖိနပ်ဖြစ်သည်။ ဖိနပ်ထဲသို့ဘောင်းဘီခြေရှည်ထည့်သွင်းပြီးကြိုးချည်ရမည်။ သို့မဟုတ် သားရေကွင်းခံကာ ခေါက်ထားရမည်။ ယခု မိုက်ခဲက ဘောင်းဘီခြေရှည်ကို အပြင်ဘက် ထုတ်ထားမိသည်။ သူ့မှာ ပွလောင်၍လေရရန်ဘောင်းဘီစများကို ခွဲထုတ်ထားရာမှ ပြန်လည်မထည့်မိခဲ့၊ ထမင်းစားရန် ထွက်လာမိခြင်းဖြစ်သည်။ သူ့ခုတော့ အပြစ်တစ်ခု ဖြစ်သွားရလေပြီ။

"စစ်သားဆိုတာ အမြဲတမ်းစည်းကမ်းတကျ နေထိုင်ဝတ်စား၊ သွားလာသွားလာ ကျင့်ကြံရမယ်ဆိုတာလေ့ကျင့်ရေးတပ်မှာ ဆရာတွေက သင်ပေးလိုက်တယ်မဟုတ်လား"

"ဟုတ်ပါတယ် - ဗိုလ်ကြီး"

"သင်ကြားပေးလျက်နဲ့ မလုပ်တာ အပြစ်ရှိသလား၊ မရှိဘူးလား"

"အပြစ်ရှိပါတယ် - ဗိုလ်ကြီး"

"အေး - ကိုယ့်အပြစ်ကိုယ်သိတယ်ဆိုရင် မင်းကိုအပြစ်ပေးရမှာပေါ့ - ဟုတ်လား"

"ဟုတ်ကဲ့"

သည်လိုနှင့် ရဲခေါ်မိုက်ခဲတစ်ယောက် စစ်သမီးများအဆောင်ဝင်းထဲတွင် သန့်ရှင်းရေးလုပ်ပေးနေရခြင်းဖြစ်သည်။

"အေးပေါ့ကွာ - ထင်းခွေမကြုံ ရေခပ်တော့ ကြုံရဦးမှာပေါ့လေ - ဟင်း"

ရဲခေါ်မိုက်ခဲက ပေါက်တူးကို ကောက်ကိုင်လိုက်ရင်း ခွေးသုတ်ကာ စိတ်ထဲမှ ပြောနေမိသည်။ သူမျှော်လင့်ထားသည်က ဇွန်၊ ဂျူး၊ ဂျိမ်းစ် ဆိုသူ အရာရှိသုံးယောက်ထဲမှ တစ်ယောက်ယောက်နှင့် စတင်ပြဿနာဖြစ်မည် ထင်ထားခဲ့သည်။ သူမျှော်လင့်ထားသူတွေနှင့် ဖြစ်ရ၊ မဖြစ်ရ၊ ထင်မှတ်မထားသောသူနှင့် ရှေးဦးစွာပေါက် တွေ့လိုက်ရလေပြီ။ အေးပေါ့လေ၊ ပျံနိုင်ခနိုင်သမျှ ပျံနေဦးပေါ့။ အမြဲပျံနိုင်ပါမည်လား၊ နားခိုမှ တွေ့ကြမည်၊ တစ်နေ့နေ့ တစ်ချိန်ချိန်။

"ဟဲ့ - မိုက်ခဲ၊ ဟဲ့ကောင် - ငါခေါ်တာတောင် မကြားနိုင်အောင် ဘာငေးနေတာလဲ"

ဘေးဘက်မှ အော်ပြောသံကြားမှ ဒေါသအတွေးကြောတွင် နစ်မြောနေသူ မိုက်ခဲမှာ သတိဝင်၍လှည့်ကြည့်မိသည်။ အိပ်ဆောင်နံပါမှ ဆင်းလာသော စစ်သမီး မဝင်းကြည်ကို တွေ့သည်။ သူ့၏လက်ထဲတွင် စစ်မတ်ခွက်တစ်ခွက်၊ စက္ကူအိတ်တစ်အိတ် ကိုင်လာသည်။ မိုက်ခဲအနားရောက်လျှင် လှမ်းပေးသည်။

"ရော့ - ငါ့မောင်အတွက် အစ်မယူလာပေးတာ၊ ခဏနားပြီး မုန့်လည်းစား လက်ဖက်ရည်လည်း သောက်"

"ကျေးဇူးတင်လိုက်တာ - မဝင်းရယ်။ နေကလဲပူ၊ ဆာကလဲဆာနဲ့ အလုပ်ကလည်း နည်းနည်းကျန်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

"နားနားနေနေလုပ်ပါကွယ်၊ နေကတအားပူတာ၊ သိပ်လည်းမကျန်တော့ပါဘူး"

စစ်သမီးအားလုံး နှစ်ဆယ်ကျော်ခန့်ရှိရာတွင်ရဲဘော်မိုက်ခဲကိုအားလုံးကချစ်ခင်ကြသည်၊ ရဲဘော်အားလုံးတွင်အသက်အငယ်ဆုံးဖြစ်ပြီး သွက်သွက်လက်လက်နှင့်အမြဲတစေလှုပ်ရှားကူညီတတ်သောကြောင့်ရဲဘော်တွေသာမက စစ်သမီးများတပါ ချစ်ခင်ကြခြင်းပင်၊ ထိုသို့ အားလုံးက ချစ်ခင်ကြသည့်အထဲတွင်မဝင်းကြည်နှင့်မမြင့်မြင့်ကြည်တို့က တကယ့်မောင်အရင်းလို ချစ်ကြသည်။ သူတို့တစ်တွေ (OUT PASS) အပြင်ထွက်တိုင်းမိုက်ခဲအတွက်စားစရာ၊ ခေါက်ဆွဲကြော်၊ လိမ္မော်သီး၊ မုန့်တစ်ခုတော့ တစ်ခုခုတော့ ဝယ်လာမြဲဖြစ်သည်။ တစ်ခါတစ်ရံလကုန်ခါနီးရက်များတွင်ဆိုပါက မုန့်ဖိုး (၂)ကျပ်၊ (၃)ကျပ်မှ (၅)ကျပ် ဆိုသလို ပေးကြသည်။

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်အချိန်က ဖြစ်ပါသည်။

ရဲဘော်မိုက်ခဲတို့လို ကြည်းတပ်သား ရဲဘော်အားလုံး လစာငွေအဖြစ် တစ်လ (၅၆)ကျပ်သာ ရပါသည်။ ရေတပ်နှင့် လေတပ်မှ တပ်သားအဆင့်မှာ ကြည်းတပ်သားအဆင့် လစာငွေထက် နှစ်ဆကျော်ရပါသည်။

မဝင်းကြည်မှာ ထိုအချိန်က မြန်မာ့ဒေသနတ်ပစ် ချန်ပီယံဆု ရရှိသူတစ်ယောက်ဖြစ်ပါသည်။ စစ်သမီးတွေအားလုံးမှာ အနိမ့်ဆုံး နဝမတန်းနှင့် ဒသမတန်းကျောင်းတက်ခဲ့ကြသူများ ဖြစ်ကြသည်။ သူတို့အားလုံး သက်ဆိုင်ရာသင်တန်းများ (ရေဒီယိုစက်ပြင်၊ ရေဒီယိုအော်ပရေတာ၊ အိတ်ချိန်းအော်ပရေတာ၊ တယ်လီပရင်တာ၊ တယ်လီတိုက်)တို့ကို သင်ကြားခဲ့၍နေ့ညတာဝန်ထမ်းဆောင်နေကြသည်၊ ထိုသို့ သင်တန်းတက်ပြီး တာဝန်ထမ်းဆောင်နေသူများမှာ ပညာသည်လစာပါ ပေါင်းစပ်ရသောကြောင့် ရဲဘော်မိုက်ခဲတို့ထက် လစာငွေ နှစ်ဆကျော် ရရှိကြပါသည်။

"မမဝင်းက ညတာဝန်အထွက်လား"

"အေး - ဟုတ်တယ်၊ ညက ဘသစစ်ဆင်ရေးအထူးတာဝန်ကျတာ၊ မနက်ခြောက်နာရီကျော်မှ ထွက်ခဲ့ရတယ်"

မိုက်ခဲတို့ ဆက်သွယ်ရေးတပ်ခွဲသည်က တပ်မတော်တစ်ရပ်လုံး (ကြည်း၊ ရေ၊ လေ)အတွက်အဓိကအရေးကြီးသော တပ်တစ်ခုဖြစ်ပါသည်။

ရှေးခေတ် ရာစုနှစ်များစွာက စစ်တပ်အစဉ်အဆက်ကပင် အဓိက မရှိမဖြစ်၊ ဆက်သွယ်ရေးတပ်၊ ဆက်သွယ်ရေးတပ်သားတို့ကို အသုံးပြုခဲ့ရသည်၊ ရှေးခေတ်တပ်မတော်များတွင် မီးခိုးအချက်ပြမီးပုံနှင့်မီးအချက်ပြ၊ မှန်အချက်ပြ၊ မြင်းစီးအချက်ပြဆက်သွယ်ရေးသမား၊ ခြေလျင်ဆက်သားစသည်တို့ကို အသုံးပြုကာ စစ်ရေးကိစ္စများတွင်အသုံးပြုခဲ့ကြပေသည်၊ မြန်မာရာဇဝင်တွင် ခြေမြန်တော်နှင့် မြင်းစီးတမန်တို့ကို ဘုရင့်တံဆိပ်တော် ပါရှိသည့် ဒင်္ဂါးပြား၊ ရွှေယောက်မစသောသင်္ကေတပေးအပ်စေခိုင်းခဲ့ကြောင်း သိရှိမှတ်သားခဲ့ရပါသည်။

ယခုခေတ်စစ်ပွဲများတွင် တိုက်ခိုက်ခဲ့ကြသည်၊ ဦးစီးအရာရှိဗိုလ်ချုပ်ကြီးများဖြစ်ကြသည့် အိုက်စင်ဟောင်းဝါး၊ မောင်ဂိုမာရီ၊ အာရိုဝင်ရိုးမဲလ် စသည့် နာမည်ကျော်စစ်ဗိုလ်ချုပ်ကြီးများကိုယ်တိုင်ကပင်လျှင် "ဆက်သွယ်ရေး ဟူသည် တပ်မတော်ကြီးတစ်ခုလုံး၏အဓိကကျောရိုးဖြစ်ပေသည်" ဟူ၍ ရေးသားပြောဆိုခဲ့ကြပါသည်၊ သည်သို့သော အထောက်အထား ပြောဆိုချက်များကို ကြည့်ရှုံနှင့် ကျွန်တော်တို့ ဆက်သွယ်ရေးတပ်၏ အရေးပါအသုံးဝင်မှုကို သိနိုင်ပါသည်။

တခြားသောတပ်များထက် ပိုပြီးတာဝန်ထမ်းဆောင်ရသည်၊ အရေးကြီးလျှင် အရေးကြီးသလို ပိတ်ရက်မရှိ၊ နားချိန်မရှိတာဝန်ကိုယ်စီ ထမ်းဆောင်ကြရပါသည်၊ တပ်ရင်းတွင် သက်ဆိုင်ရာသင်တန်းများမတက်ရသေးသောကျွန်တော်တို့ ရဲဘော်မိုက်ခဲအပါအဝင် အားလုံးမှာ (G.D) အထွေထွေ တာဝန်များကို ထမ်းဆောင်ရပါသည်၊ ကင်းတာဝန်အမျိုးမျိုး၊ ရိက္ခာထုပ်၊ စာပို့၊ သန့်ရှင်းရေး စသည်ဖြင့် အလှည့်ကျ ထမ်းဆောင်နေကြရသည်။

တာဝန်ထမ်းဆောင်ပြီး နားခွင့်ရသူများကိုမြင်ရတိုင်း သင်တန်းတက်ချင်စိတ်တွေက တဖွားဖွား ပေါ်နေသည်၊ ယခုလို တာဝန်အမျိုးမျိုး လုပ်တိုင်နေရပြီး တစ်ပတ်လျှင် တနင်္ဂနွေနေ့တစ်ရက်တည်းသာ နားခွင့်ရသောဘဝကို ငြီးငွေ့နေမိကြပါသည်။

"ကဲ - မောင်လေး - နေလဲအတော်စောင်းသွားပြီ၊ သွက်သွက်တလေးလုပ်လိုက်၊ ဒါမှ စောစောနားရမှာ"

လက်ဖက်ရည်မသောက်ရင်း အတွေးလွန်နေသော ရဲဘော်မိုက်ခဲမှာ

www.burmeseclassic.com

www.burmeseclassic.com

မဝင်းကြည် ပြောလိုက်သံကြောင့် သတိဝင်သွားသည်။

"ဟုတ်ကဲ့ - မမဝင်း"

မိုက်ခဲက ပေါက်တူးကို ကောက်ယူပြီး တူးနှံ့ရှိနေသော မြက်ပင်များကို သူ ခဏတူးနှံ့သော ဗိုလ်ကြီးဇုန်းတင်အမှတ်ဖြင့် ထအားစဉ် ပေါက်ထုတ်နေပါတော့သည်။

— ○ —

"မွေးမသား မိုက်ခဲ - ဒီတစ်ခါတော့ ခံလိုက်ရပြီ၊ ဟင်း - ငါပြောတယ်၊ မတူရင် မတုနဲ့ ဆိုတာလေ"

"အေး - အုတ်နံ့ရဲ့ကို ခေါင်းနဲ့တိုက်တဲ့ကောင်၊ အခုတော့ - ငါးခြောက်ဖုတ်ဖြစ်သွားပြီဟုတ်လား"

"အဲဒါ - ဗိုလ်ကြီးဇုန်းတင်က တစ်ချက်ခုတ် နှစ်ချက်ပြတ် ပညာပေးလိုက်တာ"

"ဘယ်လိုပညာပေးလိုက်တာလဲ၊ ပြောပါဦးကွ"

ဝတ်မြုံမင်းလွင်က ဟန်နှင့်ပန်နှင့် ပြောနေရာ နားထောင်နေကြသော ရဲဘော်တွေက ရှင်းပြနိုင်းသည်။

"ဒီလိုကွ - ဒီကောင်အားလုံးထဲမှာ ငါတို့အတွက် ကာကွယ်ပေးတာ၊ ပညာပြတာတွေလုပ်တတ်တယ်မဟုတ်လား။ ဒီသတင်းကို သူတို့အရာရှိအချင်းချင်း ပြောကြဆိုကြမယ်မဟုတ်လား။ ဒါကို ကြားထားတဲ့ဗိုလ်ကြီးကလဲ မှတ်ထားမှာပေါ့။ သူ့ခွင်ထဲ ကျူံဝင်လာတာကို စောင့်နေမယ်လေ။ ဟိုကောင်ကလဲ တစ်ချက်ပေါ့သွားတော့ ဆော်ထည့်လိုက်မှာလေ"

"အေး - ဟုတ်ပါပြီ၊ မင်းပြောတဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုတာကို ပြောလေ"

"တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုတာ ပြစ်ဒဏ်တစ်ခုကို တစ်ခါတည်း နှစ်ခုဖြစ်အောင်၊ ခံရအောင် လုပ်လိုက်တာပေါ့"

"ဘယ်လိုကွ - ပြစ်ဒဏ်တစ်ခုကို နှစ်ခုဖြစ်အောင် ခံရအောင် လုပ်တယ် ဆိုတာ"

ရဲဘော်ရွှေတင်က နားရှုပ်သွားသလို ပြန်မေးလိုက်သည်၊

"မင်းတို့သေချာစဉ်းစားကြည့်လေ၊ မိုက်ခဲကို မြက်ရှင်းခိုင်းတာ နေပူပူကြီးထဲမှာလေ၊ အဲဒါက နေပူလှမ်းတဲ့ပြစ်ဒဏ်တစ်ခုလေ၊ နောက်ထပ် မြက်ရှင်းရတာက ပြစ်ဒဏ်တစ်ခုမဟုတ်ဖူးလား"

"အေး - မင်းပြောတာလဲ ဟုတ်နေတာပဲနော်"

"အေးပါ - အေးပါ - အခုတော့ မင်းတို့ပြောသလိုဖြစ်နေတာပေါ့ကွာ၊ ရေစီးရေသန်၊ ဗုံလုံတစ်လှည့် ငါးပုံတစ်လှည့် ဆိုတာတွေ့ရမယ် - ဟင်း"

ရုတ်တရက် သူတို့နောက်ဘက်မှ ပြောလိုက်သံနှင့်အတူ ဘားတိုက်ထဲဝင်လာသော ရဲဘော်မိုက်ခဲကို တွေ့ရသည်၊

"ငါတို့က မင်းကို တမင်အကွက်စောင့်ဖမ်းတာကို သိလို့ပြောနေတာ"

"အကွက်စောင့်ဖမ်းရုံတင်မကဘူး၊ အပြစ်ပေးတာကလည်း မတရားလို့မင်းဘက်က မခံချင်လို့"

သူငယ်ချင်းတွေက သူ့အပေါ်ထားရှိသောစေတနာ၊ မေတ္တာတို့ကို သိရှိနေသော ရဲဘော်မိုက်ခဲက ဝမ်းသာကြည်သိမ့်သွားသည်၊

"တို့တပ်ထဲမှာ သုံးစွဲပြောဆိုနေကြတဲ့ ထမင်းခွေမကြံ ရေခပ်ကြံမယ် ဆိုတဲ့စကားကို မမေ့ပါနဲ့ကွာ၊ မင်းတို့ သိပ်ကြောခင် တွေ့ရလိမ့်မယ်"

"ဘာတွေ့ရမှာလဲ၊ ရဲဘော်မိုက်ခဲ - ဘွာတားထဲမှာ ဆိုတာမျိုးလား"

"အေး - အေး - စောင့်ကြည့်ပေါ့ကွာ"

"စောင့်ကြည့်မှာတော့ စိတ်ချ၊ နောက်ကျတော့မှ ဆေးလိပ်လာပို့ပေးပါဦးမလုပ်နဲ့"

အသက်ငယ်သော ရဲဘော်သန်းထွန်းလေးက ပြောသည်၊ သူ့ကို မိုက်ခဲက မျက်စောင်းထိုးကြည့်လိုက်သည်၊

"ဟေ့ကောင် - ဗိုးတစ်ရှူး - မွေးမသားလေး၊ မင်းက ငါ့ကို အာခံတာပေါ့ - ဟုတ်လား"

"မဟုတ်ပါဘူး - ကိုကြီးမိုက်ခဲရယ်၊ ကျွန်တော်က အစ်ကို့အတွက် စိတ်ပူလို့"

"ဘာ - စိတ်ပူတယ်"

"အပြင်မှာမျက်စိနောက်နေကြတာလေ၊ အဲဒီတော့ ဘွာတားထဲရောက်နေရင် အားလုံးစိတ်ချမ်းသာကြမှာလေ"

"မအေရှုပ်း - မင်းက ပြောလေ - တဲ့လေပါလား"

ရဲဘော်မိုက်ခဲက ပြောရင်းနှင့် သန်းထွန်းလေးကို နားရင်းအုပ်ရန် ထလိုက်သည်၊ သူ့အကြံကို သိလိုက်သော သန်းထွန်းလေးက ပြေးရန်ကြည့်လိုက်သောအခါ မိုက်ခဲက ခြေရင်းဘက်မှ ပြ၍ ဘားတိုက်ထဲမှ ထွက်ပြေးရန် ခြေ... တော့၊ သည်အတွက် ခေါင်းရင်းဘက်မှ ပြတင်းပေါက်မှ ခုန်ချပြေးသွားလေသည်၊ မိုက်ခဲ ပြတင်းပေါက်အနီး ရောက်ချိန်တွင် သန်းထွန်းလေး ခုန်ချထွက်ပြေးသွား

www.burmeseclassic.com

www.burmeseclassic.com



သောအရှိန်နှင့်တံခါးရွက်နှစ်ချပ်မှာ လှုပ်ရှားနေရှိန် အံကိုက်ဆိုသလို မိုက်ခဲ နဖူးနှင့် မိတ်ဆက်မိသွားတော့သည်။

"အား - အမလေး - ကျွတ် - ကျွတ်"

မိုက်ခဲမှာဇင်ချထိုင်လိုက်ပြီးထိမိုက်မိသွားသော နဖူးကို လက်နှစ်ဖက်နှင့် ပွတ်နေလေသည်။ကြည့်မြင်နေကြသော ရဲဘော်တွေမှာ မအောင့်နိုင်တော့ဘဲ အားရပါးရ ရယ်မောကြလေရာ အိစလံစေအောင် ခံလိုက်ရသူ မိုက်ခဲက အနားတွင်ရှိနေသည့် ရဲဘော်တွေကို ဆဲနေပါလေသည်။

"တင်း - မအေပေးတွေ - သူများနာသွားတာကို ဝမ်းသာနေတယ်ပေါ့၊ ခွေးသားဝတ်မြေး၊ ကြက်ယောက်ဖ၊ လဒမယားဝါသားတွေ"

မိုက်ခဲကဆဲလေ၊ ရဲဘော်တွေက သဘောကျပြီး ရယ်မောကြလေ ဖြစ်နေပါတော့သည်။

"ဟား - ဟား - ဟား - ကြည့်ကြပါဦးကွာ - ဘာနဲ့တူနေသလဲဆိုတာ တွေးမိလားကွ"

"ဟ - ဘာနဲ့တူနေသလဲ"

"ပြောစမ်းပါဦး - ဘာနဲ့တူနေသလဲ ဟင်"

သာကေတ ကျော်စိန်က ရဲဘော်တွေကို မျက်စိမှိတ်ပြပြီးပြောသဖြင့် ရဲဘော်တွေက FOLLOW လိုက်ပေးကြသည်။

"ပြောမယ်ကွ - ပြောမယ်"

သာကေတက ပြောရန်ပြင်ပြီးထိုင်ရာမှ ထလိုက်သည်။

"ဟော့ကောင် သာကေတ - ပြောမယ်ဆိုလဲ ပြောလေ"

"အင်း - ပြောရရင်တော့ မိုက်ခဲဖြစ်နေပုံက ဘာနဲ့တူသလဲဆိုတော့ ခွေးရူးကို ခဲနဲ့ ပိုင်းပေါက်လို့ လှည့်ပတ်ပြီးလိုက်ကိုက်နေသလိုမျိုးပေါ့"

"ဟင်း - မင်းက ငါ့ကို"

မိုက်ခဲက သာကေတ ကျော်စိန့်ကို တစ်ချက်ကြည့်ရုံသာကြည့်ပြီး ဂရုမစိုက်သလို သူ့နဖူးကိုသာ ပွတ်နေသည်။ ဤသည်ကို သာကေတက ကြည့်ပြီး သူ့ကို ဘာမှလုပ်မည်မထင်တော့ဟု ယူဆပြီး မိုက်ခဲလုပ်နေသလိုမျိုးပါးစပ်ကိုဟလိုက် ဖူးခနဲ လုပ်၊ နဖူးကို ပွတ်လိုက်နောက်ပြောင်နေပြန်သည်။

ရဲဘော်တွေကတော့ သူတို့နှစ်ယောက်ကို ကြည့်ပြီး အားရပါးရ ရယ်မောနေကြသည်။ ကျော်စိန်က ရဲဘော်



တွေဘက်လှည့်ပြီး အမူအရာလုပ်နေပြခိုက် မိုက်ခဲက အလစ်တွင် ကျော်စိန် တင်ပါးကိုခြေထောက်နှင့်ဆောင့်ကန်လိုက်လေသည်။ ရဲဘော်တွေဘက်ကိုသာအာရုံစိုက်ပြီး မိုက်ခဲ နာကျင်၍ ပွတ်သပ်နေပုံမျိုး အတုယူလုပ်ပြနေသော ကျော်စိန်မှာ မြေပေါ်ပြုတ်ကျသွားတော့သည်။

"ဟင်း - ဟင်း - ဖအေကိုစော်ကား[illegible]တောင်၊ ကဲ - မှတ်ပြီလားကွ"

ရဲဘော်မိုက်ခဲက ခါးထောက်ကာ မြေပေါ် လဲကျနေသော သာကေတ ကျော်စိန်ကိုကြည့်ပြီး ပြောနေသည်။

"ဘယ်မှာလဲ - ဖအေဆိုတာ၊ ငါတစ်ယောက်လုံး ဒီမှာ ငုတ်တုတ်ကြီး ရှိနေသားတယ်၊ ကဲ - ကဲ - ထ - ထ - သားကြီးကျော်စိန်၊ အဖေအရင်းဆီကိုလာ"

ဝတ်ခြုံမင်းလွင်က တစ်စခန်းထပြန်သည်၊ ထိုသို့ သုံးယောက်သား [illegible]ဆိုနေကြပုံတွေကြောင့်ရဲဘော်တွေ ရယ်မောမဆုံးဖြစ်နေကြစဉ် ဘား[illegible]အပေါက်ဝမှ -

"တော့ကောင် ကျော်စိန် - မင်းတပ်ဝင်လာတုန်းက အမေတစ်ယောက်နဲ့ အဖေတစ်ယောက်တည်းဆိုပြီး အစ[illegible]လို့ဖြစ်ပြီး ဖအေနှစ်ယောက် ဖြစ်[illegible]လဲကွ"

ပြောလိုက်သံနှင့်အတူ လျှောက်လာသော (R.S.M) တပ်ရင်းအရာခံဗိုလ်ကြီး ဆရာထွန်းခင်ကို မြင်လိုက်ကြသည်။

"ဟာ - ရာတိတ်"

"အဲ - ဆရာကြီးထွန်းခင်"

"အရာခံဗိုလ်ကြီးတော့ရောက်လာပြီ၊ ဘာအကြောင်းများ ထူးသလဲမသိဘူး"

ရဲဘော်တွေက တစ်ယောက်တစ်မျိုး တိုးတိုးပြောကြသည်။ ဆရာကြီးထွန်းခင်ကိုကြည့်ရသည်မှာအမြဲအနေကောင်းပုံရသည်။ မျက်နှာက ကြည်လင်ကာ ပြုံးပြုံးရွှင်ရွှင် ရှိသည်။ စောစောတုန်းက ပြောလိုက်သောစကားအရ နောက်ပြောင်ပြောဆိုသည်ကို တောက်ရှိပြီးသို့ကလို ဆုံးဖြတ်လိုက်ကြခြင်းပင်။

ဆရာကြီးထွန်းခင်က ရဲဘော်သဘဝကလာသူ၊ (R.M) ရေဒီယိုစက်ပြင်သင်တန်းကို အမေရိကန်ပြည်တွင် သွားရောက် သင်ကြားခဲ့သူတစ်ဦးလည်းဖြစ်ပါသည်။ (ထိုစဉ်ကာလ ကျွန်တော်တို့ ဆက်သွယ်ရေးတပ်မှ အရာရှိ အကြပ်အချို့တို့ဆက်သွယ်ရေးအဆင့်မြင့်သင်တန်းများကို အမေရိကန်ပြည်သို့ သွားရောက်သင်ကြားခဲ့ဖူးပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးထွန်းခင်မှာ အသားဖြူသည်။ အရပ်က ခြောက်ပေစန့် မြင့်မားသည်။ အရပ်နှင့်လိုက်ဖက်စွာကိုယ်ခန္ဓာကလည်း တုတ်ခိုင်ကြီးမားလှသူဖြစ်သည်။ ထိုသို့ ကြီးမားတုတ်ခိုင်သောကိုယ်ခန္ဓာကြောင့် ရဲဘော်တွေ နောက်ပြောင်ပြီး ဆရာကြီးကွယ်ရာတွင် "ချာတိတ်" ဟု၍ ပြောဆိုခေါ်နေကြခြင်းဖြစ်သည်။ ယခု ဆရာကြီး၏ ကြည်လင်ရွှင်ပျသောအသွင်ကိုမြင်ကြရ၍ရဲဘော်တွေ စိတ်အေးနေကြသည်။

"ဟေ့ကောင်တွေ - နားထောင်ကြစမ်း။ ငါလာတာက မင်းတို့ကို သတင်းကောင်းပေးဖို့ရယ်၊ သတိပေးစကားလဲပြောဖို့လာခဲ့တာ"

"ဘာသတင်းလဲ - ဆရာကြီး"

"ဝမ်းသာရမယ့်သတင်းလား"

"အေး - ဝမ်းသာရမယ့်သတင်းပါကွာ၊ ဘာသတင်းလဲဆိုတော့ မင်းတို့အားလုံးမျှော်လင့်ထားတဲ့သင်တန်းတွေထွက်ကြရတော့မယ်"

"ဟေး - ဝမ်းသာစရာပဲကွ"

ရဲဘော်အားလုံး ဝမ်းသာအားရဖြစ်သွားကြသည်။ ဆရာကြီးထွန်းခင်က ရဲဘော်တွေကိုလက်ကာပြပြီးဆက်ပြောလာသည်။

"အဲဒီတော့ သင်တန်းမတက်ရ... အချိန်လေးမှာ ဘာမှပြဿနာမဖြစ်... ကောင်းကောင်းနေကြပါ။ အထူးသ... မိုက်ခဲက ပိုအရေးကြီးတယ် - သိလား"

"ဟုတ်ကဲ့ - ဆရာကြီး"

"ဘာဖြစ်လို့လဲ ဆိုတော့ မင်း... ပြဿနာလုပ်တတ်တဲ့ကောင် မဟုတ်...လား။ ပြဿနာဖြစ်လို့ ကွာတား... ရောက်နေရင် သင်တန်းက အပယ်...မယ်၊ ဒါဆို - မင်းအတွက် အများကြီး... နာသွားမယ်"

"ဟုတ်ကဲ့ - ကျွန်တော် တော...ကောင်းနေပါ့မယ်။ စိတ်ချပါ ဆရာကြီး"

"အေး - စိတ်ချဆိုပြီးစိတ်ချရအော...လဲနေနော်၊ တော်ကြာ - ဝါရုံးခန်းကို... တွဲရောက်မလာစေနဲ့"

ဆရာကြီးထွန်းခင်က သူ့ရှိ... ထဲ ညှပ်ထားသည့် တုတ်အနက်တ... ကို ဆွဲထုတ်ကာ ရဲဘော်မိုက်ခဲခေါင်း... နှစ်ချက်မျှရိုက်ပြီး ထွက်သွားလေသော...သည်။

— ၀ —

စနေနေ့တစ်နေ့။

ထပ်ရင်းရုံးဘက်မှ တာဝန်... ဆရာအောင်သိန်းက ဘားတိုက်ထဲ... လှမ်းဝင်လာသည်။ ခုတင်ပေါ်တွင်အကျအနေလဲလျောင်းနေကြသောရဲဘော်တွေကိုကြည့်ပြီး -

"အော် - တော်တော်ပင်ပန်းကြပုံရတယ် - ဟုတ်လား"

ဆရာအောင်သိန်းအသံကြောင့် ရဲဘော်အားလုံး ကပျာကယာ ထလိုက်ကြသည်။

"ကဲ - မင်းတို့ထဲက ကမ္ဘာကျော်ရွှေသွား - ဗိုလ်ကြီးအုန်းခင်အိမ်ကို သန့်ရှင်းရေး သွားလုပ်ကြရမယ်"

"ဘယ်တော့လဲ - ဆရာ"

"အခုပဲကွ - အခုလုပ်ရမှာ"

"ဟုတ်ကဲ့ - ဆရာ"

ရွှေသွားဆိုသည်က ရွှေသွားသိန်းလှိုင်ကို ပြောခြင်းဖြစ်ပါသည်။ သိန်းလှိုင်ကသူ့အပေါ်ရှေ့သွားသုံးချောင်းမှာ ရွှေသွားများ စိုက်ထားခြင်းကြောင့် အားလုံးက ရွှေသွား၊ ရွှေသွားသိန်းလှိုင်ဟု ခွဲခြားသတ်မှတ်ခေါ်နေကြသည်။ အခြားရဲဘော်တစ်ယောက်နာမည်ကလည်း သိန်းလှိုင်ဖြစ်နေသောကြောင့်ပင်။

ကမ္ဘာကျော်ဆိုသည်ကအထူးပြောရာမလို၊ ရဲဘော်မိုက်ခဲကိုဆိုလိုခြင်းဖြစ်ပါသည်။ နှစ်ယောက်သားဓားနှင့်လိုအပ်သည်တို့ကိုယူပြီး အရာရှိအိမ်ထောင်သည်လိုင်းဘက်သို့ထွက်လာကြပါလေသည်။

"ကဲ - မိုက်ခဲရေ"

"ဘာလဲကွ - ရွှေသွား၊ ဘာစိတ်တူးရပြန်ပြီလဲ"

ရွှေသွားသိန်းလှိုင်ကမဟုတ်မဟတ်စိတ်ကူးမျိုးစုံကြံစည်စိတ်ကူးပြီးပြဿနာလုပ်တတ်သူ။ ပြီးလျှင် မျက်လုံးပြူးပြီး ငိုတော့မလိုလို၊ အရပ်ကူပါလူဝိုင်းတယ်ကြပါ၊ အော်တတ်သည်။ မိုက်ခဲ နှစ်ခါသုံးခါ ကူညီပေးခဲ့ရသည်။

ယခုလည်း သည်ကောင် ပြဿနာအစမျိုးတော့မည်ဖြစ်ကြောင်း သဘောပေါက်၍မေးခြင်းဖြစ်သည်။

"ဒီလိုကွ - မင်းကို တမင်နှိပ်စက်သွားတဲ့ကိစ္စကိုပင် သတိရသေးလားလို့"

"ဟာ - အမြဲသတိရ၊ နေ့တိုင်း၊ ညတိုင်း၊ အချိန်တိုင်းကို သတိရနေတာကွာ"

"အခု - ရေခပ်ကြုံပြီလေကွာ"

"အေး - ဒါကို ငါလည်း တွေးလာတာပါ၊ ဘယ်လိုပညာပေးရမလဲ စဉ်းစားနေတယ်"

"မိုက်ခဲကို လာမစနဲ့ ပြဿနာတက်မယ်ဆိုတဲ့အတိုင်း တကယ်ကို ပြတော့မယ်ပေါ့ ဟုတ်လား"

www.burmeseclassic.com



ရွှေသွားက ရယ်တျဲတျဲလုပ်ကာ ပြောသည်။ မိုက်ခဲက ဘာမှပြန်မပြောပါ။ သူ့စိတ်ထဲနှင့်သူသာ လျှောက်နေသည်။ အရာရှိအိမ်များဘက် ရောက်လျှင် အိမ်ထဲခြံဝများတွင် တပ်ဆင်ထားသော နာရည်ဆိုင်းဘုတ်များကို ကြည့်လာခဲ့သည်။

"တော - တိုမှာတွေ့ပြီ၊ ကဲ - ဝင် မယ်၊ မင်းက ပြောနော်"

မိုက်ခဲက ရွှေသွားကိုပြောပြီးနောက် မှ လိုက်လာသည်။

သို့သော် ရွှေသွား ဘာမှပြောစရာ မလိုပါ။ သူတို့နှစ်ယောက်က ခြံဝင်းထဲ ရောက်သွားသည်နှင့် အိမ်ထဲမှ ဗိုလ်ကြီး အုန်းခင်၏ ဇနီးဖြစ်သူ ထွက်လာသည်။

"အော် - မင်းတို့ ရောက်လာကြပြီ ကိုး။ အမယ် - ဟိုနောက်ကကောင်က ဖိုကိုတစ်ခါကလာမေးတဲ့ကောင်မဟုတ် လား"

ရွှေသွားနောက်တွင် ရပ်နေသော မိုက်ခဲကို မြင်သည်နှင့် ချက်ချင်းမှတ်မိ ကာ နှုတ်ဆက်ပါတော့သည်။ မိုက်ခဲက ဘာမှပြန်မပြောပါ။ ရပ်မြဲ ရပ်နေသည်။

ခွေးကောင် – အမှတ်သည်းခြေကို မရှိဘူး။ အခုတောင် သူ့အဖေ၊ အမေကို ပြဿနာလုပ်ဖို့ ကြံစည်နေတာ၊ သမီးကို ကြံစည်နေတယ်ဆိုတော့ မင်းက မတော ဒုက္ခကြီးနဲ့ မိတ်ဆက်ချင်တယ်ပေါ့။



"အေး - ခြံထဲမှာ မြက်တွေရော၊ ချုံတွေရော မနည်းဘူး။ အဲဒါ သေချာရှင်း ကြနော်"

"ဟုတ်ကဲ့"

ပြောပြီး အိမ်ထဲ ပြန်ဝင်သွားသော ဗိုလ်ကြီးကတော်ကို ကြည့်ပြီး မိုက်ခဲက ခိုးပြုံး ပြုံးလိုက်သည်။ ရွှေသွားသိန်းလှိုင်က သက်ပြင်းလေးကြီးချကာ ပြောလာ သည်။

"အင်း - ကြိုဆိုပုံကတော့ တော် တော်ချစ်ဖို့ကောင်းပါလားကွာ"

မိုက်ခဲက ဘာမှပြန်မပြောပေ၊ ခြံဝင်းကိုလှည့်ပတ်ကြည့်ရှုနေသည်။ မြက်ပင်၊ ချုံပင်တို့က သိပ်မရှိလှ၊ တချို့က ခြောက်ပင် ခြောက်သွေ့နေကြလေပြီ။ ပြီးတော့မှ နှစ်ယောက်သား ရှင်းလင်းကြ တော့သည်။

နှစ်ယောက် တက်ညီလက်ညီ ရှင်းကြရာ တစ်နာရီကျော်ကျော်အကြာတွင် သုံးပုံနှစ်ပုံခန့် ရှင်းသွားသည်၊ ခဏထိုင် နားကြရင်း ဆေးလိပ်ကိုယ်စီသောက်နေကြသည်၊ သည်အချိန် အိမ်ထဲမှ ဗိုလ်ကြီး ကတော် ထွက်လာပြီး သူတို့ကို ဩဇာသံပါပါနှင့် ပြောတော့သည်၊

"အံမယ် - အလုပ်လုပ်ဖို့လာတာကို အနားယူထွက်လာတယ်ထင်နေသလား မသိဘူး၊ အချိန်ရှိတုန်း လုပ်ကြလေ"



"ဟုတ်ကဲ့ - လုပ်ပါ့မယ် ဒေါ်ဒေါ် ရယ်"

"အင်း - ဒီလိုပြောပြီး ဟိုအရင် ကောင်တွေလဲ ဒီလိုပုံစံနဲ့ တန်းစီရမယ် ဆိုပြီး ပြန်သွားတာပဲ"

"ဟာ - ကျွန်တော်တို့က အဲဒီလို မဟုတ်ပါဘူး၊ ပြီးအောင် လုပ်ပေးသွား မှာပါ"

"အင်း - ကြည့်ရသေးတာပေါ့"

ဗိုလ်ကတော်ကြီးက ပြောပြီး အိမ် ထဲပြန်ဝင်သွားသည်၊ ရွှေသွားသိန်းလှိုင် အံကြိတ်ကာတောက်ခတ်လိုက်မိသည်၊ သူ့ကိုကြည့်ပြီး မိုက်ခဲက ပြုံးနေပါသည်၊

"တောက် - တစ်ခါမှမတွေ့ဖူးပါဘူး၊ ဆက်ဆံပုံကရေးထဲကဈေးသည်ကျနေ တာပဲ"

ရွှေသွား စိတ်တော်မတော်နေ့မနစ် ဖြစ်သွားကာ မျက်စောင်းတထိုးထိုးရှိနေ သည်၊ ပြီးတော့မှ ရဲဘော်မိုက်ခဲကို လှမ်း ပြောသည်၊

"ဟေ့ကောင် - ဒီလောက်မာန် တက်ပြီး ရိုင်းစိုင်းလှတာ ပညာပေးရင် ကောင်းမယ်"

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ ပြောပါဦး"

"တစ်သက်တာမှတ်သွားလောက် အောင်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ရွှေသွားစကားကိုကြားလျှင်မိုက်ခဲ စဉ်းစားရပါပြီ။

တုတ်သည်၊ လင်ရော မယားရော နှစ်ယောက်လုံး မာန်တွေ မြင့်မောက်လွန်းနေပြီ၊ သည်အတိုင်းဆိုရင်ကြိတ်မှိတ်ခံနေရတာ ပိုပိုဆိုးရွားသောအခြေအနေကိုသူတို့ခံကြရမည်၊ ယခုလို ရောဂါ ရေရှင်းခိ အမြစ်ဖြတ်ပစ်မှ ဖြစ်ပေတော့မည်။

သည်တော့ တစ်နည်းနည်းနှင့် ညှာပေးရမည်၊

ရဲဘော်မိုက်ခဲ စဉ်းစားနေစဉ် ဗိုလ်ကြီးအုန်းခင်၏သမီးဖြစ်သူက ကျောင်းလွယ်အိတ်တလေးနှင့် ခြံထဲ ဝင်လာသည်၊ မြက်ပေါက်နေကြသော ရဲဘော်မိုက်ခဲတို့နှစ်ယောက်ကိုတစ်ချက်ကြည့်ပြီးအိမ်ပေါ်သို့ တက်သွားတော့သည်၊

"တော့ကောင်မိုက်ခဲ - နိပ်တယ်နော် အတီး"

"ခွေးကောင် - အမှတ်သည်းခြေကို မရှိဘူး၊ အခုတောင် သူ့အဖေ၊ အမေကို ပြဿနာလုပ်ဖို့ကြံစည်နေတာ၊ သမီးကို ကြံစည်နေတယ်ဆိုတော့ မင်းက မဟာ ခုက္ခကြီးနဲ့ မိတ်ဆက်ချင်တယ်ပေါ့"

မိုက်ခဲက ဒေါသဖြစ်သွားသော ကြောင့် ရွှေသွားကို ဆဲပစ်လိုက်သည်၊ ရွှေသွားသိန်းလှိုင် ဘာမှမပြောတော့၊ ပါးစပ်ပိတ်သွားလေတော့သည်၊ မိုက်ခဲက မြက်ပေါက်နေစဉ် မြေပေါ်တွင် တစ်စုံတစ်ခုကို တွေ့လိုက်ရဟန်နှင့် လက်နှစ်ဖက်နှင့်အုပ်ပြီး ယူလိုက်သည်၊ ရွှေသွားသိန်းလှိုင်က မြက်ပေါက်နေ၍ မမြင်ပါ။

ရဲဘော် မိုက်ခဲက မြက်ပေါက်ရင်းအိမ်ခေါင်းရင်းဘက် ဝရန်တာအနီးသို့ တိုးကပ်သွားသည်၊ ဝရန်တာအောက် ဘက်ကြမ်းခင်းပေါ်တွင် တံတောင်ခန့် ကိုင်းနှစ်ဖက်နှင့် ဒန်ခွက်ကြီးတစ်ခုရှိပြီး ဒန်ရေခွက်တစ်လုံးနှင့် (TIDE) တံဆိပ် ဆပ်ပြာမှုန့်ဘူးတစ်ဘူးကိုပါ တွေ့မြင်ခဲ့ပြီးဖြစ်သည်၊ ရဲဘော်မိုက်ခဲက ပြူးလိုက်ရင်း ဘေးဘက်ကို လှည့်ပတ်ကြည့်ပြီး စောစောက သူကောက်ယူခဲ့သောအရာကိုဒန်ဇလားခွက်ကြီးထဲကိုထည့်သည်၊ အပေါ်မှ ဒန်ရေခွက်နှင့် အုပ်ထားလိုက်သည်၊ ထို့နောက် ခပ်သွက်သွက်ပင် မြက်များ ပေါက်နေသည်၊

"ဟော့ကောင်ရွှေသွား - မြန်မြန်လုပ် သွားကြရအောင်"

"အေးပါကွ - တော်ကြာ မပြီးသေးဘဲ ပြန်သွားတယ်ဆိုပြီး ပြဿနာထား တင်နေမှာစိုးလို့"

ရွှေသွားသိန်းလှိုင်က ခပ်သွက်သွက် တရကြမ်းလုပ်နေသည်၊ ဆယ့်ငါးမိနစ် ကျော်ကျော်တွင် အားလုံးပြီးစီးသွားသဖြင့်တပ်ခွဲသို့နှစ်ယောက်သားပြန်လာခဲ့ကြသည်၊ အပြန်လမ်းတွင် ရွှေသွားသိန်းလှိုင်ကမိုက်ခဲကိုမကျေမနပ်အပြစ်တင်စကား ပြောလာသည်၊

"မင်းကွာ - ငါသေရာပြောခဲ့သားနဲ့၊ အိမ်နီးမကြီးကို ဘာမှမလုပ်ရဘဲနဲ့ပြန်ခဲ့ရတယ် - တောက်"

"ဘာလဲကွ မိုက်ခဲ - မင်းက နောက်တစ်ခါ အပြစ်ပေးခံရမှာစိုးလို့လား"

"ပြောတော့ ဆင်ဖမ်းမယ် ကျားဖမ်းဆိုနေ၊ အခုလက်တွေ့မှာတော့ တီကောင်ကိုတောင် မဖမ်းနိုင်ဘူး"

ရွှေသွားသိန်းလှိုင်က တစ်လမ်းလုံး ပြောင်းဖူးဖုတ်လာသည်၊ မိုက်ခဲက တမင်သက်သက် တစ်ခွန်းတလေပင် ပြန်မပြောခဲ့ပါ၊ သူ့အနေနှင့်လက်တွေ့သမားသီနောက်မှရှင်းပြရန်စိတ်ကူးထား၍ဖြစ်သည်၊ ကြာလာတော့ ရွှေသွား သိန်းလှိုင် ဘာဆက်ပြောရမှန်းမသိတော့၊ ပြောရန် စကားလုံးပင် တွေးမရတော့၊

"အလကားကောင် - စကားမပြောဘဲတိတ်နေတဲ့နားပင်း"

ရဲဘော်မိုက်ခဲမှာ ရယ်ချင်နေသည့်စိတ်ကို မနည်းပင် ချုပ်ထိန်းနေရလေသည်၊ ရှေ့မှနေ၍ ခပ်မြန်မြန် လျှောက်လာခဲ့သည်၊ ဘားတိုက်ကိုရောက်မှအိပ်ရာပေါ်သို့ ပစ်လှဲချလိုက်သည်၊

ရေချိုးရန် သတိရပြီး ရေသွားချိုးလိုက်သည်၊ ရေချိုးပြီးမှ ကိုယ်ရောစိတ်ပါ လန်းဆန်းသွားသည်၊ လူစစ်တန်းစီချိန်က အတော်လိုသေးသည်၊ တပ်ခွဲမှူးရုံးခန်းတွင် အရာရှိတွေ ရှိနေကြသေးသည်၊ အခြေအနေက ဘာမှထူးခြားသေးပါ၊ ရွှေသွားသိန်းလှိုင်က ဘာမှမသိသူမို့ အော်ဟစ်နောက်ပြောင်နေသည်ကိုမြင်ရသည်၊ သူ့ကိုကြည့်ပြီး မိုက်ခဲပြုံးလိုက်မိသည်၊ သူ့ကိုကြည့်ပြီး မိုက်ခဲက အမှတ်သည်းခြေမရှိသည့် ခွေးမျိုးလိုကောင် ဟူ၍ စိတ်ထဲက တွေးနေသည်။

အတော်ကြာမှ "တန်းစီ" ဆိုသည့် အသံကြောင့် သူတို့တစ်တွေ အပြေးအလွှား သွားရောက်တန်းစီကြသည်၊ တန်းစီနေရင်းမှ ဘာများသတင်းထူးကြားရပါလိမ့်ဆိုသည့်စိတ်နှင့် စောင့်စားနေခဲ့သော်လည်း တန်းဖြုတ်သည့်တိုင် သတင်းထူးမကြားရပါ၊ စိတ်ထဲမချင့်မရဲ အားမလို အားမရဖြစ်နေရသည်၊

ထိုနေ့ည တစ်ညလုံး အိပ်မပျော် တပျော်၊ ကြက်အိပ်ကြက်နိုးသာလျှင် မိုးစင်စင်လင်သွားသည်၊

— ၁ —



www.burmeseclassic.com

www.burmeseclassic.com



-နေတတ်တိုင်းဖြုလုပ်နေကျကျန်းမာရေး (P.T) လေ့ကျင့်ခန်း မလုပ်ကြရသဖြင့်ရဲဘော်အားလုံးအိပ်ရာမှမထကြသေး၊ နိုးနေကြသော်လည်းပြန်ကွေးနေကြ၊နှပ်နေကြသည်။

အညီနေ့တာတနှစ်မွေ့နေ့တပ်ဝိတ်ရက်ဖြစ်ပေသည်။

ရဲဘော်မိုက်ခဲတစ်ယောက်တော့ နိုးသည်နှင့်အိပ်ရာမှထ၍ တာချက်နှာသစ်ရေချိုးလိုက်သည်၊ အဝတ်အစားလဲ၍ စားရိပ်သာ (MESS)သို့ သွားကာ လက်ဖက်ရည်သောက်နေသည်။

မီးဖိုကြီးမှ ထမင်းချက်ရဲဘော်မြစိန်တာ မိုက်ခဲဆီသို့ လျှောက်လာသည်၊ သူ့လက်ထဲတွင် ထမင်းချိုးများကို ဆီဆမ်းခဲ့ပြုတ်ထည့်ထားသည့်ပန်းကန်ပြားတစ်ချပ်ပါလာသည်၊ မိုက်ခဲရှေ့ချပေးသည်၊ ရဲဘော်မိုက်ခဲကို စားနိုင်းသည်။

"တဲ - သူငယ်ချင်း - စား - မင်းအတွက် ငါလုပ်ပေးတာ"

"အေး - အေး - ကျေးဇူးတင်တယ်ကွာ"

"နောက်မှကျေးဇူးတင် - အရင်စားလိုက်၊ တော်ကြာ - ဝေသာလီပြည်ကဘီလူးသရဲတွေ ရောက်လာလို့မင်းငတ်သွားမယ်"

ရဲဘော်မြစိန်က ပဲပေါတင်အောင်တို့အုပ်စုကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။

"အော် - မြစိန် - မင်းတို့မိန်းမလိုင်းထဲမှာ ထူးထူးဆန်းဆန်းတွေ ကြားရသလား"

ရဲဘော်မိုက်ခဲက စားသောက်ရင်းမေးလိုက်သည်၊ မြစိန်မှာ သူ၏အမေးစကားကြောင့်အံ့ဩနားမလည်သွားဟန်ရှိသည်။

"ဟ - တို့မိန်းမလိုင်းမှာ ဘာမှထူးထူးဆန်းဆန်းတွေမရှိပါဘူး၊ ဘာဖြစ်လို့မေးတာလဲကွ"

"အော် - ထူးထူးဆန်းဆန်းဆိုတာက မင်းတို့မိန်းမလိုင်းထဲမှာ အညာထဆွေမျိုးတွေက စားစရာတွေ၊ ပစ္စည်းအသုံးအဆောင်တို့ကို ယူလာတာမျိုးပြောတာကွ"

"ဟင့်အင်း - မရှိသေးဘူးကွ၊ သူတို့က လယ်တွေယာတွေသိမ်းလို့ နားတဲ့အခါမှ လာလည်တတ်ကြတာ၊ အခုအချိန်က မအားကြသေးဘူးလေ"

မြစိန်ကတော့သူသိထားသမျှပြောပြသည်၊ အမှန်ဆိုလျှင်ရဲဘော်မိုက်ခဲသူသိချင်သည့်အကြောင်းအရာ ပါလာမည်လားအထင်နှင့် မေးခြင်းဖြစ်သည်၊ သူမျှော်လင့်သလိုမကြားရသဖြင့်စိတ်ပျက်သွားရသည်၊ သို့သော် မိုက်ခဲတ ဘာမှပြန်မပြောတော့။

စားသောက်ပြီး ရိပ်သာမှပြန်ထွက်လာကာ ဘားတိုက်ထဲ ဝင်လိုက်လျှင်တာဝန်ကြပ်ဆရာမောင်တင်နှင့်ရှေ့သွားသိန်းလှိုင်တို့ကိုတွေ့လိုက်ရသည်၊ ဆရာမောင်တင်က ဘာတွေမေးသည် မသိ၊ ရှေ့သွားသိန်းလှိုင်က ခေါင်းတခါခါနှင့်လုပ်ရင်းဖြေနေသည်၊

"ဟာ - ဆရာကလဲ - ကျွန်တော်ဘာတယ်ကိုမသိလို့မသိဘူးပြောတာပါ"

"ဟ - မင်းတို့နှစ်ယောက်အပြင်ဘယ်သူရှိလို့လဲ"

"ဟော - ဟိုမှာ မိုက်ခဲ လာနေပြီ"

ရှေ့သွားသိန်းလှိုင်က သူ့ကို လက်ညှိုးထိုး ညွှန်ပြရင်း ပြောသဖြင့် ဆရာမောင်တင်က နောက်လှည့်ကြည့်လာသည်၊

"လာစမ်း - လာစမ်း - ကမ္ဘာကျော်ပြဿနာရှင်ကြီး"

ဆရာမောင်တင်က သူ့ကိုမြင်သည်နှင့်ခေါ်တော့သည်။

"ဆရာကလဲ - လုပ်ပြန်ပြီ၊ ကျွန်တော်က ဆရာတို့ကို ဘယ်တုံးက ပြဿနာလုပ်ခဲ့ဖူးလဲ"

ရဲဘော်မိုက်ခဲကမခံချင်စိတ်ကြောင့်ပြန်ပြောလိုက်မိသည်၊ အမှန်စင်စစ်ရဲဘော်မိုက်ခဲက အကြပ်ဆရာများကိုဒုက္ခမပေးခဲ့ပါ၊ အရာရှိတွေကိုသာပြဿနာလုပ်ခြင်းဖြစ်ပါသည်၊ ဤသည်ကိုသတိရသွားသောဆရာမောင်တင်တပြုံးလိုက်ပါသည်၊

"အေး - ဟုတ်ပါတယ်၊ မင်းကို သူတို့ ခေါ်နေကြတာကြောင့် ခေါ်မိတာပါကွဲ - အခုပြဿနာတစ်ခုဖြစ်လို့ မင်းတို့နှစ်ယောက်ကို မေးနေတာ"

"ဘာပြဿနာလဲ - ဆရာ"

ရဲဘော်မိုက်ခဲကပြဿနာဆိုသဖြင့်ရင်ထဲ "ဒိန်း" ခနဲ ဖြစ်သွားရသည်။

"ဟို - တပ်ခွဲအရာရှိဗိုလ်ကြီးအုန်းခင်မိန်းမ မှုးလဲပြီး သတိလစ်သွားလို့တဲ့ကွ"

"ဟာ - ဆရာကလဲ၊ သူတို့မိန်းမလိုင်းကကိစ္စနဲ့ကျွန်တော်တို့က ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ၊ မင်းတို့ မနေ့တုန်းက သူ့အိမ်သွားပြီး သန့်ရှင်းရေးလုပ်ပေးရတာလေ"

"ဆရာကလဲ မဆီမဆိုင်တာတွေ"

"ဟေ့ကောင်မိုက်ခဲ - မင်းအကြောင်းကို ငါတို့ သိပြီးသား၊ တော်ကြာ - မင်းတို့ကိုခေါ်စစ်ရင်ဖြေနိုင်အောင်ကြိုတင်ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က အခနေသာကြီးပါ၊ သူ့ဘာသာဖြစ်တာမဟုတ်လား"

"ဒီကောင်တော့ ခက်နေပြီ၊ သူ့ခိုးမှုလဲတာ ရိုးရိုးမဟုတ်ဘူး၊ အိမ်ထဲမှာ ခွေ့တွေ့လို့ လန့်ပြီးမှုမေ့သွားခဲ့တာ ဗျ–ထင်း–တင်း"

ဆရာမောင်တင်တာ မိုက်ခဲကို သေချာစိုက်ကြည့်ပြီး ပြောနေရာ မိုက်ခဲလုပ်ခဲ့ကြောင်း သေချာသိနေတန်များ ဖြစ်သည်၊ မိုက်ခဲကလည်း ခပ်တည်တည်ဝင်၊ သူ့အမှုအရာ နည်းနည်းမျှမပျက်ပါ၊ ဘာမှလည်း ပြန်မပြောပါ၊ ဆရာမောင်တင်တာ မိုက်ခဲ့ခုတင်စွန်းတွင် ဝင်ထိုင်ပြီး ဆက်ပြောနေသည်၊

"ဒါ့အနေနဲ့ အမှန်အတိုင်းပြောရရင် ဒီအရာရှိကို သဘောမကျဘူး၊ တခြားလူတွေလဲ သဘောမကျကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒါတို့ဆက်သွယ်ရေးတပ် ရောက်သာ လာတယ်၊ ဆက်သွယ်ရေးအကြောင်းလည်း ဘာတစ်ခုမှမသိဘဲ နေရာတကာ ဆရာလုပ်လွန်းလို့ …"

သည်စကားကြားလေမှ မိုက်ခဲရော ရွှေသွားသိန်းလှိုင်ပါ စိတ်သက်သာသွားကြသည်၊

"ကျွန်တော်တို့က မြဲဝင်းထဲမှာ မြက်ရှင်းရတာပါ၊ သူတို့အိမ်ပေါ်တက်ရတာမှ မဟုတ်တာ"

"အေးလေ၊ မင်းတို့လုပ်တာမဟုတ်ရင် ဘာမှမဖြစ်ပါဘူး၊ လုပ်ခဲ့ရင်လဲ မလုပ်ဖူးဆိုတာကို အပြတ်ငြင်းပေါ့၊ ဒါတာ တကယ်လို့ သူက ခေါ်မေးခဲ့ရင် ပြောတာပါ"

"ဟုတ်ကဲ့ – ဆရာ"

ဆရာမောင်တင်က မှာကြားပြီးပြန်သွားခဲ့သည်၊ ရွှေသွားသိန်းလှိုင်ကတော့ ဘာမှသိသူမဟုတ်၍ ကြောင်တိကြောင်တောင်နှင့် အမျိုးမျိုး တွေးတောရင်း သူ့စိတ်ထဲမကျေနပ်သလို အတွေးပေါ်သမျှ ပြောဆိုနေသည်၊ ရဲဘော်မိုက်ခဲကတော့ ရွှေသွားလို မဟုတ်ပေ၊ စိတ်ထဲတွင် အကျေနပ်ကြီး ကျေနပ်နေသည်၊ သူ့အပေါ်မတရားသဖြင့် နှိပ်စက်ခဲ့သမျှပြန်လည်လက်စားချေလိုက်ရသည်ကို တွေးရင်း ပြုံးနေမိသည်၊

သူလုပ်ခဲ့၍ ယခုလိုဖြစ်ရကြောင်းကို ဗိုလ်ကြီးအုန်းခင်အသေအချာ တွေးမိပေမည်၊ သို့သော်လည်း သက်သေပြရန် ဘာမှ အထောက်အထားမရှိသဖြင့် ရဲဘော်မိုက်ခဲတို့နှစ်ယောက် ဘာမှမဖြစ်ကြပါ၊ သူယခုလိုလုပ်လိုက်သည့်အတွက် ဗိုလ်ကြီးအုန်းခင်မှာ စိုးရိမ်ကြောက်လန့်သွားသည်ကတော့ သေချာပါသည်၊ အားလုံး စိတ်ချမ်းသာကြရသည်၊



ဘာကြောင့် ပြောနိုင်သနည်းဆိုသော် …

ထိုနေ့ ထိုရက်ကစပြီး ဗိုလ်ကြီးအုန်းခင်အိမ်သို့မည်သို့သောအကြောင်းတိစ္စနှင့်မျှ မည်သည့်ရဲဘော်ကိုမှ သွားရောက်ရန် စေခိုင်းခြင်းမရှိတော့၍ဖြစ်ပါသည်၊

အဲ – သို့သော်လည်းပေါ့၊ ဗိုလ်ကြီးအုန်းခင်က ရဲဘော်မိုက်ခဲကိုမြင်သည့်အခါတိုင်း မျက်စောင်းတခဲခဲနှင့် အံတကြိတ်ကြိတ်နှင့် …၊

○→ **ဘေးရှက်**

**အေးမြေတိုများ**

**လေနာ**

(၁) ခွေးလှေးယားမြစ်သတ္တုရည်ကို တစ်လတိတိ သောက်ပါ။

(၂) ကသစ်ရွက်၊ ပိုးစာရွက်၊ ကြာဟင်းညွန့် (၃)မျိုး ဟင်းချိုချက်၍ သောက်ပါ။

(၃) ကျောက်ဖရုံခါးသီးတစ်လုံးကို ထက်ခြမ်းခွဲပြီး ခြစ်ယူသည်။ အသားချိန် (၅၀)သားနှင့် ထန်းလျက် (၅၀)သားတို့ကို အိုးသစ်ဖြင့် မီးဖိုပေါ်တွင် မတူးမခြစ်အောင် ကျိုပြီး ပျားရည်(၅၀)သားနှင့် နယ်ဖပ်၍စားပါ။

(၄) ဒန့်သလွန်မြစ် တစ်ပိဿာ၊ ရှောက်ရည် တစ်ပိဿာ၊ ဆန်ပုန်းရည် တစ်ပိဿာ၊ ဆား(၁၅)ကျပ်သား၊ မြေအိုးသစ်နှင့် ခန်းအောင်ကျို၍ အခြောက်လှမ်း၊ အမှုန့်ပြု၍ လျက်ဆားကဲ့သို့ လျက်ပါ။

(၅) ကြက်သွန်ဖြူကို နှမ်းဆီနှင့်စိမ်၍ ဆားအနည်းငယ်ထည့်ကာ ထမင်းမစားမီ စားပါ။

www.burmeseclassic.com

www.burmeseclassic.com

**ရေပြာ**ပေါက်ချိန်မှာမှ ဤအကြောင်းကို
ပြောစရာဖြစ်လာသည်။
"နတ်မိကျောင်းမှ နတ်မိကျောင်း၊ အစစ်ပါတော့"
"ခေါင်းသုံးတောင်ပြည့်ရင် ပင်လယ်ဆင်းရမှာအော့"
"အမယ် - ခေါင်းသုံးတောင်ပြည့်ရင်
ပင်လယ်ဆင်းရုံတောင်မကဘူး။
လှေသောင်တောင် ဖန်ဆင်းနိုင်သတဲ့"

လူသားစား မိကျောင်းကြီးကို
သက်စွန့်ဆံဖျား ဖမ်းဆီးပုံ၊ မိကျောင်း၏
ဝလေ့စရိုက် မဟုသုတတို့ စုံလင်စွာပါသည့်
ကွယ်လွန်သူ စာရေးဆရာကြီး မောင်သိကာ၏
လက်ရာကောင်းတစ်ပုဒ် ။



# မောင်သိကာ

## ရေပြာပေါက်ချိန်....

www.burmeseclassic.com

www.burmeseclassic.com



"ဝင်လယ်မဆင်းခင် လူဆယ်ယောက်ပြည့်အောင် စားသွားမှာတော့"

အဘွားသင်းအုံ၊ အရီးသန်း၊ ဒေါ်ချစ်ပုံ၊ ဒေါ်ဘုမ၊ ဒေါ်ဆွဲမိတို့မိန်းမပိုင်းမှာ ဤမိကျောင်းအကြောင်းကိုပင်ငှီကာ ခွဲပြောနေကြသည်၊

ရွှေမီး ပုထုမ စသော မိန်းမပျိုတစ်သိုက်မှာလည်း သူတို့ပြောသမျှ တအံ့တသြ ဖါးစပ်အဟောင်းသား၊ မိကျောင်းတလည်း သူတို့ပြောစရာ၊

နည်းအမျိုးမျိုးဖြင့် ထောင်ချောက်ဆင်ပြီး သူတို့ဖမ်းသည်၊ ယနေ့အထိဖမ်းမမိ၊

ငန်းဘဲ၊ ဆိတ်၊ နွားသာမက လူကိုပါ ခုတွေ့နေသောမိကျောင်း၊

မိကျောင်း ဆိုသည်မှာ အောက်ဘက်ဝင်လယ်ဝ၊ သိုကလေး၊ ဖျာပုံဘက်တွင် ဆန်းပြားသောသတ္တဝါ မဟုတ်၊

သူ့အသားကို စားသည်၊

သူ့ကိုအရှင်လတ်လတ်ရေးတင်ပြီး အငြိမ့်စ၍ ဓားဖြင့် ခုတ်ပိုင်း ဖြတ်လှီးပြီးလည်း ရောင်းသည်၊

မိကျောင်း ဆိုသည်မှာ ရေသတ္တဝါ၊ ငါး၊ ပုစွန်တို့နှင့် ဘာမျှမခြားနား၊

သို့သော် မြစ်ဝကျွန်းပေါ် အထက်ပိုင်းနေမြို့ရွာကြီး၊ အဖျောက်စသောဒေသများ၌မူ ဧရာဝတီမြစ်ကမ်းနဖူးတွင် ထိုမြို့များ တည်ရှိသည်မှန်သော်လည်း ဤမြစ်ရိုးတစ်လျှောက် မိကျောင်းဆိုသည်မှာ ရှာမှ ရှားသော ရေသတ္တဝါ၊

မိကျောင်းနှင့်လည်း ယဉ်ပါးမှုမရှိ၊ သူ့ကို ဖမ်းဆီးရန် မဆိုထားဘိ၊ လူသားစားသတ္တဝါအဖြစ် အလွန်ကြောက်ကြ၏၊

မိကျောင်းသည် ဤအရပ်မျိုး၌လည်း မနေ၊

အဖျောက်၊ ဆကာကြီးဘက်၌ကဆုန်၊ နယုန်၊ မိုးဦးကျစအခါတွင် အထက်အညာမှ တောင်ကျရေများ ကျလာသည်၊

ဧရာဝတီမြစ်ရေမှာ ယခင်ကလိုကြည်စိမ်းမနေတော့၊ အနည်းငယ် ဖြာနောက်နောက် ဖြစ်လာ၏၊ ရေကလည်း ပိုများလာသည်၊

ထိုအချိန်ကား ရေပြာပေါက်ချိန်၊

ရေပြာပေါက်ချိန်တွင်အောက်အရပ် ပင်လယ်ဝမှ ဤမြစ်ရိုးအထိတိုင် နယ်ကျူးလာသော မိကျောင်းကြီးများ တစ်နှစ်တလေ ရောက်လာတတ်သည်၊

နှစ်စဉ်နှစ်တိုင်း ရောက်လာတတ်သည်တော့ မဟုတ်၊



ငါးနှစ်ကြာမှတစ်ခေါက်ရောက်လာသည်၊

ဆယ်နှစ်ကြာမှ တစ်ခေါက် ရောက်လာသည်၊

ရေပြာပေါက်ချိန်တွင် မိကျောင်းရောက်လာလျှင် မိကျောင်း၏ ပတ်ဝန်းကျင်၌ ငါးပူတင်းကလေးများ ဝိုင်းအုံပါလာတတ်၏၊

ငါးပူတင်းမှာ ကျောဘက်တွင် အနက်နှင့် အဝါကွက်ကြားကလေးများရှိ၏၊ သူ၏သွားများမှာမူ ဆောက်ခုံးအလေးနှင့်တူသည်၊

ငါးပူတင်း အကိုက်ခံရသူမှာ ဆောက်ခုံးနှင့်အထွင်းခံရသလိုအသားများထွင်းပြီး ပါသွားတတ်၏၊ အကိုက်ခံရအချိန် သွေးမထွက်၊ ဖြူပြီး တဖြည်းဖြည်းမှ သွေးစို့လာသည်၊

မြစ်ဆိပ်တွင် ရေချိုးနေတုန်း ငါးပူတင်းများများတွပ်ပြီဆိုလျှင် အနီးအနားတွင်မိကျောင်းရောက်နေပြီဟုယူဆကြ၏၊ ရေကို အမြန်ချိုးပြီး ကုန်းပေါ်သို့ အရောက်ပြေးကြပေရော့၊

သည်နှစ်ရေပြာပေါက်မှာမိကျောင်းတစ်ကောင် ရောက်လာ၏၊

တျာကျွန်းသောင်စပ်တွင် မိကျောင်းတစ်ကောင်ကိုတံငါသည်များက စတင်တွေ့လိုက်သည်၊ မိကျောင်းသည် တံငါသည်များကို တွေ့သည်နှင့် လျှောစနဲ့သောင်ပြင်မှရေထဲသို့ထိုးဆင်းသွား၏၊

ထို့နောက် လက်ဆွဲချောင်းတျွန်းစပ်တွင် သစ်တုံးမျောသကဲ့သို့ ရေပေါ်တွင် မျောနေရာမှ တံငါလှေများကို မြင်သောအခါ ရေအောက်သို့ငုပ်သွားသည်၊

သည်နောက် မိကျောင်းကြီးတို့ တိုနေရာမှာ တွေ့လိုက်သည်၊ သည်နေရာမှာ တွေ့လိုက်သည်ဆိုသည်မှာ ခဏခဏ၊

ယခုတစ်လော ငါးပူတင်းများတလည်း အလွန်တွပ်သည်၊ တောင်းကောင်း ရေမချိုးရဲကြတော့၊

အချို့မြင်ဖူးသူများက ပြောကြ၏၊

"ပါးဝါဝါကြီးနဲ့ ဆယ်တောင်လောက် ရှိတယ်"

"ခေါင်းသုံးတောင် ပြည့်မိန်းပြီနဲ့တူတယ်"

စသော ဝေဖန်သံများမှာ အသာညာက်တို့နေရာ၊ "ဖလွန်ဘတ်ထန်းပွဲသကလေးတွင် ဖုံးလွှမ်းနေ၏၊

မိကျောင်းတစ်ကောင်တို့ အထူးအဆန်းအဖြစ်ဝေဖန်ပြောဆိုနေကြသည်မှာလည်း တကယ်တော့ မဆန်း၊

www.burmeseclassic.com

www.burmeseclassic.com

မိကျောင်းမှာ အဘညက်တို့အရပ်တွင် အမြဲရှိနေသော ရေသတ္တဝါလည်း မဟုတ်၊

မိကျောင်း ဆိုသည်မှာ အများအားဖြင့် ရေနွေးဝိုင်းနှင့် ဒီရေအတက်အကျရှိသော ရေချိုနှင့် ရေငန်စပ်၊ မြစ်ဝများ၌သာ နေထိုင်ကျက်စားတတ် သည် မဟုတ်ပါလား။

အဘညက်တို့နေရာမှာ ဒီတက်ဒီကျ မရှိ၊ ရေငန်လည်း မဟုတ်၊

တစ်နှစ်တလေမှ ခြေရှည်ပြီး နယ်ကျူးလာသော မိကျောင်း၊

ယင်းသို့ ရောက်လာတတ်သော မိကျောင်းမှာလည်း အများအားဖြင့် လူသားစားမိကျောင်းများသာ၊

၄င်းအရပ်မှတံငါသည်များမှာလည်း ငါးဖွစွန်ကိုသာ အမျိုးမျိုးသော နည်းလမ်းဖြင့် ဖမ်းဆီးနိုင်သည်၊

မိကျောင်းကိုတော့ ဖမ်းလေ့မရှိကြ၊ ဖမ်းရန်လည်း မကျွမ်းကျင်၊

ယခုလို ထူးထူးခြားခြား ရေပြာပေါက်အချိန်မှ ရောက်လာသော ညှော်သည်မိကျောင်းသည် တစ်နေ့သောအခါ လူသားကိုပင် စားလိမ့်မည်ထင်သည်၊

—○—

မိကျောင်းက ဇာတိပြပါပြီ၊

တစ်နေ့ ဦးဖိုးထယ်၏ ဘဲငန်းတစ်အုပ်၊

ဆကာကြီးမြို့ဆိပ်ကမ်း၊ ဧရာဝတီမြစ်ကမ်းနဖူးတွင် ဦးဖိုးထယ်၏အိမ် ရှိသည်၊

အလုပ်အကိုင်က ငါးမနိကုန်သည်၊ ကမ်းနဖူးတွင် နေထိုင်ခြင်းအားဖြင့် သူ့အလုပ်အကိုင်အတွက် အဆင်ပြေသည်၊

အထက်အရပ်မှ ဖောင်ဖွဲ့မျောလာသော ငါးများနှင့် အောက်အရပ်မှ လှေသမ္ဗန်၊ မော်တော်များဖြင့် တင်ဆောင်လာသော ငမနီများကို ဦးဖိုးထယ်တို့အိမ်ရှေ့ဆိပ်ကမ်း၌ ဆိုက်ကပ်ပြီး သယ်ယူရောင်းချနိုင်သည်၊

ဦးဖိုးထယ်သည် ငါးမနိကုန်သည်သာဖြစ်သော်လည်း မွေးမြူရေးကိုလည်း ဝါသနာပါသေး၊

ဦးဖိုးထယ် မွေးမြူထားသော ငန်းဘဲတစ်အုပ်ရှိ၏၊ အကြီးအသေးအကောင်သုံးဆယ်လောက် ရှိလိမ့်မည် ထင်သည်၊

ညနေစောင်းတွင် ဧရာဝတီမြစ်ကမ်းစပ်တွင် ငန်းဘဲများ အုပ်လိုက်ကူးနေတတ်၏၊

အနောက်ဘက်တောတန်းကလေးနောက်သို့ တစ်စစဖြင့်ငုပ်လျှိုးသွားသော နေလုံးနီနီနှင့် စိမ်းလဲ့လဲ့ ဧရာဝတီမြစ်ပြင်ထမ်းစပ်တွင် မြူးဖွေးနေသော ဘဲငန်းအုပ်ကြီးများ ကူးခပ်နေသည်မှာ ပန်းချီကားတင့်လှ၏၊ ကြည်နူးဖွယ် ကောင်းလှ၏၊

အချို့ဘဲငန်းများက ကမ်းနဖူးပေါ်တွင် သူတို့၏တောင်ပံလည်ဆံနှင့် ကိုယ်လုံးမှ အမွေးအတောင်များကို နှုတ်သီးဖြင့် ရှင်းလင်းနေသည်၊

၎င်းပသာဒအလှကို မမျှော်လင့်သောအချိန်တစ်ချိန်တွင် ဖျက်ဆီးခြင်း ခံလိုက်ရသည်၊

ခပ်လှမ်းလှမ်းတွင် ရေချိုးနေသူအချို့ရှိ၏၊

ထိုစဉ်ဝုန်းခနဲ အသံကြီးတစ်သံနှင့်အတူ ဘဲငန်းများ ကူးခပ်နေရာမှ ရေပန်းရေမွှားများ အထက်သို့ ထိုးတက်လာသည်၊

ဘဲငန်းများ၏တစာစာအော်သံများနှင့်သူတို့၏တောင်ပံများကိုဖြန့်ကားကာ ဖျံနိုင်သရွေ့ ပျံပြီး ကမ်းပါးပေါ်သို့ အလုအယက် တက်လာကြ၏၊

ပါးဝါဝါနှင့် ရှည်လျားလျား ကြီးမားသော မိကျောင်းကြီးတစ်ကောင်၏အမြီးနှင့် ရိုက်လိုက်မှုကြောင့် ဘဲငန်းတစ်ကောင် ယိုင်လဲအသွား မိကျောင်းကြီးသည် သူ၏ သားကောင်ကို ထိုးဟပ်ကာ ရေထဲသို့ ငုပ်သွားလေပြီ၊

ဘဲငန်းကို ထိုးဟပ်သွားသော မိကျောင်းပါးဝါကြီးကိုမြင်လိုက်ရသူများမှာ အများအပြား၊

ထို့နောက် နှစ်ရက်ခန့်ကြာသည်အထိ မိကျောင်းနှင့်ပတ်သက်၍ ဘာသံမျှ မကြားရတော့၊

မိကျောင်းကြီးပင် မရှိတော့ပြီလော၊ မဟုတ်ပါ၊

သုံးရက်မြောက်တွင်ထုံးဖိုရွာဘက် ကမ်းနားစပ်မှာ မြက်စားနေသော ဆိတ်တစ်ကောင်၊ မိကျောင်းစာ ဖြစ်သွားပြန်သည်၊

ငါးရက်ခန့် မိကျောင်းသတင်း မကြားရပြန်တော့၊

ခြောက်ရက်မြောက်သည့် ညနေ၊

ဦးကံညွန့်သည် ဆီးတုန်းဝိုင်းတွင် နေသော လှည်းသမားတစ်ဦး၊

သူ့အလုပ်က နွေအခါ စပါးလှည်းတိုက်သည်၊ ရေလှည်းတိုက်သည်၊ မိုးအခါ လယ်သမားများထံတွင် နွားပေးရှည်းနှင့် စရင်းငှားလိုက်သည်၊

ယခုလည်း ဆကာကြီး စပါးဒိုင်သို့ စပါးလှည်းတိုက်အပြီး နွားနှစ်ကောင်ကို ရေတိုက်ရန် ကမ်းစပ်သို့ ဆင်းလာ၏၊

www.burmeseclassic.com

နွားနှစ်ကောင်မှာ တစ်ညနေလုံး စပါးလှည်းကို ရုန်းခဲ့ရသဖြင့် အတော်တာလေး မောနေ၏၊ ရေငတ်နေကြပေလိမ့်မည်။

ချောင်းသို့ဆင်း၍ မြစ်ရေကို အငမ်းမရ သောက်နေကြသည်။

နွားနှစ်ကောင်၏ နဖားကြိုးမှ တစ်ဆင့်ချည်ထားသော လက်ကိုင်ကြိုးကို ဦးကံညွန့်ကဆွဲပြီး နွားနှစ်ကောင်ကို ရေတိုက်နေ၏။

နွားနှစ်ကောင်နှင့် မလှမ်းမကမ်းမှ သစ်တုံးရှည်လျားလျားတစ်ခု၊ တရွေ့ရွေ့ မျောလာသည်ကို ဦးကံညွန့် သတိမထားမိ။

နွားနှစ်ကောင်မှာလည်း ရေဆာနေသဖြင့် ထိုသစ်တုံးရှည်လျားလျားကို မမြင်။

သစ်တုံးယောင်ယောင် မိကျောင်းပါးစပ်ကြီးကား မျက်နှာနှင့် နှာခေါင်းကို သာ ရေပေါ်တွင်ဖော်ပြီး နိုင်းနွားကြီးတစ်ကောင်ဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာသည်။

မိကျောင်း၏ ရှေ့ခြေထောက်နှစ်ချောင်းမိသည့်ရေစပ်လောက်အရောက်တွင် ...။

မိကျောင်း၏ တုတ်ခိုင်သန်မာလှသော အမြီးကြီးသည် တစ်မုဟုတ်ချင်း မြောက်တက်လာပြီး ရေငုံ့သောက်နေသော နိုင်းနွားကြီး၏လည်ပင်းစောင်းနှင့် ရှေ့လက်ပြင်ကို ပြင်းထန်သောအဟုန်ဖြင့် ရိုက်ချလိုက်သည်။

နိုင်းနွားကြီးမှာ ကျယ်လောင်စွာ အော်မြည်ရင်းရေထဲသို့လဲကျသွားသည့် တစ်ခဏ။

မိကျောင်းကြီး၏ ပါးစပ်က နွားတို့ ထိုးဟပ်လိုက်တော့သည်။

သို့သော် ...

ဦးကံညွန့်က လက်ထဲတွင် နဖားကြိုးဖြင့် ဆက်၍ချည်ထားသော လက်ကိုင်ကြိုးကို ဆွဲမိဆွဲရာ တအားဆွဲထားမိသည်။

ကျန်နွားတစ်ကောင်မှာ တရှုးရှုး တရှဲရှဲဖြင့် အော်မြည်ရင်း ထိတ်လန့်တကြား ခုန်ပေါက်ပြီး ကုန်းပေါ်သို့ တက်ပြေးသည်။

ဦးကံညွန့်၏ ပါးစပ်မှ –

"မိကျောင်းကြီးဗျို့ – မိကျောင်းကြီး လာကြပါဦး"

အသံကုန် တအား အဆက်မပြတ် အော်လိုက်သည်။

"ဘယ်မှာလဲဟေ့ – မိကျောင်း"

ဦးကံညွန့်၏ အော်သံကို ကြားရသူ အပေါင်းမှာ နီးရာလက်နက်များကို ဆွဲကိုင်ကာ ဆူဆူညံညံဖြင့် ကမ်းပါးသို့ တစ်ရှိန်ထိုး ပြေးဆင်းလာကြ၏။

မိကျောင်းကြီးမှာ သည်တစ်ခါတော့ သူ့လုပ်ငန်း မအောင်မြင်ပါ။

နွားက အကောင်လည်းကြီးသည်။ သူ၏ရန်သူလူများပြေးဆင်းလာကြသည်ကိုလည်း မြင်ပေလိမ့်မည်။

နွားကြီးကို သူ၏ပါးစပ်ဖြင့် ဟပ်၍ ကိုက်ခဲထားရာမှ လွှတ်ပြီးရေအောက်သို့ ငုပ်သွားသည်မှာ အရှယ်နှင့်မမျှမြန်ဆန်လှသည်။

နွားကြီးကို ရေထဲမှ ဆွဲတင်လိုက်ကြ၏။

နွားကြီး၏မျက်လုံးများပြူးထွက်နေပြီး ရှေ့လက်ပြင်နှင့် လည်စောင်းတွင် ညိုညည်းပေါက်ပြဲပြီး သွေးများ တသွင်သွင် ထွက်နေ၏။

နာခေါင်းနှင့် ပါးစပ်အတွင်းမှ အန်ထွက်နေသောသွေးများ ...။

အသက်မရှိတော့ပါ။

မိကျောင်းကြီး၏ အမြီးဖြင့် ရိုက်လိုက်သည့်ဒဏ်ရာနှင့်မိကျောင်းကိုမြင်၍ကြောက်လန့်မှုသည် နိုင်းနွားကြီးကို သူ့ငြိမ်စွာ အသက်ပျောက်စေလေပြီ။

ဦးကံညွန့်၏ အဖိုးထိုက်တန်လှသော နိုင်းနွားကြီးတစ်ကောင်လက်ချက်ဖြင့် အသက်ထွက် ဆုံးရှုံးရပြန်ချေပြီ။

ပထမငန်းဘဲ၊ ပြီးတော့ ဆိတ်၊ ယခု နိုင်းနွားကြီး။ ပို၍ ပို၍သာ အတင့်ရဲလာသော မိကျောင်း။

— ○ —

ထိုနေ့ကမိုးရွာလိုက်သည်မှာ သဲသဲမဲမဲ။

နေ့လယ်ဖြစ်သော်လည်း နေမမြင်ရတော့၊ မှောင်အတိကျနေ၏။

မိုးဦးကျစ၊ မိုးစတင်ရွာတာသည်းတာ ပြင်းထန်လှ၏။

ကောင်းကင်တစ်ခုလုံးမှာညိုမှောင်နေ၏။ ခဲသားပုပ်ရောင် တိမ်ညိုမည်းကြီးများကသာ တစ်ကောင်းကင်လုံးဖုံးလွှမ်းထား၏။

အရပ်ရှစ်မျက်နှာမှာ မိုးထစ်ချုန်းသံကြောင့် သောသောညံနေသည်။

တစ်ချက်တစ်ချက် လျှပ်စီး ပြက်လိုက်သောဝင်းခနဲဝင်းခနဲအလင်းရောင်ကြောင့် ဘုန်းကြီးကျောင်းသင်္ချိုင်းမှ အုန်းပင်နှင့် ကွမ်းသီးပင်များ ဝရုန်းသုန်းကားလှုပ်ခါနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရောဝတီမြစ်ပြင်သည် လှိုင်းတံပိုးသံကြောင့် ဆူညံနေ၏။

ရေနဂါးကြီးများ၊ လူးလိမ့်၍ကမ်းပါးစပ်သို့ ပြေးတပ်လာသကဲ့သို့ ရောဝတီမြစ်ပြင်တွင်လှိုင်းလုံးကြီးများသည်အော်ဟစ်ကြီးတမ်းပါးစပ်သို့ ပြေး၍ပြေး၍ရိုက်နေ၏။

လေပြင်းမုန်တိုင်းတားရေပြင်နှင့် မြေပြင်တို့တရကြမ်းတိုက်ခိုက်နေသည်။

လှိုင်းလုံးကြီးများ၏ ပြင်းထန်စွာ ရိုက်ခတ်မှုနှင့်လေမုန်တိုင်းဒဏ်ကြောင့် တမ်းပါးမှ မြေစိုင်မြေခဲကြီးများမှာ ရေထဲသို့ တဝုန်းဝုန်း ပြိုကျနေ၏။

ဦးထွန်းတို့ တဲတလေးမှာ လေပြင်းနှင့်မိုးသည်းသည်အောက်တွင် ပြားပြားဝပ်ရှင်း ထောင့်ခံနေသည်။

တဲအတွင်းမှာတော့ ဦးထွန်းနှင့် ပေသီးတို့ သားအဖနှစ်ယောက်၊ ဆကာကြီးမှကျုံရှုရှာသို့သမ္ဗန်ထင်စင်းဖြင့် ကူသယ်ခေါက်သယ်ပို့ဆောင်ပေးရသော ကူးတို့သမားသားအဖ၊

“ဟေ့ပေသီး - သည်အတိုင်းဆိုရင် တို့သမ္ဗာန်တော့ ကွဲလိမ့်မယ်ထင်တယ်”

မိကျောင်းပါးဝါကြီး (သို့မဟုတ်)
ရေပြာပေါက်မိကျောင်းကြီး။
ဝုန်းခနဲ ရေမွှားများ ဦးထွန်း၏
အနီးအနားမှ ပေါ်လာ၍ အဖုဖု
အထစ်ထစ်ဖြင့် ကြမ်းတမ်းသန်မာ
လှသော မိကျောင်းကြီး၏
အမြီးညိုမည်းမည်းကြီးဖြင့်
သမ္ဗန်ကြိုးချည်နေသော ဦးထွန်းတို့
ရေထဲသို့ ရိုက်လှဲလိုက်သည်။



တဲထောင့်တွင်ကပ်ပြီး ဆေးပြင်းလိပ်တိုကို ခဲထားသော ဦးထွန်းက သူ၏ သားဖြစ်သူပေသီးကို လှမ်း၍ပြောလိုက်၏။

ပေသီးမှာ တဝီးဝီး တိုက်နေသော လေဒဏ်မိုးဒဏ်အကြားတွင်ပင် တဲထောင့်တစ်နေရာ၌ ငါးအစီကြိုးကို ငါးများတွင် တပ်နေသည်၊

ကူးတို့ခတ်၍အားလပ်သည့်အချိန်တိုင်း ပေသီးက သူ အလွန်ဝါသနာပါသော ငါးဖမ်းမှုကို တစ်ခုမဟုတ်တစ်ခု ပြုလုပ်တတ်၏။ ငါးကို မှိန်းနှင့် ထိုးရာတွင်လည်း လက်အလွန်ဖြောင့်သည်၊

သူလုပ်ချင်သည်က တံငါသည်၊

သို့သော် အဖေကို ကူညီပြီး ကူးတို့ခတ်နေရ၏။

အဖေ၏ ပြောသံကို ကြားလျှင် ပေသီးက -

“ဟုတ်တယ် - အဖေ၊ ဒီလေဒီလှိုင်းမျိုးနဲ့ဆိုရင် သမ္ဗန်နဲ့ ကမ်းပါးရိုက်ပြီး သမ္ဗန်ကွဲမှာ သေချာတယ် - အဖေ”

“ပေသီး - တဲနောက်မှာ ထိုးဝါးလုပ်တဲ့ဝါးယားတွေ ရှိတယ်မဟုတ်လား”

“ရှိတယ် အဖေ”

“ဒါဖြင့် အဲဒီဝါးလုံးတွေနဲ့ တို့သားအဖနှစ်ယောက် ကမ်းပါးဆင်းပြီး သမ္ဗန်ကို ကျားကန်မှ ဖြစ်မယ်ဟေ့”

ဦးထွန်း ပြောသကဲ့သို့ သမ္ဗန်ကို ကျားကန်မှဖြစ်တော့မည်၊ ကြီးမားသော လှိုင်းခေါင်းဖြူကြီးများက လေမုန်တိုင်း အကူအညီဖြင့် ဦးထွန်း၏ ကူးတို့သမ္ဗန်ကလေးမျိုးကို ကမ်းပါးစပ်သို့ တရကြမ်း ပို့ဆောင်ပြီး အလွယ်တကူ ရိုက်ခွဲနိုင်ပါသည်၊

သည်တော့ ဘယ်လိုလုပ်မည်နည်း။

ကမ်းပါးဘက်မှနေ၍သမ္ဗန်ကလေးကို ထိုးဝါးများဖြင့် ကျားကန်ပေးထားလျှင် သမ္ဗန်ကို ကမ်းပါးနှင့် ရိုက်ခြင်းမှ ကာကွယ်နိုင်မည်၊

ဦးထွန်းတို့သားအဖ ဝါးလုံးများကို ထမ်း၍ ကမ်းပါးသို့ ဆင်းလာသောအခါ မိုးရော လေပါ သည်းတောင်းတုန်း။ တိုက်ကောင်းတုန်းပင်၊

လှိုင်းတံပိုးများမှာလည်း တဝေါဝေါနှင့် မြည်ဟည်းပြီး ကမ်းစပ်သို့ ဝုန်းခနဲ ဝုန်းခနဲနေအောင် တရစပ် ရိုက်ခတ်နေဆဲ၊

ဦးထွန်းတို့ သမ္ဗန်ကလေးမှာ စကောထဲတွင် ဆီးဖြူသီး လှိမ့်သကဲ့သို့ လှိုင်းလေအကြားတွင်တလူးလူးတလိမ့်လိမ့်၊

ပေသီးသည်ကမ်းပါးစပ်မှန်းအတွင်းသို့ သူ၏ သန်မာလှသော လက်ရှာချောင်း

www.burmeseclassic.com

www.burmeseclassic.com



ထိုးဝါးကို ခပ်စောင်းစောင်း နဲ့၍နဲ့၍ ထိုးစိုက်လိုက်၏။

ဦးထွန်းမှာရေထဲပေါင်လယ်လောက်အထိဆင်း၍သမ္ပန်ဘက်သို့ယိုင်နေသောဝါးအရှားကို ကျားကန်ရန် သမ္ပန်ခတ်ထိုးနှင့်မှုတွဲပြီး ဝါးနီးများဖြင့် ချည်နှောင်နေသည်။

နီးချည်ရသည်မှာလည်း ငြိမ်ငြိမ်သက်သက်မတော်။ လှုးလိမ့်လှုပ်ရှားနေသောသမ္ပန်၊ လှိုင်းထနေသောရေပြင်နှင့်တဝေါဝေါ တိုက်နေသည့် မိုးသက်လေပြင်းတို့အကြားမှ ခက်ခက်ခဲခဲ ချည်နေရ၏။

မိုးနှင့်လေသည် ပို၍ပို၍ ပြင်းထန်လာ၏။

လှိုင်းတံပိုးများမှာ မာန်ဖီနေသောရေနဂါးကြီးများကဲ့သို့၊

"ဟေ့ - ပေသီး - သမ္ပန်ဦးဘက်ကိုသွားပြီးဝါးနှစ်ချောင်းလောက်စိုက်လိုက်ဦးဟေ့"

ဦးထွန်း၏အသံမှာ မိုးသံလေသံနှင့် ရောပြီး မသဲမကွဲ၊

ပေသီးမနည်းနားထောင်မှသူ့အဖေ၏ အသံကိုကြားရ၏။

ကျန်ဝါးလုံးများကိုယူပြီး ပေသီးသည် သမ္ပန်ဦးဘက်သို့ သွား၍ ဝါးလုံးများကို ရွံ့နွံအတွင်းသို့ ထိုးစိုက်နေသည်။

ကမ်းပါးစပ်မှ မြေစိုင်မြေခဲများမှာလည်း တဝုန်းဝုန်းနှင့် ရေထဲသို့ပြိုကျနေဆဲ၊

ကောင်းကင်တစ်ခွင်လုံးမှာ ညို့မောင်းမောင်း တိမ်စိုင်တိမ်ခဲကြီးများ၏ အနောက်မှ အရှေ့သို့ တရွေ့ရွေ့၊

ဝင်းခနဲ ဝင်းခနဲ လျှပ်ပြက်သည်နှင့် အမျှ သူ့နောက်မှ ကျယ်လောင်ပြင်းပြ ဟည်းသော မိုးထစ်ချုန်းသံမှာ ကြောက်ခမန်းလိလိ၊

ဦးထွန်းသည် သမ္ပန်နှင့် ကမ်းပါး မရိုက်မိစေရန် ဝါးလုံးနှင့်ကျားကန်ချောင်နှောင်နေစဉ်သူ၏နောက်မှလှိုင်းလုံးများနှင့်အတူ တရွေ့ရွေ့ ချဉ်းကပ်လာသော မည်းမည်းနှင့် ရှည်ရှည်လျားလျားအရာ တစ်ခုကို သတိမထားမိ၊

မိချောင်းပါးဝါကြီး (သို့မဟုတ်) ရေပြာပေါက်မိကျောင်းကြီး၊

ဝုန်းခနဲ ရေမွှားများ ဦးထွန်း၏အသံ အနားမှပေါ်လာ၍အဖုဖုအထစ်ထစ်ကြမ်းတမ်းသန်မာလှသော မိကျောင်းကြီး၏အမြီးညိုမည်းမည်းကြီးဖြင့် ... ကြိုးချည်နေသော ဦးထွန်းကို ရေထဲ ရိုက်လှဲလိုက်သည်။

"အား - ပေသီး - ပေသီး"



ဦးထွန်း၏ ပါးစပ်မှ ဤမျှသာ စူးစူးဝါးဝါး မပီမသ အော်သံ ကြားလိုက်ရ၏။

ပေသီးမှာ ဖခင်ဖြစ်သူ ဦးထွန်း၏ အော်သံကြောင့် လှမ်းကြည့်လိုက်သောအခါ သမ္ပန်ဘေးတွင် ဆူပွက်နေသော လှိုင်းလုံးများသာ တွေ့ရတော့သည်။

ပြီးတော့ လှိုင်းလုံးအကြားမှ သွေးပွက်များ၊

အဖေ မရှိတော့၊ ဦးထွန်း မရှိတော့၊

"အဖေရေ - အဖေ - အဖေ"

အရှည်းအနှီးမျှသာ၊

ပေသီးမှာ ကယောင်ကတမ်းဖြင့် ကမ်းပါးပေါ်သို့ ပြေးတက်လာပြီး -

"လုပ်ကြပါဦးဗျို့ - လုပ်ကြပါဦး၊ ကျွန်တော့်အဖေကို မိကျောင်းကြီးပုတ်လို့ - လုပ်ကြပါဦး"

ပေသီး၏အသံမှာ ဆူညံနေသော မိုးသံလေသံအကြားတွင်သာ ပျောက်ကွယ်သွားသည်၊

ပေသီး၏အသံကိုကြားရသည့်တိုင်အောင် မည်သူမျှလည်း တုန့်ပြန်နိုင်မည်မဟုတ်၊

ရေပြာပေါက် မိကျောင်းကြီးကား ထိုရွာနှင့်များကိုသာမက လူသားကိုပင် တစ်ဆင့်တက်၍ စားလေပြီ၊

လူသား၏အရသာကို မြည်းစမ်းမိလေပြီ၊

— ○ —

လူ သားကို ဝါ စားလာသော မိကျောင်းကို သည်အတိုင်းကြည့်နေလို့ မရတော့ပါ၊ တစ်နည်းနည်းဖြင့် ဖမ်းမှ ဖြစ်တော့မည်၊

ဦးထွန်း မိကျောင်းပုတ်ခံရပြီး သုံးရက်အကြာ ရေဆင်းချိုးသော ရွာစုရွာမှ ဘုန်းကြီးကျောင်းသားကလေးတစ်ယောက် ရေပြာပေါက်မိကျောင်းကြီး၏ အစာ ဖြစ်သွားပြန်ရှာသည်၊

ပထမ ဘုန်းကြီးကျောင်းသားကလေး ပျောက်နေ၍ သူ့မိဘများ တစ်ရွာလုံး အနှံ့လိုက်လံရှာဖွေ၏။

မတွေ့၊

နောက်မှ တွေ့ရသည်က တမ်းပါးစပ်တွင် ကျောင်းသားကလေး၏လုံချည်နှင့် အင်္ကျီများ အပုံလိုက်၊

ကျောင်းသားကလေးကိုမူ အစအနပင် ရှာမတွေ့တော့၊

ဘယ်သူ့လက်ချက်ဖြစ်မည်နည်း၊

ဤမိကျောင်းလက်ချက်မှတစ်ပါး အခြားမဖြစ်နိုင်၊

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်မှနစ်ယောက်အထိ တစ်ကြီးဖြစ်သောမိကျောင်း။

လူ သားစားမိကျောင်းကြီး အကြောင်းကိုသာ ခနဖြူ၊ ဆကာကြီး၊ အရောက်ဝန်းကျင်ရှိ ရွာတိုင်းလိုလိုက ပြောနေကြ၏။

ရွာတိုင်းထဲတွင်အသညာက်တို့မြေး အတိုးနေထိုင်ရာ "ဇလွန်ဘက်တန်း" ရွာလည်းအပါအဝင်။

အထူးသဖြင့် သူတို့နှင့် ပိုမိုသက်ဆိုင်သည်။

အသညာက်တို့ရွာက တစ်ရွာလုံးလိုလို တံငါလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်သမို့ ပိုပြီးစိတ်ဝင်စားသည်။

အဘညာက်တို့က ရေသတ္တဝါဆိုလျှင် ဘာကောင်မှ ဗိုလ်မထား။ ဟင်းစားအဖြစ် သဘောထား၏။

ယခု မိကျောင်း တဲ့။

မိကျောင်းမှ ရိုးရိုးမိကျောင်း မဟုတ်၊

လူသားစားမိကျောင်း။

ခက်သည်က ငါးဆိုလျှင် အသေးဆုံးငါးမြူကလေး၊ ငါးပါဝွန်မှအစ အကြီးဆုံးငါးမွေကြီးအထိ သူတို့အကြောင်းကို ကောင်းကောင်းသိပါ၏။

အမျိုးမျိုးသောငါးကို အဖုံဖုံသော နည်းလမ်းများ အသုံးပြု၍ ဖမ်းနိုင်ပါ၏။

ရောဝတီမြစ်ရိုးမှာရှိသော ငါးမြူကလေးကဲ့သို့သေးငယ်သည့်ငါးကလေးများကို "ဇာပိုက်"ဖြင့် အမိဖမ်းနိုင်သည်။

အကြီးဆုံးသော ငါးမွေးကြီးများကို "တုတ်"ဖြင့် အမိဖမ်းနိုင်သည်။

အဘယ်ကြောင့်ဆိုသော် သူတို့၏ အမူအကျင့်၊ ပေါက်ဖွားပုံ၊ ကျက်စားတတ်သည့်နေရာ၊အလေ့အထအဝဝကို အဘညာက်တို့က နှောကျောအောင် သိသည်၊

မည်သည့်ငါးမျိုးပင် ဖြစ်ပါစေ၊

မမိလျှင် မိအောင် ဖွဲ့ဖြင့် ဖမ်းနိုင်သည်၊

သို့သော် မိကျောင်း၏အထာကို တော့အဘညာက်တို့တစ်ရွာလုံးဂယနက မသိ၊

အတွေ့တွေ့ဗဟုသုတရှိပါသည်ဆိုသော ဇလွန်ဘက်တန်းမှ ကိုရင်ဘချမ်းလည်း လက်လှမ်းမမီ၊

ဘာပဲဖြစ်ဖြစ်၊ သည်မိကျောင်းကို တော့ မိအောင် ဖမ်းရမည်၊

လူသားစားမိကျောင်း။

ရှေ့ပြောပေါက်အရှိန်တွင်အဘညာက်တို့ဆီကိုကျူးကျော်ဝင်ရောက်လာသော မိကျောင်း၏အလေ့အထ ပေါက်ဖွားလာပုံ၊ ကျက်စားလေ့ရှိသည့်နေရာ၊ ဖမ်းဆီး[illegible]ည့်နည်းလမ်းများကိုပါသိမှ သည်[illegible]ကောင်ကို အမိဖမ်းနိုင်ပေလိမ့်မည်၊

သက်ကြီးစကား သက်ငယ်ကြား[illegible] မိကျောင်းအကြောင်းကို တစ်ဆင့်[illegible]ား တစ်ဆင့် နား ကြားတော့ [illegible]ဖူးပါ၏၊

ရှေးယခင်က သောင်းကျန်းခဲ့သော [illegible]ကျောင်းများအကြောင်းကို ယုံတမ်း[illegible]ရှိပုံပြင်သဖွယ် ကြားဖူးပါ၏၊

သို့သော် အဖြစ်မှန်ထက် ချဲ့ကားမှု၊ [illegible]ကျူးယဉ်ဆန်မှုတွေက အတော်များ[illegible]ည်၊

အဏ္ဏာရီပုံပြင်များသဖွယ်သာ ...၊

အဘွား သင်းအုံ ကြုံခဲ့ရသော [illegible]ကျောင်းပုံပြင်ကိုပင်ကြည့်ပါ၊

ပုံပြင်တွင် အမှန်တကယ် ရှိနေ[illegible]သော နေရာဒေသများနှင့် ဆက်စပ်ပြီး [illegible]အောင် မွမ်းမံထား၏၊

ကြွက်နီ၊ ပေတိုး၊ ဖိုးဆောင်း၊ ပေသီး၊ [illegible] ပုတူးမ တံငါလုပ်ဝယ်များကို ယခု [illegible]ောင်းကျန်းနေသော ရေပြာပေါက် [illegible]ကျောင်းကြီးနှင့် ဆက်စပ်ပြီး သူငယ်[illegible]တကြုံခဲ့ရသည်ကို အဘွားသင်းအုံ [illegible]သည်ချခြင်းဖြစ်သည်၊

"အဘွားတို့ ငယ်ငယ်တုန်းကပေါ့[illegible]မင်းတို့အဖျောက်နားက "ရေပေါ်သောင်" ကျွန်းရှိတယ်မဟုတ်လား။ အဲဒီ ရေပေါ်သောင်ကျွန်းနဲ့ မဝေးလှတဲ့နေရာမှာ "မဲသောင်" ဆိုတဲ့ ကျွန်းတစ်ကျွန်း ရှိတယ်လေ"

"ဟုတ်တယ်အဘွား။ ကျွန်တော်တို့ ငါးယောက် ပိုက်ချတုန်းကတောင် အဲဒီ မဲသောင်ကျွန်းနား ရောက်သွားသေးတယ်"

ဖိုးဆောင်းက ထောက်ခံလိုက်၏။

"အဲ - အဲ - "မဲသောင်ကျွန်း" တာ အလိုအလျောက် "မဲသောင်ကျွန်း" လို့ အမည်တွင်လာတာမဟုတ်ဘူးတဲ့။ အဲဒီ နေရာမှာ တစ်ခါက မိကျောင်းကြီးတစ်ကောင် အတော်ကလေး သောင်းကျန်းခဲ့သကွဲ၊

ဒီတုန်းက အဝံလိပ်ခေတ်၊ အဘွားတောင်မှ ကြက်တောင်စည်းတလေးနဲ့ ရှိသေးတယ်"

အဘွားသင်းအုံက ဆေးပေါ့လိပ်ကြီးကို တစ်ဖွာနှစ်ဖွာ ဖွာပြီး သူ့စကားကို ဆက်လိုက်သည်၊

"အခုကြုံတွေ့နေရတဲ့မိကျောင်းက တော့ ပါးဝါဝါကြီး ဟိုတုန်းက မိကျောင်းကြီးက ပါးမည်းမည်းကြီး[illegible]၊ အခု "မဲသောင်" လို့ခေါ်တဲ့ သောင်မြစ်ကျွန်းကလေးနားမှာ ကျ[illegible]တာပြီး လူတွေကို

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းစားခဲ့တယ်၊

ကြာတော့ - မိကျောင်းကြီးကို အရှောက်၊ ဆကာကြီးတစ်ပိုက်က လူတွေက မိကျောင်းလို့ မခေါ်တော့ဘူး၊ ပါးမည်းကြီး - ပါးမည်းကြီး - လို့ပဲ ခေါ်ကြတယ်၊

ပါးမည်းကြီး အမြဲလိုလို နေတဲ့ ချောင်မြစ်ကို "မဲချောင်" လို့ ဒီနေ့အထိ အမည်တွင်သွားတာပေါ့ကွယ်၊ ပါးမည်းကြီးဟာတွေ့သမျှကလေးလူကြီးမရှောင် ဖမ်းစားနေတော့ လူတိုင်းကြောက်ရွံ့နေကြသတဲ့"

"နောက် ဘယ်လို ဒီပါးမည်းကြီးကို မိသွားသလဲ - အဘွား"

မနေနိုင်သော မေသီးက အဘွားသင်းအုံကို မေးလိုက်၏၊

"ပါးမည်းကြီးကို ဘယ်သူမှ ဖမ်းမမိပါဘူးကွယ်၊ ခေါင်းသုံးတောင် ပြည့်ခါနီး

ထူးထူးဆန်းဆန်း မြင်လိုက်ရတာက ပါးမည်းကြီးက အလယ်က ပေါ်လာပြီး သူ့ထက်ကြီးတဲ့မိကျောင်းကြီး နှစ်ကောင်က ဘေးတစ်ဖက်တစ်ချက်မှာ ညှပ်ပြီး ရေပေါ်ကို ပေါ်လာတယ်။ ပြီးတော့ ပါးမည်းကြီးကို တစ်ဖက်စီ စောင့်ထိန်းပြီး မြစ်ကြောင်းအတိုင်း တဖြည်းဖြည်း စုန်ဆင်းသွားသတဲ့။ တောင်လည်း တစ်ခါတည်း ကြောက်ရွံ့ပြီး သူနေတဲ့ အေးရှာအရောက် လှေကို တက်သုတ်လျှော်ပြီး ပြန်ခဲ့တယ်။



ပြီး ခေါင်းသုံးတောင်ပြည့်ရင် ပင်လယ်ဆင်းရတော့မယ်၊ ဒီလိုမြစ်ရိုးမှာ မနေနိုင်တော့ဘူး"

"ခေါင်းသုံးတောင်ပြည့်ရင် ဘာဖြစ်လို့မြစ်ရိုးမှာ မနေနိုင်ရမှာလဲ - အဘွား၊ သူ့ထက်ကြီးတဲ့ ငါးရွှေကြီးတွေတောင် ဧရာဝတီမြစ်ထဲမှာ နေနိုင်သေးတာ"

ကြွက်နီက စောဒက တက်လိုက်၏၊

"ခြော် - ငါ ပြောပါပကော၊ ခေါင်းသုံးတောင့်ပြည့်ရင် လူယောင်ဖန်ဆင်းနိုင်သတဲ့၊ အဲဒီပါးမည်းကြီး နောက်ဆုံး ဘယ်ရောက်သွားတယ်မှတ်သလဲ"

အဘွားသင်းအုံက စကားကိုခေတ္တ ရပ်ပြီး သူ၏ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို မီးတဖွားဖွား ဖြစ်အောင် ဆက်သတ် ဖွာနေလိုက်ပြန်သည်၊

ကြွက်နီတို့ လူငယ်တစ်သိုက်မှာ ပါးမည်းကြီး ဘယ်သို့ရောက်သွားသည်ကို သိလိုသောစိတ်ဇောပြင်းထန်စွာဖြင့် အဘွားသင်းအုံ ဆေးပေါ့လိပ်ဖွာအပြီးကို အောင့်အည်းသည်းခံ၍ စောင့်ဆိုင်းနေရသည်၊

အဘွားသင်းအုံသည်ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို တစ်ဖွာနှစ်ဖွာ အားပါးရဖွာရှိုက်ပြီးနောက် -



"အဲ - အေး - ရွာမှာ တံငါလုပ်စားနေတဲ့ တောင်ဆိုသူတစ်ယောက်ရှိတယ်။ တစ်နေ့ နေဝင်ဖျိုးဖျအချိန်လောက်မှာ လူနှစ်ယောက် တောင်တို့အိမ်ရှေ့ကို ရောက်လာကြတယ်၊

ထူးခြားတာက နှစ်ယောက်စလုံး ယောလုံ့ချည်အနက်တွေ ဝတ်ထားကြတယ်၊ ခေါင်းပေါ်မှာလည်း ဖန်ခေါင်းစွပ်တွ တဘက်ကြီးတွေကို ပေါင်းထားကြတယ်၊ သူတို့က တောင်ကို မေးသတဲ့၊

"ဒီအရပ်မှာ ပါးမည်းမည်းနဲ့ မိကျောင်းတစ်ကောင် သောင်းကျန်းနေတာ ကျွန်တော်တို့ကြားလို့ ဖမ်းရအောင် ပင်လယ်ပိုင်းကလာကြတဲ့မိကျောင်းအင်း သမားများပါ" တဲ့၊

ဒီတော့ ငတောင်က ...

"ဟာ - ဆရာတို့ - ဒီမိကျောင်းက ကျွန်တော်တို့ဘက်မှာအတော်တာလေး သောင်းကျန်းတယ်၊ သူ့ကို ဖမ်းဖို့က အမျိုးမျိုးကြိုးစားခဲ့ပေမယ့်ဖမ်းတဲ့သူသာ သူ့အစာ ဖြစ်ဖြစ်သွားတာပဲ၊ သူစားတဲ့ ကလေးလူကြီးလည်း မနည်းတော့ဘူး ဗျာ လို့ ချည့်သည်နှစ်ယောက်တို့ကို ပြောလိုက်" သတဲ့၊

မိကျောင်းဖမ်းသမားနှစ်ယောက်က -

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လောက်သောင်းကျန်း၊ သောင်းကျန်း ကျွန်တော်တို့ အရဖမ်းပါ့မယ်၊ သူရှိတတ်တဲ့နေရာကိုသာ ကျွန်တော်တို့ကို ပို့ပေးပါ" လို့ အတန်တန်ပြောကြတယ်၊

ဘယ်တော့ ပို့ပေးရမလဲလို့ တောင်က မေးတော့ သူတို့က ကျွန်တော်တို့ အချိန်ကြာကြာ မစောင့်ချင်ဘူး၊ အခုပဲ လိုက်ပို့ပေးပါလို့ ပြောကြတယ်၊

ဒီနေ့တော့မယ်၊ ဖြစ်ပါ့မလားလို့ တောင်က စိုးရိမ်လို့ပြောတော့ ညဘက်လရောင်တလေးလည်း ရှိပါတယ်၊ ဒီအချိန်မှာ ဖမ်းရင် အကောင်းဆုံးပဲလို့ ပြန်ပြောကြတယ်၊

ဒါနဲ့ - တောက်ကကမ်းစပ်မှာထားတဲ့ သူ့လက်လှော်လှေကလေးဆီသို့ ညွှသည်နှစ်ယောက်နဲ့ အတူသွားပြီး "မဲသောင်ကျွန်း" ဘက်ကိုလှော်ပို့တယ်လေ၊

တစ်ခုထူးဆန်းတာက မိကျောင်းဖမ်းမယ့်သူတွေမှာ မိကျောင်းဖမ်းဖို့ လက်နက်ဆိုလို့ ဘာလက်နက်တစ်ခုမှ မတွေ့ရဘူး၊ တောင်ရဲ့စိတ်ထဲမှာတော့ သူတို့ဘယ်လိုများဖမ်းမှာပါလိမ့်၊ မန်းမှုတ်ပြီးများဖမ်းမလားလို့သံသယတော့ရှိနေသတဲ့၊

ဘာပဲဖြစ်ဖြစ်၊ တောင်တို့ကို လူ‌ဖျေ ကဒီပါးမည်းကြီးဟာ နတ်မိကျောင်းသာ ဖြစ်ရမယ်၊ ဒါကြောင့် ဘယ်လိုနည်းနဲ့ ဖမ်းလို့မမိတာဖြစ်တယ်၊ ဒီဧည့်သည်နှစ် ယောက်က သိုက်ဆရာ ဖြစ်နိုင်တယ် ထင်ပြီး လိုက်ပို့တာဖြစ်တယ်၊

အဲဒီလိုတွေးရင်း လှေကို တဖြည်း ဖြည်း လှော်ခဲ့လို့ "မဲသောင်ကျွန်း" နား လည်းရောက်ရော ဧည့်သည်နှစ်ယောက် ဟာဝုန်းခနဲဝုန်းခနဲနဲ့မပြောမဆိုလှေပေါ် ကနေ ရေထဲကို ခုန်ချလိုက်ပြီး တစ်ခါ ငုပ်သွားတာ အတော်နဲ့ ပေါ်မလာတော့ ဘူး၊

ရွှေမိ၊ ပုတူးမ စသော မိန်းကလေး တစ်သိုက်မှာ စိတ်ဝင်စားမှုနှင့် ကြော ရှုံ့မှုများဖြင့် အဘွားသင်းအုံရှေ့သို့ တိုး လာကြသည်၊ အဘွားသင်းအုံက သူ စကားကိုဆက်လိုက်၏၊

တောင်က စိုးရိမ်နေသပေါ့ မကြာပါဘူး - တောင် ထူးထူးဆန်း မြင်လိုက်ရတာက -

ပါးမည်းကြီးကအလယ်က ပြီး သူ့ထက်ကြီးတဲ့မိကျောင်းကြီး ကောင်က ဘေးတစ်ဖက်တစ်ချ ညှပ်ပြီး ရေပေါ်ကို ပေါ်လာတယ် တော့ ပါးမည်းကြီးကို တစ်ဖက်စီ

ထိန်းပြီး မြစ်ကြောင်းအတိုင်း တဖြည်းဖြည်း စုန်ဆင်းသွားသတဲ့၊

တောင်လည်းတစ်ခါတည်းကြောက်ရွံ့ပြီး သူနေတဲ့အေးရွာအရောက်လှေကို တက်သုတ်လှော်ပြီး ပြန်ခဲ့တယ်လို့ အဘွားကြားရတယ်"

ပုတူးမက -

"ဟာ - ဒါဖြင့် မိကျောင်းကြီးနှစ်ကောင်က ဧည့်သည်နှစ်ယောက်ပေါ့နော် - အဘွား"

"အေးပေါ့ကွဲ့ - ခေါင်းသုံးတောင်ဖြည့်ပြီးပင်လယ်ထဲမှာရှိနေတဲ့မိကျောင်းကြီးတွေက လူယောင်ဖန်ဆင်းပြီး ပါးမည်းကြီးကို လာခေါ်တာ ဖြစ်မှာပေါ့ အေ့"

"အဘွားကိုယ်တိုင် အဲဒီတောင်နဲ့ တွေ့လို့ပြောတာလား - အဘွား"

ပေတိုးကမယုံသကဲ့သိုအဘွားသင်းအုံအား မေးမြန်းလိုက်သည်၊

ထိုအခါ အဘွားသင်းအုံက -

"ဟဲ့ ပေတိုးရဲ့ - နင်လည်း နင့်အဖေတို့ဘာဂျမ်းလိုပဲ၊ မယုံသလိုလို၊ မသင်္ကာသလိုလိုနဲ့၊ ခွကောင်ကလေးပါလား၊ ငါ ဒီဇုန်းက ကြက်တောင်စည်းနဲ့ဆိုနေမှ ဘဲ တလေးရှိသေးတာပေါ့၊ တောင်နဲ့တော့

ငါကိုယ်တိုင် ဘယ်တွေ့ပါ့မလဲ၊ တွေ့ လည်းငါ့လိုကလေးတစ်ယောက်ကိုသူ က အရေးလုပ်ပြီး ပြောပြပါ့မလားတဲ့၊ လူကြီးတွေပြောတာကို ငါတို့ သေ နားထောင်တာပေါ့"

လူငယ်တစ်သိုက်မှာ ယုံသူက ယုံ ကြသည်၊ မယုံသူက မယုံ၊ နားထောင်၍ ကောင်းသောပုံပြင်တစ်ခုဟု၍သာ ပေတိုးနှင့် ကြွက်နီတို့က ထင်သည်၊ ထို အထဲတွင် ပေသီးလည်း အပါအဝင်၊

မိန်းကလေးတစ်သိုက်ကမူအဘွား သင်းအုံပြောသော မိကျောင်းလူယောင် ဖန်ဆင်းသည်ဆိုသည်ကို အများအား ဖြင့် ယုံကြည်ကြသည်၊ ကြောက်ရွံ့ကြ သည်၊ မယုံကြည်ကြသူမိန်းကလေးတစ် သိုက်မှာ အနည်းစုသာ၊

လောလောလတ်လတ် ခေါင်းဆုံး ထားရသူ ပေသီးနှင့်တကွ ကြွက်နီတို့ တစ်သိုက်ကမူ တိရစ္ဆာန်က လူယောင် ဘယ်နည်းနှင့်မျှ မဖန်ဆင်းနိုင်တု ဖွဲ့ခြင်း မြဲ ယုံကြည်ကြသည်၊

ယခုလည်းရေပြာပေါက်မီးကျောင်း ကြီးကို ....၊

သည်မိကျောင်းကြီးကို သူတို့တစ် တွေ ဖမ်းသည့်တိုင်အောင် ဤအရပ်

www.burmeseclassic.com

www.burmeseclassic.com



အဆွေမျိုးနှင့် သက်ဆိုင်သူများကို ပသ တင်ခြောက်ပြီး ဖမ်းဆီးကြလိမ့်မည်ထင် သည်။

အတာယ်၍ ဤသို့ အယူအဆရှိသူ များစင်ဆီး၍မိကျောင်းကြီးကိုမမိလျှင် မိအောင် ဖမ်းကြလိုက်ပြီးမှ သူတို့ကို မိကျောင်းမှိန်းမှိန်းသာဖြစ်ကြောင်း သတ် သေကြလိုက်မည်တု တွက်နီတို့လူငယ် တစ်သိုက်တ သန္နိဌာန် ချလိုက်ကြသည်။

— ○ —

သနပ်ခါးနှင့် နနွင်းများရော၍ လိမ်း ထားသဖြင့် ဘဲတစ်ကောင်လုံးမှာ ဝါထိန် နေ၏။

ဘဲ၏ ဦးခေါင်းမှာ ပန်းပန်ထား၏။

ဘဲမှာ ဇောင်ကလေးပေါ်တွင် ကြိုး ချည်ထားသဖြင့် တဂတ်ဂတ် အော်မြည် ရင်း ရေစုန်အတိုင်း မျောပါနေ၏။

မလှမ်းမကမ်းတွင် လှေတစ်စင်း လော့်၍ လိုက်နေသည်။

တမ်းနဖူးတွင် အုန်းငှက်ပျောအစုံ အလင်နှင့်ကန်တော့ပွဲတစ်ပွဲ၊ ကန်တော့ ပွဲအနီးမှာ လူတစ်ယောက်က စလောင်း ဖုံးနှစ်ချပ်ကို လင်းကွင်းတီးသကဲ့သို့ တချပ်ချပ် တီးနေ၏။

ကမ်းနဖူးတစ်ခုလုံးတွင်ကလေး လူကြီးအများအပြားမှာ ရေထဲမှ နနွင်း ထိန်ထိန်နှင့် ဘဲကိုလည်းကောင်း၊ ကုန်း ပေါ်မှ စလောင်းဖုံးနှစ်ချပ်ကို တီးခတ်နေ သောသူကိုလည်းကောင်း စိတ်ဝင်စား စွာဖြင့် စူးစိုက်ကြည့်နေကြသည်။

တစ်ဦးနှင့်တစ်ဦး၊ တီးတိုး တီးတိုး နှင့် ပြောမဆုံးနိုင်ဖြစ်နေကြသော ထင် မြင်ချက်များ။

ဘဲတစ်ကိုယ်လုံးကို သာမန်ကြည့် လိုက်လျှင် နနွင်းလိမ်း၍ ပန်းပန်ထား သည်ကိုသာ မြင်ရသည်၊ ဘဲမွေးများ ဘဲတောင်များအကြား၌ ရှိနေသော ငါးမျှားချိတ်များကိုတော့ မမြင်နိုင်၊

ရေပြာပေါက် မိကျောင်းကြီးထို ဘဲအရှင်ဖြင့် မျှားနေခြင်းသာ၊

လူသားစားထားသော မိကျောင်း ကြီးကားအဓိတ်ပါးသည့်မိကျောင်းကြီး ဖြစ်ပေလိမ့်မည်၊

ထိုနေ့က တစ်နေသာ ဝင်သွား သည်၊ မိကျောင်းကြီး လာမစား၊ အရိပ် အရောင်ပင် မမြင်လိုက်ရ၊

တစ်နည်းမရလျှင် တစ်နည်းပေါ့။

တစ်မျိုး ကြံကြပြန်သည်။

ငှက်ပျောတုံးကိုဇောင်ဖွဲ့ထားသော ဇောင်ကလေးပေါ်တွင် ရင်ခွဲပြီးသား ကြောင်သေကလေးတစ်ကောင်၊

ငှက်ပျောတုံးဇောင်ကလေးမှာ ရေစုန်အတိုင်း တရွေ့ရွေ့၊

ရင်ခွဲထားသော ကြောင်သေ အလေး၏ အတွင်းမှ ငါးမျှားနှစ်ချောင်း ကိုတစ်ဖက်တစ်ချက်ဆီသို့ အသွားများ လှည့်နေအောင် ကျောချင်းကပ် ချည် နှောင်ပြီး ထည့်ထားသည်၊

ထိုငါးမျှားနှင့် ဆက်ထားသော အစီ ကြိုးခေါ် ငါးမျှားကြိုးမှာ ကြောင်အမြီးမှ တစ်ဆင့်၊ ဇော့တစ်ခုနှင့် ဆက်သွယ်ထား သည်၊

ထိုနေ့ကလည်း အချည်းနီး။

ကြောင်သေကိုစားရန် ယောင်လို့မှ စိတ်ကူးဟန်မတူသော ပါးဝါဝါမိကျောင်း ကြီးပါတကား။

ဘဲနှင့် ဖမ်း၍လည်းမရ၊

ကြောင့်နှင့် ဖမ်း၍လည်းမရ၊

ငါးမျှားစနစ်ဖြင့် ဖမ်း၍ ရတော့မည် မထင်၊

ဘဲတို့၊ ကြောင်တို့နှင့်မရလျှင် သူ့ အတ်ကြီးသော ခွေးနှင့် ထောင်ဖမ်းမည်၊

ခွေးသည် မိကျောင်းအလွန်ကြိုက် နှစ်သက်သောအစာ၊

ခွေးသေထက် ခွေးအရှင်လတ် လတ်ကို မိကျောင်းက ပိုကြိုက်သည်၊

သည်တော့ ...

ခွေးအရှင်နှင့်ပင် မိကျောင်းကို ထောင်ဖမ်းမည်၊

အဘညာဏ်တို့ ငယ်စဉ် တစ်နှစ်တ သူတို့နေရာတွင်ငါးမထိ၊တစ်နေ့လုံးဖမ်း လို့တစ်ကောင်ရချင်မှရသည်၊ထို့ကြောင့် အောက်ဘက် ပင်လယ်ဝအထိ ငါးဖမ်း ထွက်ခဲ့ဖူးသည်၊

ထိုစဉ်က မြင်ခဲ့ရသော မိကျောင်း ဖမ်းနည်းဖြင့် ဖမ်းဆီးရန် အဘညာဏ်တို့ တံငါသည်များ ဆုံးဖြတ်လိုက်ကြ၏။

ခွေးအရှင်ဖြင့် သုတ်ကိုင်းထောင် မည်၊

သုတ်ကိုင်းထောင်နည်းမှာ ခေတ် ပါ။

သမင်၊ ဒရယ်၊ ကြက်၊ ငှက်များကို သုတ်ကိုင်းထောင်သကဲ့သို့ ထောင်ရ မည်သာ။

နေရာဒေသတော့ ကွဲပြားသပေါ့။

ကြက်၊ ငှက်များကို ထောင်သော အခါ ကုန်းပေါ်မှာ၊ တောစပ်မှာ၊

မိကျောင်းကို ထောင်တော့ရေစပ် မှာ၊

လယ်ကွင်းထဲတွင် ယာယီတဲ ကလေးကို "ကုလားအုံ" တု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလားအုံတဲအတွင်းမှာ ခွေးအရှင်တစ်ကောင်ကို ကြိုးဖြင့် တုပ်ထားသည်။

တစ်နည်းအားဖြင့် မိကျောင်းကို ခွေးအောင်သံဖြင့် မြူဆွယ်ခေါ်ယူခြင်း။

ကုလားအုံအနီးတွင် ကပ်၍ သုတ်ကိုင်းတစ်ခုကို စိုက်ထားသည်။

မိကျောင်းကိုဖမ်းသော သုတ်ကိုင်းမှာ သန်မာပြီး တန်အားကောင်းရန် လိုသည်။

တန်အားကောင်းရန် ပင်လယ်ပိုင်းမှာ တနစိုတိုင်ကို အသုံးပြုကြသည်။

အဘညက်တို့၊ ကိုရင်ဘဂျမ်းတို့တာမှ တနစိုအစား တန်အားကောင်းလှသော ဝါးတို အသုံးပြုကြသည်။

သူတို့အရပ်မှာ ဝါးအမျိုးမျိုး ပေါလှ၏။

ထိုကဲ့သို့ ဝါးကို လုပ်ထားသော "သုတ်တံ" ကို "ဒုံတိုင်" ဟူ၍လည်း ခေါ်သည်။

ဒုံတိုင်၏အဖျားတွင် ကွင်းလျောပါသော ကြိုးခိုင်ခိုင်တစ်ချောင်း ရှိ၏။ ထိုကွင်းလျောမှာမိကျောင်းကခွေးကိုဟပ်လိုက်သည်နှင့်တစ်ပြိုင်နက် မိကျောင်းခေါင်းကို စွပ်သွားရန် အဆင်သင့်။

ဒုံတိုင်ကို "ဂ" ငယ်သဏ္ဍာန် ကွေးညွှတ်နေအောင် တိုင်အဖျားတွင် ချည်ထားသော ကွင်းလျောကြိုးကို မြေတွင်းစိုက်ထားသော တစ်မိုက်ခန့်ငုတ်တွင်းချိတ်ထားသည်။

မိကျောင်းက ခွေးကို ထိုးဟပ်လိုက်သည်နှင့်တစ်ပြိုင်နက်အလိုအလျောက် မိကျောင်းလည်ပင်းကို စွပ်မိနေမည့် ကွင်းလျောကြိုးသည်ငုတ်တွင်ချိတ်ထားရာမှ ပြုတ်ထွက်သွားပြီး မိကျောင်းကို လေထဲသို့မြှောက်တက်လာသည်အထိ ဆွဲသုတ် မြှောက်တင်ပေလိမ့်မည်။

ထိုနေ့တစ်နေ့လုံး အဘညက်တို့ ခွေးကို အစာလုပ်၍ သုတ်ကိုင်းထောင်သည်။

နေသာ ဝင်သွားသည်၊ မိကျောင်း ရောက်မလာ။

သို့နှင့် တစ်ညလုံး ဆက်ထောင်ထား၏။

ခွေးကလေး၏ တအိုင်အိုင် အော်ဟစ်ညည်းညူနေသံကြောင့်တစ်ညလုံး လိုလို အဘညက်တို့ အိပ်မပျော်သည်သာ အဖတ်တင်သည်။

မိကျောင်းကြီး ပင်လယ်ဆင်းသွားပြီလော။

လူသားစားဖူးသောမိကျောင်း လူသားအရသာသိ၍ ခွေးသားကိုမကြိုက်တော့ပြီလော။

ဘာကြောင့် မှန်းတော့ မသိ၊ မိကျောင်းက ခွေးကိုတစ်နေ့နှင့်တစ်ည လုံးလုံးလာမဟပ်သည်ကတော့သေချာပါသည်။

နောက်ထပ်လည်း လူသားကို ဖမ်းဆီးသည်ဟု မကြားရသောအခါ မိကျောင်းကြီးပင်လယ်ထဲပြန်ဆင်းသွားပြီဟူ၍သာ မှတ်ယူရတော့မလို ဖြစ်နေသည်။

— ○ —

မြုပ်ချက်သား ကောင်းလှသော မိကျောင်းကြီး ယနေ့ ကျားကျွန်းသောင်တွင် ကုလားပိုက်ဆွဲနေသော ကုလားတစ်ယောက်ကို ဆွဲသွားပြန်ချေပြီ။

မိကျောင်းကြီးကား အများထင်သလို ပင်လယ်ထဲသို့မဆင်းသေး။

ခွေးသားကို မကြိုက်သည်လည်း တုတ်ဟန်မတူ။

လူထက်ပါးသော မိကျောင်းကြီးသာဟူ၍ အဘညက်နှင့်တကွ နတ်မိကျောင်းဟုမယုံကြည်သောကြွက်နီတို့လူငယ်တစ်သိုက်က မှတ်ချက်ချလိုက်ကြ၏။

ယုံကြည်သူတစ်သိုက်ကမူ –

"တစ်ညက ကျားကျွန်းသောင်မှာ ရေထဲက သောင်စပ်ပေါ်ကို လူတစ် ယောက်တက်လာပြီးပျောက်သွားသတဲ့ မိကျောင်းကြီး လူယောင်ဆောင်တာဖြ မှာပဲ"

"ပါးဝါကြီးက လူဆယ်ယောက် ပြည့်အောင် စားမတဲ့"

စသော ကောလာဟလ သတင်းရဲ ကားမှုများမှာ ဇလွန်ဘက်တန်းတစ်ရွာ လုံးကို ဖုံးလွှမ်းနေသည်။

အချို့ယခင်နတ်မိကျောင်းဟု မယုံ ကြည်သူများပင် နည်းအမျိုးမျိုးဖြင့် ဖမ်း ဆီးသည့်တိုင်ဖမ်းမမိသောမိကျောင်းကို နတ်မိကျောင်းအဖြစ် ယုံကြည်လာကြ သည်၊ ကြောက်ရွံ့လာကြသည်။

အလွန်ပါးသော လူသားစား မိကျောင်းကြီးတစ်ကောင်မျှသာ ဟူ၍ ယုံကြည်သည့်ကိုရင်ဘဂျမ်း၊အဘညက် တို့နှင့်တကွ ကြွက်နီ၊ ပေတိုး၊ ပေသီ စသော လူငယ်တစ်သိုက်မှာ တဖြည်း ဖြည်း လူနည်းစု ဖြစ်လာ၏။

မယုံကြည်သူများတွင် ကိုရင် ဘဂျမ်းက ထိပ်ဆုံး။

ကိုရင်ဘဂျမ်းက အဘညက်တို့ လူကြီးများကို အသိဉာဏ် ဖွင့်ပေးသ

www.burmeseclassic.com

www.burmeseclassic.com

ကြွက်နီ၊ ပေသီးနှင့် သူ့သားပေဝိုးတို့ကို ရဲဆေးတင်ပေးသည်၊

သရုမှ အဘညက်ပင် "တောက်" တစ်ချက်ခေါက်လိုက်ကာ –

"ငါ အနှစ် နှစ်ဆယ်လောက် ပြန်ငယ်သွားချင်တယ်ကွာ၊ ဒီနတ်မိကျောင်းနဲ့ ရေထဲမှာ လိုက်ဒုပ်ပြီး ဓားမြှောင်နဲ့ ထိုးခြလိုက်ချင်တယ်၊ ဟေ့ – ကြွက်နီ – မင်းတို့လူငယ်တွေ ဒီမိကျောင်းကို အရဖမ်းကြစမ်းကွာ၊ မင်းကိုယ်တိုင်မိကျောင်းဖမ်းလို့များသေသွားရင်ငါဝမ်းမနည်းဘူးကွ၊ ဂုဏ်ယူမယ်ဟေ့ – ဂုဏ်ယူမယ်၊ မိကျောင်းဖမ်းဖို့ဆိုရင် ဘာလုပ်လုပ် ငါအားပေးတယ်၊ သဘောတူတယ်" ဟု၍ ရှေ့ငမဲရှြင့် ပြောရှာသည်၊

သည်တော့ ဘယ်လိုလုပ်ရပါ့။

"မိကျောင်းကိုဖမ်းချင်ရင်မိကျောင်းပေါက်ပွားတာကအစ မိကျောင်းရဲ့ အလေ့အထ၊ အကျင့်အကြံ၊ မိကျောင်းရဲ့ အထာကို သေသေချာချာ သိဖို့လိုတယ်တော့၊ မိကျောင်းဖမ်းနည်းတွေကို စုံစုံစေ့စေ့သိမှဖြစ်မယ်၊ မိကျောင်းအကြောင်း အခြေအမြစ်ကအစ သိတဲ့သူကို တို့တစ်တွေ ရှာကြရမယ်"

ကိုရင်ဘဂျမ်းက နည်းလမ်းရှာရန် ပြောသည်၊

ကြွက်နီတို့ သတ္တိရှိသည်မှာ မှန်သည်၊ မိကျောင်းဖမ်းရန် အသက်စွန့်ရဲသည်၊ ရေထဲတွင် တရကြမ်းလိုက်ဖမ်း၍လည်းမဖြစ်၊ လက်တွေ့တော့လုပ်ရဲပါ၏။ သို့သော် ကိုရင်ဘဂျမ်း၏စကားအရဖမ်းနည်းကို လမ်းညွှန်ပေးမည့်သူ လိုသည်။ သို့မဟုတ်ပါက လူမိုက်သာ ဖြစ်မည်။ သတ္တိရှိသူမဟုတ်၊

မိကျောင်းအကြောင်းကို အသေးစိတ်သိသူ ဘယ်မှာရှိသနည်း။

ဘယ်မှာ လေ့လာရမည်နည်း။

ကိုရင်ဘဂျမ်းက ရက်မကြာမီ အတွင်း ဆကာကြီး အ.ဆ.က ကျောင်းမှာ အထက်တန်းပြဆရာ လုပ်နေသော ဆရာတစ်ယောက်ကို ရှာဖွေသိရသဖြင့် ကြွက်နီတို့အား သတင်းပေးသည်။

ဘိုကံလေး၊ ဖျာပုံဘက်မှ ပြောင်းလာသူ ထိုအရပ် သားဇာတိ၊ ဆရာ ဦးမြင့်အောင် တစ်ယောက်ရှိကြောင်း လမ်းညွှန်ပြသည်၊

ဆရာသည် ဓေတ်ပညာတတ်၏ မွေးကတည်းက မိကျောင်းများ ပေါများ ရာအရပ်တွင် ကြီးပြင်းခဲ့ရသူ၊

မိကျောင်းအကြောင်းကို စာတွေ့ မျက်မြင် စုံလင်သူတစ်ယောက်၊ သူတပြည့်စုံသူတစ်ယောက်ဟူ၍လည်း သိရပြီ၊

ဆရာ ဦးမြင့်အောင်မှာ စာတွေ့နှင့် ကိုယ်တိုင်ကြုံတွေ့ရချက်များ ရှိသူတစ်ယောက်တော့ မှန်၏၊ ဗဟုသုတပြည့်စုံသူလည်း မှန်၏၊

သို့သော် ကျောင်းစာသင်ခန်းတွင် အချိန်ကုန်ခဲ့ရသော ခေတ်ပညာတတ် တစ်ယောက်သာဖြစ်၍ လက်တွေ့တော့ မှိုတန်မတူ၊ စာတွေ့သာ ရှိမည်၊

ကိုယ်တိုင်မိကျောင်းကိုရေထဲဆင်း၍ မင်းပါဆိုလျှင် ဖမ်းဆီးဝံ့သောသတ္တိ သူ့အာမှိ၊ ကျွမ်းကျင်မည်လည်း မဟုတ်၊

ဖမ်းဆီးပုံ၊ ဖမ်းဆီးနည်းကိုတော့ ဆရာ ဦးမြင့်အောင်က ကောင်းကောင်းကြီး လေ့လာထားသဖြင့် လမ်းညွှန်နိုင်ပေလိမ့်မည်၊

စာပေဗဟုသုတရှိသူမို့ မိကျောင်း၏ပေါက်ဖွားပုံ၊ အလေ့အထ၊ အကြောင်းအရာများကို စုံစုံလင်လင် ပြောပြနိုင်ပေလိမ့်မည်ဟု အဘညက်၊ ကိုရင်ဘဂျမ်းနှင့်အတူ ကြွက်နီတို့က ယုံကြည်ပါ၏။

နတ်မိကျောင်းဟု မယုံကြည်သူများတွင် ဆရာဦးမြင့်အောင်လည်း အပါအဝင်၊

ထိုကြောင့်ကျောင်းအားရက်တနင်္ဂနွေနေ့တစ်နေ့တွင် အေးအေးဆေးဆေး ဆရာဦးမြင့်အောင်၏ နေအိမ်သို့ သွားပြီး မိကျောင်းအကြောင်း သိလိုသောအရာများကို မေးမြန်းလေ့လာမည်ဟု ကြွက်နီတို့ သူငယ်ချင်းတစ်သိုက် ဆုံးဖြတ်လိုက်ကြ၏၊

ကြွက်နီတို့ လူငယ်တစ်သိုက်နှင့်အတူ သူ့အဖေ ကျားတို့သမားကြီး ဦးထွန်းကိုယ်တိုင် မိကျောင်းပုတ်ခံရသဖြင့် အသက်ဆုံးရသည်ကို မမေ့နိုင်၊ ရှေ့နိုင် ဖြစ်နေသော ပေသီးလည်း ပါသည်။

ပေသီးပါလာသဖြင့်ကြွက်နီတို့အဖွဲ့မှာ အထူးတောင့်တင်း၍ အားရှိသည်။ အဘယ်ကြောင့်ဆိုသော်၊ ပေသီးသည် ဖခင်ရှိစဉ်က ကျားတို့သမ္မန်ကိုအမေနှင့်အတူ ဦးစီးအဖြစ်သမ္မန်လိုက်နေရသော လည်း တစ်ဖက်က တံငါကောင်းတစ်ယောက်လည်းဖြစ်သည်၊

သူ့အဖေ သေဆုံးမည့်နေ့တုန်းက ငါးများကို အစီကြီးတပ်နေရာမှ တစ်ပါ ဆင်းပြီး သမ္မန်ကျားတန်နေစဉ် ဦးထွန်း မိကျောင်းပုတ် ခံခဲ့ရသည်၊

ပေသီးကား ငါးဖြင့်ရှင်းသူများ တွင် အထူးကျွမ်းကျင်လှသည်၊ ကြီး...

www.burmeseclassic.com

www.burmeseclassic.com



သော ငါးမြင်းရင်းကြီးများ၊ ငါးရွှေးကြီးများ ငါးတန်ကြီးများကို လင်းမြွေပြီးမိန်းနှင့် အကြိမ်ကြိမ် ပစ်ခတ်ဖမ်းဆီးခဲ့ဖူး၏။

ငါးထိုးရာတွင် အထူးလက်ဖြောင့်သူဟူသော နာမည်တစ်လုံးပိုင်ရှင်။

ကြွက်နီတို့ထက် အသက်ကြီး၍ အားကောင်းမောင်းသန်သော လူလတ်ပိုင်းတစ်ဦးလည်း ဖြစ်သည်။

သူ့အဖေအတွက် သူ ကလေ့စားချေရသည်။

နတ်မိကျောင်းသော ဘာသော မရှောင်နိုင်၊

သည်မိကျောင်းကို အမိဖမ်းရန် တစ်ကြိမ်းတည်း ကြိမ်းဝါးနေသူ။

ပေသီးသည်လင်းမြွေပြီးမိန်းကိုပစ် မလွဲရန် ကုန်းပေါ်တွင်ပင် တွေ့သမျှ ဘစ်ပင်ကြီးများ၏ပင်စည်ကို ပစ်ခတ်၍ ပြန်လည်လေ့ကျင့်နေ၏။

သူ ပစ်လိုက်လျှင် တန်းစနဲ့ မိန်းက စိုက်သွားရမည်။

ယခု ပေသီးမှာ နတ်မိကျောင်းဟု မယုံကြည်သော ကြွက်နီတို့တစ်သိုက်နှင့် ပေါင်းမိချေပြီ။

—○—

"ဒီလိုကွ - မျက်မှောက်ခေတ်တွေသွားတဲ့အကောင်ထဲမှာတော့ မိကျောင်းဟာ အကြီးဆုံးပဲ"

"မိကျောင်းအကြောင်းပြောရင် မိကျောင်းအမျိုးအစားနဲ့ မိကျောင်းပေါက်ဖွားပုံက စပြီးပြောမှ ပိုရှင်းမယ်။ မိကျောင်းအမျိုးပေါင်း နှစ်ဆယ့်လေးမျိုး ရှိတယ်လို့ ငါ ဖတ်ဖူးတယ်၊ ဒါပေမဲ့ - နောက်ဆုံးအမျိုးအစားကို ချုပ်လိုက်ရင် မိကျောင်းခေါင်းတိုနဲ့ မိကျောင်းခေါင်းရှည်ဆိုပြီး နှစ်မျိုးနှစ်စားပဲ ခွဲခြားနိုင်တယ်"

ကြွက်နီတို့ကို ဆရာ ဦးမြင့်အောင်က လက်ဖက်ရည်ကြမ်းနှင့် ထန်းလျက်ညှပ်ပြီး မိကျောင်းအကြောင်းတို့ ရှင်းလင်းပြနေသည်။

"ဒါဖြင့် ဆရာ - အခု - ကျွန်တော်တို့ဆီမှာ သောင်းကျန်းနေတဲ့ မိကျောင်းက ခေါင်းရှည်လား၊ ခေါင်းတိုလား - ဆရာ"

ကြွက်နီက သိလို၍ မေးလိုက်၏။

ထိုအခါ ဆရာ ဦးမြင့်အောင်က -

"ဟာ - မိကျောင်းခေါင်းရှည်ပေါ့ကွ၊ တို့မြန်မာပြည်မှာမိကျောင်းခေါင်းတိုလည်း မရှိပါဘူး။

မိကျောင်းခေါင်းတိုဟာ တရုတ်ပြည် ယန်စီမြစ်မှာနဲ့ အမေရိကန်အရှေ့တောင်ပိုင်းမှာသာ ရှိသတဲ့၊

မိကျောင်းခေါင်းတိုက ခေါင်းကျယ်တယ်၊ နှာတံက တိုပြီး ဝိုင်းတယ်၊ မိကျောင်းတိုင်းလိုလိုမှာ စတုတ္ထအောက်သွားတာ တခြားသွားတွေထက် ပိုရှည်တယ်၊

ခေါင်းတိုက ပါးစပ်ပိတ်လိုက်တော့ အဲဒီသွားအရှည်ဟာ အထက်အရိုးက တွင်းတလေးထဲမှာ အံကျဝင်နေတယ်၊ ပါးစပ်အပြင်ဘက် မထွက်ဘူး၊

ခေါင်းရှည်ကျတော့ ပါးစပ်ပိတ်လိုက်ရင် အဲဒီသွားက အပြင်ဘက်ထွက်နေတယ်၊ အစွယ်လိုဖြစ်နေတာပေါ့ကွာ၊ မိကျောင်းခေါင်းရှည်ဟာ ရေအောက်မှာ အကြာကြီး မနေနိုင်ဘူးကွ၊ အများဆုံး တစ်နာရီကျော်ကျော်ပဲ နေနိုင်တယ်၊ တစ်နာရီကျော်ရင် ရေပေါ်တက်အသက်ရှူတယ်၊ အိပ်တော့ ရေစပ်စပ်ကုန်းပေါ် သောင်ပြင်မှာ အိပ်တတ်တယ်၊

ပြီးတော့ - သူတို့ရဲ့နှာခေါင်း၊ နားအုံ မျက်လုံးက မျက်နှာပေါ်မှာ မို့တက်နေတော့ ရေပေါ်မှာ သစ်တုံးတစ်တုံးလို ဖော့နေတဲ့အခါ သူတို့ရဲ့နှာခေါင်းနဲ့ မျက်လုံးက ရေပေါ်မှာ အလိုအလျောက် ပေါ်ပြီး အသက်လွယ်လွယ် ရှူနိုင်တာပေါ့၊ ဖမ်းရမယ့်သားကောင်ကိုလည်း လွယ်တကူ မြင်နိုင်တာပေါ့"

ထိုအခါ ပေသီးက -

"ဆရာ - တချို့က ပြောကြတယ်၊ မိကျောင်းမှာ လျှာမရှိဘူးတဲ့၊ တခ်ချို့ကြီး တချို့က ဒီကောင် လျှာရှည်လိုက်တာ မိကျောင်းသား ကျနေတာပဲတဲ့၊ မိကျောင်းမှာ လျှာရှိ၊ မရှိ သိချင်တယ် ဆရာ၊ လျှာမရှိရင် ဘယ်လိုအရသာခံစားမလဲ - ဆရာ"

"အေး - မင်းမေးမယ်ဆိုလည်း မေးစရာပဲ၊ မိကျောင်း ပါးစပ်ဟနေတဲ့အခါ လျှာကို မတွေ့ရဘူး၊ ဒါပေမဲ့ - တကယ်တော့ မိကျောင်းမှာ လျှာရှိပါတယ်ကွာ၊ အခြားတိရစ္ဆာန်တွေလို လျှာကို အပြင် မထုတ်နိုင်ဘူး၊ လှုပ်ရှားမှု မပြုနိုင်ဘူး၊ သူတို့လျှာက ပါးစပ်အောက်မှာ အသေကပ်နေလို့ ထိုးမမြင်ရတာကွ၊

ပြီးတော့ - သူတို့ သားကောင်တို့ ဖမ်းရင် အမြီးနဲ့ ရိုက်ဖမ်းတယ်၊ ရေထဲသာ မဟုတ်ဘူး၊ ကုန်းပေါ်မှာလည်း ရိုက်ဖမ်းနိုင်တာပဲ၊

နောက် - သူတို့ရဲ့ သန်မာတဲ့မေးရိုးကို အားကိုးတယ်၊ သားကောင်တို့ အဲဒီအရ ရေနက်ထဲ ဆွဲသွားပြီး ငါးတင်မှာ ကိုက်ချီထားတဲ့ သားကောင်နဲ့အတူလူး လိမ့်ပစ်လိုက်တယ်၊ ပစ်ချလိုက်ခဲ့ လိုက်တယ်၊ အဲဒီနည်းနဲ့ မိကျောင်းဖမ်း



www.burmeseclassic.com

www.burmeseclassic.com

ခံရတဲ့သားကောင်ဟာ ရေမွန်းပြီး သေရတာပေါ့။ ဒီတော့မှ သားကောင်ကို ကိုက်ဖြတ်ပြီး အသားတစ်တစ်ချင်း မျိုချပြီး စားလေ့ရှိတယ်၊ လျှာအရသာမခံဘူး၊ အထူးသဖြင့် မိကျောင်းခေါင်းရှည်က ပိုရက်စက်ပြီး လူကို အန္တရာယ်ပြုတယ်"

"မိကျောင်းဟာ ဘယ်လိုအရပ်မှာ နေတတ်ပြီး ဘယ်လောက်အထိ ကြီးနိုင်သလဲ - ဆရာ" ဖေ့ခွေး၏အမေးကို ဆရာဦးမြင့်အောင်က -

"မိကျောင်းဟာ အများအားဖြင့် ရေငန်ပိုင်းနဲ့ ဒီရေအတက်အကျရှိတဲ့ ရေချိုရေငန်စပ်မြစ်ဝများမှာ အနေများတယ်၊

ချောင်းဆုံဝဲရှိတဲ့ နေရာမှာ ပိုပြီး ကျက်စားလေ့ရှိတယ်၊ ဒါကြောင့် အဲဒီလို အရပ်မျိုးမှာ ညဘက် မီးထိုးကြည့်လိုက်ရင်ကွာ၊ မြစ်ဝတစ်လျှောက် မျက်လုံး တဝင်းဝင်းနဲ့ မိကျောင်းတွေကို ခဏခဏ တွေ့ရတာပေါ့ကွာ၊

မိကျောင်းအရွယ်ကတော့ ငါ ငယ်ငယ်တုန်းက ငါနေခဲ့တဲ့ ပင်လယ်ပိုင်းမှာ ပေနှစ်ဆယ်နီးပါးလောက်အထိ မိကျောင်းကို မြင်ခဲ့ဖူးတယ်၊ အကြီးဆုံး ပေသုံးဆယ်လောက်အထိ ရှိတယ်လို့ ကြားဖူးတယ်၊ အတောင်နှစ်ဆယ်လောက်ပေါ့ကွာ"

"ဟာ - ဒီလိုဆိုရင် ခေါင်းသုံးတောင်ကျော်ပြီပေါ့"

"အရွယ်ကြီးရင် ခေါင်းရှည်မှာပေါ့ကွ၊ ခေါင်းသုံးတောင်ရှိတိုင်း န... မိကျောင်းဖြစ်မယ်၊ လူယောင်ဆောင်နိုင်... မယ်ဆိုရင်ကွာ အိန္ဒိယနဲ့ အာဖရိကဘက်က မိကျောင်းခေါင်းရှည်တွေအားလုံး နတ်မိကျောင်းကြီးတွေပေါ့ကွ၊ ပြီးတော့ အဲဒီအရပ်တွေမှာရှိတဲ့ မိန်းမတွေနဲ့ ... ယောင်ဖန်ဆင်းထားတဲ့ နတ်မိကျောင်း... တွေညားပြီး မိကျောင်းကပြားကလေး... တွေလည်း အတော်များရောပေါ့ကွ - ဟား - ဟား - ဟား"

ဆရာ ဦးမြင့်အောင်က ရယ်သွ... သွေး ပြောဆိုပြီး -

"ကဲ - ကဲ - မိကျောင်းအကြောင်း... လည်း ပြောပေါ့၊ လက်ဖက်ရည်ကြ... ကလေးလည်း သောက်လိုက်ကြ... ထန်းလျက်လည်း စားကြလကွာ၊ ... တစ်ယောက်တည်းနေတော့ ဒီလော... ပဲ ညှဉ့်ခံနိုင်သကွ"

"ဟာ - ဆရာ - ကျွန်တော်တို့... ချင်လို့ ဆရာ့ကို လာမေးတာ၊ ကျွန်... တို့ကသာ ဆရာ့ကို ကန်တော့ရဦးမှာ၊ နောက် ငါးရမှ ဆရာ့ကို ငါးနဲ့ ကန်တော့ဦးမယ် - ဆရာ"

"အေး - အေး - ငါးကြော်မစားရခင် အာမင်းတို့ပြောတာနဲ့ အတော်ကလေး သွားပါပြီကွာ၊ ဒါကြောင့် ငါးကြော်ဖို့ ဆရာကတော်တစ်ယောက် ရှာရဦးမှာကွ - ဟား - ဟား - ဟား"

ဆရာဦးမြင့်အောင်သည် တစ်ဦးတည်း ပျော်ပျော်ပါးပါး နေတတ်သူဖြစ်၏၊ တွက်နီတို့ကို တပည့်များဟူ၍ အထင်မသေး၊ သူတို့တတ်ကျွမ်းသော ပညာနှင့် သူတို့ ရိုးရိုးသားသား လုပ်စားကြသူများဟုသာ မှတ်ယူထားသည်၊ တွက်နီတို့ကို တန်းတူရည်တူ သူငယ်ချင်းများကဲ့သို့ ရင်းရင်းနှီးနှီး ဆက်ဆံသည်၊ သူသိသမျှ ပြောပြသည်၊

ဆရာသည် သူ ကြိုက်နှစ်သက်လှသော ရှမ်းဖက်လိပ်ကြီးတစ်လိပ်ကို မီးညှိ၊ အထောင်းထောင်းထအောင် အားရပါးရ ရှူနေ၏၊

ထိုစဉ် တောက်ထွန်းက -

"မိကျောင်းက အသက် ဘယ်လောက်အထိ ရှည်သလဲ - ဆရာ"

ဆေးလိပ်သောက်နေရာမှ ဆရာဦးမြင့်အောင်က -

"သေသေချာချာတော့ မသိပါဘူးကွာ၊ အချို့စာအုပ်တွေထဲမှာ ရေးထားတာတော့ အနှစ်တစ်ရာလောက်အထိတောင် နေနိုင်တယ်ဆိုပဲ၊ သီလကောင်းလို့နဲ့တူတယ် - ဟဲ - ဟဲ - ဟဲ"

"ဟာ - ဒီလိုဆို - လူတွေထက်တောင် ပိုပြီး အသက်ရှည်ပါလား"

"အေး - ဒီအတိုင်းဆိုရင် လူတွေထက် ပိုပြီး အသက်ရှည်တယ်လို့ ဆိုရမှာပေါ့"

"သူတို့ ပေါက်ဖွားလာပုံကတော့ ဘယ်လိုလဲ - ဆရာ"

"အဲဒီဟာတော့ အတော်ကလေး စိတ်ဝင်စားစရာကောင်းသကွ၊ တို့အရပ်မှာတော့ "သရွတ်" လို့ခေါ်တဲ့ ချောင်းငယ်ရိုးငယ်တွေရဲ့အဖျား၊ သရွတ်များပေါ့ကွာ၊ ချောင်းဖျားရိုးဖျားမှာ မိကျောင်းတွေဟာ ဥကျင်းဥသိုက်လုပ်ပြီး ဥတတ်ကြတယ်၊

သရွတ်များလတာမြေပေါ်မှာ "ငှက်ကြီးတောင်ပင်" ဆိုတဲ့ အပင်တွေပေါက်လေ့ရှိတယ်၊ အဲဒီလို ငှက်ကြီးတောင်ပင်ပေါက်တဲ့ အရပ်မျိုးမှာမှ မိကျောင်းတွေဟာ ဥကျင်းလုပ်လေ့ရှိကြတယ်ကွ"

"ဥတော့ အသိုက်လုပ်ပြီး ဥတာလား ဆရာ"

www.burmeseclassic.com

"မဟုတ်ဘူးကွ၊ အဲဒီသရွတ်ဖျားမှာ ဖြေကြီးကို အနက်တံတောင့် ထွာ လောက်၊ နှစ်ပေလောက်ပေါ့ကွာ၊ တူးပြီး ငှက်ကြီးတောင်ရွက်တွေကို ခင်းလိုက်တယ်၊ အဲဒီအပေါ်မှာ မိကျောင်းမကြီးက တစ်ခါဥရင် နှစ်ဆယ့်ငါးဥကနေပြီး ဥပေါင်းခြောက်ဆယ်လောက်အထိ ဥတယ်၊

အဲဒီမိကျောင်းဥတွေအပေါ်ကိုငှက်ကြီးတောင်ရွက်နဲ့ ပြန်ဖုံးပြီး ရွှံ့နွံတွေနဲ့ ငှက်ကြီးတောင်ရွက်မှာ သရိုးကျုံလိုက်တယ်၊

ဒီနောက်တော့ မိကျောင်းမကြီးက သရွတ်ဖျားနားမှာရှိတဲ့ ရေအိုင်တစ်အိုင်အိုင်တ ငြိမ်ပြီးစောင့်နေတတ်တယ်၊ နေရောင်ရတဲ့မနက်ခင်းမျိုးမှာမိကျောင်းကြီးဟာကျင်းပေါ်တက်ပြီးနှံ့မံထားတာတွေ အက်ကွဲနေရင် ပြန်ပြီး မံပေးတတ်တယ်ကွ"

"စိတ်ဝင်စားစရာပဲနော်၊ သူ့ဥက ဘယ်လောက်ကြီးသလဲ"

"မိကျောင်းဟာ အကောင်ကြီးပေမယ့်သူ့ဥကတော့ဘဲဥသာသာလောက်ပဲရှိတယ်၊ ဒါကြောင့်တစ်ခါဥရင်ဥပေါင်းခြောက်ဆယ်လောက်အထိ ဥနိုင်တာပေါ့"

"ဘယ်လောက်အချိန်ကြာမှပေါက်သလဲ-ဆရာ"

"အေး-အဲဒါလဲစိတ်ဝင်စားစရာပဲ၊ မိကျောင်းဥဟာ နှစ်လလောက်ကြာတော့ နေရောင်အပူရှိန်နဲ့ ပေါက်တော့တာပဲ၊ ပေါက်ချိန်တန်တော့ ဥထဲတချောင်းဆိုးတဲ့အသံမျိုးလိုလို မြည်လာတယ်လို့ ပြောကြတယ်၊

အဲဒီအခါမှာ မိကျောင်းမက ဥတွေကိုဖုံးထားတဲ့သဲတို့သစ်ရွက်ခွေးတို့ကို ဖယ်ရှားပေးတယ်လို့ဆိုတယ်"

"အဲဒီတုန်းက ဥအတွင်းက မိကျောင်းကလေးရဲ့နှာတံထိပ်မှာအချွန်ကလေးတစ်ခုရှိတယ်၊ အဲဒီအချွန်ကလေးနဲ့ မိကျောင်းဥအခွံကို ဖောက်ထွက်လာတယ်၊ ဒီအချွန်ကလေးက ဥက ထွက်လာပြီး မကြာခင်ပဲ ကျိုးသွားတော့ မိကျောင်းအရွယ် ကြီးလာရင် မတွေ့ရတော့ဘူးပေါ့၊

မိကျောင်းကလေး ပေါက်စမှာ မှန်လက်မလောက်ပဲ ရှိတယ်၊ တစ်လလောက်ကြာတော့တစ်ပေလောက်ဖြစ်လာတယ်၊ ငါးနှစ်သားအရွယ်လောက်ရောက်တော့ခြောက်ပေလောက်ရှိလာတယ်ကွ၊ နောက်တဖြည်းဖြည်းကြီးလာတဲ့အခါပေနှစ်ဆယ်သုံးဆယ်အထိကြီးလာတာပေါ့ကွ"

ထိုအခါငခွေးက-

"ဟာ-ဆရာ-ကျွန်တော်ကြားဖူးတာကတော့ မိကျောင်းကလေးတွေ ပေါက်ခါစကတည်းက မိကျောင်းမကြီးက ချောင်းထဲအရောက် လမ်းလုပ်ပေးထားတယ်၊ မိကျောင်းကလေးတွေ ပေါက်လာပြီး အဲဒီလမ်းအတိုင်း ထွက်လာတဲ့ မိကျောင်းပေါက်စကလေးတွေကိုလမ်းအဆုံးချောင်းအစပ်မှာမိကျောင်းကြီးက ပါးစပ်ဟထားပြီး လာတဲ့ မိကျောင်းကလေးတွေကို စားပစ်တယ်၊ အဲဒီလမ်းလွဲကိုထွက်သွားတဲ့မိကျောင်းကိုတော့ မစားဘူးဆို"

"အေး-ဒီလိုပဲ-ပါးစပ်စကားပြောကြတာကို ဆရာလည်း ကြားဖူးတယ်၊ ဒါပေမဲ့-မိကျောင်းမကြီးက ကိုယ့်သားကိုယ်ပြန်စားနေတာကိုကိုယ်တွေ့တွေ့မြင်ခဲ့သူတော့ ဆရာ မတွေ့ဖူးသေးဘူး၊ တစ်ဆင့်စကား တစ်ဆင့်နားသာ ကြားဖူးတာပါ၊

မိကျောင်း ခေါင်းတိုများဆိုရင် ပေါက်လာတဲ့မိကျောင်းကလေးတွေကို ငါးရံ့ကြီးကငါးရံ့သားပေါက်ကလေးတွေကို လိုက်ပြီး စောင့်ရှောက်သလို စောင့်ရှောက်နေတယ်လို့တောင်ဆရာဖတ်ဖူးတယ်ကွ"

"ဒီလို မိကျောင်းပေါက်ချိန် မိကျောင်းကြီး ကုန်းပေါ်တက်နေတုန်း ဖမ်းရင် လွယ်မှာပေါ့နော်"

"အေး-ဒီအချိန်ဟာ အလွယ်ဆုံးပေါ့၊ အဲဒီအချိန်မှာ လိုတဲ့ပစ္စည်းတာ သမန်းလျှော်ကြိုး အတောင်တစ်ရာလောက်နဲ့ သရောသားကို အသားခွခွ သစ်တုံးအလုံး ညိုဆိုင်လောက်၊ ဒါမှ မဟုတ် တစ်ပေပတ်လည်လောက်ကို အရှည်တံတောင့်ထွာလောက် ဖြတ်ထားတဲ့တုံးတစ်တုံးပဲလိုတယ်၊ သစ်တုံးအလယ်မှာလျှော်ကြိုးကိုမြဲမြဲချည်ထားပြီး အဲဒီသစ်တုံးကြီးကို မိကျောင်းခေါင်းအနား ပစ်ချလိုက်ရတယ်၊

မိကျောင်းမကြီးဟာ သားဓာန်တက်နေလို့ပဲလား၊ အစာမာန်တက်နေလို့ပဲလားမသိဘူး၊ ပစ်ချလိုက်တဲ့သရောသားတုံးကိုတစ်ခါတည်းကိုက်ဖမ်းလိုက်တာပဲ၊ အဲဒီနောက် ကိုယ်တို လူးလိုမ့်ပြီး လိမ့်လိုက်တာနဲ့ မိကျောင်းကိုယ်ကို အလိုအလျောက် ကြိုးပတ်ပြီး ငြိသွားတယ်၊ ကြိုးတုပ်ခံရတဲ့မိကျောင်းကိုဖမ်းရတာတော့ အင်မတန်လွယ်သွားပြီပေါ့ကွာ၊

www.burmeseclassic.com

"အချို့ကတော့ သရွတ်ချောင်းများ တဖြိုန်ထင်းလာတဲ့မိကျောင်းကိုဝါးတွေနဲ့ ယင်းထောင်ထားပြီး ဖမ်းလို့လည်းရသပေါ့"

ဆရာဦးမြင့်အောင်သည်မိကျောင်းဖမ်းနည်းတို့အားရပါးရပြောပြနေ၏။

ထိုအခါ ပေသီးက -

"ဆရာ - ကျွန်တော်တို့ အရပ်မှာ မိကျောင်းတို့ ဘဲနဲ့ဖမ်းတယ်၊ ကြောင်နဲ့ဖမ်းတယ်၊ ခွေးနဲ့ဖမ်းတယ်၊ မမိနိုင်ဘူး။ ဒီတော့ လူတွေက နတ်မိကျောင်းလို့ ထောင်ပြောနေကြပြီ။ ဒီပြင့်ဖမ်းနည်းများ ရှိသေးသလား - ဆရာ"

"ဟာ - ဓမ်တာက မိကျောင်းက ပါးလွန်းလို့ဖြစ်မှာပါကွာ။ လူသားတောင် ရအောင် ဖမ်းစားနိုင်တဲ့မိကျောင်း ပါးမှာပေါ့။ နတ်မိကျောင်းတော့ ရှိလည်း မရှိဘူး ဖြစ်လည်း မဖြစ်နိုင်ပါဘူးကွာ။

အစာနဲ့ ဖမ်းလို့တော့ ဒီအကောင်တို့ မိမှာမဟုတ်ဘူးကွ။ ရိုးရာရှေးအကျဆုံးနည်းနဲ့ပဲ ဖမ်းမှရမယ်လို့ ဆရာထင်တယ်၊ ဒီဖမ်းနည်းက သတ္တိတော့ နည်းနည်းရှိဖို့ လိုသပေါ့"

"ဟာ - ဆရာကလည်း ကျွန်တော့်အဖေကို သတ်သွားတဲ့ မိကျောင်းကို ကျွန်တော် အသက်ချင်း လဲရပါစေ မိအောင် ဖမ်းချင်တယ်၊ မိကျောင်းနဲ့ သတ္တိလဲပြိုင်ချင်ပါတယ် - ဆရာ၊ ဘယ်နည်းနဲ့ ဖမ်းရဖမ်းရ"

ပေသီးက စိတ်အားထက်သန်စွာ ပြောလိုက်၏။

ဆရာ ဦးမြင့်အောင်က -

"အဲဒီနည်းကတော့ "သန္တတ်"ဖမ်းနည်းပေါ့ကွ၊ တချို့က "စလွတ်"လို့ ခေါ်တယ်၊ တချို့ကတော့ "စန္တတ်"လို့လဲ ခေါ်ကြတယ်"

"သန္တတ်ဆိုတာ ဘယ်လိုဟာလဲ ဆရာ"

"သန္တတ်ဆိုတာမှိန်းတိုသဘောပေါ့ ကွာ၊ အသွားမှာ အထစ်တွေပါတယ်၊ တချို့က အရိုးကို ဝါးနဲ့ တပ်ထားတယ်၊ ဆရာ့သရွာတော့ အရိုးမတပ်စေချင်ဘူး၊ ဆရာ ပုံဆွဲပြမယ်"

ဆရာဦးမြင့်အောင်သည်ပြောပြောဆိုဆို သန္တတ်ပုံကို ဆွဲပြသည်။

"အဲဒီပုံ အတိုင်း ပန်းပဲဆရာဦးဖိုးပြောင်ဆီမှာ သုံးချောင်းလေးချောင်းလောက်လုပ်ခိုင်းလိုက်မယ်၊ အဲဒီသန္တတ်နဲ့ သတ္တိရှိရှိ ပစ်ဖမ်းရင် မင်းတို့နှင့် မိကျောင်းကြီး ခံနိုင်ရိုးလားကွာ၊

ဒီသန္တတ်အရင်းမှာ အစီကြိုးတပ်ထားရတယ်၊ ဆရာတို့အရပ်မှာ တချို့ခိုတင်းတဲ့သူတွေကတော့ ငှက်ပျောတုံးပေးတင်ပြီး ရေထဲမှာ မိကျောင်းနဲ့အတူ လိုက်မျောပြီးတောင် သန္တတ်နဲ့ပစ်တယ်၊

ဒီမှာတော့ ဒီလောက်မလိုပါဘူး၊ လှေနဲ့ပဲ လိုက်ပစ်လို့ဖြစ်ပါတယ်၊

အဲ - တစ်ခုတော့ သတိထားရမယ်ကွ"

"ဘာကိုသတိထားရမှာလဲ ဆရာ"

"ပဲ့စီးကွ - ပဲ့စီး၊ ဒီလို မိကျောင်းကို သန္တတ်နဲ့ပစ်လိုက်ရင် မိကျောင်းကို ထိတာနဲ့တစ်ပြိုင်နက် လှေပေါ်က လူကို မိကျောင်းက အမြီးနဲ့ ရိုက်ချတတ်သကွ၊

ဒီတော့ - ပဲ့စီးလုပ်တဲ့သူဟာ လှေဦးက သန္တတ်ပစ်ပြီးတာနဲ့တစ်ပြိုင်နက် နောက်က ပဲ့စီးလုပ်တဲ့သူက လှေပေါ်မှာ ထပ်မှောက်လိုက်ရမယ်၊ လျင်မြန်မှုတော့ လိုသကွ"

ဆရာ ဦးမြင့်အောင်သည် စကားပြော၍မောသွားဟန်ဖြင့် လက်ဖက်ရည်ကြမ်းတစ်ခွက်ကိုငှဲ့ပြီး တစ်ကျိုက်တည်း ဘျိုက်ချလိုက်တော့သည်၊

— ○ —

ယခုတစ်လောအသညာက်တို့ကွန် ဘက်တန်းရွာမြစ်ဆိပ်တစ်လျှောက်တွင် ရေချိုးသူမရှိသလောက် ရှားပါးနေ၏။

ရေပြာပေါက်မိကျောင်းကြီး (သို့ မဟုတ်) ပါးဝါကြီးကို ကြောက်ရွံ့နေကြ၏။

ပါးဝါကြီးကလည်း မြုပ်ချက်သားကောင်းလှသည်၊ ပိုက်ကုလားတိုစာမြီးကတည်းက ငြိမ်နေ၏။

ဘယ်သူပင် မြစ်ဆိပ်တမ်းနားသို့ မဆင်းပဲ ရှိပါစေ၊

မညွန့်ကြည်တစ်ယောက်မှာမူ ကမ်းပါးဆိပ်သို့ ဆင်းနေရရှာသည်။

မဆင်းချင်၍လည်း မဖြစ်၊

သူသည် မုဆိုးမတစ်ယောက်၊ ကလေးနှစ်ယောက်မိခင်ဖြစ်၏။ ထင်းရောင်းသည်၊

သူ့အလုပ်က ခဝါသည်၊

သည်တော့ ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ပရိယေသန ဝမ်းစာအတွက် မြစ်ဆိပ်ကို ဆင်းနေရ၏။

အိမ်တကာမှ ပေးလိုက်သော အဝတ်ဟောင်းများကို နေ့စဉ် လျှော်ဖွပ်ရမည်မှာ သူ့ဝတ္တရား၊

ထိုနေ့က အလွန်နေသာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောဝတီမြစ်ပြင်သည် ငွေသင်ဖြူးတိုဖြန့်ခင်းထားသကဲ့သို့ တည်ငြိမ်လှ၏။

ကလေးတစ်ယောက်နှစ်ယောက်နှင့် လူကြီးသုံးဦးခန့် မညွန့်ကြည်နှင့် လှေပေါ်တွင် ရေရှိုးနေကြသည်။

ရေရှိုးနေသူများကတော့ မမှု၊

မိကျောင်း၏လှုပ်ရှားမှုမရှိသည်မှာလည်း ရက်အတော်ကြာပြီ၊

မြစ်ရေမရှိုးရလျှင် ရေမကူးရလျှင် မနေနိုင်သောလူတစ်စု၊

အဓော်တွေလည်း ရှိသားပဲလေ၊

မညွန့်ကြည်သည် မိမိကိုယ်မိမိ အားတင်းပြီးအဝတ်ဟောင်းများကိုကမ်းပါးစပ်တွင် လျှော်ဖွပ်နေသည်၊

ကြောလှပါ၊

ချောက်ချက်သားကောင်းလှသော ပါးဝါကြီးက မညွန့်ကြည်နောက်မှ အသာကလေး တရွေ့ရွေ့ တိုးကပ်လာသည်၊

တည်ငြိမ်သမှ ရေလှိုင်းဂယက်ကလေးပင် မထအောင် ငြိမ့်ငြိမ့်ကလေး မညွန့်ကြည်အနားသို့ ကပ်လာ၏၊

ပါးလှသည့် မိကျောင်းပါးဝါကြီး၊

ဝုန်းခနဲ အမြီးဖြင့် မညွန့်ကြည်ကို ရိုက်လှဲပြီးသည်နှင့်တစ်ပြိုင်နက် သူ၏ ကျယ်ပြန့်သော ပါးစပ်ကြီးကို ဖြဲ၍ မညွန့်ကြည်အား တစ်ရှိန်ထိုး ဟပ်ကာ ရေအောက်သို့ဆွဲယူငုပ်သွားတော့သည်၊

မညွန့်ကြည်၏ ပါးစပ်မှ "အမယ်လေး" ဟူသောစကားပင် ဆုံးအောင်မထွက်၊

မညွန့်ကြည်တစ်ယောက် ချေပြပေါက်မိကျောင်းကြီး၏ သားကောင်ဖြစ်သွားရရှာချေပြီတကား။

ထိုသတင်းသည် ဇလွန်ဘက်တန်းတစ်ရွာလုံးသို့ ခဏချင်း ပြန့်သွားသည်၊

"ကြွက်နီရေ - ပျောက်ချက်သားကောင်းတဲ့ မိကျောင်း - မနေ့က မညွန့်ကြည်ကို ဆွဲသွားပြန်ပြီတဲ့တွ"

"ဒီလိုဆိုရင် ကျွန်တော်တို့လုပ်ငန်းလုပ်ဖို့ တော်ပြီထင်တယ် - ကိုပေသီး"

ကြွက်နီနှင့် ပေသီးတို့က အဝင်မှန်လှသော မိကျောင်းကို အတော်ကလေးမခံချင်ဖြစ်နေသည်၊

သည်မိကျောင်းကို ထောင်ဖမ်း၍တော့မရ၊ သူ မလာလျှင် ကိုယ်သွားရတော့မည်၊

ဆရာ ဦးမြင့်အောင် ပြောသကဲ့သို့ သန္တတ်ထိုး၍ ဖမ်းရတော့မည်၊

အလှေအကျင့်တော့ မရှိ၊

သို့သော် မိကျောင်းသာ မဖိုးမှုသည်၊ ငါးမြင်းရင်းကြီး၊ ငါးတန်ကြီးများကို မလွဲတမ်း လင်းမြွေပြီးမိုန်းဖြင့် ထိုးနိုင်သောပေသီးက သူ့လက်ကို သူယုံသည်၊

ဖခင်တစ်ယောက်လုံးအသက်ဆုံးခံလိုက်ရသဖြင့် မကျေနိုင်၊ မချမ်းနိုင်ဖြစ်နေသောပေသီး၊

သူနှင့်တွဲဖက်ရမည့်အဖော်ကမွေးကတည်းက လှေပေါ်မှာကြီးပြီး လျှင်မြန်ဖျတ်လတ်လှသော ကြွက်နီ၊

ကြွက်နီ၏အဘိုး အဘဥက်ကလည်းနတ်မိကျောင်းဖမ်းလို့မမိဟူသော အယူအဆကို လက်မခံနိုင်သော အဘိုးအို၊

တစ်ရွာလုံးက ခေတ်မီပြီး အတွေးအခေါ်ကောင်းနှင့် ချင့်ချိန်တတ်သည်ဟု ယုံကြည်ထားကြသော ကိုရင်ဘဂျမ်းကနတ်မိကျောင်း ဆိုသည်မှာမရှိဟု ရဲရဲဝံ့ဝံ့ ကြွေးကြော်ကာ ပေသီးတို့ လူငယ်တစ်သိုက်အား ရဲဆေးတင်ပေးနေသည်၊

ဤသို့သောအကြောင်းများကြောင့်ပင်၊ အဘဥက်က သူ့မြေး ကြွက်နီ ဤလုပ်ငန်းများကို လုပ်မည်ဆိုပါက အရှိန်မရွေး သဘောတူ၏။

အကယ်၍ ကြွက်နီ အသက်ဆုံးရှုံးသွားသည့်တိုင်မြေးတစ်ယောက်အတွက် ဝမ်းမနည်းရမည့် အဘိုးအို အဘဥက်၊ မိကျောင်းထိုးပုံထိုးနည်းတို့ သင်ကြားပေးသည့် ဆရာ ဦးမြင့်အောင်။

ထို့ကြောင့် ကြွက်နီနှင့် ပေသီးတို့က မိကျောင်းကို သန္တတ်ဖြင့် ထိုးခမ်းရန်နည်းလမ်းများကို ဆရာဦးမြင့်အောင်ထံတွင် အသေးစိတ် ထပ်မံမေးမြန်းကြသည်၊ လက်နက်အဖြစ် လိုအပ်သော သန္တတ်များကို ဆရာဦးမြင့်အောင်တို့ထံ တိုင်ပင်ပုံဆွဲပြီး စိတ်တိုင်းကျ ပန်းပဲဖိုတွင် အပ်နှံပြုလုပ်ထားသည်၊

ဘာလိုတော့သနည်း။

ဖွဲ့နှင့် သတ္တိသာ လိုတော့သည်။

ကြွက်နီက တစ်ဖွတ်ထိုး လျှင်မြန်ဖျတ်လတ်လှသော လှေဦးပေါ်အရှေ့သို့

ပေသီးက အဖေ့အတွက် တလဲ့စားချေလိုလှသော ဇလွန်ဘက်တန်းရွာတွင် အားကောင်းမောင်းသန် မိုန်းတစ်လက်ကိုင်ဆောင်ထားသူတစ်ယောက်၊

နှစ်ယောက်ပေါင်းလျှင် သူ့မိကျောင်း လွတ်ရိုးလား။

သန္တတ်များတွင် အစိကြိုးနှင့် ဖောင်းတံများလည်း တပ်ဆင်ပြီးပြီ၊

— ၇ —

www.burmeseclassic.com

www.burmeseclassic.com

ဈေးကျွန်းသောင်စပ်တစ်ဝိုက်တွင် လှေတစ်စင်းသည် ဖြည်းဖြည်းချင်း လှော်ဝင်နေ၏။

လှေပေါ်တွင် လူနှစ်ယောက်။

ပဲ့ပိုင်းမှ လှော်နေသူက ကြွက်နီ။

လှေ၏ ရေပက်ကန့်အရှေ့ လှေဦးပိုင်းလောက်တွင် သနွတ်ကို လက်တစ်ဖက်မှ ကိုင်၍ ဝတ်ဝန်းကျင်ကို လင်းယုန်ငှက်စိုက်ကဲ့သို့ အလွတ်မပေးတမ်း ကြည့်ပြီး မိကျောင်းကြီးကို ရှာဖွေနေသူက ပေသီး။

ယနေ့ဆိုလျှင် သုံးရက်မြောက်ပေပြီ။

မိကျောင်းကြီးကို ရှာမတွေ့သေး။

ဖွဲရှိရမည် ဆိုသည့်အတိုင်း သူတို့နှစ်ဦးက ဖွဲမလျော့။

ကြွက်နီနှင့် ပေသီးတို့နှစ်ဦး ဈေးကျွန်းသောင်စပ်မှ ရေစုန်အတိုင်း တရွေ့ရွေ့မျောလာသည်မှာ ကန့်လန့်တန်းရွာအရှေ့သို့ပင် ရောက်လာပြီး ရှေ့ဆက်စုန်လျှင် ခနဖြူပင် ရောက်တော့မည်။

ထိုနေရာတွင် ရေတစ်ဝက်၊ ကုန်းတစ်ဝက် ကိုင်းပင်များ ပေါက်နေ၏။

နေမင်းလည်း ဆဲဆဲ ဖြစ်နေပြီ။

ညနေရာ ရောက်၍မှ မိကျောင်းကြီးကို မတွေ့လျှင် ရေဆန်ကို ပြန်၍တစ်ဖန်လှော်ရင်း သူတို့နေထိုင်ရာ ဇလွန်သာတန်းရွာ အနီးတစ်ဝိုက်တွင် ရှာကြဦးမည်၊ ထိုစဉ် -

"ဟော့ကောင် - ကြွက်နီ - ကြွက်နီ - ဟို - ကိုင်းပင်စပ်က မည်းမည်းရှည်ရှည် တစ်ခုဟာ ပါးဝါကြီးနဲ့တူတယ်ကွ"

ပေသီး၏လေသံမှာ တိုးတိုးကလေးမျှသာ။ ကြွက်နီ လှမ်းကြည့်လိုက်၏။ ဟုတ်နိုင်ပါသည်။

ကမ်းပါးစပ် ရေတိမ်တိမ်၊ ကိုင်းတောအစပ်တွင် ကိုယ်တော်ချော ပါးဝါကြီး ဖိမ်ယှက်ပြီး မှိန်းနေပါပကော။

သူ၏ ရှည်လျားမည်းနက်နေသော ကိုယ်လုံးတစ်ဝက်တစ်ပျက်မှာ ရေပေါ်တွင် ပေါ်နေသည်။

ကြွက်နီသည် မိကျောင်းကြီးနှင့်ချိန် ပေါင်တန်း ယှဉ်မိအောင် လှေကို အသာကလေး တက်သံ မကြား၊ ရေသံ မကြားစေရန် လှော်သွား၏။

ကြွက်နီက လှေလှော်ရာမှာ ကျွမ်းကျင်လှပါသည်။

ပေသီးကလည်း သနွတ်ကို အဆင်သင့်ကိုင်၍ မိကျောင်းကြီးအား မမှိတ်မသုန် ကြည့်ပြီး လှေလှော်ရာသို့ ပါလာသည်။

သိရောပေါ့ - နတ်မိကျောင်းရေ၊ သည်တစ်ခါ မင်းအလှည့်ပေါ့ကွာ။ နတ်မိကျောင်းလား၊ ရေထဲ ကူးနေတဲ့ အိမ်မြှောင်စုတ်လားဆိုတာ သိကြမဟေ့။

ပေသီးသည် စိတ်ထဲမှ ကြိမ်းဝါးရင်း တဖြည်းဖြည်း မိကျောင်းကြီးအနီးသို့ ကပ်လာသည်။

မိကျောင်းကြီးကား လှေအနားကပ်လာသည်ကို သတိပြုမိဟန်မတူ။ သူ့ညည်းစိမ်နှင့်သူ ယစ်မူးနေဟန်တူသည်။

အများ မိကျောင်းလိုမနေ။

ရေပြာပေါ်က ချိန်မှာ ခြေရှည်ပြီး ဆယ်တူးလာသော မိကျောင်း။

လူသားစား မိကျောင်းကြီး၏ နိဂုံးအား မဝေးတော့။

ကြွက်နီတို့လှေ၊ မိကျောင်းနှင့် ရင်ပေါင်တန်း ယှဉ်မိသည်နှင့်တစ်ပြိုင်နက် ပေသီး၏လက်မှ သနွတ်သည် တန်းခနဲ လွှတ်သွားကာ မိကျောင်းကြီး၏ နံဘေးကို အရှိန်ပြင်းစွာနှင့် စူးဝင်သွားသည်။

ရည်မှန်းချက်ကို ထိမှန်ပြီ။

လက်ဖြောင့်လှသော ပေသီး။

သနွတ်ကို ပေသီး၏လက်မှ လွှတ်လိုက်၍ လှေမှာ ငြိမ့်ခနဲဖြစ်သွားသည်နှင့် တစ်ပြိုင်နက် ပဲ့ပိုင်းမှ လှော်လာသော ကြွက်နီက လှေဝမ်းပေါ်တွင် ပြားခနဲ ဝမ်းလျားထိုး မှောက်ချလိုက်၏။

ကြွက်နီ လျင်မြန်လို့သာဝင်၊

မိကျောင်းကြီး၏ အမြီးသည် လှေပဲ့ပိုင်းကို ဗိုးခနဲ ရိုက်ခတ်လိုက်သည်မှာ ကြောက်ခမန်းလိလိ။

ကြွက်နီသာ ဝမ်းလျားထိုးမှောက်ခြင်း မပြုလိုက်ပါက မိကျောင်းကြီး၏ အမြီးရိုက်ချက်ဒဏ်ရာနှင့်အတူ ကြွက်နီတစ်ယောက်ရေအောက်သို့ရောက်သွားမည်ကား မလွဲ။

ပေသီးက အထိနာအောင် မိကျောင်းကြီး၏ ဝမ်းဗိုက်နံဘေး မလွတ်တမ်း သနွတ်ဖြင့် ပစ်လွှတ်လိုက် သည်မဟုတ်ပါလား။

ဆရာဦးမြင့်အောင်က သင်ကြား ထားသည်မှာ -

"မိကျောင်းဆိုတဲ့အကောင်မျိုး ကျောနဲ့ လည်ပင်းက မာပြီးတော့ ကြ တဲ့အရေထူကြီးရှိတယ်၊ အဲ - ဝမ်းဗိုက် နံဘေးကတော့ မမာဘူး၊ ပျော့တယ် ဗိုပြီး ထိုးဖောက်ဖို့လွယ်တယ်" ဟူသော စကားနှင့် လမ်းညွှန်မှု။

ယခုလည်း ဆရာ ဦးမြင့်အော ပြောလိုက်သောစကားတို့ တစ်ခု ချင်း သတိရလိုက်မိပြန်ပါသည်။

www.burmeseclassic.com



"မိကျောင်းများ ရေငုပ်ရင် တည့်တည့် မငုပ်တတ်ဘူး၊ ရှေ့ကိုတိုးပြီး ဦးစိုက်ချပြီး မငုပ်ဘူး၊ သူတို့ငုပ်ရင် အမြီးပိုင်းကို တံ့ပြီး မှလနေရာရဲ့နောက်ဘက် လေးတောင်လောက်အကွာ၊ တစ်နည်းအားဖြင့် ခြောက်ပေလောက်အကွာကို ရောက်အောင် နောက်ဆုတ်ပြီး ငုပ်လေ့ရှိတယ်ကွ၊ ရေငုပ်သွားတဲ့မိကျောင်းကို သန့်တ်ထိုးရင် ငုပ်သွားတဲ့ နောက်ဘက်ကို မှန်းပြီးထိုးရတယ်"

ဟုတ်ပြီ၊

ပေသီးသည် သန့်တ်တစ်ခုကို ပစ်လွှတ်ပြီးသည်နှင့်တစ်ပြိုင်နက် အခြားသန့်တ်တစ်ခုကိုကိုင်လိုက်ပြီး မိကျောင်းကြီးငုပ်သွားရာနောက်လေးတောင် (သို့မဟုတ်) ခြောက်ပေခန့်အကွာသို့မှန်းဆ၍ သန့်တ်တစ်ခုကို ပစ်လွှတ်လိုက်ပြန်၏။

ပေသီး၏မှန်းဆချက် မှန်ကန်လှပါသည်။

ဆရာ ဦးမြင့်အောင်၏ ပြောစကား မှန်ကန်လှပါသည်။

ဒုတိယ သန့်တ်သည်လည်း မိကျောင်းကြီးကို ထပ်မံထိမှန်သွားဟန်ရှိသည်။

ရေပေါ်သို့ ရဲခနဲ တက်လာသော သွေးများနှင့်အတူ သန့်တ်နောက်မှ အဆီကြိုးမှာ လှေပေါ်မှ လျှောခနဲ ထွက်သွားသည်။

အစီကြိုးနှင့်အတူ ဗော့လည်း ပါသွားပြီ။

အဖေ ဦးထွန်းနှင့်တကွ၊

ဘုန်းကြီး ကျောင်းသားကလေး အတွက်၊

ပိုက် ကုလားအတွက်၊

ကံဆိုးလှရှာသော မုဆိုးမကလေး မညွန့်ကြည်အတွက် ပေသီး၏ တ...စားရချိန်း၊

အစီကြိုးများ ရေထဲသို့ လျှင်မြန်စွာ ပါသွားသည်နှင့်အမျှ သူတို့နောက်... ဗော့များမှာ မိကျောင်းသွားရာသို့ ရေ... မှ ပေါ်၍လိုက်ကာ မိကျောင်းကြီးရှိရာ... လမ်းညွှန်နေသည်။

ပေသီးနှင့်ကြွက်နီတို့အဖို့မိကျောင်းကြီးကို ဘယ်နည်းနှင့်မျှ မျက်ခြည်မပြတ်နိုင်တော့။

သန့်တ် ထိထားသော မိကျောင်းကြီးမှာ ရေအောက်သို့ ငုပ်၍ နာကျင်... သော သန့်တ်ဒဏ်ရာကို အနားပေး...ရန် ရေအောက်မြေပြင်တွင် လှ...တော့သည်။



မြစ်များတွင်ရှိသော ရေအောက်မြေပြင်မှာ အများအားဖြင့် ကမ်းပါးစပ်၌ ရွှံ့နွံများရှိ၍ မြေသားပျော့သော်လည်း ရေနက်လေလေ၊ ရေအောက်မြေကြီးမှာ မာလေလေ ဖြစ်သည်။

ရေနက်မြေပေါ်တွင် မိကျောင်းကြီး လူးလိမ့်သည်နှင့်အမျှ သန့်တ်က မိကျောင်း၏ကိုယ်ကိုဆောင့်သွင်းသည့်နယ်၊

"လှုပ်လေ၊ မြုပ်လေ" ဆိုသော စကားမှာ ဤကိစ္စကို ရည်ညွှန်းထားသည်လားမသိ၊

သန့်တ်၏ ဒစ်သွားသာ မြုပ်သွားသည်မဟုတ်၊

အစီကြိုးကလည်း လူးလိမ့်နေသော မိကျောင်းကြီး၏တစ်ကိုယ်လုံးကို ချုပ်တတ်တုပ်နှောင်ပြီး ဖြစ်နေသည်။

မိကျောင်းကြီးအဖို့ရေအောက်တွင် ကြာကြာမနေနိုင်၊ အသက်ရှူရန် ကမ်းစပ်ရေတိမ်သို့ ပြေး၍ ဖော်ရပြန်သည်။

ဗော့ကိုကြည့်ပြီးကြွက်နီနှင့်ပေသီးတို့လှေကို လော်ကာ လိုက်သည်၊

သန့်တ်မှ အစီကြိုးကိုယူပြီး လျှော့ချည်တင်းချည် လုပ်သည်၊

မိကျောင်းကြီး မောဟိုက်ပြီး ကြာကြာမခံနိုင်တော့၊

ရေစပ်တွင် နောက်တစ်ကြိမ် ပေါ်လာသည်နှင့်တစ်ပြိုင်နက် ပေသီးသည် အခြားသန့်တ်တစ်ခုဖြင့် ပစ်လွှတ်တာ ထိုးစိုက်ချလိုက်၏၊

အဖေ ဦးထွန်းအတွက် တတိယ အကြိမ် ကလဲ့စားချေခြင်း၊

— ○ —

သန့်တ်မှ ကြိုးများ တုပ်နှောင်၍ ဒဏ်ရာအများအပြားရရှိတာလေ့သော... ကပ်၍ ချည်လာသော သေလုနီးပါး မိကျောင်းပါးဝါကြီး (သို့မဟုတ်) ခြောက်ပေါက် လူသားစား မိကျောင်းကြီးကို ဇလွန်ဘက်တန်းတစ်ရွာလုံး တမ်းလုံး ညွှတ်မျှ လာကြည့်ကြ၏၊ ကြွက်နီနှင့် ပေသီးတို့မှာ တပ်ပြုံးပြုံး၊

အဘညက်က တွမ်းတမြုံ့မြုံ့ ...ရင်း သူ့မြေးကြွက်နီအတွက် ဂုဏ်ယူနေသည်၊

ကိုရင်ဘဂျမ်းမှာ သူ့အသူအဆနှင့်တကွ လှငယ်တစ်သိုက်ကို အားပေး... ရဲဆေးတင်ပေးချက် မှန်ကန်ကြောင်း တစ်မျက်နှာလုံး ပီတိဖုံးနေသည်၊ ... ထက် "နတ်မိကျောင်းကြီးပါ လူဆောင်... ဆောင်နိုင်သူ..." ဟု အထင်ကြီး...

www.burmeseclassic.com

www.burmeseclassic.com

နေကြသူများ၏အစွဲကိုချေဖျက်နိုင်ခြင်းအတွက်ကိုရင်ဘဂျမ်းက ပိုပြီးအားရနေသည်။

ဆရာ ဦးမြင့်အောင်ကလည်း သူတို့ယ်တိုင် မိကျောင်းကြီးကို ကိုယ်ထိလက်ရောက် မဖမ်းဆီးနိုင်သည့်တိုင် သူ၏ ဩဝါဒနှင့် လမ်းညွှန်ချက်များကို တစ်သဝေမတိမ်းလိုက်နာကာ လူသားစား မိကျောင်းကြီးကို ဖွဲ့သတ္တိ အရင်းတည်ပြီး အောင်မြင်စွာ ဖမ်းဆီးနိုင်မှုအတွက် ပီတိဖြစ်နေသည်။

နေရိုးနေစဉ်မနေ၊ ရှေပြာပေါက်ချိန်တွင် နယ်ကျူးလာသော မိကျောင်းကြီး၏ ဇာတ်သိမ်းပွဲကြီးကို ကမ်းလုံးညွှတ်မျှ လာကြည့်ကြ၏။

အမှန်စင်စစ်မှာမူ ...

မိကျောင်းကြီးကို ဖမ်းဆီးရန်နည်းလမ်းများနှင့်တကွ မိကျောင်း၏ ဓလေ့အကျင့်များ၊ ကျွမ်းကျင်စွာ သိနားလည်ရန် သဘောတရားအရ၊ အသေးစိတ်ပြောပြ လမ်းညွှန်ပေးနိုင်သော ဆရာ ဦးမြင့်အောင်။

ဆရာ ဦးမြင့်အောင်၏ လမ်းညွှန်ချက်အတိုင်း တစ်သဝေမတိမ်းလိုက်နာပြီး မိကျောင်းကြီးကို ဖမ်းဆီးရာတွင် ဖွဲ့သတ္တိရှိရှိ လက်တွေ့ပြုလုပ်နိုင်စွမ်းသော ပေသီးနှင့်ကြွက်နီ။

နောက်ပိုင်းမှ အားပေးသော အဘဉာဏ်၊ ကိုရင်ဘဂျမ်းတို့လို ပုဂ္ဂိုလ်များနှင့် ကြွက်နီ၏အပေါင်းအသင်း သူငယ်ချင်းများ။

ပေသီး၏ ကလဲ့စားချေလိုသော စိတ်ဓာတ်ပြင်းပြမှုနှင့်ကြွက်နီ၏လျှင်မြန်ဖျတ်လတ်မှုတို့အားလုံးကို ပေါင်းစပ်လိုက်သောအခါ ...

လူယောင် ဖန်ဆင်းနိုင်သည်ဟူ၍ တစ်နည်း။

ခေါင်းသုံးတောင်ပြည့်ရင် လူဆယ်ယောက်စားပြီးပင်လယ်ဆင်းတော့မည်ဟူ၍ တစ်ဖုံ။

အမျိုးမျိုး ပုံကြီးချဲ့ ကြောက်ရွံ့စေခဲ့သော အတွေးအခေါ်ဟောင်းများတို့ကို ရှက်ချိုးလိုက်နိုင်သဖြင့် သူတို့တစ်တွေမှာ ဝမ်းမြောက်၍မဆုံးတော့။

○→ မောင်သိန္နာ

